
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူစွန်ပြုချက်အမှတ် ◆ ၅၀၁၂၇၁၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၅၀၀၀၇၁၀၁၀၇

✱ထုတ်ဝေသူ✱

ဦးနေမျိုး(၀၄၀၅၈)၊ နေမျိုးစာပဒေသာ
အမှတ်-၁၊ သုမင်္ဂလာလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

✱မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ✱

ဦးမောင်မောင်လွင်(၀၂၃၅၀)၊ ကဝိရတနာပုံနှိပ်တိုက်
အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| အဖုံးနှင့် ရေစုံပန်းချီ | ◆ | မငွေး |
| ကွန်ပျူတာစာစီ | ◆ | နေရထီ (☎ ၃၈၉၈၉၃) |
| ပုံနှိပ်ခြင်း | ◆ | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | ◆ | ၂၀၀၈ ဇွန် |
| အုပ်ရေ | ◆ | ၅၀၀ |
| တန်ဖိုး | ◆ | ၅၀ ကျပ် |
| ဖြန့်ချိရေး | ◆ | မြတ်မြတ်ရွှေစာပေ |

## (တစ်)

"ဆရာကျော်မင်း"

"ဟုတ်ကဲ့"

"မင်းတို့သုံးယောက်အတွက် အခွင့်အလမ်းတစ်ခုပေါ်တယ်"

"ဗျာ… ဘာအခွင့်အလမ်းလဲ ဗိုလ်ကြီး"

"ဒီလိုလေ အမတော်ကြေးပေးဖို့ကိစ္စမှာ မင်းတို့သုံးယောက် လိုက်ပြီး လုံခြုံရေးယူပေးရမယ်၊ သူတို့ကတော့ နှစ်ညအိပ်ခရီးပဲ ပြောတယ်၊ သွားမှာက မော်တော်နဲ့သွားမယ်၊ သတ်မှတ်တဲ့ ရွာကိုတော့ ခြွေလျှင်ပေါ့ကွာ"

"ဟုတ်ကဲ့… အဲဒီတော့"

"အဲဒီခရီးက ငါစောစောက ပြောခဲ့တာပဲလေ၊ နှစ်ညအိပ်သုံးရက် ခရီး၊ မင်းတို့ကို ရိုက်ဖွာတစ်ပတ်စာနဲ့ လုံခြုံရေး လုပ်ပေးရမယ်၊ သူတို့ငွေ နဲ့ သူတို့ဘာသာ ပြန်ခဲ့မယ်၊ မင်းတို့က ဆရာကျော်မင်း ငါ့ကိုယ်စား ဆောင်းထားတဲ့ တာဝန်ကိစ္စဆောင်ရွက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘက်ထဲဗိုလ်ကြီး"

"အေး… ဘယ်ဆိုတာတော့ မပြောဘူး၊ ဆရာကျော်မင်းကို နောက်မှငါပြောပြမယ်၊ တစ်ခုတော့ရှိတယ်၊ မြင်းကိုရိုတတ်ပေးတာ မဟုတ်ဘူး၊ မင်းတို့သုံးယောက်ကို တာဝန်တစ်ခုပါ အပ်မယ်"

"စိတ်ချပါ၊ သူတို့အတွက် လုံခြုံရေးတာဝန်ယူပါတယ်"

"ဟ… အဲဒီလုံခြုံရေးအပြင် တာဝန်တစ်ခု ပေးလိုက်မယ်ဆိုတာ တောင်ခြေတောမကြီးနဲ့ ကပ်နေတဲ့ရွာဟာ မကြာမကြာ ရွာသားတွေ ဝံ၊ ဝက်ဝံကိုက်ထိုသေတာတို့ ဒဏ်ရာရတာတို့ ရှိနေတယ်၊ အဲဒီရွာအတွက် မင်းတို့လေးရက်သောက် အချိန်ရတယ်ဆိုတော့ ရွာသားတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးရမယ်"

"ကောင်းတာပေါ့ ဗိုလ်ကြီး"

"ဟော့ကောင် တင်မြတ်၊ ကောင်းကယ် လုပ်မနေနဲ့ ပြဿနာတော့ မဖြစ်စေနဲ့"

"စိတ်ချပါဗိုလ်ကြီး၊ ဗိုလ်ကြီးကတော့ ဆတ်ပဲနော်"

"ရရာပေါ့ကွာ"

ထိုသို့တာဝန်ပေးချက်ဖြင့် ကျွန်တော်တို့သုံးယောက် တောပစ်ရန် လမ်းစရခဲ့ပါသည်။ အမတော်ကြေးပေးအဖွဲ့က လူလေးယောက်နှင့် ငွေသားတွေ၊ ကျွန်တော်တို့ကသုံးယောက်၊ ပေါင်းခုနစ်ယောက် ဗန်းမော်မြို့မှ နံနက်စောစော မော်တော်ဖြင့် ထွက်ခဲ့ကြပါသည်။

★ ★ ★



(နှစ်)

မမလင်းရွာ မြဲဆေတီရွာကျော်ခဲ့သည်နှင့် ရောဝတီမြစ်ဆားတွင်ရှိသော ဆင်သေချောင်းထဲဝင်လိုက်သည်နှင့် တစ်မိုင်ခန့်တွင် တာလေရွာကို တွေ့ရပါသည်။ ကျွန်တော်အဖွဲ့ တာလေရွာတွင် တစ်ညစခန်းချ ညအိပ်ပြီးနောက် တာဝန်ရှိသူတွေ စီစဉ်ထားသည့်အတိုင်း နောက်နေ့ နံနက်စာစားပြီး ခြေလျင် ထွက်ခဲ့၍ ညနေသုံးနာရီခန့်တွင် လက်ပန်ရွာသို့ ရောက်ပါပြီ။

လက်ပန်ရွာရောက်သည်နှင့် လက်ပန်ရွာတွင် အမတော်ကြေးငွေပေး၏။ လက်ပန်ရွာပေးပြီးနောက် သစ်ဆိမ့်ကုန်းရွာသားတွေအား ညနေပိုင်းဆက်ပေးရင်း လက်ပန်ရွာတွင် တစ်ညအိပ်သည်။ ထို လက်ပန်ရွာတွင် ညအိပ်သည်အထိ ကျွန်တော်တို့၏ ဝစ်ခတ်မှုအစီစဉ်မရှိသေးပါ။ ညပိုင်းတွင် သစ်ဆိမ့်ကုန်းရွာသားများနှင့် မိတ်ဖွဲ့စကားပြောကြရင်း ကျွန်တော်အား ဗိုလ်ကြီးမှာလိုက်သည့် ကိစ္စအတွက် သစ်ဆိမ့်ကုန်းရွာသူကြီး ကိုတင်ရွှေ၊ ရွာသားတွေဖြစ်သော ကိုသိန်းအောင်၊ ကိုလှသန်းတို့နှင့် စကားပြောကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကျော်မင်းပါ၊ သူက မိုးကျော်အောင်၊ သူကတော့ တင်မြတ်လို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်က ရွာကို တာဝန်ယူရတဲ့ ကိုတင်ရွှေပါ၊ သူတို့ကလည်း တာဝန်ရှိကြတဲ့ သိန်းအောင်နဲ့ လှသန်းပါ၊ ဆရာကြီးတို့ မနက်ပြန်ကြမှာပေါ့နော်"

"ကျွန်တော်တို့ သုံးယောက်နေခဲ့မှာပါ၊ ဒီအမတော်ကြေးပေးတဲ့ အဖွဲ့ပဲ၊ တာလေရွာကတဆင့်ပြန်မယ်၊ ကျွန်တော်တို့သုံးယောက်တော့ ခင်ဗျားတို့ရွာ လိုက်ခဲ့မလို့"

"ဗျာ... ရွာကို လိုက်မယ်"

"ဟုတ်ပါတယ်၊ ဘာလဲ ကျေးမွေးရမှာ စိုးလို့လား"

"မဟုတ်တာဗျာ၊ လိုက်ခဲ့ပါ ဖိတ်ခေါ်ပါတယ်"

"အို... ဆရာကြီးတို့ လိုက်ခဲ့လို့ကတော့ဗျာ၊ ဘယ်ယောက် နေမလဲ နေစမ်းပါ၊ ကျေးထားမှာပေါ့ဗျာ"

"ဘယ်သူ အော်... ကိုလှသန်း ကျွန်တော်က အစားပုတ်တယ်နော်"

"ကျွန်တော်နဲ့ ပြိုင်စားမလား၊ ဆန်လေးလုံးချက် အသာလေး ဟား... ဟား... ဟား... ဟား"

တင်မြတ်မှ ရောနှော နောက်ပြောင်လိုက်သည်တွင် ဝမ်းသာနေသော ကိုလှသန်း ဆိုသူမှလည်း အားရဝမ်းသာ ကြိုဆိုရင်း ပြန်နောက်လိုက်ခြင်းသည် ရင်းနှီးမှုတစ်ရပ် ချက်ခြင်း ဖြစ်သွားပါပြီ။ ရွာလူကြီး ဆိုသူ ကိုတင်ရွှေသည် ကျွန်တော်တို့ ပြောနေသည်ကို နောက်တပ ထင်ကာ...





"ဆရာတို့ နောက်နေတာပါ၊ လိုက်မှာ မဟုတ်ပါဘူး"

"တကယ်ပြောတာပါ၊ လိုက်ခဲ့မယ်၊ လိုက်မယ်ဆိုတာ ဟာ တောပစ်ဖို့လည်း ပါတယ် နောက်တစ်ခု"

"ဟာ... ဝမ်းသာလိုက်တာ ဆတ်ပေါတယ်၊ ခြေလျှင်တော့သွား မှာနော် အင်း... တောဝက်တို့၊ ချေတို့ ဒရယ်တို့ထည်း ပေါမှပေါပဲ"

"တင်ရွှေ"

"ဟင်... ဟို ဝံတွေလည်း ပေါတယ်ဆိုတာ ပြောပြထားလေ"

"သြော်... ဟုတ်ပါရဲ့၊ ကျွန်တော်တို့ ရွာခြေကို ဝံတွေဆင်းတတ်ပါတယ် ဆရာကြီး"

"ဟုတ်ကဲ့... ကျွန်တော်တို့သုံးယောက် လိုက်မယ်ဆိုတာ အဲဒါလည်းပါတာပေါ့၊ နောက်တစ်ခုဆိုတာ အဲဒီဝက်ဝံတွေအကြောင်းပဲ"

"ဗျာ... ဒါ... ဒါဆို ကျွန်တော်တို့ရွာရဲ့ အန္တရာယ်ဆိုးသတင်းကို ဆရာကြီးတို့ ကြားထားတာပေါ့နော်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ဗိုလ်ကြီးမှာလိုက်ပါတယ်၊ အဲဒီ ဝက်ဝံတွေရဲ့ အန္တရာယ်လည်း အတတ်နိုင်ဆုံး ရှင်းပေးဖို့မှာခဲ့ပါတယ်"

"ကျေးဇူးတင်လိုက်တာ"

"ကိုလှသန်း၊ ကျေးဇူးမတင်နဲ့ဦး၊ ဘာမှ မကူညီရသေးဘူးလေ"

"အိုဗျာ... အခုလို ပါးစပ်နဲ့ ပြောတာနဲ့ကို ကျေးဇူးတင်နေရပါပြီ၊ တစ်ရွာလုံးရဲ့ကိုယ်စား ကျွန်တော်တို့သုံးယောက်က အင်း... ဘယ်လိုပါ သိမ့်၊ သြော်... ကြိုတင် ကျေးဇူးတင်နေတာပါ"

သစ်ဆိမ့်ကုန်းရွာသား ကိုတင်ရွှေ၊ ကိုသိန်းအောင်နှင့်ကိုလှသန်း တို့၏ မျက်နှာများအား ကြည့်လိုက်သောအခါ ကြည်လင်ဝင်းပနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟန်မဆောင်တတ်သော တောသူတောင်သားတွေ ဖြစ်သည့်အပြင် သူတို့ရွာသည် ဗန်းမော်မြို့၏ အစွန်ကျသော မြေနီတောင်တန်းကြီး၏ အရှေ့မြောက်ဘက်သို့ ထိုးထွက်နေသော ဆင်ကျောကုန်းစခန်းနှင့် တောကြက်မြောက်စခန်းအထက်အောက်တောင်ခြေရွာ ဖြစ်ပါသည်။ ဆင်ကျောကုန်းစခန်းနှင့် တောကြက်မြောက်စခန်းတို့သည် ရင်ဆောင်တန်းမှုန့်ထမ်းဖြစ်၍ ထိုစခန်းနှစ်ခုအား ကျော်ဖြတ်ခဲ့ပါလျှင် ကျောက်နှစ်လုံးတောင်တန်းကြီးအား နောက်ခံထားသော ရွာတစ်ရွာပင်ဖြစ်ပါသည်။

ကျွန်တော်တို့ သုံးယောက်သည် မိုးထင်သည်နှင့် အမတော်ကြေးပေးသည့်အဖွဲ့အား လက်ပန်ရွာနှင့် တာလေရွာအကြားအထိ လိုက်လံပို့ဆောင်ပြီးနောက် လက်ပန်ရွာသို့ရောက်တော့ နေ့လယ်ပိုင်း ဖြစ်၍ ထိုရွာတွင်ပင် နားလိုက်၏။ လက်ပန်ရွာလူကြီး ဦးသန်းထွန်းမှ...

"ဆရာကြီးတို့ သစ်ဆိမ့်ကုန်းရွာကို လိုက်ပြီး ဝံတွေရန် ကာကွယ်မယ်ကြားရလို့ ဝမ်းသာပါတယ်၊ သူတို့ရွာနဲ့ ကျွန်တော်တို့ရွာဆိုတာ နှစ်ရွာအကြားမှာ ငါးဘတ်အင်းနဲ့အစင်းတွေသာခြားပေမဲ့ နှစ်ရွာတစ်ရွာပါပဲ၊ သူတို့ရွာသတင်းတွေ ကြားရတော့ စိတ်မချမ်းမသာ ဖြစ်ရတယ်၊ ကျွန်တော်တို့ကလည်း ဘာမှမတတ်နိုင်ပါဘူး၊ နောက်တစ်ခုအခြေအနေက သစ်ဆိမ့်ကုန်းရွာဟာ ကျောက်နှစ်လုံးတောင်တန်းကြီးကို ကျောပေး ပြီး ရွာတည်ထားတာလေ"

"ဟုတ်ကဲ့ ကျွန်တော်မြေနီတောင်တန်းကြီးပေါ် ရောက်ဘူးပါတယ်၊ တောလည်းပစ်ဘူးတယ်လေ၊ ဒါပေမယ့် ဒီကျောက်နှစ်လုံးတောင်နဲ့ သစ်ဆိမ့်ကုန်းရွာတွေဘက်တော့ မရောက်ဖူးသေးဘူး"





"အင်း... ရွာတည်ထားတာပဲ မှားသလားလို့ပြောရမလို ဖြစ်နေပြီ ဆရာကြီးရဲ့၊ အကြောင်းက တောင်ခြေရွာဖြစ်ပြီး ရွာရဲ့နောက် ဟိုရွာကထွက်တာနဲ့ အဲဒီတောင်တန်းကြီးရဲ့ဆင်ကျောကုန်းစခန်းနဲ့ တောကြက်မြောင့်စခန်းတွေဟာ တော်တော်လေးကြမ်းတမ်းသလို အဲဒီတောင်နှစ်လုံး တောင်ကြီးကလည်း ကြောက်မက်ဖွယ်ကောင်းတဲ့ သားရဲပေါပြီး ခြောက်လှန့်တဲ့ တောကြမ်းတောင်ကြမ်းကြီးဗျ၊ ကျွန်တော်ရောက်ဘူးပါတယ်၊ သစ်ခုတ်ထွက်ရင်း လုသန်းရဲ့အဖေဟာ ကျွန်တော့်ညီဝမ်းကွဲပါ၊ သူတို့နဲ့တိုင်သွားခုတ်ရင်း နောက်လိုအပ်တဲ့အခါ သစ်သွားခုတ်တော့မှ သိရတယ် ဆရာကြီး၊ ဆရာကြီးတို့လာမှပဲ ရွာသားတွေရဲ့ ကြောက်ရွံ့မှုတွေကို ကာကွယ်ပေးနိုင်မယ်လို့လည်း ထင်တယ်၊ နောက်တစ်ခုက ဝံတွေရဲ့ သောင်းကျန်းမှုကလည်း တော်တော့်ကိုစိတ်ဆင်းရဲရပါတယ်"

"ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ကူညီမှာပါ အဘ"

"ဝမ်းသာပါတယ်၊ ဆရာကြီးတို့ သတင်းကိုကြားပြီးသားပါ"

"ဗျာ... ကျွန်တော်တို့ သတင်းဟုတ်လား"

"ဟုတ်ပါတယ်"

"အဘ"

"ပြောပါ ငါ့တူ... ဘယ်သူ... သြော်... ကိုတင်မြတ်နော်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ သတင်းဆိုတာ ဘာများပါလိမ့်"

လက်ပန်ရွာသား ဦးသန်းထွန်းမှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်အတွင်းဖြစ်ပြီး သိရသလောက် စီးပွားရေးနှင့်အတူ ရပ်ရေးရွာရေးအတွက် ဦးဆောင်ဦးရွက်ပြီးလုပ်တတ်သည့်အပြင် သတ္တိလည်းကောင်း၏။ စည်းစနစ်လည်းရှိပြီး ဩဇာညောင်းသူ ရွာသူကြီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ဦးသန်းထွန်းမှာ လက်ပန်ရွာတွင်သာမက တာလေရွာနှင့်သစ်ဆိမ့်ကုန်းရွာတွေအပေါ်မှာပင်လျှင် တော်တော့်ကိုဝင်ရောက် ဆုံးဖြတ်ပြောပိုင်ခွင့်တွေ ရရှိထားပါသည်။

"ကိုတင်မြတ်ရေ တခြားမဟုတ်ပါဘူး၊ ဆရာကြီးကျော်မင်း အကြောင်း ကိုတင်မြတ်နဲ့ ကိုမိုးကျော်အောင်တို့အကြောင်းဆိုတာ တော်ပစ်ဝါသနာပါတယ်၊ ကျွန်တော်တူ မမလင်းရွာသား ကျင်ဖေနဲ့လည်း အပြန်အလှန်စင်မင်ကြောင်း သိထားလို့ပါ"

"ဩော်... အဘ ကိုကျင်ဖေရဲ့ ဦးလေးကိုး"

"ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့် ဆရာတို့အကြောင်းတွေ သိတာပေါ့၊ မကြာမကြာ တောပစ်ထွက်ကြကြောင်း ထိလင်းတောတို့ မြေနီတောင်ကြောတို့မှာ တောလည်နေကြဆိုတာ ကြားဘူးပါတယ်"

"ဟုတ်ကဲ့... အဘ ကျွန်တော်တို့ အခုလာတဲ့ကိစ္စမှာ သစ်ဆိမ့်ကုန်းရွာမှာ ဝံတွေ ဆင်းဆင်းပြီး လူတွေကို ဒုက္ခပေးတယ်ဆိုတာ သိရလို့ ကာကွယ်မှုပြုရင်း အဲဒီဝံရန်လည်း ရှင်းလင်းမယ်၊ တောလည်းပစ်မယ်ပေါ့"

"အင်း... ဘုရားလည်းဖူး သိပ်ဥလည်းတူးတာပေါ့နော်"

"ဟုတ်ကဲ့ပါ အဘ ၊ အဘကော လိုက်ဦးမလား"

"နောက်နေ့မှာ ဖြစ်ဖြစ် လိုက်ခဲ့မယ်၊ အခုတော့ မအားသေးလို့ပါ၊ ဩော်... တင်ရွှေ"

"ဟုတ်ကဲ့... လေးလေးသန်း"

"ဟဲ့... ခပ်စောစောလေးထွက်ကြတော့ ခုပဲ လေးနာရီထိုးတော့မယ်. ဟို ငါးဘတ်အင်းမှာ မိုးချုပ်နေဦးမယ်"

"ဟုတ်ကဲ့၊ ခုပဲ ထွက်မှာပါ"





"ဆရာကြီးတို့ကို ငါးဘတ်အင်းရောက်ရင်လည်း သေသေချာချာ စောင့်ကူးကြ၊ အစက်အစဲ မရှိစေနဲ့၊ မိုးမချုပ်အောင်လည်း သွက်သွက်ကလေးသွားကြဟဲ့"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ အင်းတဲက လေးလေးတူ ကျောက်ဘီလူး မှာထားတယ်၊ ဒီညနေ ပြန်ခဲ့မယ်ဆိုတာပေါ့၊ အဲဒါဆို ပြန်ကြမယ် သိန်းအောင်တို့"

ကျွန်တော်တို့ခြောက်ယောက် လက်ပန်ရွာမှထွက်တော့ လေးနာရီဆယ်မိနစ် ဖြစ်ပါသည်။ အခင်းတွေဖြတ်ရင်း ငါးနာရီကျော်ကျော်တွင် သူတို့ပြောသော ငါးဘတ်အင်းထုံးသို့ ရောက်ရှိပါပြီ။ အင်းကတော်တော် ကျယ်၏။ ပေတစ်ရာငါးဆယ်ကျော်ကျော်မျှရှိပြီး ရေနက်မနက်တော့ မသိ။ သို့သော် ရေမှာ ကြည်စိမ်းနေ၏။

"လှသန်း ကျောက်ဘီလူးကို ခေါ်ကွာ"

"ဟုတ်... ဟုတ်"

"စိုးမြင့် စိုးမြင့်ပ၊ ကျောက်ဘီလူးရေ... ကျောက်ဘီလူးလှေနဲ့ လာကြိုပါဟ၊ လာခဲ့ပါ"

"ကျောက်ဘီလူး"

"ဟေ... လှသန်း လာမှာပအေး စောင့်နေ"

"ကိုလှသန်း"

"ဟုတ်"

"ကိုစိုးမြင့်လို့လည်းခေါ်တယ်၊ ကျောက်ဘီလူးလို့လည်း ခေါ်တာကြားရတော့ တစ်ယောက်ထဲပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ၊ တစ်ယောက်ထဲပါ၊ ဒီအင်းရဲ့ အရှင်သခင်ပေါ့၊ အင်းပိုင်ရှင်က ဆက်ပန်ရွာက ဆေးဆေးသန်း၊ ပြော်... ဦးသန်းထွန်းပါ ကျောက်ဘီလူးက ကျွန်တော်တို့ရွာသား၊ ဆေးဆေးသန်းရဲ့တူ၊ အင်းမှာ စိတ်ချရသလို သတ္တိကလည်းကောင်းပ၊ သူက သံရဲတွေ၊ ဓာတ်ရွှေတွေ ဆိုလည်းမကြောက်တဲ့အပြင် တွေ့ရပါလိမ့်မယ်၊ သူ့ထုတ်ထဲမှာကျောက်ခဲတွေလေ၊ သူ့ခြောက်လို့ကတော့ ကျောက်ခဲနဲ့ပေါက်ပြီသာမှတ်၊ သူက ပြောတယ်၊ သရဲမပြောနဲ့ ဘီလူးတောင်မကြောက်ဘူးတဲ့ ကိုတင်မြတ်ရဲ့ ဒါကြောင့် သူကိုင်တာက ကျောက်ခဲ၊ ဘီလူးလည်းမကြောက်ဆိုတော့ သူ့ကို ကျောက်ဘီလူးလို့ အမည်ပေးထားကြတာ"

ကိုလှသန်းမှ စိတ်ရှည်လက်ရှည် ရှင်းပြ၏။ ကျွန်တော်တို့လည်း ကိုစိုးမြင့်ကျောက်ဘီလူးအား တွေ့ချင်နေကြသည်။ ဒီအင်းကြီးကိုပါ တာဝန်ယူထားသည့်အတွက် အသက်လည်းကြီးသည်ဟု ထင်ရသည့် အပြင် စိတ်ထဲမှ လူ၏ပုံသဏ္ဌာန်အား ခန့်မှန်းကြည့်ရာ ထွားကြောင်းထွား ယောက်ျားပီပီသသကြီးဟု တွေးထင်ထားသော်လည်း ဤသို့မဟုတ်ကြောင်း နောက်မှသိရပါတော့သည်။

လှေကလေးသည် အင်းကို တည့်တည့်မတ်မတ် ဖြတ်ကူးလာနေပါသည်။ ကျွန်တော်တို့ ရှေ့တည့်တည့်သို့ ဦးတည်လာရာမှ ကျွန်တော်တို့နှင့် ပေလေးဆယ်ခန့်အကွာခန့် ရောက်မှာပင် ပြဿနာစပါပြီ။

"ရော်... ဘာဖြစ်တာပအေး"

"ကိုတင်ရွှေ ကျောက်ဘီလူးလှေ ဘာဖြစ်တာလဲ"

"ရော်... ဟုတ်ပ"

"တောက် ငါ့ကိုဘယ်ကောင် နှောက်ယှက်တာလဲကွ၊ ကျောက်ဘီလူးအကြောင်း သိစေရမယ်"





"ဝိုး... ဗွမ်း... ဗွမ်း"

"ဗွမ်း... ပလုံ... ပလုံ"

ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ပင် ကိုစိုးမြင့်သည် လှေကလေးအား သူ၏အင်းကိုဖြတ်ပြီး အေးအေးဆေးဆေးကူးရာမှ လှေဦးအား မှာကနဲနေအောင် ဆွဲလှည့်လိုက်သည်တွင် လှေဦးသည် အင်းအလယ်ဘက် ပြန်လှည့်သွားပြီး ကိုစိုးမြင့်မှာ ကျွန်တော်တို့ထံ မျက်နှာမူရာမှ နောက်ကျောပေး ဖြစ်သွားပါပြီ။ လှေ၏ပဲ့နောက်အရောက် ကိုစိုးမြင့် ဒါသဖြစ်ဖြစ်နှင့် ကျောက်ခဲတွေ ကောက်ယူကာ သူ၏နောက်ဘက် ဆားဘက်တွေအား ဝစ်ပေါက်ရင်းမှ လှေအားပြန်လှည့်လိုက်ပါသည်။

တော်ပါသေးသည်။ လှေသည်ကျွန်တော်တို့ဘက် ဦးပြန်လှည့်သည့်အသည့်တွင် တက်ကိုင်၍ လက်ထဲမှာ ကျောက်ခဲတစ်လုံးသည်း အသင့် ကိုင်ကာ လက်တစ်ဖက်တည်းဖြင့် လှော်လာသည်ကို ကျွန်တော် တွေ့လိုက်ရသည်။ အင်းစပ်ရောက်တော့မှ ကိုစိုးမြင့်အား ကျွန်တော် အသေအချာကြည့်ပြီး ပြုံးလိုက်မိသည်။

အရပ်က ငါးပေတောင်ပြည့်မည်မထင်၊ ပိန်ပိန်ပါးပါး၊ မသိလျှင်တော့ ရောဂါသည်လားဟုပင် ထင်ရ၏။ သူ့ခွန်အားဗလမှာ သာမန်ထက် ပိုမို သေးငယ်ပိန်လိုလှသော်လည်း စိတ်ဓာတ်တော့ မပျော့ပါ။ မျက်နှာမှာလည်း ခပ်တင်းတင်းခပ်မာမာ အသက်ကိုကြည့်ပါဦး အစိတ်ထက် မကျော်သေး။

"ကျောက်ဘီလူး"

"ဗျာ... ကိုကြီးတင်ရွှေ ဘာလဲ"

"စောစောက ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး၊ လှေဦးဆွဲလှည့်လိုက်တာ လှတောင်ရေထဲကျတော့မလို့ သတိထားမိလို့ပေါ့"

"ဘာကောင်တွေလဲ"

"မတွေ့လို့ ကျောက်ခဲမိုး ရွာရတာပေါ၊ တွေ့လို့ကတော့ ဒီမှာလေးတား၊ စားစားကျွေးပြီသာမှတ်"

"တင်မြတ်"

"ဘာလဲ မိုးကျော်"

"နယ်မြေကတော့ တို့ကိုဆောက်နဲ့ထွင်းပြီး ထင်တယ်ကွ"

"ဟား... ဟား... ဟား... ဟား သူက ဆောက်ပဲ ရှိတာကွ၊ တို့မှာ လုံ့ဗွပ်ပေါ့ မိုးကျော်ရ၊ တွေ့ချင်တာ အတော်ပဲ၊ သူကြမ်းမှ ကိုယ်ကရမ်းလို့ကောင်းတာ မဟုတ်သား၊ တင်မြတ်တို့က ကြမ်းလေ ရမ်းလေပဲ တွေ့ချင်တာနဲ့ အတော်ပဲ"

"ဆရာတို့ကိုတော့ ကြိုက်သွားပြီ၊ ဒီအင်းက ငါးဘတ်အင်းလေ ဆရာတို့ ဒါပေမယ့် ငါးကြင်းဖမ်းပြီး အကောင်လိုက်ကင်ကျွေးမယ်"

အင်းထဲကအင်းသားကိုစိုးမြင့်သည် တင်မြတ်နှင့်အဆင်ပြေသည့်အပြင် လူကောင်လုံးပုံစံ ခပ်ပျော့ပျော့ ဖြစ်သော်လည်း၊ စိတ်ဓာတ်စပ်မာမာတစ်ဦးမို့ တင်မြတ်နှင့် လေပေးဖြောင့်နေ၏။ တင်မြတ်သည် ရွှတ်နောက်နောက်လည်းရ၏။ ခက်ထန်သူနှင့်လည်း အဆင်ပြေ၏။ အရက်ပွဲမှာဆိုရင်တော့ ပိုမို ရင်းနှီးခင်မင်သူတွေ ပေါများ၏။ သို့သော် ကျွန်တော်တို့ သုံးယောက်စလုံး၏ ခံယူချက်သည် ကိုယ့်ကိုကိုယ် တော်ကြောင်း၊ ကျွမ်းကျင်ကြောင်း၊ သတ္တိကောင်းကြောင်း ဘယ်တော့မှမပြောကြပါ၊ ရေလိုက်ငါးလိုက်သာ နေကြ၏။





"ကဲ... လှေပေါ်တက်ကြ"

"လှေစီးရဲလား ဆရာတို့"

"ရပါတယ် ဒီနယ်မြေမှာသွားလာနေမှတော့ ရေကြောက်လို့မရဘူး၊ ဟို... ဟို... ကိုစိုးမြင့် ပထမဆုံး ဧရာဝတီမြစ်ကြီး ဖြတ်ခဲ့ရပြီလေ"

မိုးကျော်အောင်မှ ဝင်ရောက်ပြောပြ၏။ မှန်ပါသည်။ ကျွန်တော်တို့ ဧရာဝတီမြစ်ကို ဆန်တက်ပြီး အရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့ ဖြတ်ခဲ့ရပြီ မဟုတ်ပါလား။ နောက်တစ်ဖန် ဆင်သေချောင်းလည်း ဖြတ်ရသည်။ ဆင်သေချောင်းသည် မိုးကာလဝယ် ရေစီးသန်သည့်အပြင် တောင်ကျရေကြောင့် တစ်ခါက ဆင်တွေဖြတ်အကူး ဆင်တစ်ကောင်သေခဲ့ကြောင်း၊ သို့အတွက် ယခင်က တာလေချောင်းသည် ကြာတော့ ဆင်သေချောင်း ဖြစ်ခဲ့၏။

လှေထွက်ပါပြီ၊ ကျွန်တော်တို့ သတိတော့ထားရသည်။ ရေအတိမ်အနက်တော့မသိ။ ကျွန်တော်တို့သုံးယောက်အနက် ဧရာဝတီတိုင်းသား မိုးကျော်အောင်မှာ ရေကျွမ်း၏။ တင်မြတ်နှင့် ကျွန်တော်တို့နှစ်ယောက်ကတော့ သူလို မကျွမ်းကျင်သဖြင့် ရေတော့ကြောက်၏။ မိုးကျော်အောင်ရှေ့ဆုံးမှ ထိုင်၏။ သူနားတွင် ကျွန်တော်တို့ထိုင်ရင်း အင်းကို ဖြတ်ကူးစဉ် အင်းအလယ်အရောက်တွင် လှေသည်တုံ့ကနဲနေအောင် ရပ်သွားသည်လား သို့မဟုတ် ရေအောက်မှသောင်ပြင်နှင့်ဆောင့်မိသည်လား မသိပါ၊ သို့သော်လည်း လှေခေတ္တရပ်သလိုလိုဖြစ်သွားစဉ်...

"တောက်... အင်းစောင့် မောင်ညို၊ ငါကို မနောက်နဲ့ကွ၊ ဟင်း... ကျောက်ဘီလူးကို မစနဲ့ ရေတွေပါ မီးရှို့ပစ်မယ်"

"ဘယ်လိုဗျ... ကိုကျောက်ဘီလူး ရေတွေမီးရှို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ၊ ကျွန်တော် ဒီအင်းထဲမှာ သုံးလေးခါ ရှိပြီဗျာ၊ ရေကို မီးရှို့တာလေ၊ ဘာဒွေးတားထို့ပေါ့၊ မတားတို့ကတော့ ခဏခဏ မီးရှို့မှာပဲ"

တင်မြတ်စိတ်ဝင်စားသွားသည်။ အင်းရေပြင်ကို ဘယ်လိုမီးရှို့မှာလဲဟု တွေးမိသော်လည်း မေးရန်အချိန်မရတော့ပါ။ တစ်ဖက်ကမ်းရောက်သဖြင့် လှေပေါ်မှဆင်းခဲ့ကြသည်။ ကိုစိုးမြင့်လည်း လှေအားအသေအချာ ကြိုးချီပြီး ကျွန်တော်တို့နှင့်အတူ သစ်ဆိမ့်ကုန်းရွာသို့ လိုက်ခဲ့ကြပါပြီ။

အင်းဘေးအား မြောင်း၍ မြေပဲခင်းတွေ၊ နှမ်းခင်းတွေနှင့် အခင်းတွေ စီစီတန်းနေ၏။ ထိုအခင်းတွေအား နာရီဝက်ခန့်ဖြတ်သည်နှင့် ရွာထဲသို့ရောက်ပါပြီ။ ရွာမှာတောင်တန်းကြီးနှင့် အခင်းတွေအကြား အရှည်လိုက် ရွာတည်ထားသဖြင့် ကျွန်တော်တို့ဝင်ပေါက်သည် ရွာလယ်လောက်ရှိပေမည်။ နေဝင်မိုးချုပ်ဖြစ်၍လည်း မီးလေးတွေ မှိတ်တုတ် မှိတ်တုတ်နှင့် တိတ်ဆိတ်နေပါသည်။

"ဒီရွာမှာ အိမ်ခြေတော်တော်များထား ကိုတင်ရွှေ"

"အင်း... ခြောက်ဆယ့်သုံးအိမ်ရှိပါတယ်"

"တော်တော်များသားပဲ"

"မြေပဲလုပ်ငန်းပဲပေါ့နော်"

"အင်း... ဟိုအခင်းတွေနဲ့အတူ တစ်ခါတစ်ခါ သစ်ကလေးပေါ့ ဆရာကြီး"

ကျွန်တော်သဘောပေါက်လိုက်ပါသည်။ သို့သော် ထိုသစ်လုပ်ငန်းသည်ကျွန်တော်တို့နှင့်မဆိုင်၊ ကျွန်တော် သတင်းရပြီးသား သူတို့ပတ်ဝန်းကျင်တောမှာ အပတောတွေဖြစ်ပြီး ကျွန်းခိုးထုတ်မှု မရှိပါ။





သစ်မာတွေထဲမှ အင်၊ ကညင်တော့ အနည်းငယ်ပါ၏။ သို့သော်လည်း ခိုးပွားဖြစ် မဟုတ်ကြောင်း ကျွန်တော်တို့ သိထားပြီးသား။

"ကျွန်တော်တို့ကို တစ်မျိုးမမြင်နဲ့နော်၊ သစ်ကိစ္စ ကျွန်တော်တို့နဲ့ မဆိုင်ဘူးဆိုတာတော့ ရွာသားအချို့ သိအောင် ပြောထားပေးပါ"

"ရော်... ကျွန်တော်တို့ရွာက အကြီးအကျယ် လုပ်တာ မရှိပါဘူး၊ တစ်ခါတစ်ရံ အောက်ဘက်ကမှာမှ လုပ်ကြတာပါ ဆရာကြီး"

"ဟုတ်ကဲ့ပါ၊ ကျွန်းတော့ ရှောင်ပေါ့ဗျာ"

"ကျွန်းရှိတဲ့ တောင်ထိပ်တက်ဖို့ မလွယ်ပါဘူး၊ တောကြမ်းတာပေါ့၊ နောက်ပြီး ကျားနဲ့ဝံအပြင် တောဆင်အုပ်နဲ့ တွေ့လို့ကတော့ မလွယ်မှမလွယ်ဘဲ"

"ဆရာကြီးတို့ ဒါကျွန်တော့်အိမ်လေး အိမ်ပေါ်တက်ကြတာပေ"

ကျွန်တော်တို့အား ကိုတင်ရွှေမှ သူ၏အိမ်ပေါ်သို့ခေါ်သည့် အတွက် အိမ်ပေါ်တက်ခဲ့ပါသည်။ အိမ်ကြီးမှာကား ကျွန်းအိမ်ကြီး တဖန် သူတို့အိမ်နှင့်ကပ်နေသော ကိုစိုးမြင့်(ကျောက်ဘီလူး) အိမ်သည်လည်း ထိုနည်းတူကျွန်းလုံးကြီးတွေနှင့် အိမ်ကြီး၊ တစ်ရွာလုံး ကျွန်းအိမ်ကြီးတွေသာဖြစ်ပေမည်။ နယ်မြေဒေသသည် ကျွန်းတောကြီးတွေ အလွန်ပေါများသော တောနက်ကြီးတွေ သစ်ကြီးဝါးကြီး၊ တောကြီး တောင်ကြီးဘေးမှာ နေထိုင်မှတော့ တောထွက်ပစ္စည်းတွေ သုံးကြမည်သာ။

"ဆရာကြီးတို့ ဒီတစ်ညတော့ နားကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီရွာမှာ ဝံကိုက်လို့ ဆုံးရှုံးတာတွေ၊ ဒဏ်ရာရတာတွေ သိချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးတင်ရွှေ"

"ပြောပြပါ့မယ်၊ အခုတော့ ညစာစားကြရအောင်"

"ကျောက်ဘီလူး ယူခဲ့ဟေ့"

"ဟုတ်... ဟုတ်"

မကြာလိုက်ပါ။ ကျောက်ဘီလူးသည် သူ့ခြံဘက်မှ ကူးလာပါပြီ သူ၏ လက်ထဲဝယ် ငါးကင်နှစ်ကောင် ပါလာ၏။ ထမင်းဝိုင်းတွင် မိုးကျော်အောင်နှင့် တင်မြတ်သည် ငါးသေတ္တာနှစ်ဘူးဖောက်၏။ အသီး ရမ်းသုံးလုံးလည်းဖောက်ကာ ထမင်းမစားမီ အရက်ဝိုင်း စလိုက်ပါသည်။

သူတို့က ငါးသေတ္တာစားကြ၏။ ကျွန်တော်တို့က ငါးကြင်းကင် ကိုဝါးကြ၏။ ရွာသားလေးယောက် ကျွန်တော်တို့သုံးယောက်၊ အားလုံး ခုနစ်ယောက် အအမိရမ်းသုံးလုံးနှင့် အဆင်ပြေသွားပါသည်။ ထမင်းဝိုင်း မှာတော့ ငါးကြင်းဆီပြန်၊ ကြက်သားဟင်း၊ မုံညင်းချဥ်နှင့် ငါးကင် သုတ်၊ ငါးဘူးအဖုကောင်လေးတွေအား မီးခဲဖြင့် ကင်ထားသည်မှာလည်း တော်တော်စားလို့ ကောင်းပါသည်။

"ဆရာကြီး"

"ဟုတ်ကဲ့ ဦးတင်ရွှေ"

"ကျွန်တော်တို့ ရွာသားတင်မောင်ဆိုတာ အသက်သုံးဆယ်အ ရွယ်တစ်ယောက်၊ မျိုးခင်က အသက်နှစ်ဆယ့်သုံးနှစ်၊ သူတို့နှစ်ယောက် ဝံကိုက်လို့ဆုံးခဲ့ပါတယ်၊ မနှင်းအေးဆိုတဲ့ အသက်သုံးဆယ်ကျော် မုဆိုး မပေါ့၊ သူကျတော့ ကျားကိုက်ခံရတယ် လူတွေဝိုင်းအော်လို့ သေတော့ မသေဘူး"

"ဘယ်တုန်းကလဲ ကြာခဲ့ပြီလား"



"ဘယ်ကြာမှာပအေး ဒီနှစ်ထဲမှာပဲ၊ သေသူနှစ်ယောက်ဆို နှစ်လ သာကဲ ခြားတယ်၊ ဝက်ဝံကြီးတွေ တစ်ခါတစ်လေ ငါးကောင်အထိ ဆင်းဆင်းလာတယ် ဆရာကြီး"

"အင်း... ဝံဆိုတာ လူကိုရန်မမူတတ်ဘူး ရှောင်တယ်၊ ဒါပေမယ့် အတ်တရက်တွေ့ရင်လန့်ပြီး အသေကိုက်တတ်တယ်ဗျ၊ နောက်ပြီး သူ တို့တစ်တွေဟာ သစ်တောထူထပ်တဲ့ တောကြီးတွေထဲမှာ နေတယ်၊ နေ့ဆိုရင် အပင်တွေပေါ်တက်ပြီး အိပ်တတ်သလို ညပိုင်းမှာတော့ အစာ ရှာ ထွက်တတ်တယ်ဆိုတာ သိရတယ်"

"ဟုတ်တယ် ဆရာကြီးရွာသားတွေ အသတ်ခံရတာ ညနေ စောင်ချိန်ပဲ ဆရာကြီးရဲ့၊ ဒီကောင်တွေရွာထဲ ဆင်းလာပြီး ကျွဲတွေဆွဲတာ ကျွဲသုံးကောင်နဲ့နွားနှစ်ကောင်လည်း ပါသွားဘူးတယ်"

"ဦးတင်ရွှေတို့ရွာသားတွေ ဘာမှမလုပ်ပါဘူးပေါ့"

"ခက်တာပ ဘယ်လိုပြန်လုပ်ရမလဲမသိဘူး၊ ဝိုင်းပြီးအော်ကြ သောက်ယေးနဲ့ပစ်ကြတာပဲ လုပ်ရဲတာ အနီးကပ် မလုပ်ရဲဘူးဆရာကြီး"

"ကဲ...ထားပါတော့ ကျွန်တော်တို့စီစဥ်ပါမယ်"

ကျွန်တော်တို့ ဆွေးနွေးပြီး တင်မြတ်သည် ကိုစိုးမြင့်နှင့် စကား ဆက်ဆုံ ကျနေသည်။ တကယ်တော့ ကျွန်တော်တို့နှစ်ယောက်နှင့်အတူ အက်နက်တွေ၏လုံခြုံရေးအတွက် ကင်းစောင့်သည်ကို သူတို့ မသိစေ ချင်ပါ၊ တင်မြတ်၏ပညာသားပါပါ ဟာသစကားတွေ စုံနေကြသည်။

တင်မြတ်ပြီးလျှင် မိုးကျော်အောင်၊ နောက်ပိုင်း မိုးလင်းပိုင်း ကျွန်တော်တာဝန်ယူမည်ကိုသိပြီးသား ပြောဆိုပြီးသားမို့ အေးအေးဆေး ဆေးပင် ကျွန်တော်တို့ အိပ်လိုက်ပါပြီ၊ ကျေးရွာမှာ တိတ်ဆိတ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြက်တွန်သံ၊ တစ်ခါတစ်ခါ ခွေးအူသံထောက်တော့ ကြားရ၏။ ရွာသူကြီးဦးတင်ရွှေပြောဖြင့်သိရသည်မှာ ညဥ့်အခါ ရွာသားတွေ အပြင်မထွက်ကြ၊ ထွက်ပါကလည်း အိမ်နီးနားချင်းအိမ်နှင့် ညှိနိုင်းပြီးမှ မီးတုတ် သို့မဟုတ် မီးခွက်ကိုင်၍ ထွက်ကြကြောင်း အကြောင်း မရှိရင်တော့ ကွေးနေအောင် အိပ်ကြသည်သာ။

တစ်ခုတော့ရှိ၏။ မနက်စောစောမှာတော့ အစင်းထဲထွက်ကြသည်မှာ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်ပါသည်။ အစင်းကပြန်မှ မနက် အသာပြေ စား၏။ အစာပြေဆိုရာဝယ် ငါးပေါသည့်အခါ မုန့်ဟင်းခါးသည် ရှိ၏။ ကျွန်တော်တို့သုံးယောက်အတွက် စောစောစီးစီး ဝယ်ထား၍ အိပ်ရာထတော့ စားလိုက်သည်။

သစ်ဆိမ့်ကုန်းရွာသည် နံနက်စောစော အလွန်သာယာ၏။ ဒေါင်းတွန်သံလည်း ကြားရ၏။ တောကြက်တွေလည်း တောအစပ်နှင့် ရွာခြေဆင်းကာ အိမ်ကြက်တွေနှင့် အပြိုင်ရင်ဆိုင်ကြသဖြင့် ကြက်တွန်သံတွေ သာယာနေသည်ကို လက်တွေ့ခံစားရပါသည်။ ကျွန်တော်တို့သုံးယောက်စားသောက်ပြီးသည်နှင့် တောထဲဝင်ရန်အတွက် စီစဉ်ကြရပါပြီ။

“ကိုတင်ရွှေ”

“ဟုတ်ကဲ့ ဆရာကြီး”

“ကျွန်တော်တို့ တောင်ပေါ်တက်ကြစို့”

“ဟုတ်ကဲ့ ဆရာကြီးထမင်းထုပ်ယူသွားကြတာပေါ့နော့”

“ဟုတ်ကဲ့ ကိုလှသန်းရောက်ရင် တက်မယ်ဗျာ”

“ကောင်းပါပြီ”





ကျွန်တော်တို့ လူများများမခေါ်ချင် သို့အတွက် ကိုလှသန်းဆိုသူနှင့်သာ သွားရန်ဆုံးဖြတ်၏။ ရွာသားတွေမလိုက်ရဲသလို မခေါ်လည်းမခေါ်ချင်ပါ။ ဦးတင်ရွှေ လိုက်မည်ဆိုသော်လည်း ကျွန်တော်တို့ မခေါ်ပါ၊ နောက်နေ့တွေမှ အခြေအနေကြည့်၍ ခေါ်မည်ဟု ပြောကာ ထားခဲ့၏။

ကိုလှသန်းဆိုသူသည် လူက ပုတိုတို၊ သန်မာဖျတ်လတ်သည့်အပြင် လူရွှတ်လူနောက်ပျော်တတ်သူဟု သတ်မှတ်သော်လည်း သူ့ပုံသဏ္ဍာန်မှာ သတ္တိကောင်းသည့်အသွင်ကြောင့် ကိုလှသန်းကို ရွေးခေါ်ခဲ့သည်။ ကိုလှသန်းသည် တောကျွမ်းသူ၊ သစ်ခုတ်သူတစ်ယောက် ဤတော ဤတောင်အား ဘယ်တော့မှလမ်းမမှား၊ တစ်ရေးနိုးသွားစေ လမ်းမမှားနိုင်ကြောင်းလည်း သိရပါသည်။

“ဆရာကြီး”

“ဟုတ်ကဲ့ ကိုလှသန်း”

“ဒီကနေ တည့်တည့်တက်ရင် ကျွဲတမော့ထိုးလည်းခေါ်တယ်၊ ဆင်ကျောကုန်းစခန်း ရောက်ပါတယ်”

“ကျွဲတမော့ခေါ် ဆင်ကျောကုန်းစခန်းတဲ့လား”

“ဟုတ်တယ် ကျွဲတွေ အဲဒီတောင်ခြေကနေ ဟိုမှာတွေ့မှာပေါ့၊ ကျောက်တောင်ခုန်းခုန်းလေ၊ အဲဒီကျောက်တောင်ဟာ အောက်ကြတော့ သိပ် မသိသာပါဘူး၊ အပေါ်ကနေကြည့်ရင် အောက်ကိုငုံ့ကြည့်ရအောင် မြင့်တယ် ဆရာကြီး”

“ဟုတ်မှာပါ၊ ကျောက်တောင်ကလည်း ဆင်ကျောကုန်းဆိုတော့ ပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော်တို့အဲဒီတောင်ခြေကနေ ညာဘက်သွားတဲ့ ထမ်းအတိုင်း ဆက်သွားပြီး အပေါ်တို့နည်းနည်းတက်တာနဲ့တောကြက် မြောင်စခန်း ရောက်တော့တာပဲ ဆရာကြီး"

"ကိုလှသန်းပြောတာ ဟုတ်ပါပြီ၊ ဘာတွေ ထူးခြားထဲဗျ"

"ထူးခြားဆို ဒီဆင်ကျောကုန်းစခန်းနဲ့ တောကြက်မြောင်ဟာ ဘေးလွယ်နတ်ဖြစ်ပြီးတော့ ရှေးလူကြီးတွေပြောတာကတော့ ဒီစခန်းနှစ်ခုဟာ ကျောက်နှစ်လုံးတောင်မကြီးနဲ့ တောကြီးကို ကျားစီးထမ်းပိုးထား တယ်လို့ပြောကြတာပဲ"

ကိုလှသန်းသည် သူကြားဘူးသမျှ မတွယ်မဝှက် ပြောပြနေ၏။ ဤမျှနှင့်တော့ထူးခြားမှု မရ၊ ကျွန်တော်တို့ မယုံကြည်နိုင်သေး၊ ထူးခြားမှု အဖြစ်အပျက်တွေ ရှိကို ရှိလေဦးမည်ဟူသောအသိက ကျွန်တော့်ရင်ထဲ ရှိနေဆဲမို့။

"ကိုလှသန်း"

"ဟုတ်"

"အခုဆိုရင် ခရီးဖော်တွေထည်း ဖြစ်ကြပြီ၊ ဒီဆင်ကျောကုန်း စခန်းရဲ့ ထူးခြားမှုတွေ ရှိပါသေးတယ်၊ နောက်ပြီး တောကြက်မြောင် စခန်းမှာထည်း အကြောင်း ထူးခြားတာတွေ ထူးနေတာတွေပြောပြဗျာ"

"ဆရာကြီး ဒါဆို ကျွန်တော်တို့ခေတ္တနားကြမယ်"

"ကောင်းတာပေါ့"

ကျွန်တော်တို့ထေးယောက် နာရီဝက်ကျော်ကျော်၊ မိုင်အားဖြင့် တစ်မိုင်ခန့်အရောက် တောအခြေအစပ်ထဲအဝင်မှာပင် ခေတ္တနားလိုက်





၏။ တောခြေသာဆိုသော်လည်း ချုံနွယ်တွေကထူထပ် သစ်ကြီးဝါးကြီး အပင်ကြီးတွေ မတွေ့ရသေးသော်လည်း တောကောင်တွေအောင်းရှိ ကောင်းစရာဖြစ်သော ချုံပုတ်ကလေးတွေမှာ အစီစီအရီရီတွေ့ရပါသည်။

"ဟောဒီ ဆင်ကျောကုန်းစခန်းပေါ်ရောက်ရင် အပေါ့အပါးမ သွားရဘူးတဲ့၊ နောက် အဲဒီဆင်ကျောကုန်းစခန်းမှာ ဝက်ဝံနှင့် ကျားပေါ တယ်လို့ပြောပါတယ်၊ ဝက်ဝံဆင်းလာရင် ကျား မဆင်းဘူး၊ ကျားဆင်းရင် သည်း ဝက်ဝံ မဆင်းဘူးလို့ ပြောသံကြားရသည့်အတိုင်း ရွာသားတွေ အကိုက် ကျားအကိုက်ခံရတာတွေဟာ ဟောဒီ ဆင်ကျောကုန်းစခန်း က ဆင်းလာတယ်လို့ သိရပါတယ်၊ သဘောက နတ်ကြမ်းတယ်ပေါ့"

"ဟုတ်ပြီ နောက်ကော၊ နောက်တစ်ခုရှိသေးပါတယ်၊ ဆင်ကျော ကုန်းစခန်းက ဘာကောင်ပါလိမ့်"

"ဆရာကြီးသိတာပ၊ ရော်—မြွေနဂါးကြီးလေ၊ သူကတော့ ကျွန်တော် အဖိက သိတာက တောကြက်မြောင်စခန်းမှာ နေတယ်လို့ သိရတယ်"

"ကဲပါဗျာ၊ ထားလိုက်ပါတော့၊ တောကြက်မြောင်မှာ ဝက်ဝံတွေ နဲ့ကျားတွေရှိတယ်လို့ပဲ ထားလိုက်ပါတော့၊ ဒါပေမဲ့ အဲဒီတောကြက် မြောင်မှာ အင်မတန်ကြီးမားတဲ့ အကောင်ကြီးလည်း ရှိတယ်လေ၊ ကဲ... ဒါတွေက အရေးမကြီးပါဘူး၊ အရေးကြီးတာက ဝံနဲ့ကျားအန္တရာယ်ပဲ ထားလိုက်ပါ"

"ဆရာကြီး"

"ပြော... ကိုလှသန်း"

"ဒီဘက်မှာ အစိမ်းသေတွေများတော့ စိုးရိမ်ရတာပဲ"

"ကိစ္စမရှိပါဘူး ကျွန်တော်တို့တာဝန်သာထား"



www.burmeseclassic.com

www.burmeseclassic.com



"ဝံနှင့်ကျားလည်း ရှင်းပေးပါ"

"ကျွန်တော်သုပ်ရမဲ့ နည်းလမ်းတွေ သိပြီးပါပြီ ကိစ္စမရှိပါဘူး။ မိုးကျော်နှင့် တင်မြတ်ရေ"

"ဟုတ်ကဲ့ ဆရာကျော်"

"အေး... တို့အတွက်ဆတ်ရှာမယ်"

"ကောင်းပေါ့ ဆရာကျော်"

"ဗျာ"

"ကဲ... တောထဲဝင်ကြမယ်"

★ ★ ★



## (သုံး)

ကျွန်တော်တို့ တောထဲစတင်ဝင်ပါပြီ၊ တောင်မှာ တော်တော်ဆေးပင်တက်ရန် မတ်စောက်လွန်းသော ဆင်ကျောကုန်းတောင် စခန်းပေါ်သို့ ခက်ခက်ခဲခဲ တက်ရပါသော်လည်း မတ်စောက်နေခြင်းကြောင့်သာ ခက်သော်လည်း ဒီထက်နက်ရှိုင်းသော ကျောက်တောင်တွေအား ကျွန်တော်တို့၏ဖဝါးအောက် ရောက်ခဲ့ပြီးပြီ၊ သူတို့ရွာသားတွေအတွက် ဤမျှမြင့်သည်မှာ အထင်ကြီးချင်ကြီးမည်။ ကျွန်တော်တို့ အဲသေးသေး။

"ဆရာကျော် တက်ပြီဗျို့"

"အေး... ကိုလုသန်း နောက်က လိုက်ခဲ့"

"ဟုတ်... ဟုတ်"

"တင်မြတ် သတိထားဟေ့ နေ့ဘက်ဆိုတော့ အပင်ပေါ်ကြည့်"

"တွေ့ရင် "

"တွေ့ရင်ပစ်"

"ကြိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



“ဆရာကျော်”

“ဘာလဲ မိုးကျော်”

“တောမုဆိုးကော”

“ထူးခြားမှုကြည့် ထူးခြားရင်ပစ်”

“အားလုံးပစ်ပဲလား”

“အေး... ဆတ်ဆိုရင် ပိုကြိုက်တယ်”

“ဆရာကြီးဆတ်က တောကြက်မြောင်အစပ်ဘက် ပြန်ဆင်းရမှာပဲ”

“ဘာဖြစ်လို့လဲ”

“အဲဒီတောကြက်မြောင်စခန်းအထက်မှာ ဆတ်တွေမကြာခဏတွေ့ရတယ်ဆရာကြီး”

တင်မြတ်သည် ခြေသွက်နေ၏။ ခြေသွက်မှာပေါ့၊ ရေဘူးထဲမှ မော့နေရင်း တက်၏။ တစ်ဖက်က သေနတ်၊ တစ်ဖက်က ရေဘူး၊ တင်မြတ် တစ်ယောက် တမင်ရမ်းပြသည့် ဓာတ်လမ်းစလေပြီလားဟု တွေးမိသော်လည်း တင်မြတ်မှာလည်း လူပါး၊ သို့အတွက်ကြောင့် ကျွန်တော်လည်း စိုးရိမ်သင့်သလောက်ထက် မပိုတော့ပါ။

တင်မြတ် ခြေသွက်နေသည်မို့ ကျွန်တော်သည်း တော်တော်လေး လိုက်ရ၏။ ကိုလုသန်းတော့ လျှာထွက်ချင်မည်။ သို့သော် စွဲကောင်းပါ၏။ အမျှော်မပေးတတ်သော စိတ်ဓာတ်ဖြင့် ကျွန်တော့်အား အမှီလိုက်သည်။ တစ်ဖန် မိုးကျော်အောင်၊ မိုးကျော်အောင်မှာ နောက်ပိုင်းအမြဲတာဝန်ယူ စိတ်ချရသူ၊ ယခုလည်းနောက်ဆုံးမှ ခြေလှမ်းစပ်ကြဲကြဲဖြင့် လိုက်ခဲ့၏။ မိုးကျော်အောင်၏ မျက်စေ့က အပင်တွေပေါ်ကို အားထား





၏။ အကြောင်းမှာ အောက်ပိုင်းအတွက် အရေးမထား၊ ထုံးစံအတိုင်း အောက်ခြေရှုပ်နှယ်ပိတ်ပေါင်းအား တင်မြတ်ရှင်းပြီးပြီမို့ ဝက်ဝံတွေ အိပ်တတ်သော အပင်ကြီးပေါ်သို့ အထူး ဂရုပြုနေခြင်းပင်။

ဝက်ဝံကြီးတွေသည် လူလည်းမကြောက်၊ ရွာထဲဝင်၍ ကျွဲနွားပင် သတ်ဖြတ်စားသောက်ရဲသည့်အဆင့်မို့ သတိထားရသည်။ အနံ့ခံကောင်း၏။ အပြေးမြန်၏။ အပင်တက် လျင်၏။ သို့အတွက် အပင်ပေါ်ဝယ် အသိုက်လုပ်တတ်သော ဝက်ဝံကြီးတွေ ယခုလို နေ့လည်တွင် အပင်ပေါ်မှာ အိပ်စက် အနားယူပြီလား။

“ဒိုင်း...”

“အိ...”

“ဝေါ... ဝေါ... ဝေါ... ဝေါ”

“ဘုန်း”

“ဒိုင်း”

မိုးကျော်အောင်သည် မျက်စေ့လျင်သူပီပီ ဝက်ဝံကြီးတစ်ကောင် တွေ့လိုက်သည်။ ဝက်ဝံကြီးသည် အိပ်စက်နေရာမှ လူကိုတွေ့ပြီးခေါင်း အထောင် ရင်ဘတ်ပေါ်မှပေါ်လာသော လခြမ်းဖြူအား ကျွန်တော်တစ်ပြက် အတွင်း ပစ်လိုက်သည်တွင် အိမ်ဝက်တစ်ကောင်ပမာ အော်ဟစ်သံကြီး နှင့်အတူ ပေလေးဆယ်ခန့်မြင့်သည့် အပင်ကြီးပေါ်မှ ခြေပစ်လက်ပစ် ကျလာပုံမှာ မဲမဲကြီးဖြင့် တောကြီးအော်သွားသည့်အလား ချုံငယ်တွေ အတိုင်းအစက်တွေဖြင့် ထိတွေ့သံအဆုံး တင်မြတ်နှင့်ပေနှစ်ဆယ်ခန့်သို့ ပြုတ်ကျသည်တွင် လက်သံပြောင်ချင်သော တင်မြတ်၏ ခြေအချ ခံတတ်မှုတစ်ချက် ထပ်ဆင့်ဆက်လိုက်သည်တွင် ဝက်ဝံကြီး ထုံးဝ အသက် မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဆရာကြီးတို့ ထျင်လိုက်တာဗျာ"

"တော်တော်ကြီးတဲ့ ဝက်ဝံကြီးပဲ"

"မိုးကျော် မင်း တာဝန်ကျေပါတယ်"

"မင်းက ကျည်ဖြုန်းတယ်"

"ငါပစ်ချင်နေတာ သက်ကို ယားနေတာကွ၊ ဘာဖြစ်လို့ ... ဆိုတော့ သူတို့က ကြမ်းတယ်ဆိုတော့ ငါက ရမ်းချင်တယ်ကွဲ့"

"ကောင်းတာပေါ့"

"ဆရာကြီး ဒီကောင်ကြီးကို ဘယ်လို လုပ်မလဲ"

"ထားခဲ့တာပေါ့၊ တင်မြတ် အမှတ်အသားထုပ်ခဲ့"

"ဆရာကျော် ကြိုးနဲ့တုပ်ထားလိုက်မယ်"

"ချော်ခွာပြီး တုတ်ထား"

"ဆရာကြီး သေနေမှတော့မလိုဘူး ထင်တာပ"

"မလိုပါဘူး၊ တောကို စမ်းရတာပေါ့"

ကိုလှသန်း ဘာမှ ဆက်မပြောတော့၊ တောကြီးက နက်ရှိုင်း... ၏။ တောနက်သော်သည်း နေ့ဘက်ဆိုတော့ ပိုထို့ အခြေအနေကောင်း... နေ၏။ အကြောင်းမှာ မြင်ကွင်းကောင်းခြင်းအတွက် အရာရာကို စိုးမိုး... နိုင်မယ်၊ ကျွန်တော်တို့ပထမ ဆင်ကျောကုန်းစခန်းဖြတ်ကျော်ပြီး ဝက်... တစ်ကောင် ပစ်ခဲ့၏။ ဆက်၍တက်တော့ ပထမဆုံး တွေ့ရသည်မှာ ကျောက်နစ်လုံးတောင်တန်းကြီး၏ လျှို့ဝှက်နက်ရှိုင်းသော တောင်ကြီး နစ်လုံးကြားအဝင်...

"ဆရာကြီး"

"ပြော... ကိုလှသန်း"



"ဒီနေရာဟာ အစိုးရိမ်ရဆုံးပဲ"

"ဘာဖြစ်လို့လဲ"

"အင်း... မြွေနဂါးကြီးရဲ့ နယ်မြေလေ"

"သူက ဘာလုပ်တတ်လဲ"

"ကျွန်တော်တို့တော့ မတွေ့ပါဘူး၊ ကြားသိကြားရတာတော့ ...က အဘ ဦးရွှဲကြီးတို့တွေ့လို့ အဝတ်တွေချွတ်ပြီး ပြေးခဲ့ရတယ်ဆိုတာ ...တော့ ကြားဘူးပါတယ်"

"အဲဒီ... မြွေကြီးကြောင့် လူသေဘူးသလား"

"သေတာတော့ မကြားဖူးပါဘူး ဆရာကြီး"

"ကိုလှသန်း"

"ဟုတ်ကဲ့"

"ခင်ဗျား ဘာကြားဘူးသေးလဲ၊ မြွေကြီးနဲ့ပတ်သတ်ပြီး ပြောတာ ကျွန်တော်ကြားဘူးတာတော့ မြွေသူတော်ကောင်းကြီးလို့ တစ်ချို့ကပြော တယ်၊ လူတွေကသာ ဘာတုန်း၊ မြွေနဂါးကြီး အမောက်ကြီးနဲ့ပြောကြ ...၊ စကားက ကားတာလည်း ပါမယ်ထင်တယ်၊ ကျွန်တော်ဒီကျောက် နစ်လုံးတောင်ခွင်ထဲမှာ သစ်ခုတ်တော့ အခေါက်ခေါက်ရောက်တယ်၊ ...တစ်ခါမှ မတွေ့လို့ တစ်ချို့က မင်းကုသိုလ်ကောင်းတယ်လို့ ပြောကြတယ်"

"ဒါနဲ့ပါလေ၊ တွေ့တဲ့လူတွေက ကုသိုလ် မကောင်းလို့ပေါ့၊ ...ား... ဟား... ဟား... ဟား"

တင်မြတ်နောက်သည်ကို ကိုလှသန်းလည်း သဘောကျသွား၏။ ...ပါ ရောရယ်၏။ တင်မြတ်သည် ဗိုက်ဆာလာသဖြင့် ကျွန်တော်အား ...မင်းစားရန် ပြောလိုက်သည်တွင် ကျွန်တော်လည်း စားကြစို့ ပြော ...၊ ထမင်းထုပ်တွေဖြေကာ စားရန်အပြင်...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကိုတင်မြတ်"

"ဗျာ"

"ခဏလေး၊ တောင်ပိုင်ကို တင်ဦးမယ်"

"တင်လေ"

"စိတ်မရှိနဲ့ တောင်ပိုင်တင်တုန်း ဘယ်သူမှ မစားရသေးဘူး ဆရာ ကိုတင်မြတ် ခဏလေးနော်"

"ကောင်းပါပြီဗျာ"

တင်မြတ် မိုက်က ဆာနေသော်ထည်း သူ့အရပ်သူ့ဓာတ်ဆ ၏အစီအမံတော့ အောင့်ပြီး သည်းခံထိုက်ရင်း ကိုလှသန်းလုပ်နေသည် ကို ကြည့်နေ၏။ ကိုလှသန်းသည် အင်တစ်ရွက်ကို နုး၏။ အင်ရွက် အား ကတော့ထိုးကာ အင်ရွက်ကတော့ထဲသို့ သူ၏ထမင်းလုပ်ထဲ ထမင်းဖြူသုံးဆုပ် ဆုပ်ထည့်၏။ ထိုနောက်အသားမပါဘဲ သူယူလာ သော ငှက်ပျောသီးတစ်လုံးအား အခွံခွာကာ ထမင်းသုံးဆုပ်ပေါ်တင်၏ တစ်ဖန် အင်ရွက်ဝယ်ကန်တော့ထိုး၍ သောက်ရေထည့်ပြီး သစ်ပင် တစ်ပင်၏ ခွဆုံတွင်တင်ကာ…

"တောင်ပိုင်ဘိုးဘိုး ထက်ယုက်မိုး၍ ထမင်းဖြူသုံးဆုပ် ငှက်ပျော သီးသတ်သတ်ထွတ် ရေအေးအေးတို့ဖြင့် အဘသူတော်စင်ကြီးအာ ဦးစွာ တင်မြှောက်ပါသည်၊ ကျွန်တော်တို့အား စောင့်ရှောက်တော်မူပါ ကျွန်တော်တို့ စားသောက်ခွင့်ပြုပါ၊ တောင်ပိုင်ဘိုးဘိုးကြီးခင်ဗျား"

ကိုလှသန်းသည် တင်မြှောက်ပြီး ကျွန်တော်တို့သုံးဦး ထမင်း စားမည်။ ကျွန်းပင်ကြီးအောက်သို့ ရောက်လာ၏။ သူ့မျက်နှာကြည် ကြည်လင်ထင် စိတ်ထဲတွင် အပြစ်အနာအဆာမရှိ၊ စိတ်ချမ်းသာသော သဘောဆောင်လျက်…



"ကဲ… ဆရာကြီးတို့ စားကြတာပ"

"ကိုလှသန်း"

"ဗျာ… ဆရာကိုတင်မြတ် ကျွန်တော် တောင်ပိုင်ဘိုးဘိုး တင်တာ ကြာသွားလို့ ထမင်းဆာနေပြီလား"

"ရပါတယ် ဒါပေမယ့် တောင်ပိုင်ဘိုးဘိုးဆိုတာ ဘယ်လို မှတ်ယူလို ကြီးလဲဗျ"

"ဪ… ကျွန်တော်တင်ကာ မကြိုက်သထားပ"

"ကိုလှသန်းရယ် ကျွန်တော်တို့ဟာ တောတောင်အမျိုးမျိုး ဒေသ ပယ်ပယ်အသီးသီး တော်တော်နှံ့ပါတယ်၊ နယ်မြေခံကျေးရွာသားတွေရဲ့ ရာခံလေ့ကို ဘယ်တော့မှ မကန့်ကွက်ဘူး၊ တစ်ခုတော့ ရှိတာပေါ့ဗျာ သေမှာတဲ့ အင်းတိုက်၊ စုန်းတိုက် သရဲတစ္ဆေဆိုရင်တော့ ခွင့်မလွှတ် ဘတ်ဘူး၊ အဲ… ရိုးရာတင်တာ မြှောက်တာ ကျွန်တော်တို့နဲ့မဆိုင်တာ ကျွန်တော်တို့ ဘာမှပြောစရာ မလိုဘူး၊ လိုအပ်ရင် ကူညီဖို့ အသင့်ပါ"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

"နောက်တစ်ခု မသိလို့နော် စပ်စုတယ်တော့ မဟုတ်ပါဘူး"

"ဟုတ်… ဟုတ်ကဲ့ပါ၊ မေးပါ ဆရာကြီး"

"စောစောပိုင်းက တောင်ပိုင်ဘိုးဘိုးကြီးတင်ကာ သားသတ် ထွတ်နော်"

"ဟုတ်တာပ"

"ကောင်းတာပေါ့ဗျာ၊ အဲဒီတောင်ပိုင်ဘိုးဘိုးဆိုတာ ဘယ်လို ရှိလိုသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိတာတော့ ဒီတောင်နှစ်တောင်၊ ကျောက်နံ
လုံးတောင်ကို ပိုင်တာပ၊ သူတော်ကောင်းကြီးပါ၊ ကျွန်တော်တို့သ
နုတ်ရင် ဒီတောင်ပိုင်ဘိုးတိုးကြီးပဲ တင်တယ်၊ ဘာအန္တရာယ်မှ မတွေ
ပါဘူး"

"ကောင်းတာပေါ့ဗျာ"

သို့နှင့် ကျွန်တော်တို့ ထမင်းစားကြ၏။ ထမင်းစားပြီး ခေတ္တ
နားနေစဉ်မှာပင် ကျွန်တော် ဆက်လုပ်ရသည့် အခြေအနေတွေ စဉ်းစာ
ရင်း မိုးကျော်အောင်နှင့် တင်မြတ်အားပြောပြ၏။

"တို့ ဝံတစ်ကောင်တော့ ရှင်းပြီးပြီ"

"သူတို့ ပြောတဲ့အတိုင်းဆို ဆရာနောက်ထပ် ဝံသုံးကောင်ကျ
သေးတယ်"

"လေးကောင်တဲ့လား တင်မြတ်"

"ဟုတ်တယ် မိုးကျော်"

"ငါလည်း ကြားတယ် ကိုလှသန်း ဝံလေးကောင်နော်"

"ဟုတ်တာပ လေးကောင်၊ အကောင်ကြီးတွေပဲ"

"နောက် ကျားက တစ်ကောင်နော်"

"ဟုတ်တယ်"

ကျွန်တော်တို့တွေ့ရသော တောင်ခြေနှင့်ရွာမှာ တော်တော်ဝေး
ကပ်နေ၏။ စည်းရိုးကလည်း ရွာအတွက်စိတ်မချရ၊ ရွာနှင့်တောမှ
တစ်ဆက်တည်း တောင်ခြေနှင့်ထိသည်အထိ တောင်တန်းသဖွယ် 
နွယ်တွေ ဆက်စပ်နေပါသည်။ သည်အဖြစ်ကို ပြန်ရောက်လျှင် ပြင်
မည်။ ရွာလူကြီးကိုတင်ရွှေအား ပြောပြရန်စီစဉ်ခဲ့ပါမည်ဟု တွေးရင်
ဒီညကိစ္စ စီစဉ်ရန်အတွက်...



"မိုးကျော်နဲ့တင်မြတ်"

"ဟုတ်ကဲ့"

"တို့ ဒီညသားကောင်ပစ်မယ်"

"ဟုတ်တယ် ဆရာကျော်၊ ကျွန်တော်တို့သုံးည ရှိသွားပြီ၊ ဘာမှ
မပစ်ရသေးဘူး"

"ဟုတ်တယ် ဒီညတော့ တစ်ကောင်ကောင်တော့ ပစ်ကြရို့"

"ကိုလှသန်း"

"ဟုတ်ကဲ့... ဆရာကြီး"

"ကျွန်တော်တို့ ဒီည ဟင်းစားရှာမယ်ဗျာ"

"အင်း... ဘာပစ်မှာလဲ ဆရာကိုတင်မြတ်"

"ပစ်ချင်တာကတော့ ဆတ် ဒါမှမဟုတ် တောဝက်၊ ဒရယ် အ
ဆုံး ချေပေါ့ဗျ"

"ဒါဆို ဆတ်နဲ့ဒရယ်ထွက်တဲ့ ငါးဘတ်အင်းလုံးထိပ်က မိုးကြိုး
ပစ်မှာ သွားစောင့်ရင် ကောင်းမယ်"

"အဲဒီ မိုးကြိုးပစ်ဆိုတာ ဘာလဲဗျ"

"ရော်... ကျွန်တော် အကြား မှားတာပ၊ မိုးကြိုးပစ်ကို သွားရတာ
မဟုတ်ဘူး၊ ဘာလဲဆိုတော့ ကြမ်းတာပ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ပြောပြီးသားပဲလေ၊ ကြမ်းမှ ရမ်းလို့
ကောင်းတာ ခင်ဗျား မလိုက်ရဲရင်နေ လမ်းပဲပြ၊ ဆတ်ရအောင်ပစ်မယ်"

"ဆရာကိုတင်မြတ်"

"ဟုတ်ကဲ့"

"ကျွန်တော်က စိန်ခေါ်ရင် တိမ်ကျော်အောင်လိုက်မှာ ဟား...
ဟား... ဟား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှပေါ့ဗျာ"

လေးယောက်သား တောတိုးရှာဖွေရင်း တော၏အခြေအနေ ကား ဘာမျှတော့ မထူးပါ။ နေ့နှင့်ညဉ့်သည် လွန်စွာ ကွာခြားတတ်ပါ ၏၊ နေ့မှာတော့ မနတ်တတ်သောကြောင်း၊ ညဉ့်ရောက်လျှင်တော့ ဘီလူးသရဲထက်ဆိုးသော နွားသိုးကြိုးပြတ် ဖြစ်တတ်သည်။

ကျွန်တော်တို့ သိန်းတောင်၏ မြောက်ဘက်ဝါးကြောတွင် တွေ့ ကြုံဘူးပါ၏။ ညနေစောင်း တောထဲဝင်သည်မှ မနက်မိုးသောက် အလင်းရောက်သည်အထိ တစ်ညလုံးခြောက်လှန့်သည့်အဖြစ် သား ကောင်လည်း တစ်ကောင်မှ မပစ်ရဘူး တစ်ကောင်မှလည်း မထွက်ဘူး၊ သူခြောက်တာ ကိုယ် လက်ပိုက်ကြည့်ရင်း နောက်ဆုံးတော့တစ်ယောက် အိပ်နှစ်ယောက်စောင့်နှင့် မိုးလင်းခဲ့သည်။ မိုးလင်းလို့ အပြန်ထမ်း ရောက်တော့ တောကြီးသည် တိတ်တိတ်ဆိတ်ဆိတ်၊ သူမသိ သူမဟုတ် သကဲ့သို့ ဖြစ်ခဲ့၏။ သို့အတွက် နောက်နေ့ညဉ့် ဆက်ထွက်ခဲ့ပြန်သည်။ ကျွန်တော်တို့ တိုင်ပင်သည့်အတိုင်း ထွပ်ရှားကြပါ၏။

တောထဲရောက်တော့ ခြောက်နာရီ ထိုးတော့မည်။ ပထမနေ့က နေရာထက်ပို၍ တောထဲဝင်လိုက်သည်နှင့် ကြုံဆိုပါသည်။

"ဖြောက်… ဖြောက်… ဖြောက်"

"ကျွတ်… ကျွတ်… ကျွတ်"

"ဖြောင်း… ဝုန်း…ဘုန်း"

"ဝေါ… ဝေါ… ဝေါ… ဝေါ"

"ယောက်ကြန့်ပင်ကြီးအမြစ်က ကျွတ်ပြီးလဲတာပဲ ဆရာကျော်"

"ကဲ… အဲဒီအပင်ကြီးသွားကြည့်ရအောင်"





"ရော်… ဆရာကျော်မင်း"

"ဘာလဲ… ကိုတင်မြတ်ရဲ့"

"မသွားတာ ကောင်းတာပအေး"

"သွားတာပိုကောင်းတာပ၊ ဟား… ဟား… ဟား… ဟား"

"လာပါဗျ ခြော်… နေ… နေခဲ့၊ နေခဲ့တင်မြတ်၊ မင်းနေခဲ့ ငါနဲ့ မိုးကျော် သွားကြည့်ပြီး ပညာပေးခဲ့မယ်"

"ရော်… ခက်တာပ၊ မနေ့ကလည်း ဒါမျိုးပအေး"

"ဆရာကျော် မနေ့က ခွင့်လွှတ်တယ်၊ ဒီနေ့ခွင့်မလွှတ်တော့ဘူး ဗျဲ၊ ကိုတင်မြင့်မတားနဲ့ ဆရာကျော်ကလုပ်ပြီဆိုရင် နောက်မဆုတ်တတ် ဘူးဗျ၊ သူက သူလုပ်တို့မှားသွားပါက ဘယ်တော့မှ မလောင်းပန်တတ် ဘူး၊ မမှားအောင် ကြိုးစားတယ်၊ အဲ… သူ့ကို ကျော်ပြီး စော်ကားလို့က တော့ ကွက်ပြည့် နင်းပြီသာမှတ်"

တင်မြတ်သည် သိန်းတောင်ရွာသား ကိုတင်မြင့်အား ကျွန်တော့် အကြောင်းပြောနေသည်ကို ကြားရ၏။ ကျွန်တော်နှင့်နှစ်ပေါင်းချို ဘတွဲလာသော တင်မြတ်နှင့် မိုးကျော်အောင်တို့ ကျွန်တော့်အကြောင်း ကောင်းကောင်းသိထားကြသည်။ ကျွန်တော်၏ ဆုံးဖြတ်ချက်အားသူ တို့ ဘယ်တော့မပြင်ကြ။ ကျွန်တော့်မှာလည်း အလုပ်တစ်ခုမလုပ်ခင် သေးဘက်သေးတန် အတွေးတွေနဲ့တွေးပြီးအမျိုးမျိုးဖြစ်နိုင် မဖြစ်နိုင်၊ လုပ်သင့်မလုပ်သင့် စသည်ဖြင့် ထောင့်စေ့အောင် လေ့လာဆန်းစစ် ခဲ့သပ်ပြီးကာမှ ဆုံးဖြတ်လိုက်၏။

ထိုသို့ဆုံးဖြတ်ပြီးလျှင်တော့ ကျွန်တော် နောက်မဆုတ်တော့၊ နောက်မဆုတ်ဘဲ ရှေ့ဆက်တိုးပြီးသာမှတ်၊ ထိုသို့ တိုးရင်း မှားသွား



www.burmeseclassic.com

www.burmeseclassic.com



ပါစေ၊ ဘယ်သူကိုမှ မတောင်းပန် မတိုးလျှိုး၊ မှားပါစေတော့ လည်စင်းခံမည် ဟူသော ဆုံးဖြတ်ချက်ကြောင့် ကျွန်တော်အမှားအယွင်း နည်းခဲ့၏။ မမှားသောရှေ့နေ မသေသောဆေးသမား မရှိ။ ထိုရှေ့နေ ထိုဆေးသမားတို့သည် မမှားအောင်အမျိုးမျိုး ကြိုးစား၏။ မျက်စေ့မှိတ် ကာ ဆင်းကန်းတောတိုး မလုပ် မဟုတ်ပါ။ သို့သော် မှားသွားပါ ကလည်း အကြီးအကျယ် အမှားအယွင်းမျိုး မဖြစ်နိုင်သကဲ့သို့ ကျွန်တော် ကြိုးစားခဲ့သည်သာ။

ကျွန်တော်တို့နစ်ယောက် မြေကြီးထဲမှ ကျွတ်ပြီး လဲကျသွားသည့် ထောက်ကြန့်ပင်ကြီးအား ကြည့်လိုက်သည်။ အမှန်ပင် ကန့်လန့်ကြီး လဲနေပါသည်။ အကိုင်းတွေကျိုး အရွက်အညွန့်တွေ ကြေနေသောအ ဖြစ်ကိုတွေ့ရပါ၏။ လေမတိုက် မြေမပြို အလိုလို အမြစ်ကပါ ကျွတ်လဲ နေသော ထောက်ကြန့်ပင်ကြီးအား သယ်သွားသည်။

"ဆရာကျော် ကျွန်တော် ဒီကနေ ပစ်မယ်"

"အေး… ထိုင်လေ၊ မှဆိုးဒူးထောက် နွားကင်းပိတ်နဲ့ပစ်ကွာ"

"စိတ်ချ ဆရာကျော်"

မိုးကျော်အောင်သည် လဲပြိုနေသည့် ထိုထောက်ကြန့်ပင်ကြီး၏ အမြစ်တွေဘက်တွင် နေရာယူလျက် ရေသောက်မြစ်ကြီး တည့်တည့်မှ နေ၍ လှဲနေသည့်အပင်ကြီး၏ အလျားလိုက် သေသေချာချာ ချိန်၏။ သူ၏စအိုအား ဖနောင့်ဖြင့်ပိတ်ပြီးနောက် နွားကင်းပိတ်ဆိုသည့်အတိုင်း အပေါက်တွေပိတ်ကာ ပစ်ခတ်ပါပြီ။

"ဒိုင်း…"

"ဝေါ… ဝေါ… ဝေါ… ဝေါ… ဝေါ"



"ဒိုင်း…"

"ဝုန်း… ဝုန်း… ဝုန်း… ဝုန်း"

"ဒိုင်း…"

"ဖြောင်း… ဝုန်း… ဝုး… ဝေါ… ဝေါ… ဝေါ"

ကြောက်မတ်ဖွယ်ကောင်းသော တော်လဲသံကြီးသည် ဤတော ဤတောင်တန်းဝယ် ကြောက်ခမန်းလိလိ တောကြီးအော်၏။ တောင် ကြီးအော်၏။ သို့သော် အပင်တွေကား မလှုပ်၊ သားကောင်တွေက ပြေး၊ ဆက်လက်အော်နေသော တောနှင့်တောင်အား ကျွန်တော် …သဖြစ်ဖြစ်နှင့် ဖနောင့်ပေါက်ကာ ဟိန်းဟောက်လိုက်သည်။

"ကဲ… တောစောင့် တောင်စောင့်တွေ မင်းတို့ကို ငါမနောက် …ဘူး၊ မနေ့က တစ်ညလုံး နှောက်ယှက်တဲ့ မင်းတို့ကို ငါခွင့်လွှတ်ခဲ့ …၊ ဟောဒီည မင်းတို့ ကြမ်းကြပြီ၊ တို့ကလည်း ရမ်းကြပြီဆိုတာ …လား၊ ဘယ်က အော်မလဲ အော်စမ်း"

"ဝေါ… ဝေါ… ဝေါ… ဝေါ"

"ဝုန်း… ဟူး… ဟူး… ဟူး"

ကျွန်တော်ပြောကာမှ တောင်ထိပ်မကျတကျ တောင်စောင်း …မှ လေတွေ တိုက်ခတ်လာပြီးနောက် ကျောက်တုံးကြီးတစ်တုံး …လာသံတွေနှင့်အတူ တဟူးဟူး လေဗွေတွေ ဇွတ်ရမ်းလာလေပြီ။

"ကဲ… ပစ်ပြီဟေ့"

"ဒိုင်း… ဒိုင်း… ဒိုင်း…"

ကျွန်တော်သုံးချက်တိတိ ဆက်ပစ်လိုက်၏။ ကျွန်တော်သည် …င်စောင်းလေရှေ့ ကျောက်တုံးကျသည့်ဘက်သို့ ပစ်ခတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုသို့ပစ်ခတ်ပြီးသည်နှင့် တောသည်ချက်ချင်း တိတ်ဆိတ်သွားသည်မှာ အံ့သြစရာပင်၊ တစ်ဖန် တိတ်ဆိတ်နေမှုမှ အသံတွေထွက်လာသည်။ ထိုအသံတွေမှာ ပုစဉ်းရင်ကွဲနှင့် ပုရစ်သံတွေညည်းဖျက် အဆက်မပြတ် အော်မြည်လာကြသည်တွင် မိုးကျော်အောင်မှ...

"ဆရာကျော်"

"အေး"

"ပုံမှန် ဖြစ်သွားပြီ"

"ဟုတ်တယ်၊ ဒါပေမယ့် ငါ ဟောဒီ ထဲနေတဲ့ ထောက်ကြန့်ပင်ကြီးကို တစ်ခုခုလုပ်ချင်တယ်"

"ဘယ်လိုလုပ်ချင်ထဲ ဆရာကျော်"

"မီးတိုက်ချင်တယ်"

"တောမီးထောင်မှာ စိုးရတယ်"

"ငါလည်း ဒါကြောင့် စဉ်းစားနေတာကွ၊ ဒီလိုလုပ်မယ် မီးမြိုက်ရအောင်"

"ကောင်းသားပဲ"

ကျွန်တော်တင်မြတ်နှင့် တင်မြင့်တို့နှစ်ယောက်အား ခေါ်ယူပြီး ရွက်ခြောက်တွေကောက်ကာ အပင်ထဲ၍ရှိုးနှင့်ခွက်ဖြစ်နေသော မြေကွင်းထဲသို့ သစ်ရွက်ခြောက်တွေထည့်ကာ မီးရှို့လိုက်၏။ ဘေးပတ်ဝန်းကျင် မီးမကူးစေရန် တစ်ဖက်နှစ်ယောက်စောင့်ရင်း ဝါးလုံးတွေနဲ့ ဆွပေးပြီးနောက် မြေတွင်းထဲမှ မီးတောက်သည် ထောက်ကြန့်ပင်ကြီး အမြစ်တွေကိုပါ မီးမြိုက်ပြီးသား ဖြစ်သွားရာမှ တစ်ရှိုးအမြစ်လေး အမြစ်မွှားများပါ မီးလောင်သွားသည်။ ပင်မပင်စည်ကိုတော့ မီးမလောင်စေရပါ။ တော်တော်ကြာ မီးရှို့ပြီးသောအခါမှ ကျွန်တော်ကျေနပ်ပြီးနောက်...



"ကဲ... ငါအမိန့်ပေးမယ်၊ ဟောဒီအပင်မှာ ကပ်နေတဲ့ မကောင်းဆိုးဝါးအကောင် တို့ကိုနှောက်ယှက်တဲ့အတွက် ဒီအပင်ကို မီးရှို့သလိုမင်းရဲ့ဘဝပြောကျပါစေလို့ ငါအမိန့်ပေးခဲ့ပြီ၊ ဒီညနောက်ထပ် မနှောက်ယှက်ကြနဲ့ ၊ နှောက်ယှက်သမျှ ငါ့ရန်သူတွေပဲဆိုတာ သတ်မှတ်ထားပြီ၊ ဒါကြောင့် ငါအမိန့်သည် တည့်မြဲစေရမည်၊ တောပိုင်တောင်ပိုင်ကြီးတွေ သူတော်ကောင်းကြီးတွေကို လေးစားပါတယ်၊ မစော်ကားပါဘူး၊ ကျွန်တော်တို့အေးအေးဆေးဆေး တော့ပစ်ခွင့်ပြုပါလို့ မေတ္တာရပ်ခံပါတယ်ခါပဲ"

"ကဲ... တို့အတွက် ပစ်သင့်တဲ့ သားကောင်ရအောင်ပစ်မယ်"

"ရော်... ဆရာကျော်မင်း အောက်ဘက်ပြန်ဆင်းတာပ"

"ကောင်းပါတယ်၊ အောက်က လျှိုအစပ်မှာ စောင့်တာပေါ့"

"ဟုတ်တဲ့"

ကျွန်တော်တို့တောင်စောင်းဆားအတိုင်း ပြန်ဆင်းခဲ့ပါသည်။ ပြန်ဆင်းခဲ့သော်လည်း ထောက်ကြန့်ပင်ကြီး ပြန်မထောင်တော့။ တကယ်တော့ ထိုအဖြစ်မျိုး အခါခါ ကြုံဘူးပါ၏။ လူမရှိတော့ပါက အပင်ကြီးပြန်ထောင်သည်သာ ထိုသို့ပြန်ထောင်သည့်အပင်တွေမှာ ယခုကဲ့သို့ ကျွန်တော်တို့ မလုပ်ခဲ့ပါ။ ဒီတစ်ခါတော့ ကျွန်တော် မကျေနပ်မှုတွေကြောင့် ကျေနပ်သွားအောင် လုပ်ခဲ့ပါပြီ။

★ ★ ★

www.burmeseclassic.com



ယယ်ယယ်တုန်းက ပုံပြင်တစ်ပုဒ်ကြားဘူးပါသည်။ သူရဲကောင်းတစ်ယောက်မှာ ဓါးတစ်လက်၊ လှံတစ်ချောင်းဖြင့် ခရီးဆက်ခဲ့၏။ တောနက်ထဲတွင် မိုးချုပ်သဖြင့် မီးပုံကာ မအိပ်စက်ဘဲနေစဉ် သူ၏ဆောဝယ် မည်းမည်းသဲသဲ အကောင်ကြီးလိုလိုတွေ့၍ အသေအချာ ကြည့်သောအခါ သစ်တုံးမည်းကြီးဖြစ်နေ၏။ သို့အတွက် ထိုသစ်တုံးပေါ်ထိုင်ရင်း သူ၏လှံသွားအား မီးထဲသို့တည့်ထားစဉ် လှံသွားရဲနေသည်ကို ကြည့်မနေနိုက် သူထိုင်သည့်သစ်တုံးကြီး လှုပ်ခါလာသဖြင့် သူ၏လှံဆွဲကာ ထိုသစ်တုံးမည်းကြီးသို့ စိုက်ထိုးလိုက်သည်တွင်...

"ဝူး... ဝါး... ဝါး... ဝါး"

"ဝူး... အား... ဝါး... ဝါး... ဟူး... ဟူး"

ထိုသူရဲကောင်းသည် သူ၏လှံအားမလွှတ်၊ ဘယ်လက်သို့ပြောင်းပြီး ညာလက်ဖြင့် ထင်းစကို ကောက်ယူပြီး ထိုလှုပ်ခါရန်းထွက်ရန် ကြိုးစားနေသော သစ်တုံးတိုလိုလို အကောင်ကြီးအား မီးစဖြင့် ထပ်မံ ထိုးလိုက်သည်တွင်...

"ဝုန်း... ဝေါ... ဝေါ... ဝေါ... ဝေါ"

"ဟူး... ဝုန်း... ဘုန်း"

တိတ်ဆိတ်သွားရာမှ မိုးလင်းသောအခါ ထိုမည်းမည်းသစ်တုံးသည် မီးသွေးတုံးကြီးအဖြစ်သို့ မီးမလောင်ဘဲ ဘဝပြောင်းသွားသော မီးသွေးဘဝအား ကျွန်တော်ကြားဘူးထားသည့်အတွက် ယနေ့လည်း ထောက်ကြန့်ပင်ကြီး၏ အမြစ်တွယ်ရာမြေတွင်းထဲ မီးတိုက်လိုက်ခြင်းအတွက် သစ်ပင်ကြီး ပြန်မထောင်တော့ပါ။

★ ★ ★



ထိုနေ့ညပိုင်းတွင် ကျွန်တော်တို့ ချေတစ်ကောင်နှင့် ဒရယ်တစ်ကောင်ရခဲ့ပါသည်။ မနက်မိုးလင်းတော့ ဘာကောင်မျှ မပစ်ရတော့ပါ။ ကျွန်တော်တို့ပြန်ရန် သားကောင်တွေ ကောက်ပြီးသည့်နောက်...

"ကဲ... တို့ညက အပင်ကြီးသွားကြည့်ရအောင်"

"ကျွန်တော်လည်း သွားချင်နေတာ ဆရာကျော် ပြောမလို့"

"ကဲ... ဒါဆို ဒီအကောင်တွေ ခဏထားခဲ့ သွားကြစို့"

လေးယောက်စလုံး အပေါ်ပြန်တက်ခဲ့ပါသည်။ ကျွန်တော်တို့ အထူးတော့ မအံ့ဩပါ၊ အကြောင်းမှာ တွေ့ကြုံခဲ့ဘူးသည်မှာ ခါမဟုတ်၍ ရိုးနေပါသော်လည်း ကိုတင်မြင့်တစ်ယောက်မှာတော့ တဩ ဖြစ်ပြီး စိုးရိမ်သလိုလို၊ ကြောက်ရွံ့သလိုလို တွေ့ရ၏။

"ရော်... အံ့တာပအေး"

"ဆရာကျော်မင်းပ၊ ဘယ်လိုဖြစ်တာပအေး"

"မြင်တဲ့အတိုင်းပဲလေ"

"ရော်... မဖြစ်နိုင်တာပ"

"ကိုတင်မြင့် သိန်းတောင်သားကြီး"

"ရော်... ကိုတင်မြတ်ပအေး အံ့တာပ"

"ဆရာကျော်က ခင်ဗျားအံ့ဩသွားအောင် လုပ်ခဲ့တာပဲဗျ"

"ဟုတ်တာပအေး"

မှန်ပါတယ် ကျွန်တော်ပင်လျှင် အံ့ဩမိပါ၏၊ ယခင်တွေ့ကြုံခဲ့သော အပင်ကြီးတွေ လဲပြိုခဲ့စဉ် ကျွန်တော်တို့ ထိုသစ်ပင်ကြီးတွေ တက်ကျော်ရင်း ပြန်လှည့်ကြည့်ပါက လဲနေသော အပင်မရှိတော့။ ည၌ ထောင်နေစမြဲ၊ ယနေ့တော့ ကျွန်တော်လည်း အံ့ဩရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ကြည့်တော့ လဲပြီးမီးနိုးအငွေ့လေးတွေပင် ရှိနေသေး၍ မီး
တောက်မှာပင် နိုးရိမ်မိခဲ့သော်လည်း ဒီနေ့မနက်ပြန်ရောက်သွားတော့
လဲနေသော ထောက်ကြန့်ပင်ကြီးကား မထဲတော့ပါ။ မလဲသည့် အပင်
ကြီးမှာ ရှာရမခက်။ အပင်ကြီး၏အမြစ်ပိုင်းအချို့ ပင်စည်ကြီးတို့ မီး
လောင်ထား၍ မဲသည့် နေရာ မဲနက်နေ၏။ တစ်ခြားအပင်တွေနှင့်
မတူသည်မှာ အပင်ကြီး၏ အမြစ် မြေမှာပြန်စိုက်နေပါသော်လည်း
မြေကျင်းထဲ မီးရှို့ခဲ့သဖြင့် မီးလောင်ထားသည့် မီးကြွင်းမီးကျ
အငွေ့တွေနှင့် မြေမှာချိုင့်နေ၏။

တစ်ဖန် အပင်ကြီးရှိ အကိုင်းတွေမှ တစ်ချို့အရွက်တွေ တော
တော်လေး နွမ်းလျှနေသည်မှာ မီးမြိုက်ခံရသဖြင့် တွန့်လိမ်ကွေးကောက
သည့်အပြင် အချို့မီးကျွမ်းနေသည်။ တော်တော်များများလည်း အရွက်
တွေ ကြွေကျနေ၏။

"ကိုတင်မြင့်နဲ့တင်မြတ်"

"ဟုတ်ကဲ့"

"အပင်ကြီး တွန်းကြည့်စမ်းဗျာ"

"ဟုတ်ကဲ့"

သူတို့နှစ်ယောက် သစ်ပင်ကြီးအားတွန်းရန် အနီးကပ်လျှောက
ထားသောအခါ ကျွန်တော် သတိရလိုက်ပါသည်။ ဤနေရာတွင
အရေးကြီးသောအချက်မှာ သစ်ပင်လှဲသူသည် အမြင့်မှအနိမ့်ဘက်သို
သာ တွန်းလှဲရမည်ကို သတိရပြီး...

"ဩော်... ကိုတင်မြင့်နဲ့ တင်မြတ် တောင်စောင်းအမြင့်ကနေ
တွန်း၊ အောက်ဘက်က မတွန်းနဲ့"



"ဟုတ်တာပ သတိမေ့တော့မလို့"

"ကိုတင်မြတ်လာ ဒီဘက်ကနေတွန်းမယ်"

"ဟုတ်ကဲ့... ကဲ... ကိုတင်မြင့်တွန်းရို့"

"အီး... အား... အီး... အီး... အား"

"လှုပ်တော့ လှုပ်တယ် မလဲဘူး"

"ကဲ... ထားခဲ့ပါကွာ ပြန်ကြပါစို့"

"ဆရာကျော်မင်း ဒီအပင်သေမှာပါ"

"ကိုတင်မြင့်ရေ ဟိုအပေါ်ကိုကြည့်စမ်းပါ"

အပင်ကြီး၏ ခွဆုံဝယ် သေသေချာချာကြည့်မှ တွေ့ရသော
မီးခိုးငွေ့လေးတွေကို ကျွန်တော် လက်ညှိုးထိုးပြလိုက်၏။ တွေ့ရပါ
သည်။ မီးခိုးငွေ့လေးမှာ တလွင့်လွင့်ထွက်နေဆဲမို့ ကိုတင်မြင့် ကြည့်ရှု
...နောက်...

"ဆရာကျော်မင်း အဲဒီမီးခိုးကဲ ဘာထဲဗျ"

"သေသေချာချာ ကြည့်လေ ဘာထင်သလဲ"

"ရော်... ညက မီးလောင်ထားတယ်ထင်တာပ"

"မီးတော့ မီးပဲဗျ၊ ဒါပေမယ့် ကျည်ဆံထွက်ပေါက်တွေက မီးခိုးလေ"

"ရော်... ဟုတ်တာပအေး"

ကျွန်တော်တို့ပြန်ကြမည်ဟု ပြောဆိုပြီးနောက် ချေနှင့် ဒရယ်ထား
...ဘက် ဆင်းခဲ့ရာ၊ ထိုအပင်ကြီးနှင့်သိပ်မကွာ၊ လမ်းအကွေ့သို့
...သည်တွင် ညဦးကကြားခဲ့ရသည့်အသံမျိုး...

"ဖြောက်... ဖြောက်... ဖြောက်"

"ကျွတ်... ကျွတ်... ကျွတ်... ဝေါ... ဝေါ... ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း... ဘုန်း"

ကျွန်တော်တို့လမ်းအကွေ့မှာ ပြေး၍ ပြန်ကြည့်လိုက်သောအခါ ဒီတစ်ခါတော့ ထောက်ကြန့်ပင်ကြီး တကယ်ပင် ထဲသွားပါပြီ။ ပစ် လတ်စတ် လဲကျသွားလေပြီ။ ကျွန်တော် ပြုံးလိုက်၏။

"ဒီတစ်ခါတော့ ထောက်ကြန့်ပင်ကြီး ထင်းဖြစ်ပြီ"

"ကိုတင်မြတ်ရေ ကျွန်တော် တင်မေခေါ်ပြီး ထင်းလာဖြတ်မယ်"

"မဝေးဘူးလား"

"ရော်... လှည်းလမ်းနဲ့ ကပ်နေတာပအေး"

"အင်း.. ဟုတ်တယ် ထောက်ကြန့်သားက ထင်းအရမ်းကောင်းတယ်နော်"

"ဟုတ်တာပ ထောက်ကြန့်သားထင်းကောင်းသလို အပင်တော်တော် ဖြောင့်တယ် ကြီးလည်း ကြီးတယ်ဗျ၊ ဟုတ်တယ် ထင်းလာဖြတ်မယ်"

"အင်း... ခင်ဗျားတို့ ထင်းလာဖြတ်တော့ အပင်ကြီးက ပြန်ထောင်နေရင်ကော ကိုတင်မြင့်"

"အဲဒီတော့လည်း ထပ်လှဲတာပေ့ါ"

"ကိုတင်မြင့်"

"ဟုတ်ကဲ့ ဆရာကျော်"

"လှဲမယ်ဆိုဆို ဒါမှမဟုတ်အပင်လဲနေလို့ ဖြတ်တာပဲလုပ်လုပ် မီးမွှေးထားပါ နောက်ပြီး မီးမြှိုက်ပစ်ဗျ"

"ဘာဖြစ်တာပ"

"ဩော်... အပကောင် ဘာကောင်မှ မကပ်ရဲတော့ဘူး"

"ဟုတ်တာပအေး... ဟုတ်တာပ"



ကျွန်တော်တို့ ရွာပြန်ရောက်တော့ ရွာလူကြီးတွေခေါ်၍ ဝက်ဝံတစ်ကောင်၏ အသေကောင်ကို လက်တွေ့ပြပြီး နောက်ထပ်သုံးကောင်ရအောင်ရှာမယ့်အကြောင်းနှင့် ကျားဆိုးရန်လည်း ကာကွယ်မည်။ ကျားဆိုးလည်းရှင်းလင်းပြီး ရွာသားတွေလက်ထဲ အရောက်ပို့ပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်သောအခါ ကိုတင်ရွှေမှ...

"ကျေးဇူးတင်တာပ၊ ဆရာကြီးတို့ လိုတာလည်း ပြောပါ၊ ကျွန်တော်တို့ ဘယ်လိုကူညီရမယ် ဆိုတာသာပြော အဆင်သင့်လုပ်ပေးမှာပါ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ အသက်ထက်တော့ ဘယ်အရာဘယ်ပစ္စည်းမှ တန်ဖိုးမရှိပါဘူး"

"မှန်တာပေ့ါ လူထက် တန်ဖိုးရှိတဲ့အရာ ဘယ်မှာရှိမှာလဲ၊ ရွာလူကြီးတွေသိတဲ့အတိုင်း ကြောက်ရွံ့နေရုံနဲ့ မပြီးသေးဘူး၊ အသက်တစ်ချောင်းအတွက် စိုးရိမ်နေကြရတယ် မဟုတ်လား"

"ဟုတ်တာပ ဆရာကြီးတို့၊ အလှူအတန်း လုပ်ရတာကအစ တော်တော့ကို စိတ်ချလက်ချ ရေစက်မချနိုင်ဘူးဆရာကြီး"

"စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့ ဒီညတော့ တောပစ်ထွက်မယ်၊ တစ်ရွာလုံးအတွက် ဟင်းစား ရှာကျွေးမယ်၊ မနက်မိုးထင်းရင်ရွာသားတွေ စုထားပါ၊ ဖြစ်နိုင်ရင် တစ်အိမ်တစ်ယောက် စုထားပေးပါ၊လုပ်အားပေးပေ့ါ၊ ဓားတွေ၊ ဆွန်တွေနဲ့ သစ်ပင်ကြီးတွေဖြတ်ဖို့ ငါးမန်းစွယ်တွေပါ ယူထားကြပါ"

"ရတာပအေး စိတ်ချ၊ ရော်.. သိန်းအောင်ပ မင်းကကောက်ညှင်းဆင်းကွာ ကောက်ညှင်းဆန် ငါ့အိမ်မှာရှိတာပ၊ ရေနွေးကြမ်းနဲ့ ကောက်ညှင်းပေါင်းကျွေးတာပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



"ရော်... ဆရာကြီးတို့ ဒီညတောပစ်မယ်ဆိုတော့ ဘယ်ဘက်
ထွက်မှာပအေး၊ ဝေးမလားပ"

"မသိသေးဘူး၊ ကိုလှသန်း ခေါင်းဆောင်ခေါ်ရမှာပဲ သူပြော
မိုးကြိုးပစ်ဘက်သွားမလို့"

"ရော်... လှသန်း မိုးကြိုးပစ်ဟုတ်လား"

"ဟုတ်တယ် ဆရာကြီးတို့က အဲဒီမှာဆတ်ပစ်ချင်တာပ"

"ဆရာကြီးပ နယ်မြေကြမ်းတာပအေး"

"ရပါတယ် နယ်မြေကြမ်းမှ ရမ်းလို့ကောင်းတယ်၊ အထကာ
များ၊ ဆတ်သားဟင်း ချက်ကျွေးမလို့ပါ"

"ဆရာကြီး အဲဒီ မိုးကြိုးပစ်ဆိုတာ သိပ်မဝေး၊ ရွာသချိုင်းကု
သားမှာပါ လူမရောက်၊ မသွားရဲ သရဲတွေအော်ဟစ်တဲ့ မိုးကြိုးပစ်
ဂရုတော့စိုက်ရမှာပ၊ လှသန်းကလည်း ဆရာကြီးတို့ကို ဒုက္ခပေးတာ

"ရော်... ဆတ်အကြောင်းပြောပ၊ ဆတ်တွေပေါတဲ့ အကြော
ပြောတော့ ဆရာကြီးတို့ထဲက ဒီဆရာ ကိုတင်မြတ်ပေါ့ မကြောက်ဘူ
သွားမယ် ပြောတာပ၊ ကျုပ်တော့ကိုလည်း ခေါ်တာပါ၊ ကြောက်ရင်
လိုက်နဲ့ သိမ်းညွှန်နိုင်းတာပအေး"

"ကျုပ်တော်ကလည်း မကြောက်၊ စိန်ခေါ်ရင် တိမ်တိုက်ကြီး
ကျော်ပြီး မိုးကောင်းကင်ပေါ်အထိ လိုက်ရဲတာပ၊ ဆရာကြီးတို့
ယောက်ထက်တွေ့လုပ်မှ ဆရာကြီးတွေနဲ့ ဘာဖြစ်လို့ မသွားရဲရမှာ
အေး"

ကိုလှသန်းသည် ရွာလူကြီးတွေမှ စိတ်မချ၍ အပြစ်သဘော
သောအခါ မကျေမနပ် ရဲရဲတင်းတင်းရင်ဖွင့်ကာ ကျုပ်တော်တို့





ယောက်မှာ တကယ်လုပ်မည့်သူတွေဖြစ်၍ သူကျေနပ်ကြောင်း လိုက်ရဲ
ကြောင်း တည့်တည့်ပင် ပြော၏။ သူသည် ကျုပ်တော်တို့နှင့် လိုက်ရန်
ဆုံးဖြတ်ထားသူ ဖြစ်ပါသည်။

"ရော်... ကိုသန်းပ"

"ဟင်... ခင်မေ ဘာလဲပ"

"ရော်... ရှင်လိုက်သွားမှာပအေး"

"လိုက်မှာပ"

"မလိုက်ရင် ကောင်းတာပ"

"ဘာဖြစ်လို့လဲဟ"

"မင်္ဂလာဆောင်တော့မှာဆိုတော့ သတိထားတာပအေး"

"ဟား... ဟား... ဟား... ဟား... ခင်မေရ မင်္ဂလာဆောင်တောင်
ဆောင်ရသေးဘူး၊ ဒီလောက်တောင် စိုးရိမ်နေတာပအေး"

"ခင်မေတို့ပအေး၊ မကြိုက်တော့မကြိုက်၊ ကြိုက်မှဲကြိုက်တော့
ကိုလှသန်းကြီး ဘာဆေးတွေ ကျွေးထားတာပအေး ဟား... ဟား...
ဟား"

သူတို့နှစ်ယောက်အား ဝိုင်းနောက်နေကြ၏။ ကျုပ်တော်တို့ ပထ
တော့ ကြောင်တောင်တောင်၊ သိထားရသည်မှာ လူပျိုကြီး၊ မင်္ဂလာ
ဆောင်မည်ကိုအကြား မခင်မေဆိုသူမှာ ကိုလှသန်း၏ညီမ ထင်မိရာမှ
ရွာသားတွေဝိုင်းနောက်၍ သိလိုက်ရပါပြီ။

"အစ်မကြီး မစိုးရိမ်ပါနဲ့ ဘယ်တော့ မင်္ဂလာဆောင်မှာလဲဗျ"

"တစ်လလောက်ပဲ လိုတာပ"

"မင်္ဂလာဆောင် ကျုပ်တော်တို့ ဖိတ်လေ လာခဲ့မှာပေါ့"

"ရော်... လာမယ်ဆို ဖိတ်မှာပအေး၊ ကိုလှသန်းမလိုက်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မှာပဲ"

"မလိုက်နဲ့လိုက်ရင် မင်္ဂလာမဆောင်တော့ဘူး"

"ဟား… ဟား… ဟား… ဟား မင်္ဂလာမဆောင်တော့ဘူးလို့ မပြောရဘူးလေ၊ မချစ်တော့ဘူးလို့ ပြောရမှာဗျ ဟား… ဟား… ဟား… ဟား"

တင်မြတ်နှင့်မှ လာတွေ့နေပါပြီ။ တင်မြတ်ဝင်နောက်လိုက်သော အခါ မခင်မေသည် ပြုံးရင်း ရက်သွား၏။ ကိုလှသန်းသည်း ရှက်ပြုံးပြုံး လျက် ကျွန်တော်တို့အား အားယည်းနာ၏။ သူ့ဇနီးသောင်း၏စကားကို တော့ဖြင့် ဘာကိုမှ နားမထောင်တော့သည့် လူစားမျိုး ဆုံးဖြတ်ချက် ခိုင်ခိုင်မြဲမြဲ ချထားလေပြီ။

"ခင်မေပ၊ မပူပါနဲ့ ဆရာကြီးတို့ရဲ့ သတ္တိသိချင်လို့ပအေး"

"ရော်… ဆရာကြီးတို့က သတ္တိရှိတာပ၊ ကိုသန်းက ကြောက်ပြီး ပြေးခဲ့ရင်တစ်ခါ အင်းစောင့်မောင်ညိုနဲ့တွေ့ပြီး အိုတော်… ကျုပ်တော့ စိတ်မချ"

"ကဲ… ဒါဆိုလည်း ကိုလှသန်း ကျွန်တော်တို့ပဲသွားပါ့မယ် စိတ်မပူနဲ့ဗျို့၊ မိုးကျော်ရေ ထမင်းစားစို့ လေးနာရီထိုးပြီ"

"ဆရာကြီး ကျွန်တော်လိုက်မှာပအေး၊ ထွက်ပြီးသား ဆင်စွယ် ဝင်တယ် မရှိတာပအေး၊ လူမှာ ကတိ၊ မင်းမှာ သစ္စာပ"

"ကိုသန်း အံ့တာပ၊ ဒီစကားတွေ ဘယ်လိုအလွတ်ကျက်ထား တာပအေး၊ တော်တော်အပြောရ ကျုပ်တာပ"

ပြောပြောဆိုဆို မခင်မေသည် ကိုတင်ရွှေတို့အိမ်ဝေါ်မှ စိတ်ဆိုး မာန်ဆိုးနှင့်ဆင်းသွားပါပြီ၊ အားလုံးကတော့ ဝိုင်းရယ်ကြ၏။ ကိုလှ



သန်းကလည်း သဘောကျနေ၏။ ဇနီးသောင်း၏ စိတ်တိုမှုအားကြည့် ရင်း သဘောကျနေသဖြင့် တင်မြတ်မှ နောက်လိုက်၏။

"ကိုလှသန်းကြီး"

"ဟုတ်ကဲ့"

"လိုက်ချော့လိုက်လေ"

"ရော်… ဆရာကိုတင်မြတ်နောက်ပြီ၊ လိုက်ချော့ရင် ကျွန်တော် ဆရာတို့နဲ့ မလိုက်နိုင်မှာကွဗျ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ကလည်း စောစောကပြောသလိုပါပဲ၊ ထွက်ပြီးသား ဆင်စွယ်လေ ဟား… ဟား… ဟား… ဟား"

"တော်တော်ကြာ စိတ်ကောက်နေဦးမယ်"

"အရေးမကြီးပါဘူး၊ အချော့ပေးလိုက်ရင် ပိုဆိုးမယ်ဗျ၊ သူ့ ဘာသိမ်နဲ့ သူလွှတ်ထားလိုက်မယ်"

ကျွန်တော်တို့ ထမင်းစားပြီးကြပါပြီ။ စောစောလည်း ထွက်ချင် သည့်အတွက် ထမင်းကို ခပ်သွက်သွက်စားကြ၏။ စားပြီးသည်နှင့် ကျွန်တော်တို့ လက်နှိပ်ဓာတ်မီးတွေ စစ်ဆေးပြီးတော့ ခရီးထွက်ရန် အဆင်သင့်ပြင်ဆင်ပြီးချိန်တွင် ကိုစိုးမြင့်(ကျောက်ဘီလူး) ရောက်လာ သည်။

"ရော်… တောပစ်ထွက်မှာပ"

"ဟုတ်တယ်၊ ကိုစိုးမြင့်"

"ဘယ်ကို ထွက်မှာလဲ"

"မိုးကြိုးပစ်ဘက် သွားမှာပ"

www.burmeseclassic.com

www.burmeseclassic.com



"ရော်... ကိုလှသန်းပ ဖြစ်ပါ့မလား"

"ကိုစိုးမြင့်ရေ ကျွန်တော်တို့မှာ မဖြစ်ဘူးဆိုတာ ဘယ်တော့မှ မရှိပါဘူး၊ ဖြစ်အောင်လုပ်ရင် ဖြစ်တာပေါ့ဗျာ"

"ရော်... ဒါဆို ကျွန်တော်တို့အင်းလုံးနဲ့ နီးတာပ၊ ကျွန်တော် လိုက်မှာပအေး"

"ဗျာ"

"ရော်... ဆရာကြီးတို့နဲ့ ကျွန်တော်လိုက်ချင်တာပ"

"ရော်... ဟုတ်တာပအေး၊ ကျောက်ဘီလူးရဲ့မိတ်ဆွေ အင်းစော မောင်ညိုလည်း ရှိတာပအေး"

"ရော်... ကိုစိုးမြင့်ပ အင်းစောင့် မောင်ညိုက အင်းပဲစောင့်တာ မိုးကြိုးပစ်ဆိုတော့ ရတာပ၊ ဆရာကြီးတို့နိုင်မှာပ"

"ကဲ... ကိုတင်ရွှေ ကျွန်တော်တို့ တောထွက်ပစ်မယ်၊ သု နှစ်ယောက်ပဲခေါ်မယ်၊ နောက်တစ်ခုက ရွာထဲကလူတွေ ရွာပြင်မထွ ကြနဲ့၊ ဒီညကစပြီး နှစ်ရက်သုံးရက်လောက် သတိထားကြတာပေါ့

"စိတ်ချပါ"

"ဆရာကြီးတို့ပအေး သတိတော့ထားတာပ၊ မိုးကြိုးပစ်ဆို တောနည်းနည်းကြမ်းတာပအေး ဒါကြောင့်ပါ၊ ကျွန်တော်ထည်းရော ဘူးပါတယ် သိပ်တော့မကြမ်းပါဘူး၊ လူတွေရဲ့စကားက ပိုကားတာ ရှိပါတယ်၊ သတိတော့ ထားတာပအေး"

"စိတ်ချပါ၊ သြော်... မနက်ဖန် မနက်စောစောလုပ်အား အတွက်တော့ စီစဉ်ထားပါ ကိုတင်ရွှေ"



"စိတ်ချပါ၊ ကဲ... ကျွန်တော်စီစဉ်ထားမယ် ဆရာကြီး"

"ဒါဆို ကျွန်တော်တို့စိတ်ချပြီး ခရီးထွက်ပြီ"

★ ★ ★

ကျွန်တော်တို့ငါးယောက် ရွာမှထွက်တော့ ငါးနာရီပဲရှိသေးသည်။ ကျွန်တော်ထင်ထားသည်မှာ ရွာ၏သချိုင်းကုန်းဆိုတော့ ရွာနှင့် သိပ်မဝေးနိုင် ထိုမှတဆင့် မိုးကြိုးပစ်ဆိုတော့မဝေးနိုင်ဟုထင်ရပါသည်။ တစ်ခု ကျွန်တော် စဉ်းစားမိ၏။ အကြောင်းမှာ ရွာသားတွေအား တော မိုးကြိုးပစ်ဆိုသည်နှင့် အဘယ်ကြောင့် ကြောက်ရွံ့နေကြပါသ နည်း။ မိုးကြိုးပစ်ဆိုတာ ရွာတော့ မဖြစ်နိုင်။ ကျွန်တော် မေမြို့လေ့ကျင့် ရှင်ရှိစဉ်က မိုးကြိုးပစ်ရွာကို ရောက်ခဲ့ဘူးသည်။ ထိုရွာသည်လည်း ဆန်းပါ၏။ ယခုတစ်ခါ ထူးထူးဆန်းဆန်း အရမ်းကြောက်နေကြ မိုးကြိုးပစ် ဘာကြောင့် နာမည်ကြီးနေတာလဲ။

အတွေးတွေဖြင့် ခပ်သွက်သွက်ကလေး ထွက်ခဲ့ရာမှ နာရီဝက်ခန့် ကြာပြီးသောအခါ ရွာ၏သချိုင်းကုန်းသို့ ရောက်ပါပြီ။ ကျွန်တော် သချိုင်းအား ဖြတ်ကျော်ပြီးနောက် ဆယ့်ငါးမိနစ်ခန့် လျှောက်ခဲ့ရ၏။ ကြီးမဟုတ်ပါ၊ အပင်တွေ စုံ၏။ လက်ပန်ပင်တွေ ပိုများ၏။ ခြေမှာတော့ အပင်တွေရှိသည်။ သစ်ဆိမ့်ပင်ကြီးနှစ်ပင်မှာ တော် ကြီးမား၏။ တံဇန် ချောင်းစပ်စပ်ကိုတွေ့တော့ ကျွန်တော် ပထမ ထား၊ ကန်လား မခွဲခြားတတ်သေး၊ သေသေချာချာ မမြင်ရ ပါ။

www.burmeseclassic.com



"ဒါ ကျွန်တော်ရဲ့ အင်းလုံးအစ အင်းထိပ်အင်းဦးဟုခေါ်တာပ"

"ဟုတ်လား ကျွန်တော်က ချောင်းလား၊ ရေကန်လားလို့ တွေး နေတာ"

"ကိုလှသန်း"

"ဟုတ်"

"ကျွန်တော်တို့မိုးကြိုးပစ် ရောက်ပြီပေါ့"

"ဟိုရှေ့က လက်ပန်ပင်ကြီးဟာ မိုးကြိုးပစ်ပေါ့"

ကိုလှသန်း ပြန်ကြည့်လိုက်သောအခါ လက်ဝန်ပင်ကြီးမှာ မိုး ကြိုးပစ်ထား၍ တစ်ခြမ်း လုံးဝ မီးလောင်ထား၍ မည်းနက်ကာ မီးကျွမ်း ထား၏။ သို့အတွက်ကြောင့် မိုးကြိုးပစ်လို့ ခေါ်ကြသည်တော့ မဖြစ်နိုင်၊ ထူးဆန်းမှုတစ်ခုခုတော့ ရှိပေဦးမည်ဟု ကျွန်တော်တွေးတောနေမိသည်။

"ကိုလှသန်းနဲ့ ကိုစိုးမြင့်ရေ ကျွန်တော်တို့နေရာ ရွေးမယ်ဗျို့"

"ဗျာ... ဆရာကြီး"

"မိုးကျော်ရေ တို့ စောင့်မယ့်နေရာအတွက် ပထမခြေရာ ရှာကြ ရအောင်"

"ဆရာကျော်"

"ဘာလဲ တင်မြတ်"

"အထွေအထူး ရှာမနေတော့ဘူး၊ ဟောဟို သစ်ဆိမ့်နှစ်ပင်ဟာ ကျွန်တော်တို့အတွက် အကောင်းဆုံး သတ်ကွင်းပဲ၊ သားကောင်တွေရဲ့ စားကျက်လည်း ဖြစ်တယ်လေ၊ သေချာတဲ့နေရာပဲ"

"တင်မြတ် ပြောတာလည်း မှန်ပါတယ်၊ ဆရာကျော်"





"အေး... မှန်တာပေါ့၊ ဒါပေမယ့် ခြေရာခံကြည့်ဦးလေ၊ သူတို့က ည်း ပြန်လမ်းသိတော့ ပိုကောင်းတာပေါ့"

"ဪ... ဟုတ်သားပဲ၊ မိုးကျော် တို့သွားကြည့်ရအောင်"

နေဆည်းဆာကြောင့် အားလုံးလှပနေသည်။ ဤနေရာသည် ာင်စောင်းနှင့် ခပ်လှမ်းလှမ်း လက်ပန်ပင်တွေ တော်တော်များများ ည်းပေါက်ရောက်နေ၏။ တစ်ဖန် တောမနှင့်ဆက်သည့် တောင်တန်း းကိုလည်း နေအနီကဆန်းလို့ အစိမ်းရောင်အရွက်တွေ တဖိတ်တ ်တောက်နေ၏။ ကိုရွှေလက်ပန်တွေကလည်း အရွက်ပါနီကြောင် ြောင်၊ အပင်ကြီးတွေ၏ တစ်ပင်နှစ်ပင်ဆို အကြည့်ရ ဆိုးချင်ဆိုးပေ ယ် ယခုတော့ ရွယ်တူအပင်တွေမို့ အရွက်တွေကျွဲသလောက် ပင်လုံး ွားကြီးတွေအပြင် ပါးပြင်းဆိုသော အကြော်နှင့်အခေါက် ရောနှော သော ပင်စည်ပင်ခြေဝယ် အမြောင်းလိုက်ကြီးတွေနှင့် ထင်ထင် ား လှပနေ၏။

ထိုလက်ပန်တောနှင့်ဆက်နေသော ကိုစိုးမြင့်၏အင်းလုံးထိပ် ယ် တော်တော်ကြီးမားသော ဝါးရုံကြီးကနှစ်ရုံ၊ ထိုဝါးရုံကြီးတွေ၏ ရိပ်အောက်ဝယ် မြက်ပင်လေးတွေ စိမ်းစိုနေ၏။ ထိုနေရာသွားလျှင် တော့ သွေးစုပ်သောကျွတ်အကောင်ကြီးတွေ ကောင်းကောင်းအစုပ်ခံရ ည်သာ။

"ဆရာကျော် ဆတ်ခြေရာလည်း တွေ့တယ်၊ ချေနဲ့ဒရယ်တို့ ာ်တော်လာပုံရတယ် ဆရာကျော်"

"အေး... ငါလည်း ဟောဟိုလက်ပန်သုံးပင်အောမှ ခြေရာတွေ့ ယ်၊ ရေသောက်ဆင်းတဲ့ လက္ခဏာပဲကွ"

www.burmeseclassic.com



"ကျွန်တော်တို့ပစ်ခတ်မှုကို ယောဟို မိုးကြိုးထိထားတဲ့ အပင်အောက်မှာ ပိုကောင်းမယ် ချုံငယ်လေးတွေလည်း ရှိတယ်ဆရာကျော်"

"အေး... မျက်ကွယ်တော့ ရှိပါတယ်၊ ဒါပေမယ့် ငါအကြိုက်ကတော့ မီးခတဲ့အပင်ဘေးက နှစ်ပင်ဆို ပိုကောင်းမယ်ကွ"

"လာ သွားကြည့်တာပေါ့"

"ရော်... ဆရာကြီး"

"ဘာလဲ ကိုလှသန်း"

"အဲဒီ အဲဒီမိုးကြိုးပစ်ထားတဲ့အပင်ကြီးဟာ တော်တော်ဆိုးတာပဲ"

"ဘာဆိုးလို့လဲဗျ"

"ရော်... ကျောက်ဘီလူး ပြောပြတာပဲ"

"ဟုတ်တာပေ ဆရာကြီး အဲဒီမိုးကြိုးပစ်တဲ့အပင်ကြီးမှာ တစ္ဆေနှစ်ကောင် ရှိတာပဲအေး၊ နှစ်ကောင်ဗျ"

"ဘာတစ္ဆေလဲဗျ၊ ဩော်... ဒီလိုပါ မိန်းမလား၊ ယောကျ်ားလားဆိုတာကို ပြောတာပါ"

"မိန်းမတစ္ဆေပေါ့ မိန်းမနှစ်ယောက် မိုးကြိုးပစ်ခံရပြီး သေသွားတာပဲ"

"ဩော်... လူသေတိုင်း တစ္ဆေဖြစ်သတဲ့လား"

"ဖြစ်တာပဲ"

"ကဲ... ဒါဆိုရင် ကျွန်တော်တို့သုံးယောက် အဲဒီအပင်အောက်မှာနေမယ်၊ ခင်ဗျားတို့နှစ်ယောက် ဘယ်မှာနေမလဲ"

"ရော်... ကိုတင်မြတ် နောက်တာပဲ"





"ဟဲပါ ကြောက်စရာ မရှိပါဘူး၊ ကျွန်တော်တို့ ရှိပါတယ်ဗျ၊ ခင်ဗျားတို့အတွက် ကျွန်တော် တာဝန်ယူပါတယ်"

"ဆရာကျော် အတော်ပဲ၊ သရဲမနှစ်ကောင်နဲ့ ဒီလူနှစ်ယောက်"

"ရော်... မနောက်ပါနဲ့ ကြောက်တာပဲ"

ကျွန်တော်လက်ကာပြမှ တင်မြတ်မပြောတော့၊ မိုးကျော်လည်း ကြိုးပစ်ဆိုသည့် လက်ပန်ပင်ကြီးအား စူးစူးစိုက်စိုက်ကြည့်ရင်း သူ၏ မွှမ်းထက်သော ဘုရားဂါထာတော်တွေ ရွတ်ဖတ်၍ တွေ့ကြုံလာပါ ကာ အနိုင်ရရှိရန် စည်းလည်းတားနေပုံရသည်။ ဤနာနာဘာဝဆိုသည် ဟ ဘယ်နိုင်ငံမှာမဆို ရှိတတ်သူမို့ ကြောက်စရာပုံကြီးချဲ့လျှင်ထော့ ကြောက်စရာပင်။

ပုံပြင်တွေထဲကလို သရဲတစ္ဆေတွေထက် ကြီးမားသော သရဲအကြီးစား သဘက်ဆိုသောအကောင်ကြီးသည် အလွန်ကြီးကြောင်း သူ၏ နားရွက်တစ်ဖက် အားကောင်း၏၊ ထိုနားရွက်ပေါ်တွင် သူက အိပ်ပြီး ကျန်သောအပေါ်နားရွက်ဖြင့် သူကိုယ်ကို ခြုံအိပ်သည်ဟူသော ကြောက်မက်ဖွယ် ပုံကြီးချဲ့ကြသော ပုံပြင်တွေကြောင့်လည်း တစ်မျိုး ကြောက်စရာ ဖြစ်လာကြ၏။

ကျွန်တော်တို့ရွာသား ကိုကျော်သိန်းဆိုသူသည် သူ၏နွားအားသည်းကျင့်၏။ ထိုသို့နွားလှည်းကျင့်စဉ် နွားငယ်မှာ တံပိုးတပ်ကတည်း အတပ်မခံ ရုန်းကန်နေ၏။ ဒေါသထွက်နေသော လှည်းဆံရာ သည် ရအောင် လှည်းတပ်မောင်း၏။ သူ့နွားပေါက်ကလေးမှာလည်း မောင်း ပေကပ်ကပ်လုပ်သည်တွင် ဒေါသဖြစ်ဖြစ်နှင့် လှည်းထောင် ငယ်ထိပ်အားတစ်အားရိုက်လိုက်ရာ နွားလေး သေသွားပါတော့သည်။

www.burmeseclassic.com



ဤတွင် ပြောကောင်းအောင်ပြောလိုက်သည်မှာ သူ့နွားကလေးလှည်းမောင်းကျင့်စဉ် နွားငယ်ရှေ့တည့်တည့်မှ မည်းမည်း အကောင်ကြီးသည် နွားလေး၏ လည်မျိုအား ဆွဲလိမ်လိုက်ရာ နွားလေးဂုတ်ကျိုး၍ သေကြောင်းပြောသည်တွင် ထိုနွားလေးသေသောနေရာတွင် သရဲရှိကြောင်းဖြစ်လာရ၏။ နွားလေးသေသည့်နေရာမှာလည်း ထိန်ပင်တစ်ပင်နှင့် မှေမှာတော့ ရေခမ်းတတ်သည့် လယ်သမားတွေအတွက် ရေသုံးကန်တူးထားသော ကန်လေးတစ်ကန်သာ ရှိပါသည်။ ထိုနေရာမှာ ယခုတိုင် သရဲရှိသလိုလို ကြားနေရလေသည်။

"ကဲ… မိုးကျော် နေရာကောင်းပေမယ့် တို့လူတွေအတွက် ပြန်ငဲ့ပြီးတော့ ဒီဘက်က လက်ပန်နှစ်ပင်အဆုံမှာပဲ နေရာယူကြတာပေါ့"

"ရပါတယ်"

"ကိုလှသန်း စိန်ခေါ်ရင် ဟား… ဟား… ဟား… ဟား မကြောက်ပါနဲ့ဗျ"

"ဆရာတို့လည်း ညကျမှ တကယ်ဟုတ်ပါသလား၊ ဖြစ်နေဦးမယ်"

"အောင်မာ တော်တော်လာတဲ့ လူ"

"ကဲပါ ထားလိုက်ပါ တင်မြတ်ရာ၊ ကိုလှသန်းနဲ့ ကိုစိုးမြင့် ကျွန်တော်ရွေးတဲ့နေရာကြိုက်လား"

"ဟုတ်… ဟုတ်"

"ကြိုက်ပါတယ် ဆရာကြီး"

နေသည် မဝင်သေးပါ။ နေတောက်နေဆဲအချိန်၊ ကျွန်တော်လက်ပန်ပင်တွေအား စေ့စေ့ငုငု လိုက်လံကြည့်၏။ တစ်ပင်ပြီးတစ်ပင်





ကိုဖွင့်၏။ ငှက်သံများ ကြားရလေမလား၊ ကျွန်တော်မျက်စေ့ထဲဝယ် ကောင်မျှမမြင်၍ ထူးတော့ထူးနေသည်ဟု တွေးမိသည်ကအမှန်ပါ။

သည်အချိန်သည် မြန်မာနိုင်ငံအနှံ့အပြားရှိသော ငှက်တွေဆူညံကြမည့် အချိန်ကာလ၊ လက်ပန်ပင် ဆက်ရက်ကျသည်ဟူသော းပုံလည်းရှိ၏။ ဆက်ရက်ဆိုသောငှက်ကလေးတွေသည်အကောင် မကြီးသော်လည်း အသံတော်တော်ကျယ်၏။ နောက်တစ်ခ န်ပင်တွင် အနေများပြီး တစ်ကောင်နှင့် တစ်ကောင်ဆိတ်ကြရာမှ ောင်မှ သုံးလေးကောင်၊ တစ်ခါတစ်ရံ လေးငါးဆယ်ကောင် အတွဲကြီး လုံးထွေးဆိတ်နေကြရာမှ အောက်သို့ပြုတ်ကျသည်အထိ မြင်ခဲ့ဘူးပါသည်။

ယခုတော့ ဆက်ရက်သံလည်း မကြားရ၊ တစ်ကောင်မှလည်း သည်မှာတော့ ထူးခြားသည်ကအမှန်ဟု ကျွန်တော်သုံးသပ်မိပါ တော့။ ကျွန်တော်ဘယ်သူကိုမှ မပြောတော့ပါ၊ ကျွန်တော့် ကျွန်တော်အပေါ်သို့ မော့ကြည့်သည်ကိုဖြင့် မိုးကျော်အောင်မြင် ကျော်အောင်တောတင်မြတ်ပါ အကင်းကတော့ပါးကြသည်သာ။

"ဆရာကျော်"

"အေး"

"ကျွန်တော်တို့ တွေ့တာနဲ့မစ်မလား၊ အကောင်ရွေးမလား"

"အခြေအနေကြည့်ပေါ့ကွာ၊ ငါကတော့ ရွာသားတွေ အတွက် နောက်ပြီး ဗိုလ်ကြီးတို့အတွက် ဆတ်ပေါင် အရင်ပို့ချင်တယ်ကွာ"

"သိပြီ ဆတ် အရင်ပစ်ချင်တယ်ပေါ့"

"အေးလေ မင်းတို့စဉ်းစားပြီး ပစ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏လိုအပ်ချက်နှင့် ပစ်ခတ်မှုအပေါ် သူတို့နှစ်ယောက်အား သတိပေးသလိုလည်းဖြစ်ပြီး သားကောင်အကောင်ကြီးကြီး အစိ... ဆတ်သာ ပစ်ချင်ပါ၏။ မိုးကျော်အောင်နှင့် တင်မြတ်လည်း သဘော... ပေါက်ကြသည်။ ချေနှင့် ဒရယ်တို့တွင် ဒရယ်ပစ်မည်။ ချေကြီးတော့... တစ်ဆယ်၊ ဒရယ်ကြီးတော့ အစိပ်ဆိုသကဲ့သို့ ဒရယ်နှင့် ဆတ်၊ ဆတ်... ပစ်မည်။ အသားလည်းကောင်း၊ အကောင်လည်း ကြီးပါ၏။ ပစ်ခတ်... မည့်အတူ ဆတ်ပစ်ရန်သာ ဦးစားပေးရမည်။

"ကိုလှသန်း"

"ဟုတ်ကဲ့"

"တိတ်လှချည်လားဗျ"

"ဘာပြောရမှန်း မသိလို့ပါ"

"ကဲ... ဒါဆိုရင် ဆတ်ထွက်တာ သိတယ်ဆို"

"သိတာပအေး"

"ဒီဘက်လည်း မလာရဲဘဲနဲ့ ဘယ်လိုလုပ်သိတာလဲ"

"ရော်... ဟိုမှာကြည့် တောင်စောင်းပအေး"

"တွေ့သားပဲ၊ အဲဒီတောင်စောင်းမှာ ကျွန်တော်တို့ထွန်ခဲ့တဲ့ လွှ... ရှိတာပအေး၊ လွှခဲ့တဲ့အခါ နေ့ညနေရတာပ၊ ဒီတော့ ဘာဝေးတာမှ... လို့ ဆရာကိုတင်မြတ်ရယ် တစ်ခါတစ်ခါမနက်စောစော ဆတ်ကြီး... လှမ့ လှတာပအေး"

"လှသန်း ပြောတာမှန်တာပ၊ ကျွန်တော်တို့ အင်းဖော်တဲ့အ... အင်းထိပ်မှာ ရေးကူးနေတာတွေ့တာပ၊ ဆတ်တွေ၊ ဒရယ်တွေ၊ ဝက်... စုံတာပ"





ကျွန်တော် သဘောပေါက်ထားသည်။ ကိုလှသန်းသည် သစ်... ယ်သူ ရှိပါက သစ်ခုတ်၏၊ ခွဲ၏၊ ရောင်း၏။ သို့သော် ကျွန်တော် ရရှိ... သားသော သစ်မှာကျွန်းတော့မဟုတ်ပါ၊ တောသစ်တွေ အများဆုံး ခွဲ... ကြောင်း သိရ၏။ သို့အတွက်ကြောင့် ဆတ်ထွက်သည့် မိုးကြိုးပစ်... သက်ပန်တောနှင့်သစ်ဆိမ့်ပင် နှစ်ပင်အောက်မှာ သားကောင်တွေ လာ... စားကြသဖြင့် သားကောင်စားကျက်ကို ကိုလှသန်း သိနေ၏။

ကိုစိုးမြင့်ဆိုသည့် ကျောက်ဘီလူးလည်း အင်းလုပ်သားဖြစ်၍ အင်းဖော်ခါနီးဝယ် အင်းအတွက် အလုပ်များကြပြီ၊ နောက်တစ်ချက် အင်းဖော်ကာနီးလေ ဂရုတစိုက် အင်းအစပ်တွေနှင့် ရေထဲဝယ် ထေ့တစ်... နှင့်လုံ့ရသည်။ ငါးသူခိုးများ မခိုးမဝှက်စေရန် သတိထားနေရသော အချိန်တွေကြောင့် သားကောင်တွေ ရေကြိုက်သော သတ္တဝါတွေ ...ထဲမှာ လာရောက် ရေစိမ်ကြ၊ ရွှံ့လူးကြသည်သာ။

"ဗွမ်း"

"ဗွမ်း"

"ဗွမ်း"

"ဟော ရေစပ်ဘက်က အသံပဲ"

"ရော်... အင်းစောင့်မောင်ညိုလားပဲ"

"ကိုစိုးမြင့် မွေးထားတဲ့ အင်းစောင့်မောင်ညိုဆိုတာလား"

"ရော်... ကျွန်တော်မမွေးပါ၊ အင်းစောင့်မောင်ညိုဆိုတာ ဒီအင်း... ...သားတစ်ဦးပ၊ အရက်မူးပြီး ရေထဲကျသေတာကနေ သူ ဒီမှာနေတာ... အေး"

"သူ့နာမည်က မောင်ညိုတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ၊ ကျွန်တော်တို့ လက်ပန်ရွာသားပအေး"

"ထားပါတော့၊ အသံနားစွင့်ထား"

"ဟုတ်... ဟုတ်"

ကျွန်တော် မှောင်စပြုလာပြီဖြစ်၍ ထိုအသံကြားရ အင်းဖောင်း သွားလိုပါသော်လည်း ရေသံထောက်ဖြင့် မပြည့်စုံသေးပါ။ သို့အတွက် အသံနားစွင့်ဟု ပြောရင်း တိတ်ဆိတ်ငြိမ်သက်နေလိုက်သည်။

"ကိုလှသန်း"

"ဟုတ်ကဲ့"

"ကျားဆိုတာ ဒီဘက်ကော ထွက်လား"

"ရော်... ထွက်မှထွက်ဗျ၊ ဒီဘက်မှာ သားကောင်ပေါတော့ ထွက်ပြီပအေး"

"တွေ့ဖူးလား"

"မတွေ့၊ အသံတော့ မကြာမကြာ ကြားဘူးတာပ"

"ဟိုသစ်ခွဲတဲ့ နေရာဘက်ကနေ ကြားတာပေါ့"

"ဟုတ်ကဲ့ တစ်ခါတစ်ခါ ရွာဘက်ကို ဒီလမ်းက ကျားလာတာ တာပ"

"တွေ့သမျှ အားလုံးပစ်မယ်"

"ဝမ်းသာတာပ"

တင်မြတ်၏ ကြွမ်းဝါးမှုကို ကိုလှသန်း သဘောကျသွားသည်။ မြန်မြန်ပစ်ချင်သည်က အမှန်၊ မြန်မြန်ရလျှင်တော့ ရွာသို့မြန်မြန်ပြန်မည် ဟူသော အတွေးရနေ၍ မြန်မြန်ပစ်စေချင်သည်သာ၊ ကျွန်တော်တို့မှာ တော့ ဒီညတစ်ညလုံး ဒီမှာသွားစောင့်ရန် စီစဉ်ပြီးသား သူ့တို့တော့ အသိ မပေးတော့ပါ။



ကျွန်တော်တို့အားလုံး တိတ်ဆိတ်စွာ နေကြပါပြီ၊ အကြောင်းမှာ အမှောင်လွှမ်းပြီမို့ သားကောင်လာလမ်းကို မျှော်ရပြီ၊ သားကောင်ဘာ ကောင် အရင်ထွက်မည်လဲ တောဝက်အုပ်လည်း စောစော ထွက်တတ် ၏။ ထိုသို့ စောစောထွက်သည့်အထဲဝယ် ချေက ပိုအထွက်မြန်၏။

"ဝေါက်"

"ဝေါက်"

"ဝေါက်"

"ရော်... ကျားသံပအေး"

"ကိုလှသန်း အဲဒါကျားမဟုတ်ဘူးဗျ၊ ချေပါ"

"ဗျာ... ချေဟုတ်လား"

"ဟုတ်ပ၊ ကျားက ဝေါက်လို့ မဟိန်းဘူး၊ ဝေါင်း... ဝေါင်းနဲ့ ဟိန်းတတ်တယ်၊ ဒါက ချေဟောက်တာလေ"

"ဟုတ်တာပ... ဟုတ်တာပ"

"ဘာလဲ ကြောက်နေပြီလား"

"ရော်.. မကြောက်ပအေး ဆရာကိုတင်မြတ်ရဲ့ အာမီအရှိန်တက် တာပ"

တင်မြတ်သည် ကိုလှသန်းအား ဘယ်အချိန်က အရက်တိုက် သည် မသိပါ။ အာမီတစ်ငုံဆိုလျှင် အနည်းဆုံးနှစ်ပက်စာလောက် အရှိန်တက်လာနေပြီလားဟု ကျွန်တော်တွေးမိသည်။

"ဟာ... ကိုလှသန်းကတော့လုပ်ပြီ၊ ဆရာကျော် မသိအောင် ခိုးသောက်ကာမှ ပေါ်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရော်... ဆရာကိုတင်မြတ် စောစောက နှုတ်ပိတ် မထားတော ကျွန်တော်ဘယ်သိမှာပ၊ တိတ်တိတ်လေးတိုက်ရင် တိတ်တိတ်လေ သောက်မှာပ"

"တော်ပါတော့ ကိုမိချောင်းရယ်၊ လျှာရှည်နေတာနဲ့ အားလုံ ပေါ်ကုန်ပြီ"

"တင်မြတ်"

"ဟင်"

"ခွေးကောင် နိုးသောက်ဖို့ပဲ စဉ်းစားနေတာ"

"ရေငတ်လို့ပါကွ"

"ရော့ ကိုတင်မြတ် သောက်တာပ၊ ရေသောက်ချင်ရင်ပြောတာ ကျွန်တော့်မှာ ရေဘူးပါတာပ ရေအစစ်ပအေး"

"ကိုလှသန်းရေ တော်ပြီဗျို့ ဟား... ဟား... ဟား... ဟား"

"တိုးတိုး"

"ဟုတ်"

ကိုလှသန်းသည် တင်မြတ်နှင့် လိုက်ဖက်ညီအောင် တမင်နော နေမှန်း ကျွန်တော်ရိပ်မိပါ၏။ ကျွန်တော်မှ သူတို့နှစ်ယောက်ငေ တိုးတိုးဆိုတော့မှ စကားပြောပြတ်သွားလေ၏။ ကျွန်တော်တို့ ယောက် တိတ်ဆိတ်မှု အပြည့်အဝဖြင့် သားကောင်၏အသံကို အား နားစွင့်နေကြပါပြီ၊ လက်တွေလည်း ယားနေ၏။ ပစ်ချင်နေ၏။ မ သည်မှာကြာလည်း ကြာခဲ့ပြီ။

ယနေ့မှ ထန်းသီးကျွေနိုက် ကျီးနားနိုက်၊ အခွင့်အထမ်းသ တစ်ခါပဲ ကြုံတတ်၏။ ထိုအခါ ကြုံပါလျှက် အခွင့်အရေးမယူမိပါလျှ



ခေါင်တရမည်သာ ယခုလည်း အမတော်ကြေးအဖွဲ့အား အထူးကျေးဇူး ဘင်ရပါသည်။ ကျွန်တော်တို့အားမခေါ်ဘဲ ရဲအား အကူအညီတောင်း ခဲ့လျှင် ကျွန်တော်တို့ မလိုက်ရ၊ မလိုက်ရလျှင် ယခုလို တောပစ်မထွက် ရသာ ဖြစ်ပေတော့မည်။

"ဝေါက်"

"ဝေါက်... ဝေါက်"

"ဖြောက်... ဖြောက်"

"ဖြောက်... ဖြောက်... ဖြောက်... ဖြောက်"

ချေတစ်ကောင် ပြေးလာနေပါပြီ၊ သစ်ဆိမ့်ပင်အောက်ရောက် တော့မည်၊ ကောင်းပါသည်၊ ချေတစ်ကောင် ရှေ့ပြေးချောက်ပြီးမှ အသစ်ချောင်းနေသော တောဝက်တွေ ထွက်တတ်၏။ အောသက်နှင့် အပ်တူထပ်မျှ ဒရယ်တွေလည်း ပါလာတတ်၏။ ထိုသို့ သားကောင် တွေ နောက်မှာတော့ ဆတ် ပါစမြဲ၊ ဆတ်သည် ရှေ့တော်ပြေး ချေ ရယ်၊ တောဝက်တွေထွက်ပြီးမှ နောက်က လိုက်တတ်သည်သာ။

ဘာပဲဖြစ်ဖြစ် ချေထွက်သည်ပင်လျှင် ကျေနပ်ရသောမုဆိုးတွေ တော့ မပစ်သေးရန် ဆုံးဖြတ်ထားလိုက်၏။ သူတို့ပြောသလို တစ်ခါ တောပစ်မထွက်ဖူးသည့် ကျွန်တော်တို့အတွက် သားကောင်တော့ ကောင်းကောင်းပစ်ရမည်သာ။ သားကောင်တွေလည်း သေနတ်သမား ဆိုး၊ ဒူးလေး မုဆိုးစသည့် မုဆိုး မရှိသောနယ်မြေဝယ် တောမုဆိုးမှလွဲ သူတို့အဖို့ ထိတ်လန့်ကြောက်ရွံ့ဖွယ် အကြောင်းမရှိပါ။ သို့အတွက် ကြောင့် သားကောင်တွေ ပေါက်ပွားနေမှု ပိုမိုများပြားမည်ဟု တွေးကာ ကျွန်တော်တို့ကျေနပ်ရပါသည်။

www.burmeseclassic.com



"ဝေါင်း"

"ဝေါင်း"

"ဝေါင်း"

"ဆရာ ကိုတင်မြတ်ပ"

"ဟုတ်တယ် အဲဒါမှ ကျားအစစ်ဗျ"

"ရော်... ဒီဘက်လာမှာလား မသိဘူး"

"အင်း... မပြောနိုင်ပါဘူး၊ ကျွန်တော်တို့ကတော့ မလာ
ချင်ဘူးဗျ"

"ဒါမှ သားကောင် ကောင်းကောင်းပစ်ရမှာ"

"ဟုတ်တာပ"

ကျွန်တော် တင်မြတ်၏ ရိုးရိုးသားသား ပြောကြားချက် ကို
သန်း၏ စိုးရိမ်စိတ်တွေနှင့်အတူ ရောနှောနေသည့်အတွက် ကျွန်တေ
သဘောပေါက်သော်လည်း စောစောကကြားရသည့် တောမှဆိုးကျား
အား နားစွင့်ရင်း ကျွန်တော်တို့ဘက်သို့ ဆင်းလာမလာကိုလည်း သတ်
ထားရသည်။

ထိုအချိန်မှာပင် ကျွန်တော်တို့ စောစောက ကြားခဲ့ရသော အင်
လုံးထဲမှ အသံထွက်လာပြန်ပါပြီ။ ထိုအသံသည်ကား ရေထဲမှာ ရေကူ
နေသောအသံမျိုးတွေသာဖြစ်၍ လူတစ်ယောက်တော့ မဖြစ်နိုင်။ ကျွ
တော် သိပ်တော့ မကျေနပ်ပါ၊ သို့သော်လည်း၊ ကျွန်တော် သွားချင်စိတ်
ကို ထိန်းထားရသည်။ စိတ်ထဲတွင် ကသိကအောင့် ဖြစ်ရသည်မှာ ဒ
ပတ်ဝန်းကျင်ဝယ် လူသေမှုတွေရှိသည်ကို အစွဲပြုနေကြသည်လား
တကယ် ခြောက်လှန့်သည်ဆိုရင်တော့ မကျွတ်မလွတ်သူတွေ ရှိပေ
မည်ဟု တွေးနေမိ၏။



"အု... ဝူ... အု... ဝူ... အု... ဝူ"

"ဝူး... ဝူး... ဝူး... ဝူး... ဝူး"

"အု... ဝူ... ဝူ... အု... ဝူ... ဝူ... ဝူ"

"အု... အု... အု"

"အု... ဝူ... ဝူ... ဝူ... ဝူ"

ခွေးသုံးလေးကောင်၏ အူသံတွေမှာ နမိတ်မကောင်းသောအ
သွင်ဆောင်နေ၏။ ထိုသို့ နမိတ်ဆောင်ပါသော်လည်း ကျွန်တော်တို့
အဖို့မှာတော့ ရိုးနေ၏။ ရွာသားကိုလှသန်းနှင့် ကိုစိုးမြင့်တို့အတွက်တော့
နောက်ကျောချမ်းနေပြီဟု ကျွန်တော်သိလိုက်မိပါ၏။ သို့သော် ကြောက်
ရွံ့ပြီး စကားမပြောရဲသည်အထိ ငြိမ်သက်စွာ ရင်ခုန်နေကြပြီ။

"ဆရာကျော်ရေ ခွေးတွေ တောမောင်းကုန်ပြီ"

"အေး... စောစောက ကျားကြီးအသံ သူတို့ ကြားသွားပြီပေါ့"

"ဟုတ်တယ် ဆရာကျော် တင်မြတ်ပြောသလိုပဲ တောမောင်းတာ
သေချာပြီ၊ ဒီတော့ သားကောင်တွေ တောင်ပေါ်ကအောက်ကို ဆင်းမှာ
သေချာတယ်"

"အေး... တောမှဆိုးကျားကြီးနဲ့ ခွေးအတွေပဲ ကျေးဇူးတင်ရမယ်
ထင်ပါရဲ့"

"ရော်... ဆရာကြီးတို့ပအေး၊ ခွေးအူတာ မကောင်းပေ၊ ကျားဟိန်း
တာလည်း နမိတ်မကောင်းတာဘဲလေ၊ ကျွန်တော်တို့တော့ စိုးရိမ်တယ်"

"ဟုတ်ပ ကိုလှသန်းပြောသလိုပအေး၊ ရွာကလူကြီးတွေသာ
သိရင် မနက်ဆိုနတ်ကြီးစင်မှာ တင်ကြမြှောက်ကြတော့မှာပ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကတော့ဗျာ၊ တောထဲရောက်ပြီ၊ တောပစ်တော့မယ်ဆိုရင် သားကောင်အသံကြားရမှ ကျေနပ်တာ၊ နောက်တစ်ခု ချေတို့၊ ဒရယ်တို့၊ တောဝက်တို့ ဆတ်တို့ပေါ့ သူတို့တစ်တွေ အသံမကြားရပေမယ့် တောခွေးတွေ၊ ကျားတွေ၊ ဆင်တွေ၊ ဝက်ဝံတွေ အသံ ကြားရမှ ကျေနပ်တာဗျ၊ ဒါမှ တောပီသတာ"

"အသံမကြားရရင်ကော"

"အဲဒါ တောကြီးတောင်ကြီးဖြစ်ပေမယ့် တောခြောက်တာတို့ တောင်မှောက်တာတို့ ဖြစ်တတ်တယ်ဗျ"

"တစ်မျိုးပဲနော်"

"ကိုစိုးမြင့်"

"ဟုတ်"

"ခင်ဗျား ပြောတဲ့တစ်မျိုးဆိုတာ ဟုတ်တယ်၊ ခင်ဗျားတို့အတွက် တစ်မျိုး၊ ကျွန်တော်တို့အတွက် တစ်မျိုးပေါ့ ဥပမာ ခင်ဗျားက အင်းလုပ်သားပေါ့ အင်းထဲမှာ ငါးရှိကြောင်း ငါးတွေမြူးတာတို့ ပွက်တာတို့ မြင်တွေ့ရရင် ခင်ဗျားကျေနပ်သလို ကျွန်တော်တို့ကလည်း တောထဲမှာ အသံသာကြား ဘာကောင်ပဲ ဖြစ်ဖြစ်ကျေနပ်တယ်"

ကျွန်တော်သည် မိုးကျော်အောင် ရှင်းပြနေသော သူ့ရှုဒေါင့်နှင့် သူ မျှော်မှန်းချက်တွေ မတူကြပါ။ လုပ်ငန်းခြင်းလည်း မတူ၍ ဖြစ်ပါ၏။ ကျွန်တော်နာရီကိုကြည့်တော့ ရှစ်နာရီပင် ထိုးတော့မည်။ စောစောက ချေတော့ သစ်ဆိမ့်ပင်အောက် ရောက်နေမည်မှာ အမှန်ပင်၊ တောဝက်သံလည်း မကြားရသေး၊ ကျွန်တော်တို့ မျှော်မှန်းထားသောလမ်းမှ လာမည်ထား၊ သို့မဟုတ် အခြားလမ်းတွေမှ သစ်ဆိမ့်ပင်နှင့် ဝါးတောမြက်ခင်းဘက်တော့ ရောက်ထောက်ပြီ။

ဆတ်ပစ်ချင်သော ကျွန်တော် ဆတ်အတွက် ဆက်စောင့်မည်ဟု ဆုံးဖြတ်ကာမှ ရေထဲမှအသံတွေ တော်တော်ဆူနေ၏။ အင်းလုံးမှာ ဘာတွေဖြစ်နေသနည်း။ ကျွန်တော်တွေးရင်း နားစွင့်နေလိုက်၏။ ကြားသည့်အသံမှာ လုံးဝ မရိုးသားကြောင်း ကျွန်တော် ကောင်းကောင်း သိလိုက်၏။

"ဆရာကျော်"

"ဘာလဲ မိုးကျော်"

မိုးကျော်အောင်သည် ကျွန်တော်အား ဟီးတိုးခေါ်ရင်းမှ ကျွန်တော့်နားနှင့် သူ၏ပါးစပ်အပ်ပြီး ပြောလာသည်မှာ...

"ရေထဲမှာ သောင်းကျန်းနေတာယ် မရိုးဘူး၊ ဒါပေမယ့် ကျွန်တော်တို့ကို မြူဆွယ်နေတာလားမသိဘူး"

"ငါလည်း ထင်တယ်ကွ၊ ဘယ်လောက်သောင်းကျန်းပါစေ မသွားတော့ဘူး၊ တို့ ဆတ်ပစ်ပြီးမှ အခြေအနေကြည့်မယ် မိုးကျော်"

"ကောင်းတယ် ဆရာကျော်"

ကျွန်တော်တို့စကားပြောနေသည်ကို တင်မြတ်သိ၏။ မသိချင်ယောင်ဆောင်ကာ ကိုလှသန်းနှင့် ကိုစိုးမြင့်တို့အား အာရုံပြောင်းစေရန် ဆွဲဆောင်ထား၏။ ထိုသို့ ဆွဲဆောင်ထားကာမှ ရေထဲကအသံတွေ ပိုကျယ်နေသဖြင့် ကိုလှသန်းမနေသာတော့သဲ ကြောက်စိတ်တွေဝင်ကာ...

"ဆရာ ကိုတင်မြတ်"

"ဟုတ်ကဲ့"

"ကျောက်ဘီလူးရဲ့အင်းမှာ သောင်းကျန်းနေပြီဗျ"

"ဟုတ်မှာပေါ့၊ ဘယ်လိုလဲ ကိုစိုးမြင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တစ်ခါတစ်ခါ အဲဒီလိုအသံတွေ ညဘက်မှာ ကြားဘူး တယ်၊ ကြားတာနဲ့ ကျောက်ခဲစာ ကျွေးလိုက်တာပဲ"

"ကျွေးလိုက်တော့"

"ရော်... ငြိမ်းမငြိမ်း တိတ်မတိတ်ပအေး"

"ကျွန်တော့် အထင်တော့ ငါးစားတဲ့ ဖျံတွေများလား၊ ဖျံရှိတယ် မဟုတ်လား"

"ဖျံတစ်ကောင်မှ မရှိဘူး၊ တစ်ခါမှကို မတွေ့ဖူးပါဘူး၊ ဆရာ ကိုတင်မြတ်"

အားလုံးစကားပြောသံတွေ တိတ်ဆိတ်သွားကြသည်။ အကြောင်းအရာတွေ မရှိတော့၍တော့မဟုတ် ကျွန်တော်မှသူတို့အား 'ရှူး'ဟူသော အသံပေးလိုက်မှုကြောင့် သူတို့တိတ်ဆိတ်သွားခြင်းသာ ဖြစ်ပါ၏။ အကြောင်းမှာ ကျွန်တော်နားထဲသို့ အသံတစ်ခုကြားရ၏၊ ထိုအသံသည် လူတစ်ယောက်၏ ညဉ်းညူသံမျိုး ...

"အင်း"

"အင်း"

"အူး... ဝူး... ဝူး"

"ဘာသံလဲ ဆရာကျော်"

"လူ့သံလိုလိုပဲကွ"

"ဟုတ်တယ်၊ အဲဒါ မိုးကြိုးထိတဲ့ ကောင်မလေးနှစ်ယောက်သံပဲ ဖြစ်မယ်"

"ခင်ဗျားတို့ ကြားဘူးလား ကိုလှသန်း"



"ကျွန်တော်တို့ မကြားဖူးဘူး၊ ဒါပေမယ့် ရွာထဲက အဘအောင် ဘော့ ကြားဘူးတယ်လို့ ပြောတာပ"

"ရော်... ဘကြီးသန်းအောင်ထည်း ပြောတာပ ညနေစောင်း မျှော်လို့ရာရင်း အဲဒီအသံတွေ ကြားနဲ့ကြောင်းပအေး"

"ထားလိုက်ပါ၊ ကျွန်တော်တို့ဆတ်ပစ်မယ်"

"နားထောင်စမ်း တင်မြတ်"

"ဖူး... ဖူး... ဖတ်... ဖတ်... ဖတ်"

"ဖူး... ဖူး... ဖူး"

"ရော်... မည်းမည်းအကောင်ကြီးပ"

"ရှူး... တိုးတိုး ဘာမှမပြောနဲ့"

"ကြောက်စရာပအေး၊ ဘာကောင်ကြီးပ"

"အသာနေ အသံကြားလို့လာပြီး ဆွဲခေါ်နေမယ်"

"ဟုတ်... ဟုတ်"

"ဆရာကျော် မီးထိုးမလား"

"အေး... မိုးကျော်ပါအသင့်ပြင်ထား"

"ဟုတ်ကဲ့"

"ဆရာကြီး သရဲတွေ ပစ်တော့မှာလား"

"အင်း... တစ်ကောင် မဟုတ်ဘူး၊ နှစ်ကောင်ဗျ"

"အဲဒါ ပြောတာပ၊ ကောင်မလေးနှစ်ကောင်ပါဆို"

ကျွန်တော်ပြုံးလိုက်မိသည်။ အမှောင်ထဲပြောရပြီး ပြုံးရသည်မှာ ...ဟာရှိတော့ရှိ၏။ ကျွန်တော်၏ အပြုံးကို သူတို့မမြင်နိုင်ပါ၊ ကျွန် ...ပြောသည်ကို မိုးကျော်အောင်နှင့် တင်မြတ်သိနေမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးကျော်နဲ့ တင်မြတ်"

"ဟုတ်ကဲ့"

"နှစ်ကောင် ဖြစ်မယ်ထင်တယ်"

"ဒါဆိုရင် မီးထိုးမှာ ဆရာကျော်ဆိုတော့"

"အေး... ငါပြောထားတဲ့အတိုင်း ပထမအတွက် တင်မြတ်၊ ဒုတိ ယ မိုးကျော်ဆိုရင် ဖြစ်မလား"

"ဆရာကျော် ကျွန်တော် ပထမ ပစ်မယ်၊ တင်မြတ်က ဒုတိယ လျှပ်တစ်ပြက်ပစ်ရင် ပိုကောင်းတာပေါ့"

"ကဲ... ငါမီးထိုးမယ်၊ မိုးကျော် ပြောတဲ့အတိုင်းပဲနော် တင်မြတ်"

"စိတ်ချပါ၊ မိုးကျော် မင်းအရင်ပစ်"

"အေး"

ကျွန်တော်သည် ညနေကတည်းက လေ့လာကြည့်ရှုပြီးသား မီးထိုးရန်အတွက် မှတ်နာမှုထားသော သစ်ဆိမ့်နှစ်ပင်ဘက်သို့ မီးထိုး လိုက်ပါပြီ၊ မီးထိုးသည်မှာ ခါတိုင်းထိုပင် မထော်ပါ၊ အပေါ်မှတစ်ဆ အောက်အရှ သစ်ဆိမ့်ပင်အောက်ဝယ် ဆတ်ကြီးတစ်ကောင်သည် ရောင်မြင့်ပြီး မြူးတူးတူး ကြောင်တောင်တောင်ဖြစ်နေသော ဆတ်ကြီး အား မိုးကျော်အောင် ချိန်လိုက်ပါပြီ။

"ဆရာကျော်၊ ဒရယ်နှင့် တောဝက်ပါတွေ့တယ်"

"အေးကွ ဆတ်က တစ်ကောင်တည်းပဲ"

"ဟုတ်တယ် ကျွန်တော် ပစ်မယ်၊ ဆရာကျော် မီးငြိမ်းပေးပါ"

"အေး... ကဲ အသင့်ပဲ"

"ပစ်တော့မယ်၊ တင်မြတ် နောက်တစ်ကောင်ရွေးထား"





"အေး... မင်းပစ်တော့"

"အေး..."

"ဒိုင်း"

"ဒိုင်း"

"ဝုန်း... ရှူး... ရှူး... ရှူး"

"အိ... အိ... အိ"

"ရှူး... ဝုန်း... ဝုန်း"

"ဝေါက်... ဝေါက်...ဝေါက်"

"ဖြောက်... ဖြောက်... ဖြောက်... ဖြောက်"

"ဘုန်း... ဝုန်း... ဝုန်း"

တောတစ်တောလုံး ဆူသွားပါပြီ၊ ကျွန်တော်မီးထိုးထားရှု ဆတ်ကြီးအား ကောင်းစွာထိမှန်သွားသည့်အပြင် တင်မြတ်၏ ပစ်ချက် မှာလည်း တောဝက်ကြီးတစ်ကောင်အား ပစ်လိုက်နိုင်၏။

တင်မြတ်၏ ဆုံးဖြတ်ချက်မှန်ကန်ပုံမှာ အံ့ဩစရာ အလွန် ကောင်းနေသည်သာ၊ မိုးကျော်အောင်ပစ်သော ဆတ်ကြီး၏နောက် အားဝယ် တောဝက်ထီးကြီးတစ်ကောင်အား ပစ်ခတ်ပုံသည် တော် တော်လေးရှားနေသည်။ အကြောင်းမှာ တောဝက်ပစ်ပါက မြေကြီး တစ်ပြေးညီပစ်ခတ်ရန် အလွန်ခက်ခဲ၏။ နေ့ဘက်ဆိုလျှင် တော်ပါ သေး၏။ ညဉ့်ပိုင်းဆိုပါက တောဝက်တို့၏အန္တရာယ်ကား ပစ်ခတ်သူ အတွက် အလွန် အရေးကြီးသော မီးနီးလျှောက်ကိစ္စပင် ဖြစ်ပါသည်။

ယခုလည်း မိုးကျော်အောင် ပစ်ခတ်သည့် ဆတ်ကြီးကိုကျော်၍ ဆတ်ကြီးနောက်မှ ထိုတောဝက်ကြီးအား ပစ်ခတ်မှုကြောင့် ဘာနံပြန် ထွက်ပေါ်လာမှုမှာ လျှပ်စီးလက်သည်ထက် ပိုမြန်နေသည်ကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ကော တင်မြတ်ပါ မြင်တွေ့လိုက်ရသည်။ ပထမ မိုးကျော်အောင်ပစ်သောကျည်ဆံနှင့် ထွက်ပေါ်လာသော ဒုတိယတင်မြတ်၏ ကျည်ဆံသည် တောဝက်ထီးကြီး၏ လက်ပတ်အားကောင်းစွာ ထိမှန်ရာမှ တောဝက်တို့၏တာန်ပြန်တိုက်ကွက် ဝင်လာပါပြီ။

တောဝက်ထီးကြီးသည် သူ့အားပစ်ခတ်သည့် ကျည်ဆံလမ်းကြောင်းအတိုင်း ကျည်ဆံ၏ဖောက်ထွင်းမှု ဒဏ်ရာအပြင် ကျည်ဆံလာသည့် ဖြောင့်မတ်နေသော ညဉ့်အခါ နီနီရဲရဲ မီးခိုးလျှောက်အတိုင်း တင်မြတ်အား ပြေးဝင်ရန် တိုက်ခိုက်ပါသော်လည်း တင်မြတ်၏ အကြံအစည် ဆုံးဖြတ်ချက် မှန်ကန်စွာဖြင့် တောဝက်ထီးကြီး၏ တိုက်ကွက်သည် တင်မြတ်ထံ မရောက်မီ၊ ကျည်ဆံမှန်၍ ခြောက်တကွဲသွားသည့် ဆတ်ကြီး၏ ကျည်လမ်းကြောင်း မီးခိုးလျှောက်လမ်းကြောင်းမှ ဆတ်ကြီးအား ဝင်ရောက်ထိုးနှက် တိုက်ခိုက်မိသွားပါပြီ။

"အီး... ဝုန်း... ဘုန်း"

"ဖူး... ဝူး... ဘုန်း"

"အီး... ဟူး... ဟူး... ဟူး"

"ဝုန်း... ဟူး... ဝူး"

"ဖူး... ဝူး... ဖူး... ဖူး"

ဆတ်ကြီးမှာ ကျည်ဒဏ်သင့်ချိန်မှာပင် တောဝက်ကြီး အတိုက်ခံလိုက်ရမှုကြောင့် ထခုန်မှု သေထဲဝယ် အရှိန်ပြင်းသည့် မာန်စွယ် ဖွေးဖွေးတွေဖြင့် အပက်ခံရကာ နှစ်ပတ်သုံးပတ်လည်သွားပြီး မြေပေါ်သို့ မရိုမဆန့် ပြုတ်ကျသည့်အပြင် မြေပေါ်မှာပင် တောဝက်ကြီးနှင့် လုံးထွေးလဲပြိုရင်း တဖူးဖူး တဝူးဝူး အသံထွက်နေ၏။ ပြန်၍ကုန်းထ၏။ ထ





ဦးခေါင်းထောင်ပြီး ပြန်ကျ၏။ တဖန် နောက်ပိုင်းခြေနှစ်ချောင်း ကုန်းကုန်းကွကွကြီး ဖြစ်သွားပြန်၏။ သို့သော် တစ်ကောင်လုံး သားဘက်စလုံး မထောက်နိုင်တော့ပါ။

တောဝက်ကြီးမှာလည်း သူ၏စွယ်စုံဖြင့် ပြေးပက်ထိုးကိုက်သလို ကြီး၏ဝမ်းဗိုက်တည့်တည့် စိုက်ဝင်ပြီး တောဝက်ကြီး နှန်ပေါက်သည့်အရှိန်မှာ တင်မြတ်ထံအရောက်ပြေးလာစဉ် လမ်းခုလတ်မှ ဝက်ကြီး၏အရှိန်ကို ဟန့်တားသကဲ့သို့ ဖြစ်သွားသော ဆတ်ကြီး ကြောင့် တောဝက်ကြီးနှင့် ဆတ်ကြီးတို့ သေထဲတွင်နှစ်ကောင်ဝင်ရောက် ခိုက်သွားရင်း၊ ထွက်ပေါ်လာသော ဘုန်းဆိုသည့်အသံ ဝုန်းဆို အသံ၊ အီးဟူသော တောဝက်ကြီး၏ ဒေါသပါသော ဝက်သံနှင့် မြေပေါ်သို့ပြုတ်ကျပြီး သူ၏အစွယ်နှင့် ဆတ်ကြီး၏ဝမ်းဗိုက်ထဲ အရှိန်ပြင်းစွာ ထိုးဝင်သွားသဖြင့် နှစ်ကောင်စလုံး ပတ်ချာလည်ပြီးမြေ ပြန်ကျသော်လည်း သွေးရူးသွေးတန်း ဖြစ်နေသည့် တောဝက်ကြီး အစွယ်နှင့်ငြိနေသည့် ဆတ်ကြီး၏ ဝမ်းဗိုက်အား ထပ်မံကိုက် သည်။

ကိုက်ထားသော တောဝက်ကြီးသည် မှန်ထားသော ဒဏ်ရာဖြင့် သထွက် တိုက်ကွက်ဆင်ပါသော်လည်း သူ၏ခွန်အားတွေ ဆတ် ထပ်တုထပ်မျှ ကုန်ခမ်းကာ လဲပြိုသွားရာမှ မထနိုင်တော့ပါ။ ကောင်စလုံး ကုန်းရုန်းထကြ၍ မရတော့ ထထိုက်ပြန်ထဲကျလိုက်နှင့် နပ်ပင်တောတန်း မိုးကြိုးပစ်ဆိုသည့်နေရာဝယ် ဒုတိယမှို မိုးကြိုး ပါပြီ။

"ကျော်... ကြောက်စရာပ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောက်တာထဲ ကိုစိုးမြင့်"

"ကြည့်တာပအေး ကြည့်...ကြည့်"

"အဲဒါ တောဝက်နဲ့ ဆတ်တို့ရဲ့တိုက်ပွဲလေ"

"ဟော.. ဟော ထမရတော့ဘူး"

"ဘယ်ရမလဲ ပစ်သူက ကျွန်တော်တို့နှစ်ယောက်၊ တိုက်ခိုက်ကြတာက သူတို့နှစ်ကောင်လေ"

"တင်မြတ်"

"ဟုတ်ကဲ့"

"မင်းရဲ့ ပစ်ခတ်မှုက အန္တရာယ်များတယ်နော်"

"ဟုတ်တယ်၊ ကျွန်တော် ဒီအကွက် မြင်လို့ပစ်တာပါ"

"မတော်တဆ လွတ်လာရင်"

"လွတ်လာရင်တော့ အတွဲလိုက်ပဲ သုံးတော့မလို့"

"ဟုတ်တယ်၊ ဆရာကျော် ကျွန်တော်လည်း ဒီဘက်ရွှေ့ပြီး မီးခိုး လျှောက်လာတာနဲ့ ဆတ်ကျော်ရင်ပစ်ပြီ"

"အေး... ငါလည်း ဒါကြောင့်ထရပ်ပြီး မီးထိုးမှုနေရာပြောင်း တာပေါ့"

"ရော်... ဆရာကြီး"

"ပြော... ကိုလှသန်း"

"ဆရာကြီး ပြောသလိုပဲ ကျွန်တော်ကြားဘူးတာပအေး၊ တော ဝက်ဆိုတာ မီးခိုးလျှောက်လိုက်တတ်တယ်ဆိုတာ ခုမှမျက်မြင် ကိုယ် တွေ့ပ"

"မြင်ပြီလား"





"ရော်.. မြင်တာပအေး၊ ဆရာကိုတင်မြတ်တို့၊ ဆရာကိုမိုးကျော် တော်တာပ၊ လက်ကလည်း ဖြောင့်တယ်၊ ကြောက်စရာလည်း ာင်း၊ အန္တရာယ်လည်း ကြီးတယ်နော့"

မိုးကျော်အောင်နှင့် တင်မြတ် ပြုံးနေ၏။ တကယ်အန္တရာယ် သည်ကို တင်မြတ် ယခုမှ ပိုသိလိုက်သည်။ အရေးကြုံရင်တော့ ာ်စုံဖွင့်ကြသည်ကတော့အမှန်၊ သုံးယောက်စလုံး သတိတော့ ုတ်ပါ၊ အရေးကြုံ သက်လုံကောင်းအောင်တော့ ချက်ချင်း မြင်ဆင် သားပင်။

ကျွန်တော်တို့ ပစ်ခတ်မှုကာလအတွင်း သားကောင်တွေ ထွက် သံ ဆူညံနေသကဲ့သို့ တောဝက်ကြီးနှင့် ဆတ်တို့တိုက်ခိုက်မှုဝယ် ်ကြီးသည်လည်း သူ၏ဦးချို အခက်အလက်တွေဖြင့် တောဝက် အား ပြန်လည် တိုက်ခိုက်နေသည်ကို တွေ့ရ၏။ တိုက်ပွဲမှာ ဆယ်မိ င် ကြာသွားသည်။ ထိုဆယ်မိနစ်ခန့်သာပင် ကျွန်တော် မီးထိုးထား တ်ဝန်းကျင်အား လေ့လာပါ၏။ သို့သော် လုံးဝ မထူးခြားပါ၊ မကြမ်း၊ ပုံမှန်သဘောသာ တွေ့ရ၍ တော်ပါသေးသည်။ အင်းလုံး ည်း အသံမကြားရ၊ စောစောကတော့ အင်းလုံးထဲမှာကြောက်စရာ ယခုတော့လည်း အေးအေးဆေးဆေး။

"မိုးကျော်နဲ့တင်မြတ် တောက အခြေအနေ အေးတိအေးစက်

"ဆရာကျော် ကျွန်တော်အထင်တော့ သိပ်မကျေနပ်ဘူး၊ တစ်ခုခု ထူးတော့မယ်ဗျ"

"ဟုတ်တယ်၊ မိုးကျော်၊ ဆရာကျော်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... တင်မြတ်"

"တောဝက်နဲ့ ဆတ်ကြီးနှစ်ကောင်ရဲ့ သွေးကစုမှ ရှဲပြီလေ"

"အေး... သွေးထွက်တော့ တောပွက်တတ်တယ်လေ"

ကျွန်တော်တို့တောကြမ်း၏၊ တောခြောက်ခြင်း၊ တောမှော
ခြင်း ဆိုရာဝယ်၊ ညဥ့်နက်သန်းခေါင်ကျော် နှစ်နာရီနောက်ပိုင်း
တတ်၏။ ထိုသို့ ဆိုးသည်ဆိုရာဝယ် သားကောင်ရရှိပါက ပိုဆိုးတ
၏။ သွေးက တောကို ခြောက်စေ၏။ မကောင်းဆိုးဝါးတွေသည်
သွေးအညှီဖြင့် ပိုမို ခြောက်လှန့်တတ်ကြောင်း ကျွန်တော်တို့သိပြီးသာ
သတိထားရပါပြီ။

တစ်ချို့ ရွာတွေသည် သားကောင်ရသည့်အခါ ညဥ့်ဆိုလျှင်ရွာ
ထုံးဝ အသွင်း မခံကြပါ။ တစ္ဆေသရဲပါမည်ကို စိုးရိမ်ကြ၏။ ကြေ
ရှုံ့ထိတ်ထိန့်ကြသည့်အတွက် ကျွန်တော်တို့ အင်မတန် ဆင်ခြင်
သည်။ ကျွန်တော်တို့ပင်လျှင် ရွာထဲမဝင်ပါ၊ သယ်ယူပြီး ထိုသားကော
နှင့်အတူ ကျွန်တော်တို့ ရွာအစွန်အဖျားတို့တွင် စခန်းချ ညအိပ်သ
များ ရှိခဲ့ပါသည်။ ယခုလည်း သားကောင်ကြီးနှစ်ကောင် ပစ်ခတ်
ပါပြီ၊ သို့သော် ကျွန်တော်တို့သယ်ယူရန် အတွန် ခက်ခဲသည်မှာ
ကောင်ဖြစ်၍ ပိုဆိုးနေ၏။ သယ်ယူရန်မဖြစ်တော့ တစ်ညတာ ဒီမှ
စခန်းချ ရတော့မည်။

"ကိုလှသန်း အာမိထေး ငုံပါဦး"

"ကျေးဇူးတင်တာပ၊ နောက်နေ့မှ ကောင်းကောင်း ချက်
မှာပ"

"ကိုစိုးမြင့် ငါးကင်နော်"



"စိတ်ချတာပ"

"ဆရာကျော် ကျွန်တော်တို့ ဒီမှာပဲ နေကြတာပေါ့"

"အေး... ငါကတော့ ရွာပြန်ချင်တယ်၊ ဒါပေမယ့်ကွာ တို့က
သွေးလူးနေတဲ့ သားကောင်တွေနဲ့ဆိုတော့ ဒီမှာပဲကောင်းပါတယ်"

ကျွန်တော် ပြန်ချင်သည်မှာ အကြောင်းရှိပါသည်။ မနက်ကိစ္စ
တွေ စောစောစီးစီး စီစဉ်သော်လည်း မဖြစ်တော့ပါ။ ရွာလူကြီးတွေမ
ကြိုက် တော်တော်ကြာ ရွာနာတယ်ဟု ဖြစ်မှာလည်း စိုးရိမ်မိသည့်
အတွက် မိုးကြိုးပစ်လက်ပန်တောဝယ် စခန်းချနေခဲ့ပါ၏။ နောက်ထပ်
လည်း ပစ်ခတ်ရန် စိတ်မကူးတော့ပါ။ ဆတ်တစ်ကောင်နှင့် တောဝက်
တစ်ကောင်သည် အချိန်မနည်း။ တစ်ရွာလုံး ကောင်းကောင်း ကျွေးမွေး
နိုင်သည်သာ။

"ကိုစိုးမြင့်"

"ဟုတ်ကဲ့"

"ခင်ဗျားရဲ့ အင်းလုံးဘက်မှာ ဘာသံမှ မကြားတော့ဘူးနော်"

"ဟုတ်တယ် အင်းစောင့်မောင်ညို အိပ်ပျော်နေပြီ ထင်ပါရဲ့"

"ကောင်းတာပေါ့"

"ဒါထက် အဲဒီအင်းစောင့်မောင်ညိုအကြောင်း သိချင်တယ်ဗျာ၊
အခု အချိန်ရနေတယ် ပြောပြပါလား"

"ဟုတ်... ဟုတ် ပြောရမှာ ညဘက်ဆိုတော့ ကျောချမ်းတာ
အေး"

"မိုးလှုံ့မလား"

"သြော်... ဟုတ်သားပဲ ဆရာကျော်၊ တင်မြတ်ပြောမှ သတိရ
တယ်၊ ကျွန်တော်တို့ မီးမွေးကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"မွေးလေ တို့ နောက်ထပ် မပစ်တော့ပါဘူး"

"ရော်... ဆရာကြီးတို့ ပစ်သင့်ရင် ပစ်တာပအေး၊ မနက် လည်း သယ်မှာပ၊ ဆရာကြီးတို့ နောက်ထပ် ဘယ်တော့မှ လာမယ်ဆိုတာ မသိတော့ သားကောင်တွေ ပေါချင်တိုင်း ပေါနေဦးမှာ"

"ဒါလည်း ဟုတ်တာပဲ မိုးကျော်"

"ကဲ... ဒါဆို မီးမမွေးတော့ပါဘူး"

ကျွန်တော်တို့ မီးမမွေးဘဲ ခပ်အေးအေးနှင့် လက်ပန်တော စခန်းချနေလိုက်ပါသည်။ နောက်ထပ် ကုသိုလ်ဆိုးမည့် သားကောင် ဆိုလျှင်တော့ ပစ်ရဦးတော့မည်။ သားကောင်တွေ သောသောဆဲ တော့ မလာနိုင်သေး၊ ပစ်ခတ်ထားသည့် အသံအပြင် ယမ်းငွေ့ ယမ်းနံ့ များကြောင့် အနံ့ခံ အကြွန်ကောင်းကြသည့် သားကောင်တွေ မလာနိုင် မိုးလင်းပိုင်းရောက်လျှင်တော့ သေချာပါပြီ။

"ကဲ... ကိုစိုးမြင့် ခင်ဗျားရဲ့ ကျောက်ဘီလူးဘွဲ့ ရယ်၊ အင်းတော မောင်ညိုရယ်၊ ဘယ်လိုတွေလဲ ဆိုတာ သိပါရစေဗျာ"

"ဟုတ်... ဟုတ်... ပထမဆုံး မောင်ညိုကို ပြောရမှာပ"

"ဟုတ်ကဲ့"

"မောင်ညိုဆိုတာ ကျွန်တော်တို့ ရွာသား၊ လက်ပန်ရွာ ဟောဒီ လက်ပန်ပင်တွေနဲ့ ကျွန်တော်တို့ ရွာဟာ ဆက်စပ်နေပါတယ် တစ်ချိန်တုန်းက လက်ပန်ပင်တောအထိ ပိုင်တယ် ပြောကြတာပဲ"

★ ★ ★

## (လေး)

မောင်ညိုသည် တကယ်တော့ ယခုအချိန်ဆိုပါက အဘညိုဟု ခေါ်ရတော့မည်။ လက်ပန်ရွာသားကြီးတစ်ယောက် မောင်ညို သေတော့ အသက်နှစ်ဆယ့်တစ်နှစ်သာ ရှိပါသေးသည်၊ အင်းလုပ်သား တစ်ဦး အင်းပိုင်ရှင်၏ စိတ်အချရဆုံး၊ သစ္စာအရှိဆုံး အလုပ်သမား။

တစ်နေ့ဝယ်...

မောင်ညိုတစ်ယောက်တည်း အင်းစောင်းတွင် ယင်းလိပ်တွေ ခြင်နေစဉ်အချိန်မှာ ညနေ နေဝင်လုဆဲဆဲ၊ အင်းတဲနှင့် ဝါးနှစ်ပြန်စန့် မြေပြန့်ပြန့် အင်းလိပ်တွေ ထောင်ထားသည့်နေရာတွင် တစ်ယောက်တည်း အလုပ်လုပ်နေ၏။ မောင်ညိုမှာ အရက်အလွန် ကြိုက်၏။ သို့သော် စည်းကမ်းထားပြီးမှ သောက်၏၊ အလုပ်မပြီးမချင်း မသောက် သူ အလုပ်မပြီးသေးပါက ရေပင်မသောက်၊ ပြီးအောင် လုပ်ပြီးမှ ရေသောက်ရင်း သူလုပ်ခဲ့သည့် ပြီးမြောက်သွားသော အလုပ်ကို ကြည့်ပြီး အေးအေးဆေးဆေးသောက်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ညိုသည် ဖွဲကောင်းကောင်းဖြင့် လှနစ်ရပ်ခန့် မြင့်သော ယင်းလိပ်ကြီးတွေ ပြန့်ကာ ပြတ်ထွက်ကုန်သော ကြိမ်နန်းကြိုးတွေအ ချည်နှောင်နေစဉ် သူ၏နောက်မှ လက်တို့လိုက်၏။ ထိုလက်တို့မှုအ မောင်ညို သတိမထား ဘာမှန်းမသိလိုက်၊ သို့အတွက်လည်း လှည့်ပင် ကြည့်မိ တဖန် သူနောက်ရောက်နေသူမှ ထပ်မံလက်နှင့်တို့လိုက်သ ဖြင့်...

"ဟာ... ဘယ်ပျော့၊ ဘာလုပ်တာလဲဟ၊ ယင်းပြီးတော့မှာပါကွ

သူနောက်မှရောက်နေသော အကောင်ကြီးအား မောင်ညိုသည တဲထဲတွင် ကျန်ခဲ့သော မောင်ဘပျော့ဆိုသည့် ကိုပျော့ကြီး အထင်ဖြ ပြောရင်း လှည့်ပင်မကြည့်တော့။ လှည့်မကြည့်သည့်အတွက် သူ ပန်းအား ဆွဲလှည့်လိုက်သောကြောင့် ဒေါသဖြစ်ဖြစ်နှင့် ဘေးတွင်ချထာ သော ဓားရှည်၏အနှောင့်ဖြင့်ကောက်ပြီး ခြေထောက်အား သွက်သွ ကလေး ရိုက်လိုက်သည်တွင်...

"ဝူး... ဝါး... အား"

"ဟာ... အို"

"ဟာ... ခုတ်ဟာ"

"ဝုန်း... ဘုန်း... ဝူး"

"အား... ချဟာ"

"အို... တောက်... ကဲကွာ... ကဲကွာ"

"အား"

"ဝူး... ဝူး"



မောင်ညိုသည် သူ၏ဓားနောက်ဖြင့် ရိုက်သည်တွင် သူမြင် လိုက်ရသည့် ခြေထောက်ကြီးမှာ ဝက်ဝံကြီးတစ်ကောင်၏ ခြေထောက် ကြီးကဲ့သို့ အမွေးတွေ ထုထုမည်းမည်းကြီး ဖြစ်နေ၏။ မှောအကြည့် ထိုအကောင်ကြီးသည် မောင်ညို၏ မျက်နှာပေါ်သို့ သူ၏ကြောက်မက် ဖွယ် လက်မည်းမည်းကြီးဖြင့် တအားရိုက်ချလိုက်သည်။ မောင်ညို သည် ကြောက်ရွံ့မှုတွေထက် ဒေါသမှုတွေကြောင့် ထိုလက်ကြီးအား ရှောင်တိမ်းရင်း ဓားဖြင့် ဖမ်းခုတ်၏။ ထိုအကောင်ကြီးကလည်း နောက် မဆုတ် မောင်ညိုကလည်း ဓားဖြင့်ခုတ်၏။

ထိုဖြစ်ရပ်ကို တဲထဲမှ မြင်နေသော ဘပျော့သည် မောင်ညို တစ်ယောက်တည်း ပထမအထင် သိုင်းကနေသည်လားဟုထင်ပြီး ကြည့်နေရာမှ "ဟာ... မောင်ညိုက သိုင်းလည်း မတတ်ပါဘူး၊ ဘာဖြစ် ပါလိမ့်" ဟု တွေးကာ ခက်ရင်းခွယူပြီး ပြေးလာသည်တွင်...

"ဘပျော့... ဘပျော့... ငါ့ကို ဒီအကောင်ကြီး ရိုက်နေတယ်"

"ဘယ်မှာလဲ"

"ဒီမှာ... ဒီမှာ မည်းမည်းအကောင်ကြီးကွ"

"ဟာ... ငါလည်း မမြင်ရဘူး"

"အား... အား... ဘုန်း"

"ဝူး... အား... ဘုန်း... ဝုန်း"

"ဒုတ်... ဝူး... ဟူး... ဝူး"

"ဘပျော့ ခက်ရင်းနဲ့ ထိုးဟ ထိုးထိုး"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



ဘပျော့သည် သူနှင့် လုပ်ဖော်ကိုင်ဖက်အား ဘာကောင်မှန်းလည်း မသိ မမြင်ထည်း မမြင်ရသော်ငြား မောင်ညိုဘေးသို့ ရပ်သန်းပြီး မှိန်းနဲ့ ထိုးလိုက်သည်တွင်...

"အင်း... ဝူး... ဝူး"

"ဘုန်း... ဝုန်း"

"အား"

မမြင်ရသော အကောင်ကြီးမှာ မောင်ပျော့၏ လက်ချက်ထိသွားပုံရ၏။ သို့အတွက်ကြောင့် မောင်ပျော့အား အဘယ်သို့ လုပ်လိုက်သည်မသိ၊ မောင်ပျော့မှာ လွင့်စင်ပြီး လဲကျသွားရာမှ ပြန်ထပြီး မောင်ညိုဘက်ပြန်အလာ၊ ယခုမှ သူတွေ့လိုက်ရသည်မှာ မည်းမည်း အကောင်ကြီး၊ ထိုအကောင်ကြီးသည်လည်း သွေးသံရဲရဲ၊ မောင်ညိုသည်ထည်းတစ်ကိုယ်လုံး သွေးတွေရဲပြီး မထနိုင်တော့ပါ။ လဲနေသော်လည်း သံကြီးဖွာထား၏။ လက်ထဲမှာတော့ သူ၏ဓားကမချ၊ အညှံမခံလိုသောမောင်ညိုထံသို့ ဘပျော့ အမြန်ထပြီး ထိုအကောင်မည်းမည်းကြီးအားခက်ရင်းခွကြီး မြှောက်ကာ...

"ကဲကွာ... ကဲကွာ သေပေတော့"

"ကျောက်နှစ်လုံးတောင်ပိုင်ဘိုးဘိုး... ဘိုးဘိုးကယ်တော်မူပါ"

"ကဲ... သရဲကောင် သေဟ... သေဟ"

ထိုသို့ကြောက်စိတ်တွေ ပျောက်ပြီး လူငယ်ပီပီ ဒေါသဖြစ်သူ၏ခက်ရင်းခွဖြင့် ထိုမည်းမည်းအကောင်ကြီးအား ထိုက်သံထနက်နေသည်ကို မောင်ညို မြင်နေရသည်။ သို့သော် မောင်ညို မထတော့ပါ။ မြင်သာ မြင်နေရတာ၊ ဘပျော့အတွက် စိတ်မကောင်းကိုတော့ဖြင့် တင်းတင်းကြိတ်ကိုက်ထားလေ၏။



"မောင်ညို ဘာမှမကြောက်နဲ့၊ ငါ ဒီအကောင်ကြီးကို အသေသတ်မယ်ကွ၊ အသေသတ်မယ်"

"တောင်ပိုင်ဘိုးဘိုး... တောင်ပိုင်ဘိုးဘိုး... ကယ်တော်မူပါဘိုးဘိုး အမြန်လာကယ်ပါ"

ထိုသို့ အော်ဟစ်ရင်း ခက်ရင်းခွဖြင့် ထိုးနေစဉ်မှာပင် ကျောက်နှစ်လုံးတောင်ပေါ်မှ ပြေးဆင်းလာသော ဖြူဖြူဖွေးဖွေးအလုံးကြီးသည် ဘပျော့တို့ချင်း မည်းမည်းအကောင်ကြီးအား ပြေးဝင်ဆောင့်လိုက်သည်လား ပြေးကပ်လိုက်သည်လားမသိ။

"ဝုန်း"

"ဘုန်း"

"ဝူး... ဝူး... ဝူး"

"ဝေါ... ဝေါ... ဝေါ... ဝေါ"

"ဝုန်း... ဘုန်း"

"ဂူး... ဝါး... ဝါး... ဟူး"

"ကဲကွာ သေတော့ ဟ သေတော့"

"ရော်... ဘာကောင်ပအေး သေဟ သေသေ"

ဘပျော့သည် နာမည်သာ ပျော့၏၊ လူကမပျော့။ ဘပျော့အား ကြည့်နေသော မောင်ညိုတစ်ယောက် မူးဝေလာသည်။ ဖြူဖွေးဖွေးအလုံးကြီးဝင်ဆောင့်မှုအတွက် မည်းမည်းအကောင်ကြီးမှာလည်း မောင်ညိုနှင့်ဘပျော့တို့ ရှေ့မှာပင် မီးခိုးတွေထွက်လာပြီးနောက် သုံးလေးလံမျှကာလိမ့်ကာ သွေးသံရဲရဲနှင့် အင်းထဲသို့ လိမ့်ကျသွားသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



"တုန်း"

"ဗွမ်း"

"ဝူး... ဟူး... ဝါး"

"ဝါး... ဗွမ်း... ဗွမ်း"

"အား... ဘယ်ပျော့"

"မောင်ညို မောင်ညို အကောင်ကြီးမရှိတော့ဘူး သေပြီကွသေပြီ"

"ဟင်... သေပြီလား"

"အေး... ဟုတ်တာပ၊ မောင်ညို မောင်ညို တောင်ပေါ်ကအဘ တောင်ပိုင်ဘိုးဘိုးကြီးကို တမ်းတလိုက်"

"ဟင်... သေပြီလား"

"အေး..."

"အား... ငါ့အင်းထဲလာ စော်ကားတဲ့ အကောင်ကြီး ငါမကျေနပ်ဘူး၊ ငါ့အင်းထဲ မလာနဲ့ မလာနဲ့ ငါ့အင်းကွ ငါ့အင်း"

ပြောပြောဆိုဆို မောင်ညိုမှာ သေသွားပါပြီ။ မောင်ညို သေဆုံး၍ လက်ပန်ရွာနှင့် သစ်ဆိမ့်ကုန်းရွာသားတွေ ရောက်လာသောအခါ ဝယ် မောင်ညို၏ တစ်ကိုယ်လုံးသွေးသံရဲရဲဟု ပထမမြင်ရသောဘပျော့ နတော့ သွေးတွေ မရှိတော့ပါ။ သို့သော်လည်း လက်ငါးချောင်းရာတွေ မှာ တစ်ကိုယ်လုံးဒဏ်ရာ ဗလပွဖြစ်နေ၏။ လည်ပင်းလည်း ကျိုးနေ လေပြီ တစ်နတော့ ထူးသည်မှာတော့ မောင်ညို၏ ဖားကြီးဝယ်သွေးတွေ စွန်းနေသည့်အပြင် အင်းအစပ်ရေထဲကျသွားသည့် မည်းမည်းအကောင် ကြီးထံမှ ပြုတ်ပြီး ကျန်နေခဲ့သော အရေပြား တစ်မိုက်ခန့်သည် အမွေး မည်းမည်း ရှည်ရှည်ကြီးတွေပါသော အရေခွံအရေပြားကြီး တစ်ချပ်မှာ တော့ သွေးတွေရဲနေ၏။



တဖန်ရွာသားတွေ ရေထဲသို့ ကြည့်လိုက်သောအခါတွင်လည်း ...မည်းမည်းအကောင်ကြီးကျသွားသည့်နေရာ ရေစပ်တွင် သွေးတွေ ...၏။ သွေးတွေမှာ ပျံ့မသွား သို့အတွက် မောင်ညို၏ သူငယ်ချင်း ...ပ်ဖော်ကိုင်ဖက်ဖြစ်သူ ဘပျော့သည် တဲသို့ ဒယိမ်းဒယိုင် ပြေးဝင်ကာ ...န်ဆွဲခဲ့ကာ ထိုအကောင်ကြီးကျသည့်နေရာအား ကွန်နှင့်ပစ်၍ ဆွဲတင် ...၊ ဆွဲမရ တော်တော်လေးကို အားပြုဆွဲလိုက်တော့မှ ပါလာပါသည်။ ...ရာကား မည်းမည်းနက်နက် သစ်တုံးတစ်တုံး နှစ်တောင်ခန့်ရှည်၍ ...တစ်ဖက်ခန့်ကြီး၏။ ထိုသစ်တုံးကြီးတွင် ဓားဒဏ်ရာတွေ မှိန်းနှင့် ...ထားသည့်ဒဏ်ရာ ဒဏ်ချက်တွေ ဖြစ်နေ၏။

ရွာလူကြီးတွေမှ ထိုသစ်တုံးကြီးနှင့်အတူ စောစောက ရရှိခဲ့သော ...အမွှေးအမြင်တွေနှင့် အရေပြားတစ်မိုက်ခန့်တို့အား မီးပုံရှို့လိုက်သည်။ ...င်ညို၏ အလောင်းကိုလည်း အင်းထိပ်မှာပင် မြှုပ်နှံသင်္ဂြိုဟ်လိုက် သည်။

ထိုသို့ သင်္ဂြိုဟ်ပြီးပါသော်လည်း မောင်ညို၏ ဇာတ်လမ်းက ...သေးပါ။ မောင်ညိုတစ်ယောက် ထိုငါးဘတ်အင်းလုံးတွင် ရှိနေ ...ကြောင်း သိရပြန်ပါပြီ။ ထိုသို့ သိရခြင်းမှာလည်း အင်းအားဖြတ်ကူး ... လှေအား တစ်ခါတစ်ခါ ဆွဲလှည့်၏။ လှေမှာ ဦးတည်ရာ ...ရောက်တော့တဲ လည်သွားသည်ကိုလည်း တွေ့ရသည့်အပြင် မောင်ညို ...ခွဲအလန်းထဲဝယ် အင်းဖြတ်ကူးသည့်လှေပေါ်ဝယ် ထမိ အနက် ... အကျီအနက်ရောင် တိုက်ပုံဝတ်သူမှန်သမျှ လှေပေါ်လိုက်ခဲ့ပါ ...ထိုလှေအား ဆွဲလှည့်သည်မှာ ထင်ရှားစွာတွေ့ရသဖြင့် လူတွေ ...သားကြစဉ် တစ်နေ့ဝယ်....

"ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား"

www.burmeseclassic.com

www.burmeseclassic.com



"ရော်... ချစ်အေး ဘာဖြစ်တာပ"

"ဝုန်း"

"ဟာ... ချစ်အေး... ချစ်အေး"

"ဂူး... ဟား... ဟား... ဟား... ဟား... ဝါး... ဟား... ဟား"

"ချစ်အေး... ချစ်အေး"

မောင်ညို သေပြီးနောက် အင်းထဲတွင် ငါးဖော်ရန်အတွက် လူတွေ တစ်စုတစ်ဝေးရောက်ကြစဉ် ညနေနေဝင်စအချိန်ဝယ် ချစ်အေးဆိုသည့် လူငယ်တစ်ယောက်အား ဝင်စီးပါပြီ။

"ကဲ... ချစ်အေးကိုစီးတာ ဘယ်သူလဲ ပြော... ပြောပါ"

"ဘာလုပ်ပေးရမှာပအေး"

"နှုတ်ဖွင့်ပြောပါ"

ချစ်အေးမှာ အသားတွေ တဆတ်ဆတ်တုန်နေရာမှ မျက်လုံးကြီးပြူးလိုက်၊ အံကြိတ်လိုက် ဒေါသထွက်နေပုံလည်းရ၏။ စိတ်တို၍ ဖနောင့်ဆောင့်သဖြင့် ရွာလူကြီးတစ်ဦးမှ မေတ္တာရပ်ခံလိုက်သည်။

"ကဲ... ဒီကလေးကို စီးနေတာ မောင်ညို မဟုတ်လား၊ ဟုတ်ရင် ခေါင်းငြိမ့်"

ခေါင်းငြိမ့်၏၊ အခါခါငြိမ့်၏။

"ဒါဆို ဒီအင်းမှာ နေတာပေါ့နော်"

ခေါင်းငြိမ့်ပြန်၏။

"ဘာလုပ်ပေးရမှာလဲ ပြောပါ၊ လူတွေကို ဒုက္ခမပေးပါနဲ့ မောင်ညိုအတွက် အမျှအတန်းလည်း ပေးဝေပြီးတာပအေး၊ ဒီမှာနေရင်လည်း ကောင်းကောင်းနေပါ၊ အင်းပိုင်ရှင်ကြီးကလည်း ခွင့်ပြုပါတယ် ကျေနပ်ရင် ခေါင်းငြိမ့်ပါ"





ခေါင်းငြိမ့်ပြ၏။ မျက်ရည်တွေ ကျလာသည်။ ထိုနောက် အားရ ...း၍ ငိုပါတော့သည်။ ရှိုက်ကြီးတငင်ငိုယိုရင်း သူ့စိတ်ကိုသူ ပြန်ထိန်း ...က်ပြီးနောက် ဖနောင့် ထပ်ပေါက်ပြန်သည်။ သို့အတွက် ထိုရွာသူကြီး ...င် မောင်ညို အားမေးလိုက်၏။

"ဘာအလိုရှိလဲ ပြောပါ"

"အင်း... အင်း... အင်း... ဒီ... ဒီ... အင်းလုံး အင်းလုံးကိုဖြတ်ရင် ...ကျို၊ ထမိအနက် မဝတ်နဲ့... မဝတ်နဲ့ ငါ... ငါ ဒေါသဖြစ်တယ်"

"ကောင်းပြီ မောင်ညို စိတ်ချ၊ ဒါပေမယ့် အင်းမှာ နေတဲ့နောက် ...သူတွေကိုမနှောက်ယှက် မခြောက်လှန့်ပါနဲ့၊ မောင်ညိုအတွက် အင်းဖော် ...ချိန်မှာ အရက်ရယ်၊ ကြက်ကြော်နဲ့ ငါးကြင်းကင် ကျွေးမွေးမယ်ပေါ့၊ ...တစ်နှစ်တစ်ကြိမ်ပဲ ကျွေးမွေးနိုင်မယ် ကျေနပ်လား"

ခေါင်းငြိမ့်ပြ၏။

"ဒါဆိုရင်တော့ မောင်ညို ဒီအင်းမှာ နေပါလို့ အင်းပိုင်ရှင်က ...သဘောတူပါတယ် ဒီမှာပဲ နေပါတော့ မောင်ညို၊ ကဲ... မောင်ညို၊ ...ချစ်အေးကို သနားပါတယ်၊ မောင်ညိုလည်း သွားပါတော့၊ မနက်ဖန် ...အင်းဖော်မယ်၊ တော်တော်ကြာရင် မောင်ညိုအတွက် ကြက်၊ ငါးကင်နဲ့ ...အရက် ကျွေးမွေးမယ် မောင်ညို သွားတော့နော်"

"ဟီး... ဟီး... ဟီး... ဟီး"

"ဂူး... ဂူး... ဂူး... ဟီး... ဟီး... ဟီး"

ငိုယိုရင်းမှ မောင်ညို ထွက်သွားပါပြီ။ ထိုနေ့ ထိုရက်မှစ၍ ...အင်းကိုဖြတ်ကူးသူမှန်သမျှ အကျို၊ ဘောင်းဘီ၊ ထမိအစရှိသည့် အနက်



www.burmeseclassic.com

www.burmeseclassic.com



ရောင် အဝတ်တန်ဆာတွေ မဝတ်ကြတော့ပါ။ အင်းအား အောက်ဘက်မှ ကွင်းသွားလျှင်တော့ အနက်တွေ ဝတ်ထားသည်း မည်သို့မျှ မဖြစ်ပါ။ လှေစီးသူအတွက်တော့ ယနေ့အထိ အနက်ရောင် မဝတ်ကြတော့ကြောင်း ကိုစိုးမြင့် ပြောပြပါသည်။

★ ★ ★

"ဒါဆို ကိုစိုးမြင့်ရေ အဲဒီ မောင်ညိုသေတာ မကြာသေးဘူးပေါ့"

"ရော်... ကျွန်တော့် အဖေ လူပျိုဘဝမှာပဲ မောင်ညို သေတာဗျ"

"ဟာ... ဒါဆို ခင်ဗျားတို့က ဦးညို လို့တောင် ခေါ်သင့်တာပေါ့"

"ဟုတ်တယ်နော့"

"ခင်ဗျားကိုရော ခြောက်ဖူးလား"

"ရော်... မနေ့ကထိုပေါ့၊ ခြောက်တာပအေး၊ ခြောက်တာက တစ်ခါတစ်ခါ လှေကို ဆွဲလှည့်လျှင် ကျွန်တော်က ကျောက်ခဲနဲ့ပေါက်တာပအေး ဘယ်ရမလဲ"

"ခင်ဗျား မကြောက်ဘူးလား"

"မကြောက်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကို တစ်ခါမှ ကြောက်အောင် မခြောက်တဲ့အပြင် ငါးခိုးတဲ့သူစိုးဆိုရင်တော့ ကြိမ်လုံးစာမိပြီသာမှတ်"

"ဗျာ... ဘယ်လို"

"ဘယ်လိုထဲတော့ မသိပါဘူး၊ တစ်ခါက အင်းဖော်ခါနီး သုံးလေးရက်လောက် အထိုပေါ့ဗျာ၊ ကျွန်တော်တို့ အဖေ့ရွာက အရက်





မား ကိုလှအောင်ကြီးနဲ့သူ့အပေါင်းအသင်းဖြစ်တဲ့ ကိုအေးဖေတို့ ယောက် အရက်ဖိုး မရှိလို့ ကွန်နဲ့အင်းထဲခိုးပစ်တာပအေး"

"အဲဒီတော့"

"ဘာပြောကောင်းမလဲ နှစ်ယောက်သား ကွန်ပစ်ထားခဲ့ပြီး အော် တော့ကို ပြေးရတာပ".

"တယ်ဟုတ်ပါလား ဘယ်အချိန်လောက်ရှိပြီလဲ"

"ညနေစောင်း နေမဝင်တဝင် အချိန်ပေါ့၊ နှစ်ယောက်စလုံး သူတို့ ပြောပြတာတော့ သူတို့နောက်မှာ ကြိမ်လုံးကြီး ကိုင်ထားတဲ့ မည်းမည်း ကောင်ကြီးက တင်ပါးတွေကို တအားရိုက်တယ်ဆိုတာပဲဗျ၊ သူတို့ င်ပါးလှန်ကြည့်တော့ ရော် ကြောက်စရာပ၊ ကြိမ်လုံးရာကြီးတွေ ရောင်နေတာမှ အမြောင်းလိုက်ကြီးပအေး၊ လက်ခလယ် အလုံးထိုက် ဆနေတာပ၊ ကွန်တောင်မနည်း ပြန်ယေးရတာပ"

ကိုစိုးမြင့် ပြောပြသည်များကို ကြားရတော့ မောင်ညိုအတွက် ာ်မကောင်းပါ။ မောင်ညိုသည် ထိုငါးဘတ်အင်းလုံးအပေါ် အစွဲအ မ်းကြီးသည့်အတွက် ဤငါးဘတ်အင်းထုံးတွင် မကျွတ်မလွတ်နိုင် တော့။ သူ့အတွက် အလှူဒါနတွေ ပြုပေးပါသော်လည်း မောင်ညိုမ ကြားနိုင် မသိနိုင်၊ အကြောင်းမှာ ကျွန်တော်တို့ ကြားဖူးနားဝရှိသော ရှိ အစောင့်ကြီး ဖြစ်နေပြီ။ ပထမ သူအား သတ်သွားသည့် စောင့်ကြီးမှာ သူ၏ထိုအင်းစောင့်တာဝန်အား မောင်ညိုကို လွှဲပေး သွားသည်လား မသိတော့။

"ဩော်... တစ်ခု ကျန်သေးတယ် မေ့နေလိုက်တာ"

"ဩော်... ဆရာကိုတင်မြတ် လန့်တောင် လန့်တာပအေး"

www.burmeseclassic.com

"ခင်ဗျားရဲ့ ကျောက်ဘီလူးနှာမည် ဘယ်လိုဘယ်လိုရသလဲ ဆိုတာ ရှင်းဦးလေ"

"အင်း... ဒါလား... မထူးခြားပါဘူးဗျ၊ ဟဲ... ဟဲ... ဟဲ... ဟဲ၊ ကျွန်တော် ငယ်ငယ်ကစပြီး အခုချိန်ထိ ကျောက်ခဲနဲ့မကင်းလို့"

"ဆရာကိုတင်မြတ်"

"ဟုတ်ကဲ့ ကိုလှသန်း ပြောပါ"

"ဒီကောင်က အီးကုန်းလည်း ကျောက်ခဲပအေး ဟား... ဟား ... ဟား... ဟား"

"ဟာ နောက်နေတာပ၊ ကျွန်တော်ငယ်ငယ်က ရန်ဖြစ်ရင် ထူ ကောင်ကသေးတော့ ကျောက်ခဲနဲ့ထုတတ်တာပ၊ ကြီးတော့ထည်း ဒီအတိုင်းပ၊ ကျွန်တော် လက်နက်က ကျောက်ခဲပအေး၊ ကျောက်ခဲနဲ့သာ ထုရလို့တော့ လွဲတယ်မထင်နဲ့ ပစ်တိုင်းထိတာပအေး၊ ကျွန်တော် အိမ် မှာကော၊ ယောဟိုအင်းထဲမှာကောပ၊ နောက်ဆုံး ထောင်ထဲအထိ ကျောက် ခဲတွေ အမြဲဆောင်ထားတာပ၊ ဒီမှာလေ"

"ဗျာ... လွယ်အိတ်"

"ဟုတ်တာပ၊ လွယ်အိတ်ထဲမှာ ကျောက်ခဲငါးလုံး"

"ဟာ... ဟုတ်ပဗျာ"

ကိုစိုးမြင့်သည် သူ၏လွယ်အိတ်ထဲမှ လက်သီးဆုပ်ခန့် ကျောက် ခဲ ငါးလုံးထုတ်ပြ၏။ ကျောက်ခဲတွေမှာ ဝိုင်းဝိုင်းစက်စက် ချော်ချော ချောတွေဖြစ်၏။ သူသေသေချာချာ ရွေးကောက်ထားသည့်အတွက် ရှယ်တုလုံးချော ကျောက်ခဲတွေပါတကား။

"ဒါကြောင့် ကျောက်ဘီလူးခေါ်တာပေါ့နော်"



"မဟုတ်သေးဘူး၊ ဆရာကိုတင်မြတ်"

"လုပ်ပါဦးဗျ"

"ကျွန်တော်က လူသာအကောင်သေးတာ၊ စိတ်က မြန်တာပ အေး၊ ဒါကြောင့် ကျွန်တော်အမေက သရဲတစ္ဆေ ထက် ဆိုးတဲ့အကောင်၊ ဘီလူးအကောင်၊ ကျောက်ခဲအားကိုးပြီး မိုက်ရူးအကောင် စိုးမြင့်ကို ကျောက်ဘီလူးလို့ ဒီနေကစပြီး ငါနာမည်ပေးလိုက်တယ်လို့ အော်ပြော က ရွာထဲကလူတွေကပါ ကျွန်တော်ကို အဲဒီကျောက်ခဲနဲ့ဘီလူးပေါင်း တဲ့ ကျောက်ဘီလူးဘွဲ့ ပေးကြတာပအေး"

"အင်း... မဆိုးပါဘူးဗျာ၊ လူတစ်ယောက်အတွက် ဆိုးသည့်ပဲ ဖြစ်ဖြစ်၊ ကောင်းသည့်ပဲဖြစ်ဖြစ် ဘွဲ့တစ်ခုရဘို့ဆိုတာ မလွယ်ဘူး ကိုစိုးမြင့်ရဲ့၊ ခုခင်ဗျား ပြောတဲ့ဘွဲ့ကလည်း ခင်ဗျားအတွက် ထိုက်တန် ပါတယ်ဗျ၊ လူဆိုတာဟာ ကိုယ့်ကိုကိုယ်ကာကွယ်မှုအတွက် ပြင်ဆင် တော့ ရှိရမှာပေါ့ဗျ"

"ဟုတ်တာပ"

"ကျွန်တော် ပြောပြမယ်၊ ဥပမာ သိုင်းသင်တာ ဘာလုပ်ဖို့လဲ"

"ဪ... ဟုတ်တာပ၊ ကာကွယ်ဖို့ သင်ထားတာပ"

"မှန်တယ်၊ သူများကို သွားစော်ကားဖို့ မဟုတ်ဘူးဆိုတာ သတိ ရမယ်ဗျ၊ မေ့မေ့ပျောက်ပျောက်နေလို့ မရဘူး၊ အခု ခင်ဗျားမှာ ခင်ဗျား အတွက် ကာကွယ်ဖို့ လက်နက်တွေပါလာတော့ တအားတက်ရတာပေါ့"

ကျွန်တော် ဝင်ရောက်ပြောလိုက်သောအခါ ကိုစိုးမြင့်၏ ကျောက်ဘီလူးသည် ဝမ်းသာကြည်နူးသွား၏။ သူ၏လုပ်ရပ်မှန်ကန် ကြောင်း ကျွန်တော်ထောက်ခံလိုက်သဖြင့် သူကိုယ်သူထည်း ဂုဏ်ယူမိ

www.burmeseclassic.com



သွားပြီ၊ နားထောင်နေသော ကိုလှသန်းပင်လျှင် ကိုစိုးမြင့်အတွက် ...
နပ်သွားသည်ကို လရောင်အောက်တွင် မြင်တွေ့လိုက်ရသည်။

တင်မြတ်၏ စိတ်ပညာဖြင့် မအိပ်ချင်အောင် ဖန်တီးသကဲ့...
ကြောက်စိတ်တွေ ထွင့်စင်အောင်လည်း ဟိုအကြောင်းဒီအကြောင်း...
ပြောနေသဖြင့် ကိုစိုးမြင့်နှင့် ကိုလှသန်းတို့ ကျွန်အပိုင်းတွေ မေ့ပျောက်...
သည်ကို တွေ့ရသော ကျွန်တော်စိတ်ချမ်းသာနေပါသည်။

ကျွန်တော်တို့သုံးယောက်သည် ယစုအချိန်ဝယ် မှဆိုးတွေ...
၏။ မုဆိုးတွေသည် သားကောင်မပစ်ဘူးသေးသော အစိမ်းသက်သ...
လူသားတွေအား သားကောင်ပစ်ရင်း သူတို့၏ စိတ်ဓာတ်ကို ထုံ့စား...
ချုပ်ထားသည်ကိုတော့ဖြင့် သူတို့နှစ်ယောက် မသိပါ၊ ကျွန်တော်...
မတရားလှည့်စားနေခြင်း မဟုတ်ပါ။ သူတို့တစ်တွေ စိတ်ချမ်းချမ်း...
သာဖြင့် တစ်ညဉ့်တာ ပျော်ရွှင်နိုင်ပါစေဟုသော စေတနာသန့်သန့်...
ဆွဲဆောင်ထားပါလျက် အနှောင့်အယှက်က ပေါ်လာပါပြီ။

အချိန်သည် ညဉ့်နှစ်နာရီကျော်သည်တွင် သေတွေတိုက်လာ...
သေတိုက်ပုံမှာ အင်းဘက်မှတဆင့် ထက်ပန်ပင်တွေအစပ်၊ ထိုမှတ...
မိုးကြိုးစထားသော လက်ပန်ပင် မည်းမည်းကြီး ထိုမှတဆင့် ကျွန်...
တို့ပစ်၍ ထဲနေသေနေသော တောဝက်နှင့် ဆတ်တို့ရှိနေသည့် သစ်...
ပင်ကြီး ဖြစ်ပါသည်။ မသိသောသူ မပြောပါနှင့် ကျွန်တော်တို့...
သာမာန်ရိုးရိုးလေးဟု တွက်မိပါသည်။

"ဝိ... ဝိ... ဝိ... ဝိ"

"ဟူး... ဝူး... ဟူး... ဟူး... ဟူး"

"ဆရာကျော် လေညှင်းလောက်တော့ရှိတယ်"



"အေးကွာ အင်းဘက်ကနေတိုက်တဲ့လေပဲ"

"ကျွန်တော်တို့ ကွင်းသွားတယ်"

"ကောင်းတာပေါ့ကွာ"

ကျွန်တော့်ကို မိုးကျော်အောင်က ပြော၏။ တင်မြတ်က ကျွန်တော်တို့အား ကွင်းသွားကြောင်းပြောစဉ် မိုးကျော်အောင်ကပင်လျှင် လေကွင်းသွားသည့်အတွက် ကောင်းတာပေါ့ဟု ပြောလာသည်။ ကျွန်တော် သံသယတော့ ဖြစ်လာသည်။ သို့အတွက် မိုးကြိုးပစ် ဆိုသည့် သူတို့ ခေါ်သည့် လက်ပန်ပင်မည်းမည်းကြီးအား လှမ်းကြည့်လိုက်သော အခါ အပင်ကြီး၏ကျိုးတို့ကျဲတဲအကိုင်းတွေ လှုပ်နေသောကြောင့် ကောင်းဆိုးဝါးတွေ ဖန်တီးလေပြီဟု တွက်မိ၏၊

"ဝေါ... ဝေါ... ဝေါ... ဝေါ"

"ဟူး... ဝူး... ဝူး... ဝိ... ဝိ... ဝိ... ဝိ"

"ဝုန်း... ဝုန်း... ဝုန်း"

"ဝါး... ဝါး... ဝါး... ဟား... ဟား... ဟား... ဟား"

"ရော်... ဘာသံတွေပအေး"

"လေတိုက်တော့ အပင်တွေ၊ မြက်တွေ အကိုင်းတွေ လှုပ်ရမ်းတဲ့ အသံတွေပါဗျ၊ ဒါဟာ ထုံးစံအတိုင်းပဲလေ"

ကျွန်တော်ကြည့်နေသော မိုးကြိုးပစ်ထားသည့် ထက်ပန်ပင် ကြီးဘက်မှ ဆံပင်ဖားလျားချထားသည်ဟု ထင်ရသော မည်းမည်းကြီး ...ကောင်သည် ကျွန်တော်တို့ပစ်ခတ်၍ သေဆုံးနေသော တောဝက်နှင့် ဆတ်တို့ဘက် သစ်ဆိမ့်ပင်ကြီးနှစ်ပင်ဘက်သို့ တန်းတန်းမတ်မတ် ...သွားနေပါသည်။ ကျွန်တော်တို့နေရာယူထားသော လက်ပန်ပင်နှစ်ပင်

www.burmeseclassic.com



ဘက်အား အေးတိုက်သွားနေရာမှ ခြံတစ်ခုအကွယ်သို့ရောက်တော နှစ်ကောင်လုံး ကွယ်သွားပြန်၏။

"ဆရာကျော်"

"မိုးကျော် မင်း မြင်တယ်ပေါ့"

"မြင်တယ် ဆရာကျော်"

"အေး… ဘာလဲကွ"

"ပျောက်နေသေးတယ်၊ တင်မြတ်တွေ့လား"

"မတွေ့ဘူး၊ နှစ်ကောင်ကွ"

"ရော်… ဘာနှစ်ကောင်ပအေး"

"မသိသေးဘူး၊ ကိုလှသန်း မည်းမည်းနှစ်ကောင်ပဲ"

"ဟုတ်တယ် ဆံပင်ဖားလျားချထားပုံရတယ် နှစ်ကောင်လုံး သွေးခဲပုံစံပဲ"

"မိုးကျော် ဘယ်ရောက်သွားလဲ"

"ဟို မိုးကြိုးခထားတဲ့ ထက်ပန်ပင်ကြီးဘက်ကနေ သစ်ဆိမ့် သွားနေတာကွ၊ ခုတော့ ဟောဟိုက ချုံတန်းအရောက် နှစ်ကောင်း ကွယ်သွားတယ်"

"ဘယ်ချုံလဲ"

"ဟိုချုံထဲ ဟောဟို ချုံတန်းပေါ့၊ ဟိုမြင့်မြင့်အပင်နဲ့ ချုံတန်း ပျောက်သွားတယ်ကွ"

"ဒါဆို သရဲထင်တာပအေး"

"ဟုတ်ပ ဟုတ်ပ၊ ဟိုကောင်မလေးနှစ်ယောက်ပဲ ဖြစ်မှာပအေ သူတို့နှစ်ယောက်လည်း ဘယ်ထိုမှ ချွတ်ထို့ မကျွတ်တာပ ခုကွပ"



"ဘာလည်းဗျ ကြောက်နေကြပြန်ပြီလား"

"ကြောက်တော့ ကြောက်တာပ၊ သူတို့က မနံဆင်းရှင်သလို ရတာပအေး၊ လူကို ဒုက္ခပေးလို့ မောင်ညိုသေရတာပ"

"မကြောက်ပါနဲ့ဗျာ၊ ကျွန်တော်တို့သုံးယောက်ရှိနေပါသေးတယ်ဗျ၊ သူတို့ ကျွန်တော်တို့ကို ကြောက်လို့ ဟိုဘက်ကနေ ကွင်းသွားတာပဲဟာ"

မိုးကျော်အောင်မှာ နှစ်သိမ့်စကားပြော၏။ သူတို့ကြောက်ရွံ့မှုအား ကျွန်တော်တွေးပြီး သနားမိပါသည်။ ဒီမိန်းကလေးနှစ်ယောက်သည်လည်း အသေဆိုးသေထားရသည့်အတွက် မကျွတ်မလွတ်သေးကြပါ။ အစွဲအလန်းသည်လည်း အလွန် ကြောက်စရာကောင်း၏။ အစိမ်းသေဆိုတော့ ပိုကြောက်ရွံ့နေကြသည့်သာ။

"ဟော… ဟော ဆရာကျော် ဆရာကျော်"

"အေး… ဟုတ်တယ် တို့ပစ်ထားတဲ့ သားကောင်တွေက ဘက် သွားနေတယ် နှစ်ကောင်လုံးသွားနေတာကွ"

"ကဲ… ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ တော်တော်ကြာ ထဲနေတဲ့ နှစ်ကောင်ပါ ထပြေးနေဦးမယ်"

"ရော်… ပြေးတတ်သလားပ"

"မပြောနိုင်ဘူးဗျ"

"မိုးကျော်ရေ မင်းပစ်ကွာ၊ ငါမီးမထိုးဘူး ရှေ့ကအကောင်တိုပစ်"

"ဆရာကျော် ကျွန်တော် ပစ်ရမလား"

"မပစ်နဲ့ တင်မြတ် မင်းနဲ့ ငါအသင့်ပြင်ထားတာပေါ့"

"ဟုတ်ကဲ့"

"ဆရာကျော် ကျွန်တော်ပစ်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်သာ ပစ်တော့"

"ဒိုင်း..."

"ဝီ... ဝီ... ဝီ... ဒိုင်း"

"ဝုန်း... ဝုး... အီး... အီး... ဝုး"

"ဟာ... တောမကြီးဘက် ထွက်ပြေးတယ်"

"ဆရာကြီးပ"

"ဟုတ်ကဲ့"

"သရဲက သေနတ်တော်တော် ကြောက်တာပအေး"

"ဟုတ်တယ်"

ကျွန်တော် ဘာမှမပြောတော့ပါ၊ ပြေးသွားသော သရဲနှစ်ကော ထား မသိရသော မည်းမည်းနှစ်ကောင်သည် တောမကြီးဘက်သို့ ပြေ ဝင်ပျောက်ကွယ်သွားပြီ။ မှန်တာမမှန်တာအရေးမကြီး ကျွန်တော်တို့ သားကောင်တွေတော့ အထိမခံနိုင်ပါ။ မဖြစ်သေးပါ၊ ကျွန်တော်တို့ ရာပြောင်းမှ ဖြစ်တော့မည်။ အကြောင်းမှာ သိနေသောသားကော နှစ်ကောင်အတွက် စိတ်မချရင်တော့။ မတော်တဆ အပမှီတာမျိ ဖြစ်လျှင်လည်း မကောင်း၊ သို့မဟုတ် ကျား၊ ဝံတွေ ရောက်လာပြ အစာလုပွဲဆိုလျှင်လည်း ကျွန်တော်တို့အတွက် အန္တရာယ်၊ ကြော မက်ဖွယ်တော့ မဟုတ်ပါ၊ သို့သော်လည်း ကြိုတင်ကာကွယ်မှု လုပ်ပေ ရတော့မည်။

"မိုးကျော်နဲ့ တင်မြတ်"

"ဟုတ်ကဲ့"

"တို့နေရာ ရွှေ့ရအောင်"





"ဗျာ"

"မဗျာနဲ့ တို့ပစ်ထားတဲ့ အကောင်တွေနဲ့ နီးတဲ့နေရာဆိုတော့ ဟောဟိုက လက်ပန်ပင်ဘက်သေ"

"ဒါလည်း ကောင်းတာပဲ ဆရာကျော်ပြောသလို သိနေတဲ့ သား ကောင်နှစ်ကောင်အတွက် ပိုမိုစိတ်ချရတာပေါ့"

"ဟုတ်တယ် ဆရာကျော် မိုးကျော်ပြောသလို အနည်းငယ်စောင့် တာပေါ့၊ အချိန်လည်း မစောတော့ပါဘူး မကြာခင် မိုးလင်းတော့မှာ ပါ"

"အေး... ကဲ ရွှေ့ကြ တင်မြတ် ထွက်"

"ကိုလှသန်းနှင့် ကိုစိုးမြင့် ကျွန်တော့်နောက်ကလိုက်ခဲ့ ဘာမှ မကြောက်နဲ့ ကြားသား၊ တစ်စုံတစ်ခု ထူးလည်း ထွက်မပြေးနဲ့၊ ကျွန်တော့်အားမှာပဲကပ်နေကြ"

"ဟုတ်... ဟုတ်"

ကျွန်တော်တို့ နေရာပြောင်းလိုက်ပါသည်။ ကျွန်တော်တို့ ပြောင်း နေသောနေရာမှာ သစ်ဆိမ့်နှစ်ပင်နှင့် အလွန်ဆုံးကွာပါက ပေလေးဆယ် ထက် မကျော်ပါ။ လက်ပန်ပင်နှစ်ပင်အားသို့ တင်မြတ် ပြေးကပ်လိုက် ၏။ ကျွန်တော်တို့ အားလုံးသည် ကပ်လိုက်သောအခါ ပတ်ဝန်းကျင် ရှင်းပြီးနောက် ထိုနေရာတွင် နေရာယူရင်း ဆက်စောင့်နေလိုက်၏။

မိုးကျော်အောင်ပစ်၍ ထွက်ပြေးသွားသော အကောင်မည်းမည်း ကြီး နှစ်ကောင်သည်ကား လုံးဝပေါ်မလာတော့။ ဘာသံမျှမကြားရဘဲ တိတ်ဆိတ်နေသောကြောင့် စိတ်ထဲမသက်သာချင်ပါ။ သို့သော်လည်း ဒီညအဖို့ ကျေနပ်လိုက်ပါပြီ။ သူတို့ပြောသော မိုးကြိုး၍ သေဆုံးကြ

www.burmeseclassic.com



သည့် မိန်းကလေးနှစ်ယောက်အကြောင်း သိရသည်။ အသေးစိတ်တော မဟုတ်၊ သို့သော်လည်း သူတို့ပြောသည့်အတိုင်း သရဲထား ဘာထား သိ နှစ်ကောင်တော့ နှစ်ကောင်တွေ့လိုက်ရ၏။ ပစ်လိုက်ရ၏။ နော တော့ ပျောက်သွားသေပြီ။

စောင့်ရသည်မှာ ကြာသည်ဟု ထင်မိသည်။ မိုးကား ထင် လုချေ၏။ အားလုံး စကားမပြောတော့ ကျွန်တော်တို့ပစ်ထားသည တောဝက်နှင့်ဆတ်ကြီးမှာတော့ တုံးလုံးပက်လက်အနေအထားမို့ မ ကျော်အောင် စိတ်သိပ်မရှည်တော့ပါ၊ သို့အတွက်ကြောင့်...

"တင်မြတ်"

"ဘာလဲ မိုးကျော်"

"တောဝက် ပစ်ထားတာကြာပြီကွာ၊ အနံ့တွေ စွဲတော့မှာပဲ"

"အေး... သွားရှင်းရအောင်"

"ဆရာကျော် ကျွန်တော်တို့ သွားလုပ်လိုက်ဦးမယ်"

"လုပ်လေ၊ မိုးကျော်ကလုပ်၊ တင်မြတ် မီးထိုးပေးလိုက်"

"ဟုတ်ကဲ့"

"ငါ ဒီကနေ စောင့်ပေးမယ်၊ ပစ်စရာကြုံရင် ငါပစ်မယ်၊ သ တော့ထား မိုးလင်းပိုင်းဆိုတော့ သားကောင်တွေ ပြန်ထွက်မဲ့အချိန် ရောက်တော့မယ်ကွ"

မိုးကျော်နှင့် တင်မြတ် တောဝက်ထီးကြီး၏ သို့နံ့ မရစေ မိုးကျော်အောင်သည် လိုးဖြတ်သုတ်သင်ရှင်းလင်းနေ၏။ သူတို့ စိတ် ဝယ် ပစ်ခတ်မှုနှင့် ယခုလုပ်ဆောင်မှုမှာ တော်တော်လေးပင် နောက် နေသည်ဟုတွေးရင်း သတိမလွတ်စေရန် ပတ်ဝန်းကျင်အား တင်မြ

www.burmeseclassic.com



ကြည့်ကစားလိုက်၏။ ပတ်ဝန်းကျင်က တိတ်ဆိတ်နေသဲမှာပင် မ ခင်မှတ်သော ဖြစ်ရပ်တစ်ခုသည် ဝက်၏သိုးနံ့ကိုစွလုပ်နေရသော ိုးကျော်အောင်မှာ ထိုင်လျက် တင်မြတ်သည် သေနတ်ပုခုံးထမ်း အနေ အထား မတ်တပ်ရပ်နေခိုက်...

"ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း"

"ဂိုး... ဂိုး... ဂိုး"

"ဝိ... ဝိ... ဝိ... ဖြောင်း... အိး"

"ဒိုင်း"

"အို"

"ဟာ"

သစ်ဆိမ့်ပင်ကြီးထက်မှ မည်းမည်းမည်းမည်းနှင့် လင်းတကဲ့သို့ ငှက်ကြီးတစ်ကောင်သည် သူ၏အတောင်တွေ ဖြန့်ကျက်လျက် အပင် ပေါ်မှ ထိုးဆင်းကာ အတောင်ရိုက်သံတွေအပြင် ပါးစပ်မှတဂိုးဂိုး အော် ပစ်ကာ တင်မြတ်အား အရှိန်ဖြင့် ဝင်ရောက်ထိုးနှက်သည်တွင် တင် မြတ်လည်း ဖင်ထိုင်ချရင်းမှ ငှက်ကြီးအား အို ဆိုသောအသံပင် နောက် ကျပြီး ကျည်တစ်တောင့် ထွက်သွား၏။ မိုးကျော်အောင်၏ ပါးစပ်မှာ လည်း ဟာ ဆိုသောအသံကြီးထွက်လျက် အောက်သို့ သေနတ်မှန်ကာ ကျလာသည်။

"ဘုန်း"

"ဖြတ်... ဖြတ်... ဖြတ်"

"ဖွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်နှင့် ရိုက်မိသော ထိုငှက်ကြီးမှာ တဖျတ်ဖျတ်လူးလိမ့် ရုန်းပေါက်နေသည်ကို လက်သွက်သော မိုးကျော်အောင်မှာ သူ၏ လက်ထဲမှ ထုံ့ရွှပ်ဓားဖြင့် ငှက်ကြီးပေါ်သို့ တအားစိုက်ချလိုက်သည်ကို ငှက်ကြီး၏ ဘေးတစ်ဆောင်းအတွင်း ထုံ့ရွှပ်ဝင်ကာ မြေကြီးတွင် စိုက်နေ၏။

မိုးကျော်အောင် လက်နှိပ်ဓာတ်မီး အမြန်ထုတ်ရင်း ထိုးကြည့်လိုက်သည်တွင် ငှက်တစ်ကောင်တော့ ငှက်တစ်ကောင်၊ ဘာငှက်မှန်း စောစောက မသိသော်လည်း ယခုတော့သိရပါပြီ၊ စီးကွက်ညဉ့်ငှက် အကောင်ကြီးတစ်ကောင်။

"မိုးကျော် ဘာငှက်လဲ"

"စီးကွက် မျက်ပြူးလေ"

"တောက်... အသံကြားလို့ကြည့်တော့ စီးကွက်မျက်ပြူး မဟုတ်ဘူး ကိုယ်လူ"

"မင်း ဘာကောင်လို့ ထင်လိုက်တာ"

"ထင်တာမဟုတ်ဘူး မြင်တာ အပင်ပေါ်ကနေ ငါအထင်က မျောက်ကြီးတစ်ကောင်တောင် ထင်နေတာ၊ မျောက် မဟုတ်ရင် ထူဆိုတော့ အပကောင်ပေါ့ကွာ"

"ဟုတ်ထား တောက်"

"မိုးကျော်"

"ဟင်"

"ဒီ စီးကွက်ကို မီးတိုက်ရအောင်"

"အေး... ကောင်းတယ်"



သူတို့နှစ်ယောက် သေနေသော စီးကွက်အား သစ်ရွက်ခြောက်ဘွ စုပုံ မီးတိုက်နေသည်ကို ကျွန်တော်မြင်ရ၏။ ကျွန်တော်တို့ သုံးယောက် သတိကြီးစွာထားရင်း စောင့်နေလိုက်သည်။ တင်မြတ်တို့နှစ်ယောက် ကျွန်တော်တို့ထံ ရောက်တော့မှ အခြေအနေသိရသဖြင့် သူတို့ပြုံဆောင်ချက်ကို ပိုမိုကျေနပ်ပါ၏။ အကြောင်းမှာ မီးရှို့ခြင်း အတွက်ပါသည်။

"အေး... မင်းတို့ မီးတိုက်တာ ကောင်းတယ်"

"မသကာလို့ ဆရာကျော်"

"အေးလေ အနောက်အယှက်တွေ ရှိနေတာကိုးကွ၊ နောက်တာစ်ခု မီးအနုလို ရှို့ထားတော့ သားကောင်ကြီးတွေလည်း မလာရဲဘူး၊ ကပြီး အရိုပ်ကောင်တွေလည်း မီးဆို ကြောက်ကြတာ မင်းတို့အသိ"

"နောက်တာစ်ခု"

"ဘာလဲ ဆရာကျော်"

"တောမကြီးဘက် ပြေးသွားတဲ့ နှစ်ကောင်အတွက် ဆက်လုပ်စရာရှိသေးတယ် မိုးကျော်"

"ဗျာ... ဩော်... မိုးလင်းတော့မှပေါ့"

"အေး... မိုးလင်းရင် သူတို့နှစ်ယောက်ကို ရှာလွှတ်မယ်၊ တို့ယောက် ဒီပတ်ဝန်းကျင်မှာ ခြေရာရှာကြရတာပေါ့"

"ဟုတ်တယ်"

ကျွန်တော်တို့ သုံးယောက်တိုင်ပင် ညှိနှိုင်းနေသည်မှာ မိုးလင်းတာ ဆက်လုပ်မည့် ကိစ္စရပ်များ ရှိနေသေး၏။ နောက်တစ်ခု ဆတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါင်၊ ဝက်တစ်ပေါင်လောက် ရွာသားတွေနှင့် ဗိုလ်ကြီးထံ ပို့နိုင်းရမည်။ အစီရင်ခံစာပါ ရေးပေးရန်အတွက် တစ်ယောက်ထဲ ဦးနှောက်ထဲတွင် စီစဉ်ထားလိုက်သည်။

★ ★ ★

မိုးကား လင်းပါပြီ။ တောကြက်သံတွေအပြင် ချိုးကူသံကအစ ဆက်ရက်ငှက်တွေ ဒီနေ့မနက် စာစာစီစီ ဘယ်ကရောက်လာပြီး တေးဆိုနေကြသည်လား၊ ဒေါသရန်ပွဲ ဆင်နွှဲနေကြသည်လားမသိ၊ ယနေ့ လက်ပန်ပင် ဆက်ရက်ကျနေသည်က အမှန်၊ ကောင်းသောဟန်ရှိသော နံနက်ခင်းဟုဆိုရမည်သာ၊ ကျွန်တော်လိုချင်သော ပုံစံရခဲ့ပါပြီ။ လုပ်ဆောင်ချက် သုံးပုံတစ်ပုံတော့ဖြင့် အောင်မြင်ပြီဟု သတ်မှတ်လိုက်၏။

"ကဲ... ကိုလှသန်းနဲ့ ကိုစိုးမြင့်ရေ"

"ဟုတ်"

"ဟုတ်ကဲ့"

"ခင်ဗျားတို့ နှစ်ယောက်၊ ရွာပြန်ရဲလား"

"ရော်... မိုးလင်းနေတာ ပြန်ရဲတာပေါ့အေး"

"ဒါဆိုရင် ကျွဲလှည်းနှစ်စီးလောက် စီစဉ်ပြီး ဒီသားကောင်တွေ သယ်ကြဗျာ"

"ဆရာကြီးတို့က"

"ကျွန်တော်တို့သုံးယောက် ဒီပတ်ဝန်းကျင် ရှင်းမယ်၊ ရှင်းပြီးတာနဲ့ ရွာကိုပြန်ခဲ့မယ်လေ"





"ရော်... ကောင်းတာပေ"

"ဖြစ်မလား"

"ရော်... ဘာဖြစ်လို့ မဖြစ်ရမှာလဲ ဆရာကြီး"

"ဒါဆိုရင် ခင်ဗျားတို့ပြန်ပြီး လူနဲ့လှည်းခေါ်ခဲ့၊ ဪ... ကိုတင် ကို ပြောခဲ့ဗျာ၊ လူစုံရင် ခဏစောင့် ကျွန်တော်တို့ ခုနစ်နာရီ အရောက် ခဲ့မယ်လို့ စောင့်နေပါ၊ လုပ်စရာတွေရှိတယ် နောက်တစ်ခုက စုထား ရွာသားတွေအားလုံး မနက်စာ တောဝက်သားချက်ပြီးကျွေးဖို့လည်း ဉ်ထားပါ၊ ဝက်ပေါင်တစ်ပေါင်၊ ဆတ်ပေါင်တစ်ပေါင် ပို့ပေးဖို့လည်း စီစဉ်ထားပါလို့ပြောပါ၊ ကျွန်တော်တို့ ဒီပတ်ဝန်းကျင် ရှင်းပြီးတာနဲ့ မြန်ပြန်ခဲ့မှာပါ"

"စိတ်ချပါ ဆရာကြီး"

"ကဲ... ဒါဆိုဆက်လုပ်ကြဗျာ၊ ကျွန်တော်တို့လည်း ပတ်ဝန်းကျင် ဦးမယ်၊ ဒီ သားကောင်တွေ ခင်ဗျားတို့လှည်းနဲ့ သယ်နော်၊ ကျွန်တော် စောင့်နဲ့၊ ကျွန်တော်တို့ဘာသာ ရွာကိုအရောက်ပြန်ခဲ့မယ်"

"ဟုတ်... ဟုတ်"

ကျွန်တော် လိုအပ်သည်များမှာကာ ကိုလှသန်းနှင့် ကိုစိုးမြင့်တို့ ရွာသို့ စေလွှတ်လိုက်သည်။ သူတို့နှစ်ယောက်လည်း မိုးလင်းနေပြီ ရွာသို့ အားရဝမ်းသာ ပြန်သွားကြပါပြီ။ သူတို့နှစ်ယောက် ပြန် သွားအခါမှ ကျွန်တော်တို့သုံးယောက် ထိုင်ရင်း ဆွေးနွေးကြပါပြီ။

"မိုးကျော်နှင့် တင်မြတ် ညက ပစ်လိုက်တဲ့အကောင်ကို ငါ ဘူး"

"ဟုတ်တယ် တောမကြီးဘက် ဝင်ပြေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျော်"

"ဘာလဲ မိုးကျော်"

"ကျွန်တော့်အထင်တော့ ဝံတွေပဲဖြစ်မယ် ဒါပေမဲ့"

မိုးကျော်အောင် တောမဘက်ကြည့်ရင်း စကားအဆက် အတွေးတွေကို ပုံဖော်နေသည်လားမသိ၊ သူထင်ထားသည့် ကိစ္စအား ပြောသင့်မပြောသင့် စဉ်းစားနေသည်ကတော့ အမှန်ပင် ကျွန်တော်နှင့် တင်မြတ်လည်း တိတ်တိတ်ဆိတ်ဆိတ် ကိုယ့်အတွေးတွေ သူ့အတွေးတွေ၊ အတွေးတွေ ပုံဖော်နေကြသည်သာ။

"ဝက်ဝံနစ်ကောင်ကို အပနစ်ကောင်စီးထားသထိုပဲ"

"ဟုတ်တယ် ဆရာကျော်၊ မိုးကျော်ပြောတာ ဖြစ်နိုင်တယ်"

"ငါလည်း ထင်တာ ဒီအတိုင်းပဲ၊ အင်း... ရွာသားတွေ ကြောက်တာလည်း ကြောက်ကြမှာပေါ့၊ ဒီ ပတ်ဝန်းကျင်ရဲ့ အဖြစ်အပျက်တွေဟာ အစီမံးသေတွေပဲ ဖြစ်နေတော့ ရွာသားတွေက ကြောက်၊ မကျွတ်မလွတ်တဲ့ ဝိညာဉ်တွေက စားရသောက်ရအောင် စီးနေတာတွေ ဖြစ်မှာပေါ့"

"ကြည့်ပါလား၊ တစ်ခါမှ မကြုံဖူးတဲ့ ဖီးကွက်က ကျွန်တော်တို့ကို ရန်လုပ်ထိုးကုတ်တာလေ၊ မိုးကျော်အောင် မြင်လိုက်တာက လူလိုလို၊ မျောက်လိုလို အကောင်ပဲ ဆရာကျော်"

"ဟုတ်ပါတယ်၊ ဒီပတ်ဝန်းကျင်မှာတော့ မသကာစရာတွေ ဗျောင်တော်များနေတယ်၊ နောက်ပြီး ဟောဟိုက မိုးကြိုးခထားတဲ့ ထက်ပန်ပင်ကြီး ရှိနေသမျှ ရွာသားတွေ ပိုမိုကြောက်ရွံ့ပြီး သားစဉ်မြေးမြစ် ကြောက်ကုန်တော့မယ်"

"အဲဒီတော့"

BURMESE CLASSIC



"လွယ်လွယ်လေးပဲ မိုးကျော်တို့ လှဲပစ်တာပေါ့"

"လှဲပြီး မီးတိုက်မယ် ဆရာကျော်"

"ကောင်းတယ်၊ ကဲ... တို့ညကပစ်ထားတဲ့ အမဲကောင်နှစ်ကောင်ဆက် ခြေရာခံကြည့်ရအောင်"

"ဟုတ်ကဲ့ သွားကြစို့"

သုံးယောက်သား ငါးနာရီခွဲကျော်ကျော်တွင် ဝက်ဝံလိုလို အကောင်နှစ်ကောင် ဝင်ပြေးသည့် တောမဘက်လျှောက်ခဲ့ပါ၏။ သေသေချာချာ ဖေ့ဖေ့စပ်စပ် ရှာဖွေရာ ပစ်ခတ်ထိမှန်၍ ထဲသွားဟန်တူသော ချယ်ဆားဝယ် တွေ့လိုက်ရသည်မှာ သွေးတွေနှင့်အတူ အသည်းတစ်ခြမ်း အသည်းမှာ လက်သီးဆုတ်မျှ ဖြစ်နေ၍ သေသေချာချာကြည့်လေသည်းတစ်ပုံဖြစ်လေမို့ ကျွန်တော်ပြုံးလိုက်မိပါ၏။

"မိုးကျော်နဲ့ တင်မြတ်"

"ဗျာ"

"ဝက်ဝံတစ်ကောင်ဆိုတာ သေချာပြီ"

"ဟုတ်တော့ ဟုတ်တယ် အသားတုံး၊ ဒါမဟုတ် အရေပြားပြတ်ကျန်ရမဲ့အစား အသည်းကျန်ခဲ့တာ အံ့သြစရာပဲ"

"မိုးကျော်ပြောတာ မှန်တယ်၊ ဘာ့ယ်လိုလဲ ဆရာကျော်"

"မင်းတို့ပြောတာ ဖြစ်နိုင်တယ်ကွ၊ ဒါပေမယ့် အနီးကပ်ပစ်တဲ့ ကျည်ဆက် ဗိုက်တစ်ခြမ်း ဒါမဟုတ် တစ်ထွာတစ်မိုက် ပွင့်သွားတာကြောင့် အသည်း ထွက်ကျခဲ့တာပဲ၊ အရေပြားကတော့ ပြတ်မထွက်ဘဲ ပါသွားတာယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာကျော်၊ ဒီအတိုင်းဆိုရင် ဝံတစ်ကောင်ထပ်သေပြီလို့ တွက်ရမှာပဲ"

"အေး.. ကျားနာခံ ဆိုတာ မင်းတို့အသိ၊ ဝက်ဝံ ဆိုတာလည်း ကျားထက် ကြောက်စရာကောင်းတယ် မပေါ့ကြနဲ့၊ သွေးစက်တွေအတိုင်း လိုက်ကြည့်ကြသေးတာပေါ့"

"ကဲ... ဆက်တက်မယ်"

တင်မြတ် ရှေ့ဆုံးက ဆက်တက်၏။ ခြောက်နာရီကျော်ကျော်ခန့်တွင် ကျွန်တော်တို့ တောမကြီးအတွင်းသို့ တော်တော်လေးရောက်သွားပါပြီ။ သွေးစတွေ တွေ့လိုက်၊ ပျောက်သွားလိုက်နှင့် ဝက်ဝံကြီးကားမတွေ့သေး၊ သို့အတွက် ဆတ်မရှာတော့ဘဲ ပြန်ခဲ့ကြပါတော့သည်။

"တို့ရွာကိုဖွဆောင်ရွက်ပြီး နေ့လယ်စာ စားကြမယ်၊ ခဏနားနားမယ်၊ သုံးနာရီလောက် ဒီဘက်ရှာကြမလား"

"ကျွန်တော် ဒီလိုလုပ်ချင်တယ်"

"ပြော"

"ဆက်မရှာဘဲ နားမယ်၊ ဆရာကျော် ပြောသလို ရွာကိစ္စတွေကို ရွာသားတွေ သေသေချာချာမှာပြီး ကျွန်တော်တို့ နားမယ်ဗျာ၊ ညနေဒီမှာပဲ ထာစောင့်ရင်ကောင်းမလား"

"ဘာဖြစ်လို့ထဲ"

"အခု ပြီးခဲ့တဲ့ ညက ထူးခြားမှုနဲ့ ဒီည ထူးခြားမှု ယှဉ်ကြည့်အောင်လေ"

"အေး... ဒါလည်း ကောင်းတယ်"



"ဒါဆို ကျွန်တော်တို့ ကောင်းကောင်းနားမယ်ဗျာ"

"အေး... နားတာပေါ့၊ ကဲ... ဒါဆို ရွာထဲဝင်ကြရအောင်"

ရွာဘက်သို့ ပြန်ခဲ့ပါသည်။ ကျွန်တော်တို့ ရောက်တော့ ရွာသားတွေ စုစုရုံးရုံး ဓားတွေ၊ လှံတွေနှင့် အသင့်တွေ့ရပါ၏။ ကျွန်တော်က လူနှစ်ဆယ်လောက်ထင်သော်လည်း ယခုတွေ့ရသည်မှာ လူငါးဆယ်မျှရှိနေသည်ကို တွေ့ရသောအခါ အားရှိသွားပါသည်။ ကျွန်တော်၏ အလုပ်တွေ ဆက်လုပ်ရန် ဝမ်းသာသွားသည်။

"ရော်... ဆရာကြီးတို့ ပြန်ရောက်ပြီပ"

"ကိုလှသန်းတို့ကော ရောက်ပြီလား"

"ရောက်တာပ၊ ဆတ်ကြီးနဲ့ တောဓက်ကြီးပအေး ရွာထဲက လှသန်းအိမ်မှာ လုပ်နေကြပြီ"

"ဟုတ်ကဲ့ ကျွန်တော်တို့ အလုပ်ဆက်လုပ်ကြတာပေါ့"

"ရော်... နွားနို့နဲ့ ကောက်ညှင်းပေါင်း စားကြကာပ"

ကိုတင်ရွှေ စီစဉ်ပေးသော နွားနို့နှင့် ကောက်ညှင်းပေါင်း၊ ငါးကြော်တွေ ကျွန်တော်တို့ စားလိုက်ပါသည်။ ရွာသားတွေလည်း ကောက်ညှင်းပေါင်း ကျွေးပြီးကြောင်းနှင့် ရွာမှအမျိုးသမီးအချို့ ရွာသားတွေအတွက် ထမင်းချက်နေကြကြောင်း၊ ကျွန်တော်တို့မှာသည့်အတိုင်း ဆတ်ပေါင်နှင့် ဆတ်ပေါင်တစ်ပေါင် ပြန်ပို့ရေးကိုလည်း မော်တော်ပါစီစဉ်ထားကြောင်း သိရပါသည်။

"ဆရာကြီး"

"ဟုတ်ကဲ့ ကိုတင်ရွှေ"

www.burmeseclassic.com



"ကျွန်တော် စီစဉ်ထားတာပ၊ ထက်ပန်ရွာသူကြီး ဦးသန်းထွန်း
အတွက်ရယ်၊ တာလေရွာသူကြီး ဦးဖြိုးအောင်တို့အတွက် တောဝ
တစ်ပိဿာစောက်နဲ့ ဆတ်သားတွေ ပေးလိုက်မယ်၊ နောက်ပြီး သူကြ
ဦးဖြိုးအောင်ရဲ့ ပွဲရှိတ်နဲ့ဖန်းမော်ကို စီစဉ်လိုက်မယ်၊ ကျွန်တော်တို့ ရွာသ
နှစ်ယောက်လည်း ထည့်ပေးမှာပ"

"ကောင်းပါတယ်၊ ကျွန်တော်လည်း မိုလ်ကြီးထံ အစီရင်ခံ
ရေးပေးလိုက်မယ်"

"ဟုတ်တဲ့၊ ဒါထက် ရွာသားတွေ စုထားတဲ့ ကိစ္စပြောပါ
ဆရာကြီး"

"ဟုတ်ကဲ့ပါ၊ ရွာသားတွေကိုတော့ တောစုတ်ခိုင်းမယ် ကိုတင်
ဒီရွာနဲ့ တောစပ်တောင်ခြေအထိပေါ့ဗျာ၊ အနည်းဆုံး ဝါးနှစ်ပြန်သုံး
လောက် ဘာပင်မှ မရှိအောင် ရှင်းကြတာပေါ့"

"အပင်တွေ နိုကပ်စရာ မရှိတော့ ကျားတို့ ဝံတို့ ရဲရဲတင်းတ
မလာရဲတော့ဘူးပေါ့"

"ဟုတ်တာပနော့၊ လွယ်လွယ်လေးနဲ့ ခက်နေတာ ကျွန်တေ
တို့တစ်တွေပအေး"

"ဗျာ..."

"ရော်... ဒီလိုပါ၊ နေ့စဉ်မြင်တွေ့နေရတဲ့ အပင်တွေကို သတ
ထားမိဘူးလေ၊ ဒါကြောင့် ဝက်ဝံတို့၊ ကျားတို့ အန္တရာယ်ပေးနိုင်တာပေ

"ကဲ... ဒါဆို ရွာသားတွေကို ဆယ်ယောက် တစ်ဖွဲ့ဖွဲ့ပြီး ရှင်း
တာပေါ့ ကိုတင်ရွှေ"

"သိန်းအောင်ရေ ဆရာကြီးပြောတဲ့အတိုင်း တောစုတ်ကြက



"အေး... ခုတ်ကြတာပ"

ပြောပြောဆိုဆို ရွာသားတွေ စုပေါင်းပြီး တောရှင်းကြပါပြီ၊ ဓားတွေက ထက်ထက်၊ အားတွေကလည်း ထက်မြက်၊ ထက်တွေကလည်း သွက်သွက်ချွံတွေ ရှင်းကြ၊ ခုတ်ကြ၊ စုပေါင်းပြီး ခုတ်ပြီးသားအပင်တွေ စုပုံကြ၏။ ခြောက်မှ မီးတိုက်မည်ဟု ပြောကြသည်။ ရွာသားတွေ ပျော်ရွှင်နေကြ၏၊ အကြောင်းမှာ သူတို့ရွာအတွက် ကျွန်တော်တို့ ကူညီမှုတွေရပြီး ကျေနပ်နေကြ၏။

ရွာသားတွေ၏ စုပေါင်းအားကြောင့် ရွာနှင့်ဆက်စပ်နေသော ကျောက်နှစ်လုံးတောင်မကြီး၏ တောင်ခြေဆင်ကျောကုန်းစခန်းနှင့် တောကြက်မြောင်စခန်းတောင်ခြေအထိ တစ်ရက်တည်းဖြင့် အပြီးရှင်းကြသည်။ မနက်စာ တောဝက်သားနှင့် စားကြ၏။ စားပြီး ထပ်မံတော ခုတ်ကြပြန်၏။ ကျွန်တော်တို့ သုံးယောက်မှာ ကိုစိုးမြင့်၊ ကိုထွန်းသန်းနှင့်အတူ ညတစ်ညလုံးမအိပ်ရသည့်အတွက် တစ်ယောက် တစ်လှည့်စီ အိပ်စက်ကြပြီး ညနေသုံးနာရီခန့် အိပ်ယာထလိုက်သည်။

ရွာသားတွေအတွက် ညစာ ဆတ်သားနှင့် ထမင်းကျွေးမည်ဖြစ်ကြောင်း သူတို့ဘက်တွေမှ ထုံးစံရှိသည်မှာ အလှူအတန်းအတွက် တစ်အိမ် ထမင်းတစ်အိုး ဝိုင်းချက်ပေးကြ၏။ ထမင်းတစ်အိုး တစ်ပြည်ခန့် ချက်သည့်အတွက် အပန်းမကြီးပါ။ ချက်ပြီးသော ထမင်းအိုးတွေ ယူလာကြ၏။ ရွာသူကြီး ကိုတင်ရွှေ၏ အိမ်ရှေ့ရှိ ထမင်းတွေ ထည့်ထြ
သည့် တောင်းကြီးတွေမှာ ဖြူဖြူဖွေးဖွေး ထမင်းများဖွေးပျံ့လျက်ဟင်း
ချက်ကောင်းသည့် လူကြီးပိုင်းမှလည်း ဟင်းချက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရွာထဲမှ တောခုတ်အဖွဲ့တွေ ထွက်ကြည့်သော အုံ့သြလောက်အောင် တောပြောင်နေပါပြီ။ တောင်အထိ အပင်ကြီး ပင်မှထွဲ၍ ရုံ့ပုတ်၊ ရုံ့နွယ် အပင်ငယ်အားလုံးရှင်းနေသဖြင့်တောင်ခြေ ပင် ကောင်းစွာတွေ့မြင်ရသောကြောင့် ကျွန်တော်ဝမ်းသာသွားပါ

"ရော်... ဆရာကြီးတို့ လိုက်လာတာပ"

"ဟုတ်တယ် ကိုတင်ရွှေ၊ အခြေအနေလည်း သိချင်တာနဲ့ ကြည့်တာပါ၊ အားရတယ်ဗျာ၊ ခုဆို တောတောင်ကို ကြို့တင်တွေ့ နိုင်ပြီ ကြို့တင်ကွယ်နိုင်ပြီပေါ့"

"ဟုတ်တာပအေး"

"ကိုတင်ရွှေ"

"ဟုတ်ကဲ့"

"ရွာကို စည်းရိုး ကာစေချင်တယ်ဗျာ"

"ရော်...ခက်တာမှမဟုတ် ဝါးလည်းပေါ၊ သစ်လည်းပေါတာ

"ဟုတ်ပါတယ် ဒီတော့ သစ်ပင်တွေ ခုတ်သင့်သလောက် ပြီး ရွာပတ်ပတ်လည် ကာပါလား၊ ဝါးခွဲပြီး သေးကွက်ကြားယက် ပေါ့၊ အမြင့်ကတော့ ရှစ်ပေ၊ ကိုးပေအထိပေါ့"

"နောက်နေ့ ဆက်လုပ်ကြတာပအေး"

ရွာသားကြီးတစ်ဦးမှ ဝင်ရောက်၍ စိတ်ပါလက်ပါ ပြော သည့်အတွက် ကျွန်တော်ကျေနပ်မိသည်။ အရေးကြီးသည်မှာ တော ကြီးဘက်အခြမ်းမှာ ကာရန်ဖြစ်၍ ငါးဘတ်အင်းလုံးနှင့် ဆက်စ သော ရွှံ့အခြေတစ်လျှောက် အခင်းတွေဖြစ်သည့်အတွက် ကာရန် တောကောင်လှည့်ဝင်ရန် မလွယ်ကူပါ။ ကျွန်တော်စဉ်းစားမိ



တတ်အားသရွေ့ ကူညီပေးလိုက်သည့် ရွာသားတွေအတွက် နောက် ထပ် သားကောင် ရှာပစ်ရဦးမည်။ ရွာသားတွေ စိုးရိမ်ကြောက်ရွံ့မှု မှန်သမျှ အားလုံး ရှင်းလင်းပေးရန်အတွက် ကျွန်တော်၏ အစီရင်ခံအထဲ တွင် ထည့်ရေးပြီး နောက်ထပ် လိုအပ်လျှင် သုံးလေးရက်လောက် ဆက်နေမည်ဖြစ်ကြောင်း တင်ပြထားပြီး ဖြစ်ပါသည်။

"ဆရာကြီးပ"

"ဟုတ်ကဲ့ ကိုတင်ရွှေ"

"ညက ရွာဘက်မှာ ကျားလာတာပ"

"ဟုတ်လား၊ ရွာထဲရောက်လား"

"ရွာထဲတော့ မရောက်ပါ၊ ဒါပေမယ့် ထူးခြားတာပအေး"

"ထူးခြားသမျှ သိချင်တယ်၊ ဒါမှ ကြို့တင်ပြင်ဆင် ကာကွယ် နိုင်တာပေါ့"

"ဟုတ်ကဲ့၊ ဒီလိုပ"

ရွာသားတွေအား ကိုတင်ရွှေနှင့် ကိုသိန်းအောင်တို့သည် ကျွန် တော် မှာထားခဲ့သော လုံခြုံရေးကိစ္စများအတွက် ရွာသူရွာသားများ အား မိုးချုပ်နေဝင်အပြင် မထွက်ကြရန် တစ်ရွာလုံး မောင်းထုကြေညာ ထားလိုက်သဖြင့် ရွာသူရွာသားတွေ ကြောက်ရွံ့လျက် လုံးဝအပြင်မ ထွက်ကြတော့ပါ။

ထိုသို့ ရွာသူရွာသားတွေ နေဝင်မိုးချုပ် အပြင်မထွက်ကြရန် မှာကြားချက်ကြောင့် ရွာမှာ ပိမ့်တိတ်ဆိတ်နေကြသည့်တွင် တစ်ရွာလုံး ပိမ့်တိတ်ဆိတ် လန့်နေကြစဉ်က ပထမ တောကြက်မြောင်စခန်းဘက်မှ အသံကြားရပါသည်။ ထိုအသံကား ကျားဟိန်းကြီးတွေ ကြားရပါပြီ။

"ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း"

"ဝေါင်း"

ကျားသံအား ယခင့်ယခင်ကကြားဘူးကြ၏။ သဘောမှာ ကြားဘူးကြသည့် ရွာသားတွေအဖို့ သိပ်အလေးမထားကြ။ ရွာသားမျိုးခင်အား ကျားကိုက်၍ သေခဲ့သည်လည်း တစ်ရွာလုံး သိထား၏။ ကျားသံမှာ ရှိုးနေပါပြီ။ သို့သော်လည်း ကျားအား၊ အားလုံးတော့ မမြင်ဘူးကြ၊ သေသွားသော မျိုးခင်အား ရွာသားတွေ တွေ့ကြကြုံကြပါလျက် ကြောက်ရွံ့နေသလောက်သာ၊ ယခုတော့ အပြင်မထွက်ရန် တားမြစ်သည့်အပြင် တားထားချက်အတိုင်း ကျားသံကြားရသောအခါ ပိုမိုစိုးရိမ် ကြောက်ရွံ့နေ၏။

"ကိုသေးရွှေ... ကိုသေးရွှေ"

"ဟော... ခင်မေ ထင်တာပ"

"ဟုတ်... ဟုတ်"

"ရော်... အပြင်မထွက်ပါနဲ့လို့ မှာထားတာပအေး"

"ရော်... ဟိုဆရာတွေ ဘယ်ဘက်သွားတာပ"

"ငါ့ပြောတာက တောကြက်မြောင်စခန်းနဲ့၊ မိုးကြိုးပစ်ဘက်လို့ ပြောသွားတာပအေး ဘာဖြစ်တာပ"

"ရော်... ဘာဖြစ်မှာပ မကြားဘူးလား၊ တောကြက်မြောင်စခန်း ဘက်ကထင်တာပ ကျားဟိန်းသံတွေ"

"ကြားတာပ ဒါကြောင့် အိမ်ထဲက အိမ်ပြင်မထွက်နဲ့လို့ မှာထားတာ"

"စိုးရိမ်တာပ၊ ဟို ဆရာတွေက သေနတ်တွေပါတာပ၊ သူတို့က ဘာပဲ ပါတာ၊ ခုကွပအေး"





"မှတ်တက် ခင်မေ နင်ဟာလေ တော်တော်ခက်တာပ၊ ဟိုဆရာတွေက ကူညီတာပ၊ တစ်ရွာလုံးအတွက် အားလုံးစိတ်အေးအောင် ဆောင်ရွက်နေတာပ၊ နင်က မထွက်ပါနဲ့ဆို ထွက်တာပ၊ နင့်ထင်ဘာမှ မဖြစ်ပ"

"ရော်... မဟုတ်သေးတာပ"

"ထင်မဟုတ်သေးတာတောင် ဒီယောက်ပူရသလားပ"

"ထင်ဆိုတို့ ရပြီးရင်တော့ အရေးမကြီးပ၊ ခုဟာက မရမှ မရသေးတာ၊ မရသေးတော့ ရချင်တာပ"

"တော်တော့ သွား... ပြန်၊ ပြန်တော့"

"ခုတော့ ကြောက်တာပ၊ ဘယ်လိုပြန်ရပအေး"

"မြန်မြန်ပြေးတာပ"

မခင်မေအား ကိုတင်ရွှေမှ အတင်းနှင်ထုတ်၏။ ပထမတော့ ဆိုတ်ပို့ရန်ပင် စိတ်ကူးမိပြီးမှ ယခုတော့ ဒေါသလည်းဖြစ်၊ စကားလည်း အမှောင် သူ့စိတ်ထဲတွင် ထင်တစ်ရှူးတစ်ယောက်ဟုပင် ထင်မှတ်ချက် ကျန်ခဲ့ပါသည်။ သို့သော် ဓားကိုင်ပြီး အိမ်ပေါ်မှဆင်းကာ ခင်မေ၏ နောက်သို့ မလှမ်းမကမ်းမှ လိုက်ကြည့်ပေးလိုက်သေးသည်။

ထိုသို့ ခင်မေ၏အိမ်သို့ နောက်မှလိုက်ပြီး စောင့်ရှောက်ပေးစဉ် ရွာ၏အနောက် ဆင်ကျောကုန်းစခန်းဘက်မှ အသံတွေ ကြားရပြန်ပါပြီ၊ ဒီအသံကား ကျားသံမဟုတ်ပါ၊ သူတို့ တစ်ခါမှ မကြားဘူးသောအသံ အော်သံ ဝူး ဝူး ဝါး လေးကြိမ်တိတိ။

"ဝူး"

"ဝူး"

www.burmeseclassic.com

www.burmeseclassic.com

"ဝူး"

"ဝူး"

ဒေါ်သထွက် မုန်ယိုနေသော ဆင်ဆိုးကြီးတစ်ကောင်၏ အသံ အား တစ်ရွာလုံးအတွက် ပိုမို သည်းထိတ်ရင်ဖိုစေပါတော့သည်။ ရွာသ ရွာသားအချို့မှာ တောပစ်သော ကျွန်တော်တို့ကြောင့် တောထဲမှ ကောင်းဆိုးဝါးတွေလည်း သက်မခံကြဟု တွေးသူတွေးကြ၊ တောင်ပို ဘိုးဘိုးကြီးကိုလည်း တမ်းတပြီး ဦးတိုက်ကြ၏။

"အုဝူ... အုဝူ... အုဝူ"

"အူ... အူ... ဝူ... ဝူ... ဝူ"

"အုဝူ... ဝူဝူ... ဝူဝူ"

တောထဲ တောစပ်မှ တောခွေးတွေ၏ အသံတွေညံနေ၏။ ယခင်တော့ ခွေးသံကြားဘူးသော်လည်း ဤမျှ ရင်မခုန်ကြ၊ တောခွေး တွေ မကြာမကြာ အူသည်ကို သိပါလျက်နှင့် ယခုတော့ ကြောက်ဒူးတုန် နေပါ၏။ ထိတ်ထန့်ကြ၍ တစ်ညလုံးလိုလို မအိပ်စက်နိုင်ကြ၊ ထိုသို့ မအိပ်စက်နိုင်ကြသည့်အထဲ သေနတ်သံသုံ့သုံ့တွေကြားရသောအခါ အကြောက်ကြီး ကြောက်ထန့်နေကြသည်။ တကယ်တော့ သေနတ်သံ ကြားသည့်နေရာနှင့် ရွာမှာပိုဝေး၍ အသံသုံ့သုံ့သာ ကြားရပါလျက် အရာရာအားလုံးကို ကြောက်ရွံ့နေသည်။

မနက်စောစော ရွာသားတွေစုကာ ကိုတင်ရွှေတို့ ခြံထဲအလျှိုလျှို ရောက်လာကြ၏။ အသံတွေမှာ ပွစိပွစိဖြစ်နေကြသည့်အပြင် လူကြီးအ ချို့မှ ရွာဦးနတ်ကြီးစင်သို့သွားရောက်ကာ တောင်းပန်ကြသည်ဟုလည်း ကြားသိရကြောင်း ကိုတင်ရွှေမှ ပြောပြပါသည်။



"ဩော်... ဟုတ်မှာပေါ့ဗျာ တစ်ခုတော့ရှိတယ်၊ ကိုတင်ရွှေ တို့လောလောဆယ် ကြောက်ပြီး အပြင် မထွက်တော့ ပိုပြီးအန္တရာယ် င်းတာပေါ့၊ မတော်လို့ ကျားဝင်လာလည်း ကြောက်စရာမလို၊ ဝက်ဝံ း‌တွေ ဝင်လာလည်း စိုးရိမ်စရာ သိပ်မရှိတော့ဘူးပေါ့ဗျာ"

"ဟုတ်တာပဆေး၊ အကြောက်ကြီးတာလည်း မကောင်းတာပ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့အပေါ် တစ်မျိုးထင်တာလည်း ပြစ်မဆိုပါဘူး၊ နောက်တော့ အဖြေသိလာမှာပေါ့ဗျာ"

ကျွန်တော်နှစ်သိမ့်လိုက်ပါ၏။ ကျွန်တော်တို့သုံးယောက် ဤကဲ့ ကြံ့ခဲ့ရပေါင်းမနည်းပါ။ အရေးကြီးသည်မှာ ရွာသားတွေအတွက် န္တရာယ်ကင်းစေရန်နှင့် ရွာလုံခြုံရေးရှိပြီး ရွာသားတွေမှ သားကောင် တွေအပေါ် ပြန်လည်၍ တန်ပြန်တိုက်ခိုက်ရဲစေရန်အတွက် တစ်ဆင့်ပြီး စ်ဆင့် လမ်းပြကူညီရန် ကျွန်တော်တို့ ဆုံးဖြတ်ထားသည်။

"ကိုတင်ရွှေ"

"ဟုတ်ကဲ့ ဆရာကိုမိုးကျော်"

"အခု ရွာသားတွေ တောခုတ်ကြ၊ ထမင်းအတူစားကြနဲ့ ဘယ် ာက်အားရစရာ ကောင်းသထဲဗျ"

"ဟုတ်တယ် ကိုတင်ရွှေ ရွာသားတွေ အားလုံးမေ့နေကြပြီ"

ကျွန်တော်နှင့် မိုးကျော်အောင်မှာ ရွာသားတွေ ထမင်းစားနေ ည်ကို ကြည့်ရင်း အားရနေပါသည်။ ကျွန်တော်တို့ ထမင်းမစားကြ ား ကိုလှသန်းနှင့် တင်မြတ်တို့ စီစဉ်နေသည့် စားသောက်ပွဲပေးအ ွက်စောင့်ရင်း ရွာသားတွေအား လိုက်လံနှုတ်ဆက် အားပေးနေမိ၏။

"မိုးကျော် တို့ နောက်တစ်ခု ထပ်စီစဉ်ကြစို့"

www.burmeseclassic.com



"ဘာလဲ ဆရာကျော်"

"မိုးကြိုးပစ် ထက်ပန်ပင်ကြီး ရှင်းမယ်လေ"

"ဟုတ်တယ် ကျွန်တော်တို့ လွှသမား လေးငါးယောက်ယော

ဆို ဖြစ်ပါတယ်၊ ခွန်သမားလည်း ခေါ်တာပေါ့"

"အေး... နေဦးကွ သူတို့ထမင်းစားပြီးရင် ဝါးခုတ်မယ်တို့လည်

ပြောသံကြားတယ်"

ကျွန်တော်နှင့်မိုးကျော်အောင် တီးတိုးပြောနေသည်တို့ ကိုတင်ရွှေ

အနားမကပ်ဘဲ ရွာသားနှစ်ယောက် သုံးယောက်နှင့် စကားပြောနေ

ဘာစီစဉ်သည်တော့ မသိ၊ သို့သော် ကျွန်တော်တို့မှာ အချိန်မပေးနိုင်

သို့အတွက်ကြောင့် ကျွန်တော်တို့ ထက်ပန်တောရောက်မှ နားတော့မည်

ဟုဆုံးဖြတ်ကာ...

"မိုးကျော်ရေ တို့ထမင်းစားကြစို့ ထက်ပန်တောရောက်မှပဲ န

ကြတာပေါ့ကွာ၊ စားဖို့ သောက်ဖို့သွားမေးကွာ"

"ဟုတ်ကဲ့"

"ကိုတင်ရွှေ"

"ဟုတ်ကဲ့"

"ကျွန်တော်တို့ရဲ့ ဒုတိယ အစီစဉ်တစ်ခုရှိတယ်၊ သစ်ပင်တစ်

လှဲမယ်၊ ဒီတော့ ကျွန်တော်တို့နဲ့ ခွန်သမား၊ လွှသမား ခြောက်ယော

လောက်ခေါ်ပေးပါလား၊ ကျွန်တော်တို့ ထမင်းစားပြီးတာနဲ့ ဆက်ထွ

ချင်တယ်"

"ရတာပေါ့ အစီစဉ်မှာ ဟောဟိုသုံးယောက်ပ၊ ဆရာကြီး

နောက်လိုက်ချင်တာပ ပြောကြတာပ၊ သူတို့ဟာ တောထဲသစ်ခုတ်နေ

သူတွေ အဆင်ပြေတာပ"



"ဒါဆို ကျွန်တော်တို့ ထမင်းစားကြတော့မယ် ကိုတင်ရွှေ၊ သူတို့ကတော့ စားပြီးကြပြီပဲ၊ ဒီတော့ ပစ္စည်းစုထားပေးပါ၊ ခြော်... ဝါးခုတ်စရာတွေနဲ့ ဝါးကပ်ကိစ္စတော့ ကိုတင်ရွှေတို့၊ ကိုသိန်းအောင်တို့နှစ်ယောက်တိုင်ပင်ပြီး ရက်ထားနိုင်ရင် ပိုကောင်းပါတယ်"

"ရော်... စိတ်ချတာပအေး၊ ဆရာကြီးပ"

"ဗျာ... ပြောပါ ကိုတင်ရွှေ"

"သူတို့တစ်တွေ ဆရာကြီးတို့ ညအထိ ခေါ်ထားပါလား"

"ရပါတယ် ခေါ်ထားမယ်"

"ဒါဆို ကျွန်တော်တို့ ညစာအတွက်ပါ တစ်ခါတည်း ထုတ်ပေးလိုက်မယ်ဗျာ"

"ကောင်းပါတယ် ကိုတင်ရွှေ"

ကျွန်တော်တို့ သုံးယောက်နှင့်အတူ ကိုတင်ရွှေ၊ ကိုသိန်းအောင်၊ ကိုလှသန်းတို့ ထမင်းစားစဉ် ကိုစိုးမြင့် ရောက်လာပြီး ငါးကင်တွေပါလာပြန်ပါသည်။ ကျွန်တော်တို့တစ်တွေ အာမိရုမ်နှင့် ငါးကင်အပြင် အသားကြော်တွေအား စားကြ၊ သောက်ကြ၊ ထမင်းဆက်စားကြ၏၊ ထမင်းစားပြီး အိမ်အောက်သို့ ဆင်းလိုက်သောအခါ ကျွန်တော်တို့နှင့်လိုက်မည့် လူခွန်တွေဖြင့် စောင့်နေသော ခြောက်ယောက်၊ ကိုစိုးမြင့်နှင့် ကိုလှသန်းတို့ပါ လိုက်ခဲ့ကြသဖြင့် သူတို့ရှစ်ယောက် ကျွန်တော်တို့သုံးယောက်စုစုပေါင်း တစ်ဆယ့်တစ်ယောက် ထွက်ခဲ့ပါပြီ။

"ဆရာကြီး ကျွန်တော်တို့ ခြကာထားမယ်လေ"

"ကောင်းတယ်ဗျာ"

"အကွာအဝေး ဘယ်လောက်ကာရင် ကောင်းမလဲ"

www.burmeseclassic.com



"ရွာနဲ့ စည်းရိုးကို ဝါးတစ်ပြန်အထက် မနည်းခွာပြီး သေသေချာချာ ကာပါ၊ တကယ်လို့တောဘက်ထွက်လို့ အပေါက်ဖောက်ရင်လည်း တံခါးကို စနစ်တကျ ဖောက်ပါ၊ အဖွင့်အပိတ်အတွက်ပါ ထုံထုံခြုံခြုံ ရှိအောင် လုပ်ထားပါ ကိုတင်ရွှေ"

"စိတ်ချပါ ဆရာကြီး"

"ကဲ... ဒါဆို ကျွန်တော်တို့သွားမယ်"

"ဆရာကျော် ကျွန်တော် ရေနံဆီပါ ယူလာခဲ့တယ်"

"အေး... ကောင်းတယ် အပြတ်ရှင်းတာပေါ့"

ကျွန်တော်တို့ မိုးကြိုးပစ် လက်ပန်တောသို့ ထွက်ခဲ့ပါပြီ။ ကျွန်တော်တို့ထွက်သည့်အချိန်မှာ သုံးနာရီထိုးပြီးစ၊ လမ်းက လှည်းလမ်း၊ လူလမ်း မြေပြန့်လမ်းမို့ ခရီးမကြမ်းပါ။ ကျွန်တော်တို့အတွက်လည်း ရောက်ခဲ့ဘူးပြီးပြီမို့ အခက်အခဲမရှိ မိုးကြိုးပစ်လက်ပန်တောရောက်တော့ ရွာသားတွေ အနည်းငယ်ရှိ့တွံ့တွံ့ ဖြစ်နေကြ၏။ ကျွန်တော်မှ မိုးကျော်အောင်နှင့် တင်မြတ်တို့အား အချက်ပေးလိုက်သည်နှင့် တင်မြတ်မှ စပါပြီ။

"ကဲ... သူငယ်ချင်းတို့ ကျွန်တော်တို့မှာ လက်ကျန် အာမိသုံးလုံး ရှိသေးတယ်၊ အရက်သောက်ကြရအောင်၊ အလုပ်ဆိုတာ ဘယ်အချိန် သုပ်သုပ်ရပါတယ်၊ ကဲ...လာကြ၊ မိုးကျော်နဲ့ကိုစိုးမြင့် အမြည်းလုပ်ကွာ"

"စောပါသေးတယ်"

"မိုးကျော် အရက်သောက်စောလေ ပိုအရသာရှိလေကွ ဟား... ဟား... ဟား... ဟား"





"ခွေးကောင် အရက်တွေ့လို့ကတော့ ရည်းစားထက်မိုကြိုက်တဲ့ကောင်"

"ဟား... ဟား... ဟား... ဟား မိုးကျော်ရာ ကျွန်တော်ရည်းစား ဘယ်အချိန်ချစ်ချစ်ဖြစ်ပါတယ်၊ အရက်ဆိုတာ ရှိတုန်းသောက်ရတာ စကားမများနဲ့လာ အားလုံးဝိုင်းဖွဲ့သောက်ကြမယ်၊ အားလုံးသဘောတူလား"

"တူတာပေါ့အေး"

"ကောင်းတာပေ"

"ကြိုက်တယ် ဆရာလေး"

"ဟား... ဟား... ဟား... ဟား တွေ့တယ်မို့လား မိုးကျော်"

အရက်ဝိုင်းသည် သူတို့ပထမ စိုးရွံ့ထိတ်လန့်သော မိုးကြိုးပစ် လက်ပန်ပင်ကြီးနှင့် မနီးမဝေး ယက်ပန်ပင်တွေအောက်တွင် သောက်ကြ၏။ အမြည်းမှာ ဆတ်သားကြော်တွေအား ထုတ်ယူလာသောကြောင့် သောက်ရသည်မှာ တော်တော်အဆင်ပြေ၏။ စားရင်းအရက်ရှိနေရသောကြောင့် သွေးဆူနေချိန်မှာပင် တင်မြတ်နှင့်မိုးကျော်အောင်သည်

"ကိုစိုးမြင့်ကြီး"

"ဟုတ်... ဟဲ့တ်"

"ကျွန်တော်တို့ နှစ်ယောက်အလုပ်စမယ်၊ ခင်ဗျားတို့အဖွဲ့ ကကူကြဗျာ"

"ရတာပေါ့၊ ဆရာ ကိုတင်မြတ်ဘာလုပ်ရမှာပဲ"

"လာပါ ဘာမှမစိုးရိမ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်အောင်နှင့်တင်မြတ်သည် လှံကြီးဆွဲ၍ ရှေ့မှထွက်သ
စဉ် ကျွန်တော်သည် သေနတ်အား ပုခုံးပေါ်ထမ်းထားရာမှ ဆေးဘ
ချောက်ပြီး ရွာသားတွေကျွန်တော်တို့အားကြည့်ရင်းတစ်ဆက်တည်

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

"ရော်"

"အို"

"ပစ်တာပအေး"

ကျွန်တော် ဘာမှမပြော ပြုံးနေလိုက်သည်။ မိုးကျော်အောင်
တင်မြတ်မှာတော့ ရှေ့မှအသွားမပျက် ရွာသားတွေ ကျွန်တော်အ
ကြည့်နေ၍သာ မစ်စတ်မည်ဟု ကြံသိနေသော်လည်း ကြောက်၍ ထိ
ထန့်သွားကြသဖြင့် ရှေ့သို့ပင် မဆက်ရဲ၊ ခြေစုံရပ်နေကြ၏။

"အား"

"ရော်... နာတာပ"

"ဘာဖြစ်တာပ"

"ရော့ ဒီကောင်ပေါက်စပအေး ရှေ့ကနေရပ်တာပ၊ ငါကဝ
တိုက်တော့ နာသွားတာပအေး"

"ဟား... ဟား... ဟား... ဟား တော်တော်သတ္တိကောင်းတာပ

"သတ္တိကောင်းတာက ကောင်းတာပ၊ နာတာက နာတာပအေ
ဟား..., ဟား... ဟား... ဟား"



မိုးကြိုးပစ်ခံရသော လက်ပန်ပင်ကြီးအား ရောက်သောအခါ
မိုးကျော်အောင်နှင့်တင်မြတ် သစ်ပင်ကြီးဖြစ်သော တစ်ခြမ်းမီးလောင်
ထားသော မည်းနက်နေသည့် လက်ပန်ပင်ကြီး လှံနှင့်ဆွဲ၍ တိုက်ဖြတ်
ရန် ပြုလုပ်သည်တွင် ရွာသားတစ်ယောက်မှ လက်ဟန် ခြေဟန်ဖြင့်။

"ရော်... ဆရာတို့ ဆရာတို့ ဒီအပင်ကြီးက မိုးကြိုးပစ်ထားတာပ
မိုးကြိုးပစ်ထို့ မိန်းကလေးနစ်ယောက်လည်း သေတာပ၊ အဲဒီအပင်မှာ
နေတာပအေး"

"ကိစ္စမရှိပါဘူးဗျ ကျွန်တော်စောစောက သေနတ်သုံးချက်ပစ်
တာ အလကား မဟုတ်ဘူး၊ သရဲနှင်တာလေ ကဲ... မိုးကျော်နဲ့တင်မြတ်
ဆက်လုပ်ကြလေ"

"ဟုတ်ကဲ့"

မိုးကျော်အောင်နှင့်တင်မြတ်သည် သေနတ်တွေ လွယ်ရင်း
ထိုမိုးကြိုးပစ် လက်ပန်ပင်ကြီးအား စတင်၍ လှံကြီးဖြင့် တစ်ယောက်
တစ်ဖက် တိုက်ဖြတ်သည်ကို ရွာသားတွေ ပထမကြည့်နေကြရာမှ...

"ရော်... သာကြလေ တို့ဖြတ်ကြတာပ"

"ကြောက်တော့ ကြောက်သလိုပအေး"

"လာပါ ဆရာကြီးတို့ရှိတာ ဘာကြောက်ရမှာပ"

တစ်ယောက်ပြီး တစ်ယောက်တစ်လှည့်စီ လှံဆွဲကြ၏။ လှံနားလျှင်
တစ်ဖက်က နောက်ခွန်နှင့် ခုတ်ကြပြန်ရာ လှံဆွဲလိုက်၊ ခွန်နှင့် ခုတ်လိုက်
တို့ကြောင့် မကြာလိုက်ပါ ထိုလက်ပန်ပင် မိုးကြိုးခ ဝုန်းကနဲ လဲကျသွား
ပါပြီ၊ တဖန် ထိုသစ်ပင်ကြီးအား သုံးလေးပိုင်းပိုင်းကာ ခွဲရှ့ပါသည်။

"ကဲ... အားလုံးအောင်ပွဲခံကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"မိုးကျော်ရေ ထက်ကျန်တွေ ရှိသေးလား"

"ရော်... ဆရာကိုတင်မြတ် ဒီမှာ အရက်ပါတာပအေး"

"ဟာ... သိပ်ကောင်းတာပေါ့ဗျာ ကိုစိုးမြင့်တို့ တော်တယ်ဗျာ"

အရက်သောက်ကြပြန်ပါပြီ။ အရက်သောက်ပြီးသောအခါ ကျွန်တော်နှင့် ဗိုးကျော်အောင် စီစဉ်ထားသည့်အတိုင်း မနေ့ညက နေရာယူထားခဲ့သော သစ်ဆိမ့်ပင်ကြီးအောက်တွင်ရှိသော ဝါးရုံကြီးအောက်တွင် စခန်းချ နေရာယူလိုက်ပါပြီ။ ရွာသားတွေမှာ အရက်ရှိန်လေးရှိသော်လည်း သွေးအေးလာသည့်အတွက် ကြောက်စိတ်တွေ ဝင်လာသလိုလို တုန်လှုပ်လာကြ၏။

"ဆရာကြီးပ"

"ပြောပါ ဘာများပါထိမ့်"

"ဒီမှာ တစ်ညလုံးနေလို့ ဖြစ်ပါ့မလား"

"ဘာဖြစ်လို့ထဲ"

"ကြောက်စရာကြီးပ"

မှန်ပါသည် မှောင်ရိသန်း၍ တောတန်းတစ်ခုလုံး အမှောင်ထုတဖုံးစအချိန် ရောက်လာပြီဖြစ်၍ ကြောက်ချင်ကြောက်ကြပေတော့မည်။ ကျွန်တော်၏ စိတ်ထဲသနားတော့ သနားလာ၏။ သို့သော်လည်း ရွာသားတွေ၏ ကြောက်စိတ်ကို ကျွတ်အောင်ရှုတ်ရတော့မည်ဟု တွေးပြီး ထိုရွာသားအား...

"ကောင်းပြီ ခင်ဗျားစိုးရိမ်နေပြီဆိုရင် ခင်ဗျားတစ်ယောက်တည်း ပြန်လေ"

"ရော်... မပြန်ရဲပအေး"



"မပြန်ရဲရင်တော့ အိပ်ချင်အိပ်၊ ဒါလေမယ့် တိတ်တိတ်လေးတော့ နေဗျ"

"ဟုတ်... ဟုတ်ကဲ့"

"တိတ်တိတ်နေဆိုတာ ကျွန်တော်တို့ ဟောဟို သစ်ဆိမ့်ပင်အောက် လာစားတဲ့ တောဝက်၊ ဆတ်၊ ဒါမှမဟုတ် ချေတို့၊ ဒရယ်တို့ ခစ်မယ်လေ၊ အဲဒီသားကောင်တွေ လန့်မှာစိုးရိမ်လို့ တိတ်တိတ်နေလို့ ပြောတာပါ"

"ဟုတ်... ဟုတ်"

ကျွန်တော်၏ စကားအနည်းငယ် ပြင်းထန်သွား၍ ပြန်ပြင်ပြောလိုက်ရ၏။ သူတို့သဘောပေါက်သည် မပေါက်သည်တော့ မသိ၊ ကြောက်ရွံ့နေကြသည်ကတော့ အမှန်ပင်။ သို့အတွက်ကြောင့် ကျွန်တော် တိတ်တိတ်နေလိုက်ပြီး တင်မြတ်သည် ကိုစိုးမြင့်၏လွယ်အိတ်ထဲမှ အရက်ထုတ်ခိုင်းလိုက်သည်။ အရက်ထပ်တိုက်လိုက်မှ အနည်းငယ် ကြောက်စိတ်ပြေသွားသည်။

"ဝေါင်း... ဝေါင်း"

"ဝေါင်း... ဝေါင်း... ဝေါင်း"

"ဆရာကျော် ဒီဘက်လာနေပါလား"

"သိပ်ကောင်းတာပေါ့ကွာ၊ ဒီကောင်ကြီးရွာဘက်မသွားဘဲ တို့ဆီလာတာ အကောင်းဆုံးကွ"

"ဟုတ်တယ် ရှူး... လာနေပြီ"

"ဝေါင်း... "

"ဖြောက်... ဖြောက်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြောက်"

"ဝူး... ရှူး... ဝူး... ဝေါင်း"

ကျားဆိုးကြီးမှာ သစ်ဆိမ့်ပင်အောက်သို့ လျှောက်လှမ်းရင်း အနံ့ခံ အလွန်ကောင်းသဖြင့် လူတွေ၏အနံ့အား ရရှိသွားလေပြီ။ ထိုကျားသည် လူနံ့ရသည့်အတွက် သစ်ဆိမ့်ပင်အောက်မှ တစ်ဆင့် ရှုံ့ငယ်တစ်ခုအား အကာအကွယ်ယူကာ ကျွန်တော်တို့ဘက်သို့ အခြေအနေလေ့လာရင်း မီးထောင်နေသော ထက်ပန်ပင်ကြီး၏ အထင်းရောင်ကြောင့် ထည်းကောင်း၊ အခြေအနေနှင့် ကျွန်တော်တို့ကို ရှာနေသည်။ သူ အရင်မတွေ့၍ တော်ပါသေးသည်။ ကျားကြီးအား အနံ့ခံကောင်းနေပြီ ကျွန်တော်တို့နေရာကို သတိထားနေပုံရသည်။

ကျွန်တော်လည်း ပစ်ခတ်ရန်အနေအထား သိပ်မကောင်းသည် အပြင် အကွာအဝေးမှာလည်း ပေတစ်ရာကျော်ကျော်ခန့် ဖြစ်နေ၍ စဉ်းစားရကျပ်နေသော်လည်း အလွတ်မခံချင်၍ ကျွန်တော်နှင့်မိုးကျော်အောင် ပြိုင်တူပစ်မည်။ တင်မြတ်အသင့်ပြင်ကာ ထခုန်သည်နှင့်ပစ်ရန် ဆုံးဖြတ်လိုက်ပြီး တီးတိုးလေသံဖြင့် ညှိနှိုင်းတိုင်ပင်ရင်း...

"ကိုစိုးမြင့်နဲ့ ကိုထုသန်း ရွာသားတွေ ထိန်းထား တစ်ယောက်မှ ထမပြေးစေနဲ့၊ ထပြေးတဲ့သူ သေမှာပဲ၊ ကျားကိုက်ခံရမယ်၊ ဒါမှမဟုတ် ခင်ဗျားတို့ ပြောတဲ့ သရဲနဲ့တွေ့ ထိမ့်မယ်၊ ကျွန်တော်ပြောတာ ယုံကြပါ ကျွန်တော်တို့ ပစ်တော့မယ်"

"မိုးကျော်အသင့်ပြင်၊ တင်မြတ်စောင့်"

"ဒိတ်ချ"

"မိုးကျော် ဖြစ်တယ်နော်"



"ဖြစ်တယ် ကျွန်တော် လက်ပတ်ပဲ"

"အေး...ငါလည်း လက်ပတ်ပဲ...ကဲ တစ်...နှစ်...သုံး...ပစ်"

"ဒိုင်း"

"ဒိုင်း"

"ဝေါင်း"

"ဂုန်း... ဂုန်း... ဂုန်း"

"ဒိုင်း... ဒိုင်း"

"ဘုန်း"

"ဂုန်း... ဝူး... ဝေါင်း"

"ဝေါ... ဝေါ... ဝေါ... ဝေါ့"

"ဟူး... ဝူး... ဝူး... ဝီ... ဝီ... ဝီ... ဝီ"

"ဂုန်း....ဂုန်း... ဝေါ... ဝေါ... ဝေါ

"တင်မြတ်နဲ့မိုးကျော်"

"ဟုတ်ကဲ့ ဆရာကျော်"

"တောပါနေတယ်ကွ"

"ထုံးစံအတိုင်းပဲ ဆရာကျော် ကျွန်တော့်အကြိုက်သာဆို ဟောဒီ ...ပန်တောကို မီးတင်ရှို့ပစ်ချင်တယ်"

"မလုပ်ပါနဲ့ကွာ ဒီတောမှာ သားကောင်တွေ ရှိနေကြပါတယ်၊ ...က တွေ့တယ်မဟုတ်လား ဆက်ရက်အုပ်တွေ ပျော်နေကြတယ် ..."

ကျွန်တော်၏စကားကို မိုးကျော်အောင် နားထောင်ပါ၏။ ... ...မိုးကျော်အောင်သည် သရဲမဟုတ်သော်လည်း တောနှောင်းမှုက်



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုပင် မကျေနပ်၊ ခြောက်လှန့်မှု မှန်သမျှ ဘယ်တော့မှ မနှစ်သ
လှလှချင်း၊ ခြောက်လှန့်အနိုင်ကျင့်သည်ကိုပင် မကျေနပ်၊ သူမမှားလို့
တော့ နည်းနည်းမှမတင်စီးနင့်၊ ပြန်ပက်သည့် နေရာမှာ တောဝက်ထ
မြန်၏။ ကျွန်တော်၏စကားကိုတော့ အမြဲနားထောင်တတ်ပါသည်
"ရော်... ဆရာကြီးတို့ပစ်တာ ကျားကြီး မထတော့တာပ"
"မထနိုင်တော့ပေမဲ့ တောက နှောင့်ယှက်နေတယ် ကိုစိုး
"မနေ့ကလည်း ဒီလိုပ တောကမှောက်တာတော့ မဟုတ်
ခြောက်တာပအေး"
"ဟုတ်တယ်ဗျ တောခြောက်နေတယ်၊ အဲဒီလို တောခြောက်
တို့ တောမှောက်တာတို့ ကြုံရင် ထွက်မပြေးနဲ့ ပြေးလို့ကတော့ ကျား
မှတ်၊ အကြောက်မကြီးနဲ့၊ တောခြောက်တာဆိုတာ အခုလို အသံမျိုး
လေတွေတိုက်တာ၊ တောကြီးအော်နေတာကို တောခြောက်တယ်
ခေါ်တယ်"
"ရော်... ဒါဆိုတောမှောက်တာရောပ"
"ဟုတ်ပါတယ် တောမှောက်တယ်ဆိုတာ လူတွေရဲ့ မျက်
အမြင်ကို ကြောက်လန့်အောင် သစ်ပင်ချုံငယ်ကို အကောင်ထင်အော
ဒါမှမဟုတ် သေနတ်မှန် ဒဏ်ရာရထားတဲ့ အကောင်တွေကိုပေါ့ဗျ
အဲဒီအကောင်တွေဟာ မထနိုင်ပေမဲ့ ထနိုင်တယ်၊ ထွက်ပြေးနိုင်တယ်
ဒါမှမဟုတ် ကျွန်းပင်တွေအခြားအပင်ကြီးတွေ လဲပြိုသံများ၊ ကျော
ဆောင်ကျောက်ခဲတွေ ပြိုကျတာမျိုးဟာ တောမှောက်တာပဲဗျ၊ နော
အဲဒီထက်ဆိုးတဲ့ တောမှောက်ခြင်းကတော့ တောမောင်းတဲ့သူနဲ့ ပစ်
သူပေါ့ဗျာ၊ ပစ်တဲ့သူက တော်မောင်းလာလို့ထွက်တဲ့ သားကောင်ပစ်





...ာက သူ့တာဝန်လေ၊ အဲဒီမှာ သားကောင်မထွက်ဘဲ မောင်းတဲ့သူက
...ျုံပြီးထွက်ရော၊ ပစ်တဲ့သူကလည်း မုဆိုးအစစ်မဟုတ်တာရယ်၊ တော
အကြောင်းမသိတော့ အဲဒီထွက်လာတဲ့ မောင်းတဲ့သူကို မျက်စေ့ထဲမှာ
ပေါ့ဗျာ၊ သားကောင်ထင်ပြီး ပစ်ခတ်လို့ ဆုံးရှုံးရတာတို့ ထိခိုက်သွား
ရတာတွေဟာ တောမှောက်တာဗျ"
"ရော်... ဆရာကြီး ကြုံဘူးတာပ"
"ကြုံဘူးတာပေါ့ ညနေစောင်း မိုး လုံးဝ မချုပ်သေးဘူးနော်၊
ကျွန်တော့်တို့ သုံးယောက် သတိထားမိတာပေါ့၊ တောရဲ့ အခြေအနေမ
ကောင်းဘူးဆိုပြီး သတိထားတဲ့ကြားက ကျွန်းပင်ခြေရင်းမှာ ချေတစ်
ကောင် တွေ့တာပေါ့၊ ဒါနဲ့ ကျွန်တော်ကိုယ်တိုင် မုဆိုးထိုင်ထိုင်ပြီး
ပစ်လိုက်တယ်ဗျာ"
"အဲဒီတော့"
"အဲဒီတော့ မှန်သွားတာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ သုံးယောက်
မြင်တာ ချေ၊ ပစ်တော့လည်း သေသေချာချာ တွေ့ရတာ ချေ၊ မှန်တာ
လည်း ချေရဲ့ထိပ်တည့်တည့်ကိုမှမှန်သွားတာ၊ ကျွန်တော်တို့သုံးယောက်
ရဲ့ ပစ်ခတ်မှုကိုခင်ဗျားတို့ မြင်ပြီးပါပြီ၊ အများဆုံးတွေ့ရတာတော့ ကိုထွ
သန်းပဲလေ၊ ကိုလှသန်း ကျွန်တော်တို့ပစ်တာ သိနေပြီနော်"
"သိတာပ၊ ပထမ ဝံကြီးပစ်တာက စတာပ၊ ညကတော့ ဝက်နဲ့
ဆတ်ပစ်တာ၊ နောက် ဘာကောင်မှန်းမသိတဲ့ အကောင်လည်း အသည်း
ပြတ်ကျန်ခဲ့တာပ၊ ပစ်တိုင်းမှန်တာပအေး၊ ဆရာကြီးတို့ မုဆိုးလက်တွေ
ကို အံ့သြတာပ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း… ကျွန်တော် စောစောကပြောတဲ့ အတိုင်းပဲလေ၊ မျောကို မှန်တယ်ဆိုပြီး သုံးယောက်သား သတိနဲ့သွားကြည့်တော့ မျောမဟုတ်ပါဘူးဗျ၊ ကျွန်းရွက်ဖြစ်နေတယ်၊ ကျွန်းပင်ကြီးရဲ့ ခြေရင်းမှာ အတက်ကလေးထွက်နေတဲ့ ကျွန်းပင်ကလေးပေါ့၊ အပေါက်ကလေးတွေ့ရပြီး ဘာကောင်မှ မရှိပေမဲ့ အဲဒီကျွန်းရွက်ကနေပြီး သွေးစက်ကလေးတွေ ကျနေတာ တအုံတခဲတွေ့ရလို့ ကျွန်းရွက်အခြောက်တွေစုပြီး အဲဒီ ကျွန်းရွက်အောက်ကနေ မီးပုံရှို့ခဲ့တယ်ဗျ"

ကျွန်တော်ပြောပြနေသည်ကို တိတ်ဆိတ်စွာ စိတ်ဝင်တစား နားထောင်နေကြသည်။ ကျွန်တော်တို့အတွေ့အကြုံအား သူတို့အတွက် သင်ခန်းစာ ပေးခဲ့ရပါ၏။ မတော်တဆ တောမှောက်ပါက မကြောက်မရွံ့ ရဲရဲသာ ရင်ဆိုင်ရန် မှာကြားသတိပေးခြင်းသာ ဖြစ်ပါ၏။

"ဆရာကြီး"

"ဟုတ်ကဲ့… ကိုစိုးမြင့်"

"ကျွန်တော့် အင်းဘက်က အသံတွေ ကြားရပြီ"

"ဟင်း"

ကျွန်တော်တို့ အားလုံးမကြားရပါ။ ကိုစိုးမြင့် တစ်ယောက်ထဲ ကြားရသည့်အတွက် ကျွန်တော်အံ့သြမိသည့်အတွက် ကိုစိုးမြင့်အား စိုက်ကြည့်ရင်း မသက်သာတော့၍ သူ၏လက်ကို ဆွဲလိုက်သည်တွင် သူ၏လက်တွေ အမှန်တကယ်ပင် အေးစက်နေသည့်အတွက်ကျွန်တော်၏ စစ်ရောကြီးအား သူ၏လည်ပင်းသို့ စွပ်ပေးပြီးမှ သတိပေးလိုက်ရ၏။

"ကိုစိုးမြင့်၊ ကျွန်တော့် ရောကြီးက ခင်ဗျားရဲ့ စိတ်ကို တည်ငြိမ်စေပါတယ်၊ ခင်ဗျားဘာမှကြောက်စရာမလိုဘူး၊ ခင်ဗျားဘာဖြစ်နေတာလဲ"





"ရော်… ကျွန်တော်စိတ်တွေ တစ်မျိုးကြီးပဲအေး၊ ငိုချင်သလို ဖြစ်လာတယ် ဆရာကြီး"

"ဒီမယ်… ကျွန်တော် အမိန့်ပေးနေတယ်၊ မငိုရဘူး၊ မရယ်ရဘူး၊ ဘယ်အကောင်မှ ဝင်မနှောင့်နဲ့ ငါ့အဝင်းအဝိုင်းထဲ မဝင်ရဘူး၊ နောက် …တ်ရင်ငါ ရန်သူပဲ"

ကျွန်တော်အမိန့်သံဖြင့် ခပ်ကျယ်ကျယ်အော် ပြောလိုက်၏။ …သားတွေ တော်တော်လေး စိုးရိမ်နေကြပုံရသည်။ ကျွန်တော် ပြော …နေစဉ်မှာပင် တင်မြတ်သည် ကိုစိုးမြင့်အား အရက်တိုက်လိုက်၏။ …စိုးမြင့် ဘုမသိဘမသိ ကြောင်တောင်တောင်ဖြစ်ကာ အရက်မော့ချ …တ်ပြီးမှ…

"ဟူး…"

"ဘာဖြစ်တာလဲ"

"ရော်… ခုတော့ ရင်ထဲ ရှင်းသွားပါတယ်"

"ဆရာကြီးမ"

"ဟုတ်ကဲ့"

"စိုးမြင့်အရက်သောက်ချင်တယ်ထင်တာပ"

"ခင်ဗျားတို့လည်းသောက်ကြပါ၊ ရတယ်ပျော်ပျော်သာနေကြ"

ကျွန်တော်အားလုံးကို အရက်သောက်ခွင့်ပြု၏။ မိုးကျော်အောင် အရက်ကို ငှဲ့တိုက်၏။ ကျွန်တော်တို့ အရက်တိုက်ရင်း ပြောဆိုနေ …င်းမှာ ကျွန်တော်တို့ နားထဲသို့ တစ်စုံတစ်ခုဝင်ရောက်နေဝင်ယှက် …သည်ကို ကောင်းစွာသတိထားမိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တောပစ်ဖို့ထွက်တဲ့ မုဆိုးတွေ စားကောင်းကောင်းမစားရ အိပ်ကောင်းကောင်းမအိပ်ရ ဆိုသလိုတော့ ကြုံနေရပါပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်၏ဆုံးဖြတ်ချက်ထဲဝယ် လူသားတစ်ယောက် လူ့ဘဝထဲ ရောက်လာပြီ၊ ရောက်မှတော့ ကြောက်စရာမလို၊ ရင်ဖွင့်ရင်ကော့ပြီး လောကထဲမှာ ရဲရဲလျှောက်သည်။ တွေ့ကြုံသမျှအခက်အခဲ၊ ဝမ်းနည်းပူဆွေးမှုတွေ ရင်ဆိုင်ဖြေရှင်းမည်။ ကျွန်တော်ကိုယ်တိုင် ဆုံးဖြတ်ချက်ခံယူချက်တွေဖြင့်၊ ဆောင်ပုဒ်တစ်ခုအဖြစ် မှတ်တမ်းတင်ကမ္ပည်းထိုးထားသောစာတမ်း ဆောင်ပုဒ်မှာ

"မှန်တာကို မှားအောင်မလုပ်နှင့်
မှားတာကို မှန်အောင်ကြိုးစားပါ"

ဟူသည့် ဆုံးမစာသဘော မိမိကိုယ်ကိုမိမိ အမြဲသတိထား ကျင့်ကြံအားထုတ် လုပ်ဆောင်နေမြဲပင် ဖြစ်ပါသည်။ သို့အတွက် ဝါသနာပါသော မုဆိုးအလုပ် ကြုံကြိုက်စဉ်တောပစ်၏။ တောပစ်ရင်း ဖြစ်ပေါ်လာသော ယနေ့လို တောခြောက်ခြင်း၊ တောမှောက်ခြင်းအတွက် အလေးမထားတော့ မဟုတ်၊ အလေးထားသင့်သလောက်သာ ထားလိုက်၏။

"ကိုစိုးမြင့်"

"ဟုတ်"

"ဘာဖြစ်သေးလဲ၊ စိတ်ထဲမှာ ကြည်ရဲ့လား"

"ဟုတ်ကဲ့၊ ကြည်ပါတယ်၊ ဘာမှ မဖြစ်တော့ပါဘူး၊ ကျွန်တော် စိတ်ထဲ စောစောက တော်တော် ကြောက်သလိုလို ခံစားရတာပ"



"အားလုံး မှတ်ထားကြ၊ တစ်စုံတစ်ခု ထူးခြားရင် ကျွန်တော်တို့ သုံးယောက်ကို ချက်ချင်းသာပြောကြ အားမနာနဲ့၊ ဖြစ်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောနော်၊ ကျွန်တော်တို့ ဖြေရှင်းပေးမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မပြောဘဲ မနေကြနဲ့၊ အရက်ရှိသေးရင် သောက်ကြ"

"အုရှ... ရှ... ရှ"

"အုရှ... အုရှ... အုရှ"

"အုရှ... ရှ... ရှ... ရှ"

"ရော်... အဲဒါမှ အစစ်ပ"

"ဘာအစစ်လဲဗျ"

"ရော်... သရဲထင်တယ်"

"မဟုတ်တာဗျာ၊ တောခွေးတွေ အစာရှာထွက်တာပ၊ စောစောက …တို့ဆရာ ကျားကြီးအသံ မကြားရလို့ သူတို့ အသံပေးတာပါ"

"ကျွန်တော်တို့ ကြားဖူးတာက ခွေးအူရင် တစ္ဆေသရဲတွေ့လို့ …ဘာလို့ကြားဖူးတာပ၊ ဒါကြောင့် ကြောက်တာပ"

"ဆရာကျော်"

"ဘာလဲ တင်မြတ်"

"တော်တော် သတ္တိကောင်းတဲ့လူတွေနဲ့တော့ တွေ့နေပြီ"

"ဒီလိုပဲပေါ့ကွာ"

ကျွန်တော် ဆက်မပြောတော့၊ သို့သော် တောသည်သွေးနဲ့ …သွားမယ် ဆူညံနေဆဲပင်။ အကောင် မတွေ့ရသည့်အတွက်ကြောင့် တစ္ဆေသရဲမပြောနိုင်သေးပါ။ တောကတော့ အမှန်ခြောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်လေ မဟုတ်သကဲ့သို့ ကျွန်တော်တို့ဘက် လေမဖော့သော်လည် သစ်ဆိမ့်ပင်ကြီးဘက်မှာတော့ အညီနှံ့ပါနေသော နံ့သာ၀တွေ ရှိ နေသည်သာ။

လေတွေ တဟူးဟူး တိုက်နေသည့်အတွက် ကျွန်တော် လေ့လာ ကြည့်သောအခါ လေသုံးမျိုး ရှိပါ၏။ လေပြေ၊ လေညှင်း၊ လေပြင်း ဟူ၍ အမျိုးအစားခွဲထားသည့်အတိုင်း ယခု တိုက်ခတ်နေသောလေ သည် လေပြေထက်သာ၏။ လေညှင်းနေရာမှ တစ်ခါတစ်ခါ လေပြင်း အဖြစ်ပြောင်းပြီးနောက် ချုံနွယ်တွေ မွှေနှောက်နေ၏။ အဓိက သစ်ဆိမ့် ပင်ကြီးအား ရန်ရှာနေသည်သာ။

သူ့ဖာသာသူ ရှာချင်ရှာ၊ မရှာချင်နေ၊ ကျွန်တော်တို့နှင့်မဆိုင် မိုးချုပ်သည်အထိ သားကောင်မရသေး။ မပစ်ခတ်ရသမျှ မကျေနပ်သော တင်မြတ်သည် တိတ်ဆိတ်စွာ နားစွင့်နေပုံရ၏။ သူပစ်ချင်နေသည်မှာ အမှန်။ တင်မြတ် သားကောင် ပစ်ချင်လျှင် စကားမပြောတော့ တိတ် ဆိတ်စွာ သားကောင်၏လှုပ်ရှားမှုကို သတိထားရင်း သူရယူထားသော လျှပ်တစ်ပြက်တင်မြတ်ဆိုသည့် ဘွဲ့ထူးအတိုင်း လျှပ်တစ်ပြက် ပစ်ချ နေသည်သာ။

မိုးကျော်အောင်သည် ဤသို့မဟုတ် ဘုန်းကြီးကျောင်းထွက် ဘုန်းတော်ကြီးကျောင်း ကိုရင်ကြီးဘ၀ကိုစွန့်၍ စစ်ထဲ၀င်လာသူ ဖြစ် သည်နှင့်အမျှ ဂါထာတွေရ၏။ ရွတ်၏၊ သားကောင်တွေ့လျှင် သေသေ ချာချာ စိတ်ကြိုက်ချိန်မိမှ ပစ်၏။ တစ်ချက်တစ်ကောင်ပစ်မလွဲ မိုးကျော် အောင် ဖြစ်ပါသည်။

"ဆရာကျော်"



"ဘာလဲ တင်မြတ်"

"သစ်ဆိမ့်ပင်အောက်မှာ အကောင်ရောက်နေပြီ"

"အသံကြားလား"

"ခြေသံဗျ၊ သစ်ကိုင်းခြောက်တစ်ခု နင်းမိသံပဲ"

"နောက်ထပ်"

"မကြားဘူး"

"မိုးကျော်ကော ကြားလား"

"ကြားတယ်၊ အကောင်တော့ရောက်နေပြီ"

"မီးပြင်မယ်နော်"

"ကောင်းတယ် ဆရာကျော်"

ကျွန်တော် လက်နှိပ်ဓာတ်မီးအား ခါးကြားမှ ဖြုတ်ယူရင်း ထက် ၀ါးအုပ်၍ မီးကို စမ်းလိုက်သည်။ အသင့်ပင်၊ ကျေနပ်သွားသည့် အ တွက် မိုးကျော်အောင်နှင့် တင်မြတ်နည်းတူ ကျွန်တော်ပါ အသံနားစွင့် လိုက်၏။

"အိ... အိ... အိ"

"အိ... အိ... ဝူး"

"ဝူး... ဝူး"

"မိုးကျော်နဲ့ တင်မြတ်"

"ဟုတ်ကဲ့"

"တို့က ပစ်ချင်တာ သားကောင်နော်"

"ဆရာကျော် ပြောတာ ကျွန်တော် သဘောပေါက်တယ်"

"အေးကွ... ဒုက္ခပါပဲ၊ ကျည်ဆံတောင် နမြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေမြော်နေလို့ ဘယ်ဖြစ်မလဲ၊ ရွာအတွက် ပစ်ပေးရမှာပေါ့"

"တင်မြတ်... မင်း မီးထိုးမလား"

"ကျွန်တော် ပစ်ချင်တယ် ဆရာကျော်"

"ကဲ... ခဏ စောင့်တာပေါ့ကွာ"

ကျွန်တော်မီးမထိုးသေး၊ အစုမှ ရှစ်နာရီပင် မထိုးသေး။ ကျွန်တော့်နာရီမှ လက်တံတိုသည် ခုနစ်နာရီကျော်သကဲ့သို့ ထက်တံရှည်သည် မိနစ်ငါးဆယ်ကွက်ကို ညွှန်၍ နေလေပြီ။ သို့သော် သားကောင်တွေသည်လည်း ဒီအကောင်တွေကြောင့် ထာချင်မှ ထာတော့မည်။

"ကဲ... မိုးကျော်နဲ့ တင်မြတ်၊ ငါ မီးကစားမယ်"

"ကောင်းပြီ၊ ဆရာကျော်"

"နှစ်ကောင်ဆိုရင်တော့ နှစ်ယောက်စလုံး ပြိုင်တူသာပစ်"

"ကိုစိုးမြင့်နဲ့ ကိုလှသန်းရေ"

"ဗျာ... ဆရာကြီးပ"

"ခင်ဗျားလူတွေ ထွက်မပြေးကြနဲ့နော်၊ ကြောက်စရာမလိုဘူး ကျွန်တော်တို့ ပစ်စရာအကောင်တွေ့လို့ ပစ်ရဦးမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ဒီမှာပဲ ဝပ်နေမှာပါ ဆရာကြီး"

"ဩော်... ဝပ်မနေပါနဲ့၊ တစ်ခုတော့ ရှိတယ်၊ တောဝက်ဆိုရင်တော့ ကျွန်တော်တို့ သတိပေးမယ်၊ ကျွန်တော် သတိပေးတဲ့အတိုင်း လုပ်ကြဗျာ"

"စိတ်ချပါ ဆရာကြီး"

"ဆရာကျော် လူများတယ်၊ သူတို့ကို ဒီလက်ပန်ပင်တွေ ပေါ်မှာ တစ်ပင်နှစ်ယောက်စီယောက် ကပ်နေခိုင်းရင် ကောင်းမလားဘ"



"အေးလေ... ကဲ... ကိုလှသန်း လက်ပန်ပင်တစ်ပင်ကို နှစ်ယောက်ကပ်နေကြဗျာ၊ မကြောက်နဲ့နော်၊ ထွက်မပြေးနဲ့၊ ပြေးတဲ့လူကို ကျားကိုက်မှာပဲ၊ ဒါမှမဟုတ် ကျွန်တော်တို့ ပစ်မယ်၊ တစ်ယောက်မှ မပြေးရဘူး"

"ဟုတ်... ဟုတ်... မပြေးပအေး"

"ဆရာကြီး စိတ်ချပအေး၊ မပြေးပမပြေး"

"ကောင်းပြီ၊ ကျွန်တော် အားလုံးကို သတိပေးပြီးပြီ၊ နောက်မှ ကျွန်တော်တို့ အဆိုးမဆိုကြနဲ့"

"စိတ်ချပအေး၊ ကဲ... လူခွဲ၊ အသံမပြည်အောင် အကာအကွယ် ယူတာပ"

"အဟီး... ပျော်စရာတော့ ကောင်းတာပ"

တစ်ယောက်က ဝင်နောက်၏။ ထူငယ်ဖြစ်ပြီး ကြောက်စိတ်သိပ်မရှိသောကြောင့် ကျွန်တော် ကျေနပ်မိသည်။ သူတို့ရှစ်ယောက် နေရာဝေမျှ ယူပြီးသည်နှင့် ကျွန်တော်၏ အပိုင်းသို့ ရောက်လာပါပြီ။ ကျွန်တော် လုပ်ငန်း စရတော့မည်။ ပထမ တိုက်ဆိတ်စွာ အသံနားထောင်မိ၏။ တစ်ခါတစ်ခါ စားသောက် ဝါးနေသောအသံကို ကောင်းကောင်း ကြားရသည်။

*သို့အတွက် ကျွန်တော်သည် မီးထိုးရန် ဝါးရုံ၌နေ၍ အပေါ်မှ ဆိုး၍ရတော့ကြောင်း သိရသဖြင့် တိုက်ရိုက်ထိုးရတော့မည်ဟု ဆုံးဖြတ်လိုက်ပြီးသည်နှင့် ကျွန်တော် သတိပေးလိုက်ပါပြီ။*

"*မိုးကျော်၊ တင်မြတ် အသင့်*"

"အသင့်"

www.burmeseclassic.com

www.burmeseclassic.com



"ထိုးပြီ"

ကျွန်တော် မီးကစားချင်သော်လည်း ကျွန်တော်တို့အား ထ
ပန်ပင်တွေနှင့်ရောနှောနေသော ဝါးရုံကြီး၏ ပိန်းပိန်းပိတ်နေကြသေ
အကိုင်းအခက်အလက်တွေကြောင့် မီးကို သစ်ဆိမ့်ပင်ကြီးအောက်သ
သို့ အသံကြားသည့်နေရာမှန်းအောမီးထိုးလိုက်သည်တွင်…

"ရော်… သရဲကြီးပအေး"

"ဟုတ်တာပ"

"ရှူး"

"မီးကျော်နဲ့တင်မြတ်ပစ်"

"ဒိုင်း"

"ဝုန်း… ဂရား… ဂရား"

"အီး… ဝုန်း… ဂရား… ဂရား"

"ဝူး… ဘုန်း"

ကျွန်တော် မီးထဲတွင် ကြောက်စရာကောင်းအောင် ကြီးမားသည
မည်းနက်နေသော အကောင်ကြီးသည် ကျွန်တော်အား ကြောင်၍ကြ
နေစဉ် ရွာသားတွေမှ လန့်ဖြန့်ပြီး သရဲကြီးပအေး၊ ဟုတ်တာပ စသည
အသံများကြောင့် ကျွန်တော် အမြန်ပစ်ခွင့် အမိန့်ပေးလိုက်ရပါသည်
တိုင်ပင်ကိုပင် မခေါ်အားတော့ပါ။

"ခင်ဗျားတို့ဗျာ၊ စကားမပြောရင် ကောင်းမှာပဲ"

"လန့်တာပ"

"ဟုတ်ပါတယ်"

"ဆရာကြီးပ"



"ဗျာ"

"မှန်တာပအေး"

"ဟုတ်တယ်၊ မှန်ပါတယ်၊ ဟိုမှာတွေ့ထား၊ မထနိုင်တော့ဘူး"

"ဆရာကြီးတို့ တောပစ်ရတာ အန္တရာယ်ကြီးတာပ"

"ကိုထွန်း ဒီည ပစ်ရတာ အရသာမရှိဘူး"

"ဗျာ… အရသာ"

"ဟုတ်တယ်လေ… တောတောက ကျား၊ ဟော် အခု ပစ်ရတာ
ဝက်ဝံ၊ ဘယ်မှာအရသာ ရှိမှာလဲဗျာ၊ ကျွန်တော်တို့က အသေးဆုံး
ချေပေါ့၊ စားကောင်းတဲ့အကောင်ပဲ ပြစ်ချင်တာပါ"

ကျွန်တော်ရှင်းပြသည့်အတွက် သူတို့ထက်ခံကြပါသည်။ သို့
သော် ကျွန်တော် သူတို့ထံက ဘာအကြောင်းအရာများထွက်လာသ
နည်းဆိုသော အဖြေသိချင်ပါသော်လည်း တစ်ဦးတစ်ယောက်မျှ ပြော
မလာကြပါ။ မပြောရဲ၍လား၊ မတွေးမိ၍လားတော့ မသိပါ။ သူတို့
မပြောတော့လည်း ကျွန်တော်ကပဲ ဆက်ပြောရပါ၏။

"အင်း… ဝက်ဝံနှစ်ကောင်သေပြီ၊ ကျားတစ်ကောင်ရှင်းပြီးပြီ၊
မနေ့ညက ပစ်ခဲ့တဲ့ ဝက်ဝံတစ်ကောင်လည်း၊ ခုလောက်ဆိုသေနေပြီ
ကိုထွန်း"

"ရော်… ဟုတ်တာပ၊ အေး… သေမှာပ ဝက်ဝံပဲ ဖြစ်မယ်နော်"

"ဆရာကျော် ကျွန်တော့်အထင်တော့ ရွာသားတွေသိထားသ
လောက် ဝက်ဝံက လေးကောင်၊ ကျားကတစ်ကောင်နော်၊ ဒီတော့
ကျားတစ်ကောင်နဲ့ ဝက်ဝံနှစ်ကောင် အသေရပြီး နောက်တစ်ကောင်
လည်း သေနေလောက်ပြီ၊ ဒီတော့ နောက်ထပ်ဝံတစ်ကောင်ပဲ ရှာရ
တော့မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုမိုးကျော် ပြောတာ မှန်တာပဲ၊ ဝက်ဝံသုံးကောင်သေပြီ ကျားလည်းသေပြီမို့ တစ်ကောင်တော့ ရှာရမှာပနော့"

"ဟုတ်တယ် ကိုလှသန်း"

"ကိုစိုးမြင့်"

"ဟုတ်"

"အခြေအနေ ကောင်းတယ်နော်"

"ဟုတ်ကဲ့ ဘာမှမဖြစ်ပါဘူး"

"ကောင်းပြီ"

ကျွန်တော် စကားပြောရင်း ချက်ချင်း ဆက်မပြောဘဲ နားစွင့်လိုက်သည်တွင် ကျွန်တော်တို့ မီးရှို့ထားသည့်မိုးကြိုးပစ် ထက်ပန်ပင်ကြီး ဘက်မှ အသံတွေကြားရ၏။ ထိုအသံမှာကား သားကောင်ကြီးတွေအသံ မဟုတ်ပါ။ သေသေချာချာနားထောင်ကြည့်သောအခါဝယ် မြွေမှုတ်သံကြီး တရှီးရှီးဖြင့်ထွက်နေ၏။

"တင်မြတ်နဲ့မိုးကျော် မြွေသံကွ"

"ဟုတ်တယ်နော်"

"ဆရာကြီးပ... ကျွန်တော် ထင်တာပ အဲဒီဘက်မှာ မြွေတွေ... တာပ"

"ဟော်...မြွေတွေ မီးရောင်မြင်ပြီး ဒေါသဖြစ်နေတာလား မသိ..."

"ထားလိုက်ပါလေ ကျွန်တော်တို့ သားကောင်ပစ်ချင်တယ်"

မိုးကျော်အောင်စကားကြောင့် ကျွန်တော်တို့ သားကောင်ဘက်... ရောက်သွားပြန်၏။ သို့အတွက် ကျွန်တော်တို့ နှစ်ဖွဲ့ခွဲရန် စီစဉ်လိုက်ပါသည်။ ဒီတစ်ခါတော့ ကျွန်တော့အလှည့် ဖြစ်သွား၏။ ကျွန်တော်...



နှင့်ရွာသားတွေ ဒီနေရာတွင် နေခဲ့ရပါပြီ၊ မိုးကျော်အောင်၊ တင်မြတ်တို့ နှစ်ယောက်အပြင် ကိုလှသန်းပါ လိုက်ပါသွားကြသည်။

သူတို့သုံးယောက် မိုးကျော်အောင်မှ မီးထိုးသည်။ ကိုလှသန်းသည် လမ်းပြ၊ တင်မြတ်ကပစ်မည် ဟူသော ဆုံးဖြတ်ချက်ဖြင့် တောကြက်မြောင်စခန်းနှင့် ဆင်ကျောကုန်းစခန်းနှစ်ခုအကြားမှ တဆင့် ရွာခြေဘက်ထွက်ကြရန် မှာကြားလိုက်၏။ ပစ်ခဲ့လျှင်လည်း ဒီဘက်ပြောင်း မလှည့်မဆေရန်နှင့် ကျွန်တော်ပစ်ခွင့်ကြုံပါကလည်း ရွာခြေဘက်သုံး၀ မပစ်၊ တောကြက်မြောင်စခန်းဘက်သို့ ကျွန်တော် ပြောင်းလှည့်... ပစ်မည်ဟု မှာကြားခါ စေလွှတ်လိုက်သည်။

ကျွန်တော်မိုးကျော်အောင်အား တီးတိုး မှာလိုက်သည်မှာ နေဘက်... ...ဝက်ဝံတစ်ကောင်ကို အမိကထားရန်၊ ရွာဘက်အခြေအနေကို ဆ... ...ရန် ရွာသတင်းကိုပါယူပြီး ဒီသို့ပြန်မလာဘဲ မိုးလင်းသည်အထိ ...အနောက် ကျောက်နှစ်လုံးတောင်ခြေတွင်ရှိသော ဆင်ကျောကုန်း ...ခန်းဘက်အတက်မှာ နေရာယူပစ်ခတ်ရန် မှာကြားလိုက်၏။ မိုးလင်း... ...ာ ရွာထဲမှာ ဆုံရပ်အဖြစ်လည်း သတ်မှတ်ထားလိုက်သည်။

"ကဲ... ကိုစိုးမြင့် ဒီမှာကျွန်တော်တို့ ရှစ်ယောက် မိုးလင်းတဲ့အထိ ...ယ်၊ ပစ်စရာရှိပစ်မယ်"

"ဟုတ်... ဟုတ်"

"ကြောက်စရာ ဘာမှ မရှိဘူး၊ စိတ်ချပြီး အိပ်ချင်သူ အိပ်ကြ"

"ရော်... ဆရာကြီး သားကောင်ပစ်တာ တွေ့ချင်တာပအေး"

"မအိပ်ကြဘူးပေါ့"

"မအိပ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးမြင့်တို့နဲ့ရွာသားတွေသိမှာပေါ့၊ ကျွန်တော်တို့ ထုံလိုက်တဲ့ မိုးကြိုးပစ်လက်ပန်ပင်ကြီးမှာ မိန်းကလေးနှစ်ယောက်ပါ သေတယ်ဆိုတာ ရှင်းပြပါဦးဗျ"

"ဆရာကြီးပ၊ ရွာရောက်မှ ရှင်းချင်တာပ"

"ကောင်းပါပြီလေ"

ကျွန်တော် မမေးတော့ပါ။ ရွာသားတွေ မပြောရဲ၊ မဆိုရဲ ညဥ့်နက်သန်းခေါင် ဖြစ်နေ၏။ ပိုမို ကြောက်ရွံ့နေကြ၏။ ကျွန်တော်မိုးလင်းသည်နှင့် ဤနယ်မြေအား ရှင်းလင်းမှု ထပ်လုပ်မည်။ ရွာသားတွေအားလုံးတန်းစီရပ်စေကာ သူတို့ကြောက်ရွံ့နေသော မိုးကြိုးပစ်ထက်ပန်တောအား အမိန့် ပြန်ပေးလိုက်မည်။ ကျွန်တော်ပြုလုပ်လိုသည့် ထုပ်ရပ်များကိုတွင် တွေးထားလိုက်ပါသည်။

★ ★ ★



(၁၁)

တစ်ညလုံး တိတ်တိတ်ဆိတ်ဆိတ် ပုံမှန်သသော၊ ပရစ်သံ၊ [illegible]ဦး ရင်ကွဲသံတွေ ညနေဆဲ၊ မီးတောက်ကြီးတော့မဟုတ်၊ တရွေ့ရွေ့ [illegible]တက်လောင်နေသော ထက်ပန်ပင်ကြီးကား ရဲရဲနီရဲဆဲ လေငြိမ်သည့် [illegible] မီးတောက်ကြီးတွေ ဖြစ်လာ၏။ မီးကျိုးခဲတွေအား လေက [illegible]တ်ပေး၍ တောက်လောင်နှံခြင်းကြောင့်လည်း ထင်းထက်သွားဆိုက် [illegible]သွားလိုက်။

"ကိုစိုးမြင့်"

"ဟုတ်... ဟုတ်"

"ခင်ဗျားတို့ရွာဟာ တော်တော်လေး ကြမ်းတယ်လို့ ကျွန်တော်[illegible]ထားတယ်၊ ရွာမသန့်တာလည်း ပါတယ်၊ တောကြမ်းတာလည်း [illegible]ားတယ်၊ ကျွန်တော်တို့သုံးယောက် သိထားပါတယ်၊ တောကြမ်း[illegible] ကျွန်တော်တို့က ရမ်းမယ်ဗျ၊ လူကြမ်းရင် နတ်ကြမ်းတောင် မ[illegible]င်ပါဘူး"

www.burmeseclassic.com

"ဟုတ်... ကျွန်တော်တို့ရွာ ပတ်ဝန်းကျင်မှာပအေး၊ ဆိုးတာ... သားကောင်ကြီးတွေကြောင့် သေသူတွေဟာ အစိမ်းသေပ၊ ဒီတော့သ... တွေပေါ်မှပ၊ မိုးကြိုးပစ်တာက တစ်မျိုး၊ မောင်ညို သေတာကတစ်မျိုး... အမျိုးမျိုးဆိုတော့ ကြမ်းပြီပ"

"မှန်ပါတယ်၊ အဲဒီ တောကြမ်းတဲ့ သားကောင်တွေကို ကျွန်တော်... ရှင်းပေးမယ်၊ နောက် ခင်ဗျားတို့ ပိုမိုကြောက်ရွံ့တဲ့ တစ္ဆေသရဲတွေလည်း... နှင်ပေးမယ် အဲ... ရွာထဲမှာ စုန်းတို့ကဝေတို့ ရှိရင်လည်း ပြောပ... ကျွန်တော် ကူညီပြီး သူတို့ရဲ့ ပညာတွေ အပ်နိုင်းမယ်"

"ကောင်းတာပ၊ ဆရာကြီးတို့သုံးယောက် ဒီရွာမှာ တစ်... လောက် နေပေးစေချင်တာပ"

"ခင်ဗျားနာမည်က"

"ကျော်ညွန့်ပအေး"

"ကိုကျော်ညွန့် ကျွန်တော်တို့ အချိန်မရလို့ပါ၊ ဒါပေမဲ့ မစိုး... နဲ့၊ ကျွန်တော်တို့လည်း တောသားတွေပဲဗျာ၊ ကိုယ်ချင်းစာပါတယ်... ခင်ဗျားတို့ ရွာအတွက် အကောင်းဆုံးလုပ်ပေးမယ်၊ ကျွန်တော်ပြော... စုန်းတို့ကဝေတို့ ဆိုတာတော့ ခင်ဗျားတို့ပြောမှ ကျွန်တော်တို့သိမှာ..."

"စိတ်ချ ကျွန်တော်သိသလောက် ပြောမှာပါ"

"စုန်းတောက်တယ်ဆိုတာ ကြားဖူးလား"

"ကြားဖူးတာပ လပြည့်ညတွေမှာပအေး"

"ဟုတ်တယ်၊ ကျွန်တော်တို့ကတော့ အဲဒီစုန်းတောက်တာ... နေတာဗျ၊ စုန်းတောက်လို့ကတော့ အဲဒီ အနီ၊ အစိမ်း၊ အပြာ၊ အ... ဆိုတဲ့၊ စုန်းမီးတွေ ပစ်ခွဲမှာပဲ၊ တစ်ခါထဲစုန်းတွေသေပေါ့"





"ဗျာ"

"သေတော့အေးတာပေါ့၊ ခင်ဗျားတို့ စုန်းတွေကြောက်တယ်နော်"

"ကြောက်ရတာပ"

"သေသွားရင် ကြောက်စရာမလိုတော့ဘူး"

ကျွန်တော်အကဲခတ်ရင်း ခပ်ကြမ်းကြမ်းလေး ပြောပေးလိုက်သည်။ ရွာသားတွေမှာ သရဲတွေကြောက်ရ၊ စုန်းတွေကြောက်ရ၊ တောထဲက ဝက်ဝံနှင့် ကျားလည်းကြောက်နေရသည့်အတွက် ကျွန်တော်သနားပြီးသူတို့၏ ကြောက်ရွံ့ထိတ်လန့်တတ်မှုအား ကာကွယ်ပေးမည်။ စိတ်ဓာတ်မြှင့်တင်ပေးရန် ဆုံးဖြတ်ထားခြင်းအတွက် မဖြစ်မနေဆောင်ရွက်မှု၏ ပထမခြေလှမ်းသာဖြစ်ပါ၏။

သားကောင်တစ်ကောင်မျှမထွက်။ စိတ်ပျက်စရာတော့ကောင်းနေ၏။ ရွာသားတွေမှာ ကျွန်တော်တို့ပစ်ခတ်မှုအား တွေ့ကြုံချင်ကြ၍ စိတ်ပါလက်ပါ လိုက်လာခဲ့ကြသည့်အတွက် ကျွန်တော်ပစ်ပြချင်သည်သို့သော် တစ်ကောင်တစ်မြီးမျှ မထွက်။

"ဒိုင်း"

"ဒိုင်း... ဒိုင်း"

"ဒိုင်း... ဒိုင်း"

"ရော်... ဆရာကိုတင်မြတ်တို့ ပစ်သံကြားတာပ"

"ဟုတ်ပ ရွာဘက်မှာကြားတာပ"

"ရွာဘက်ဟုတ်တယ်နော်"

"သေချာတာပ"

"ဒီအချိန်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ဒီအချိန်ပြောပြီး ဘာဖြစ်တာပဲ"

"အခု နှစ်နာရီဆိုတော့ သားကောင် သိပ်မထွက်ဘူးဗျ၊ ဒီအချိန်မှာ ပစ်ရတယ်ဆိုတော့ အံ့သြလို့ပါ"

ကျွန်တော် ဆက်မပြောတော့။ တင်မြတ်သည် ရောက်လာချိန်မှစ၍ တောကြမ်းလျှင် ရမ်းမည်ဟုပြောပြီးသား ယခု သေနတ်သံသုံးချက် ကျွန်တော်တို့ မှဆိုးအဖို့ ညဆယ်နာရီဆယ့်တစ်နာရီမှ နံနက် လေးနာရီလောက်အထိ ပစ်ခတ်ရမှု မရှိသောအချိန် သားကောင်စထွက်တော့သည့်အချိန်ဟု သတ်မှတ်ထားချိန် သူတို့ပစ်ရသည် ဆိုတော့တွေးရတော့ ဖြစ်မိသည်။ သို့သော်လည်း ကျွန်တော့် နှစ်ကောင်သည် ဘယ်တော့မှ လူရမ်းကားတွေမဟုတ်ပါ။ စိတ်ခတ် ကြံ့ခိုင်သူတွေမို့ အသားလွတ်တော့ လုံးဝ မပစ်ဟု တွေးကာ ကျေနပ်လိုက်ရသည်။

တင်မြတ်သည် ရှေ့မှသွားပြီး ကိုလှသန်းအလယ် မိုးကျော်အောင် နောက်ဆုံးမှ လိုက်ခဲ့၏။ တင်မြတ်တို့ တောကြက်မြောင်ဘက်မှ တင် ဆင့်ရွာနှင့် အလွန်နီးသော ဆင်ကျောကုန်းစခန်း တောင်စောင်းဘက်သို့ ချဉ်းကပ်ခဲ့သည်။ ဆင်ကျောကုန်းတောင်ခြေနှင့် ရွာမှာပေသုံးရာခန့် လုံးဝရှင်းနေဖြင့် စိတ်အေးသည့်အတွက် ရွာခြေသို့ မကပ်တော့ဘဲ ဆင်ကျောကုန်းစခန်းတောင်ခြေတွင် တောနင်းရာ၌မှ၏။ သားကောင်ထက် သူတို့နှစ်ယောက် အဓိကထားသည်မှာ ဝက်ဝံကြီးတစ်ကောင် ရှိနေသော သည့်အတွက် လက်ကျန်ရှင်းပြီးပါက သူတို့နောက်နေ့ ကျောက်နှစ်လုံး တောင်တန်းပေါ် တက်ရန်အတွက် ကြိုတင်၍ တောင်ခြေရှင်းရင်း တင် အနေအထားအဆိုပါက တိုက်ကင်း၊ တောပစ် မုဆိုးအဖွဲ့ကား တောနင်း၍ သားကောင်ပြစ်သည်။





"ရှူး"

တင်မြတ်ဘာကောင်တွေ့သည်မသိ လမသာတသာ ကြယ်ပြာပြာတွေအောက် မှုန်ဝါးဝါးဖြစ်နေ၍ မပီမသ အထင်မရှား တွေ့လိုက်ရသော အရိပ်သဏ္ဍာန်တစ်ခုကြောင့် အပင်အေးကပ်ရင်း နေရာယူထား၏။ သူတွေ့သည့်ဘက်သို့ သေနတ်ပြောင်းကတော့ ချိန်ရွယ်ပြီးသားလှ၏အနေအထားမှာလည်း မတ်တတ်ရပ်အနေအထားပင်။ အပင်ကြီးအား ရင်နှင့်မကပ်တကပ် အပင်၏အေားမှာတော့ တင်မြတ်။

မိုးကျော်အောင်လည်း ကိုလှသန်းလက်ဆွဲ၍ တင်မြတ်ထံ တိုးခဲ့ပါ၏။ တင်မြတ်အေးရောက်တော့ တင်မြတ် ညွှန်ပြသည့် အပင်ငယ်တွေအား လိုက်ကြည့်ရှု၏။ ဘာမျှမတွေ့။ လူသုံးယောက် တိတ်ဆိတ်မှု ရယူထားချိန်မှာပင် စောစောက အရိပ်သဏ္ဍာန် ပြန်ပေါ်လာပါသည်။ ထိုပြန်ပေါ်လာသော အရိပ်သဏ္ဍာန်ကြီးမှာ သေသေချာချာကြည့်လိုက်သောအခါဝယ် ကျားတစ်ကောင်နှင့်တူနေသည့်အပြင် သူ၏ နောက်နားဝယ်တော့ ခွေးတစ်အုပ်ပုံ လိုက်ပါနေသည့်အပြင် အပုပ်နံ့ရ၏။ အကောင်တစ်ကောင်ကောင်အား ကျားစားထား၏။ ထိုအကောင်ပုပ်အား ကျားကြီးနောက်ထပ်စားစဉ် တောခွေးတွေ အနံ့ခံရင်း ကျားအလစ် ဝင်သုတ်ရန် ချောင်းမြောင်းနေကြသော တောခွေးတွေဖြစ်ကြောင်း၊ ကောင်းကောင်းတွေ့လိုက်ရပါပြီ။ သို့အတွက် ကျားမှန်းသိသော တင်မြတ်မှ မိုးကျော်အားနားကပ်၍…

"မိုးကျော်… မင်းက ကျားပစ်၊ ငါက တောခွေးတွေပစ်မယ်"

"အေး… ပစ်မယ်၊ ကဲ… ငါပစ်မယ်နော်"

"အေး… ပစ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း… ဒိုင်း"

"ဒိုင်း… ဒိုင်း… ဒိုင်း"

"ဝေါင်း… ဝုန်း… အူ… ဝေါင်း"

"ဖြောင်း… ဝုန်း"

"အား"

"ကိုလှသန်း… ကိုလှသန်း… သတိထား"

"ဝုန်း… ဘုန်း… ဝူး"

"ဝေါင်း"

"အုဝူ… အုဝူ… အုဝူ"

"ဖြောက်… ဖြောက်… ဖြောက်"

"အုဝူ… ဝုန်း… ဝူး… အုဝူ… အုဝူ"

"ဝုန်း… ဝုန်း… ဝူး"

"ဝေါင်း"

"ဒိုင်း… ဒိုင်း"

မိုးကျော်အောင် ပစ်ခတ်လိုက်သော ကျားကြီးသည် ထိမှန်… တိကျပါသော်လည်း အပေါ်သို့ ခုန်လိုက်ပုံမှာ ခြောက်ပေခုနစ်ပေ… မြောက်တက်ရင်းလည်း၍ ပြန်ကျရာမှ တဖန်မြေပေါ်မှ ကုန်းထ… မိုးကျော်အောင်တို့ ပစ်ခတ်သည့် အပင်ဘက်သို့ သွေးရူးသွေးတမ်း… ခုန်အုပ်လိုက်ရာ မိုးကျော်အောင်၏ နောက်ထပ်လေထဲမှ ကျားဆိုး… အား နှစ်ချက်ဆင့်ပစ်ခတ်ရာ ကျားကြီး၏ ရင်ညွန့်နှင့်ဖမ်းဗိုက်ထဲ… ကျည်ထိပ်ဖူးနှစ်ဖူး ပူပူနွေးနွေးဝင်သွားပါသော်လည်း ကျားကြီး… အရှိန်နှင့်ကျလာမှုမှာ မိုးကျော်အောင်၏ အကာအကွယ် အပင်အောက်…



ဝပ်နေသော ကိုလှသန်းပေါ်သို့ ပစ်စလက်ခတ် ဖွဲ့အိတ်ကြီး ပစ်ချသကဲ့သို့ အိကနဲ ပိသွားရာ ကိုလှသန်းသည်လည်း အား ဟူသော တစ်ချက်သာအော်နိုင်ပြီး ကြက်သေသေသွားသဖြင့် မိုးကျော်အောင်သည် တောခွေးတွေအား အလေးမထား၊ တင်မြတ်၏ တာဝန်သာဟုဆုံးဖြတ်ကာ ကိုလှသန်းအား ကျားကိုက်ပြီဟူသောအသိဖြင့် ကျားကြီးအား ဆားတိုက် ဆောင့်ကန်လိုက်ပါသည်။

ကျားကြီး၏ ဝမ်းဗိုက်အောက်တွက် အကိုက်ခံထားရပြီဆိုသော အသိတွေနှင့်အတူ ကျားကြီးအား တစ်အား ဆောင့်ကန်ပါသော်လည်း …သူ့အားပြန်ကိုက်ခဲ့လျှင် နောက်ထပ်အသင့်ချိန်ရွယ်ထားရသည့် အတွက် …နိသားကိုက်မကိုက် မတွက်နိုင်တော့ပါ။ ကျားတစ်ကောင်၏ အလေး…ချိန်မှာ ပေါင်လေးရာကျော်ငါးရာခန့် ရှိသည့်အတွက် ကျားပိတာနှင့်မ…သက်သာ။ ခုတော့ ကျားကြီးခဲထားသော ကိုလှသန်း သေသွားပြီထား…သော အတွေးတွေဖြင့် သောကရောက်ရောက် ကြောက်စိတ်ကင်းကာ …ကျားကြီးကန်လိုက်သည်တွင် ကျားကြီးသည် ကိုလှသန်းပေါ်မှဘေးသို့ …သွားသော်လည်း ကိုလှသန်း၏ မျက်နှာလည်ပင်းပေါ်ဝယ် သွေးတွေ …ွေးသားနှင့် သွေးတွေရဲနေသော ကျားကြီးကြောင့် မိုးကျော်အောင် …မကောင်း ဖြစ်ရပါပြီ။ သေသေချာချာကြည့်တော့ ကျားကြီးလည်း …သွားပြီ၊ ကိုလှသန်းလည်း သေနေပြီဟုတွေးရင်း…

"တောက်… ဟူး"

တောက်တစ်ချက် ခေါက်၍ လေပူမှုတ်ထုတ်ရင်းမှ ကိုလှသန်း… …မှ့ရန်ကြည့်လိုက်သည်။ မျက်လုံးကြီးပြူးပြီး လည်ပင်းမှ သွေး… …ကျ ရင်ဘတ်ပေါ်တွင်လည်း သွေးတွေရွဲလျက်ဘေးသို့ငါးကျနေ… …ကြည့်မကောင်းတော့။

www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်သည်လည်း ပထမ ဘောခွေးနှစ်ကောင်အား ပစ်ခတ်လိုက်သည် နှစ်ချက်ထိမှန်သည်နှင့် ဘောခွေးနှစ်ကောင်သည် တင်မြတ်ထံသို့ ရှုတွေကျော်လွှားကာ...

"ဝူး... အူး... ဝုန်း"

"ဖြောင်း... ဖြောင်း... ဝုန်း"

"ဒိုင်း... ဒိုင်း... ဒိုင်း"

တင်မြတ်၏ သေနတ်ပြောင်းမှ မီးနီနီရဲရဲ အပွင့်လေးသုံးပွင့်ပွင့်လာပြီး ဘောခွေးတွေ ထပ်မံမှန်သည်တွင် ဘောခွေးသုံးလေးကောင်ဆန့်ငင်ဆန့်ငင် ဖြစ်နေသည်တွင် ကျန်သော ဘောခွေးငါးကောင်ခန့်ထပ်မံဝင်လာပြန်သည်။ မိုးကျော်အောင်အား လှည့်မကြည့်နိုင်။ ထပ်မံပစ်ခတ်ရင်း ဘောခွေးလေးကောင် ပြန်လှဲနောက်ဆုတ်ပြေးသော်လည်း ဘောခွေးတစ်ကောင်မှာ တင်မြတ်၏ ရင်ဘတ်ပေါ်သို့ နှန်အုပ်လာသည်တွင်...

"ကဲဟာ"

"ဒိုင်း"

"ဘုန်း"

"ဝုန်း"

"ဝူး"

"ဝူး... ဟူး... ဝူး... ဝူး... ဝူး"

နောက်ဆုံး ဘောခွေးသည် တင်မြတ်ရင်ဘတ်နှင့် မထိတထိမှာပင် ကျည်ဆံတစ်တောင့် ထိမှန်သွားသည့်အပြင် တင်မြတ်၏ သေနတ်ဒင်နှင့်လည်း ဝိုက်မိလိုက်ရာ ဘုန်းဟူသော အသံနှင့် ထပ်တူထပ်မျှ



ဝုန်းကနည်းနေအောင် ရှုယ်ပေါ် ပစ်ကျသွားရာမှ တဝူးဝူး အသက်ငင်ပြီး မကြာလိုက်ပါ သေသွားပါပြီ၊ ကျန်ခွေးတွေမှာလည်း အလွန်မြန်ဆန်စွာ ပြေးဝင်ပျောက်ကွယ်သွားတော့မှ မိုးကျော်အောင်နှင့် ကိုလှသန်းတို့ဘက်လှည့်ပြီး...

"မိုးကျော်... မိုးကျော် ဘာဖြစ်သေးလဲ"

"ငါတော့ ဘာမှမဖြစ်ဘူးကွ၊ ကိုလှသန်းတော့ သေပြီထင်တယ်"

"ဘာကွ... သေပြီ"

"အေး"

"ဟာ... မဟုတ်သေးပါဘူးကွာ"

"ဒီမှာကြည့်"

"အိုး"

"ဒုက္ခပါပဲ"

"တင်မြတ်"

"ဘာလဲ မိုးကျော်"

"ဘယ်လိုလုပ်မလဲ"

"နေပါဦးကွ ငါကြည့်ပါဦးမယ်"

"ဟာ... မျက်လုံးကြီးပြူးနေပါကလား"

"အေး... သွေးတွေကလည်း ကြည့်မကောင်းဘူး"

တင်မြတ်သည် ဒူးထောက်ထိုင်ရင်း ကိုလှသန်း၏ ရင်ဘတ်အားကြည့်တော့ လန့်သွားသည်။ သွေးတွေမှာ ရင်ဘတ်တစ်ခုလုံးရွဲရွဲစိုနေသည့်အတွက် ပိုမိုထိတ်လန့်ရင်း ဆက်၍ရင်ဘတ်အား မီးထိုးလိုက်သည်တွင်...

www.burmeseclassic.com

www.burmeseclassic.com



"မိုးကျော်... မိုးကျော်"

"ဘာလဲ တင်မြတ်"

"မသေသေးဘူးကွ၊ နှလုံးခုန်နေတယ်"

"ဟော... ဟုတ်လား"

"စမ်းကြည့်"

"အေးဟ... ကိုလှသန်း၊ ကိုလှသန်း၊ ကိုလှသန်း"

မိုးကျော်အောင် အတင်းလှုပ်နှိုးနေ၏။ ထိုသို့ လှုပ်ခတ်မှုကြောင့် ကိုလှသန်းတစ်ယောက် သတိပြန်ရလာပါပြီ။ ဦးခေါင်းအနည်းငယ် လှုပ်လာသည့်အတွက် မိုးကျော်အောင်သည် လက်နှိပ်ဓါတ်မီး ထုတ်၍ ကိုလှသန်း၏ မျက်နှာကို စိုက်ထိုးသောအခါ ကိုလှသန်းမှာ အသံပါ ထွက်လာ၏။

"အား... ကျွတ်... ကျွတ်... ကျွတ်"

"ကိုလှသန်း... ကိုလှသန်း"

"ဆရာကြီး ကို...ကိုတင်... ကိုတင်မြတ်"

"ဟေ့လူ ကိုလှသန်း သတိရပြီနော်"

"ဟုတ်... ဟုတ်ကဲ့"

မိုးကျော်အောင်မှာ သွေးတွေစွန်းနေသော လည်ပင်းနှင့်ရင်ဘတ် အား မီးထိုး၍ ဒဏ်ရာရှာ၏။ ဒဏ်ရာမတွေ့ သွေးမထွက်၊ ရင်ဘတ်တစ် ခုလုံး ရွှဲနေသောသွေးတွေကြောင့် အကျႌကျယ်သီးဖြုတ်၍ကြည့်တော့ လည်း ဘာမျှမရှိ။ ဝဲဘက်လက်မောင်း၏ လက်ဖျံမှာတော့ သွေးနည်း နည်းထွက်ပြီး ကျားကြီး၏ လက်သည်းရာသာရှိ၏။ တစ်ခြားဒဏ်ရာ ဒဏ်ချက် မရှိပါချေ။

"သေတော့မှာပဲ"





"ရော်... ကျွန်တော် ကျွန်တော်သေတော့မယ် ဟုတ်လား"

"ဟား... ကိုလှသန်းကလဲဗျာ"

"ဒါ... ဒါဆိုရင် ဘယ်သူသေမှာလဲ ကျွန်တော် မသေနိုင်ပါဘူး ဗျ"

"ဘာလုပ်သေရမှာလဲဗျ၊ ခင်ဗျားဘာမှ မဖြစ်ဘူး၊ ဒီလက်မှာ ကြည့်"

"ဗျာ... အို... ဒါ... ဒါ ဘာခြစ်မိတာလဲ"

"ဒီကောင်ကြီးရဲ့ လက်သည်း၊ လက်သည်း ဒဏ်ရာနက်နက် သားပဲဗျ"

"ရော်... အား... ကျားကြီး"

"ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား"

ကိုလှသန်းမှာ ကြောက်လန့်ပြီး သတိလစ်နေရာမှ သတိရပြီး နောက် မိုးကျော်အောင်၏ လက်နှိပ်ဓါတ်မီးဖြင့် ကိုလှသန်း၏ မျက်နှာ နှင့် တစ်တောင်ကျော်ကျော်ခန့်သာ ကွာသော ကျားကြီး၏ မျက်နှာကို ထိုးပြပေးလိုက်ရာ လန့်ပြီး အတင်းထထိုင်ပါတော့သည်။ မိုးကျော် အောင်နှင့်တင်မြတ်တို့နှစ်ယောက် သဘောကျ၍ အားရပါးရ ရယ်မော စဉ် ကိုလှသန်းသည် ယခုမှ ကောင်းစွာ သတိရပြီးနောက် သူ့သတိ လစ်သွားစဉ် အိပ်မက်လိုလို မက်မိသွားပါသည်။ ထိုအဖြစ်အား ပြောပြ လိုက်သည်။

"ရော်... ဆရာ ကိုတင်မြတ်ပ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သတိလစ်သွားတာနော့"

"ဟုတ်တယ်လေ"

"အင်း... တော်တော်ကောင်းတာပ"

"ဗျာ"

"ရော်... ဒီ... ဒီလိုပ"

ကိုလှသန်း သတိလစ်သွားစဉ် သူသည် အိပ်မက်ပမာ မက်လိုက်သည်မှာ ရွာဦးတွင်ရှိသော ပန့်ပင်ကြီးအောက် သူ၏ ဇနီးသောင်းခင်မေလည်း ရောက်လာကြောင်း သူတို့နှစ်ယောက်တွေ့သည်နှင့် လူပျိုသိုး ကိုလှသန်းနှင့်အပျိုဟိုင်းကြီး မခင်မေတို့ လူသူရှင်းလင်းသည့်အတွက် တစ်ယောက်ကိုတစ်ယောက် အငမ်းမရ တွယ်ဖက်ထားကြ၏။

"ခင်မေရာ ငါသိပ်ချစ်တာပဲ"

"ကျုပ်လည်း ချစ်တာပေါ့"

"ချစ်ရင် နမ်းကွာ"

"အို... ရှင်က အရင်နမ်းလေ"

"အေး... နမ်းတယ်ကွာ နမ်းတယ်ကွာ"

"နင် နမ်းလေ"

"ရှက်တယ်"

"အာခက်တာပ နင်အလှည့်လေ နမ်းပါဟ"

"အင်း... အင်း... ကဲ... ကဲ... ကဲ"

"ရွတ်... ရွတ်... ရွတ်"

အပျိုကြီးခင်မေကလည်း ပြန်လည်ပေးဆက်၍ နှစ်ယောက်သား နမ်းမဝခိုက် မိုးကျော်အောင် အတင်းလှုပ်နှိုးသည့်အတွက် လန့်နိုးသွားရာမှ သတိရလာတော့...



"ရော်... ကြောက်လိုက်တာ၊ ကျွန်တော်နမ်းနေတာ ခင်မေဟုတ် ကျားကြီးပအေး အဟီး"

"ဟား... ဟား... ဟား... ဟား၊ ဝါး... ဟား... ဟား... ဟား... ဟား"

"ကိုလှသန်းရာ ဟား... ဟား... ဟား... ဟား ဖြစ်မှဖြစ်ရလေ"

"ရော် အဟုတ်နမ်းမိတာပ"

"ခင်ဗျားကို နမ်းနေတာက ပောဒီ ကျားကြီး၊ ခင်ဗျားကလည်း ခင်မေအဖြစ်နဲ့ နမ်းနေတာ ဒီကောင်ကြီး နမ်းဦးလေဗျာ ဟား... ဟား... ဟား... ဟား"

"ရော်... အံ့တာပ အေး၊ တောက်... ခင်မေတွေ့မှ တအားနမ်းပစ်လိုက်မယ် ဆရာကိုတင်မြွတ် ဟား... ဟား... ဟား... ဟား"

"မိုးကျော်"

"ဘာလဲ တင်မြွတ်"

"အဲဒါပေါ့ကွ ငိုအားထက်ရယ်အားသန်လေ"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ အရေးကောင်း ဒိန်းဒေါင်းတော်ဆိုတာလေ၊ မင်းသာ လှုပ်မနိုးရင် မခင်မေဆိုတဲ့ ကျားကြီးခင်ဗျာတွေးရဲဘူးကွ၊ လူပျိုသိုးကြီးရဲ့ ရက်ရက်စက်စက် ဘာတွေဖြစ်ကုန်မလဲ မသိဘူးကွ"

"တင်မြွတ်နေဦးဟ"

"ဘာလဲ... ဘာလဲ မိုးကျော်"

မိုးကျော်အောင်သည် ကျားကြီးအား အထီးအမ သိရအောင် နှိပ်ခါတ်မီးနဲ့ ထိုးကြည့်နေရာမှ သူသိချင်သော အထီးအမ သိရသည်နှင့် တဟားဟား ရယ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

"ဒီမှာလေ ကျားအထီးကြီး မဟုတ်ဘူး၊ ကျားမကြီးကွ ဟား... ဟား... ဟား... ဟား၊ ကိုလှသန်း လူပျိုကြီးရေ တော်တော်ကြောက်ဖို့ကောင်းတာပဲ၊ ကျားအမတောင်မရှောင်ဘူး တင်မြတ်ရ ဟား... ဟား... ဟား... ဟား"

ကျားသေကြီးဘေးတွင် သုံးယောက်သား တဝါးဝါး တဟားဟား သဘောကျရယ်မောနေကြသည်။ စောစောက စိုးရိမ်စိတ်တွေ ထိတ်လန့်မှုတွေနှင့် ကြုံရပါသော်လည်း ယခုတော့ အားလုံးရယ်စရာ မောစရာ အမောအပန်းပင် ပြေသွားပါပြီ။

"ကိုလှသန်းကြီး"

"ဟုတ်"

"မနက်ရွာရောက်ရင် ခင်ဗျားကျားနဲ့ နပမ်းထိုးတဲ့အကြောင်းကို မခင်မေသိအောင် ပြောပြ၊ သွေးတွေလည်းပြ၊ လက်မောင်းက ကျားကုတ်မိတာလည်းပြ"

"ဟုတ်... ဟုတ် ပြမယ်၊ ပြပြီးတော့"

"ဟာဗျာ ပြပြီးရင် ခင်ဗျားလဲသွားတဲ့အကြောင်း အဲဒီမှာ မခင်မေကို တွေ့ပြီး ပွဲဖက်နမ်းရှုံ့ရကြောင်း ပြောပြီးတော့"

"ရော်... ကောင်းကာနီးမှ ဆရာကိုတင်မြတ်စကားရပ်တာပ"

"ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား မရပ်ပါဘူးဗျာ၊ အဲဒီကောင်းခန်းဆိုတာက မခင်မေကို စိတ်ထဲက မရိုးမရွ ဖြစ်သလိုပေါ့"



"ရော်... မရိုးမရွဆိုတာ ဘာလဲပ"

"ဟာ... ခက်တာပဲ၊ အိုဗျာ သိပ်ချစ်တယ်ဆိုတဲ့ သဘောနဲ့ သက်တွေက အငြိမ်မနေဘဲ ဖက်ပြီးနမ်းဗျာ"

"တကယ်နော်"

"ဩော်... တကယ်ပေါ့"

"အင်း... ဆရာကိုတင်မြတ်ကို ဆရာတင်မိတာနဲ့ မိန်းမရတော့မှာပအေး"

"ဘာဖြစ်လို့လဲဗျ၊ ကျွန်တော်က ခင်ဗျားအတွက်စေတနာနဲ့ပါဗျ"

"စေတနာသိတာပ၊ ကျွန်တော်က တစ်ခါနမ်းရင် သူကဆယ်ခါနမ်းပြီး အခု လက်ထပ်လုပ်တော့မှာဗျ ဟား... ဟား... ဟား... ဟား"

"အင်း... သေးနာရိုထိုးပြီ၊ မိုးကျော်နဲ့တင်မြတ်တော့ တော်တော်ကြမ်းကြမ်းတမ်းတမ်း ရမ်းနေကြပြီထင်တယ်"

"ဟုတ်တာပ၊ ကျားသံလည်း သဲ့သဲ့ကြားတာပ၊ တောခွေးအူသံတွေလည်း ကြားတာပ၊ သူတို့ ဘာမှ မဖြစ်ပါစေနဲ့"

"စိတ်ချပါ ကျွန်တော့်ကောင်တွေ လျှင်ပါတယ်"

ကျွန်တော်မှ မစိုးရိမ်ရန်ပြောရင်း သစ်ဆိမ့်ပင်အောက်သို့ သတိထားမိလိုက်သည်တွင် သားကောင်တစ်ကောင်သည် သစ်ဆိမ့်သီးတွေ ... နေသံ သဲ့သဲ့လေးကြားရပါပြီ။ သို့အတွက် ကျွန်တော်၏ သေနတ်ပြောင်းတွင် လက်နှိပ်ဓါတ်မီးတပ်ရင်းမှ သတိထားလိုက်သည်။ မိုးက ... ငါးလုလု သို့သော် လင်းလုလုအချိန်ဝယ် ပြန်မှောင်လာပြီးမှ အထင်းသန်းက ရှင်းရှင်းလင်းလင်း တောက်ပလာမည်။ သို့သော် ထိုအမှောင်ထုကို ကျွန်တော်လှ၍ သားကောင်တစ်ကောင်တော့ ပစ်မည်ဟု ဆုံးဖြတ်ရင်းမှ...

www.burmeseclassic.com



"အားလုံး တိုးတိုးတိတ်တိတ်နေ၊ နေရာမရွေ့နဲ့"

"ဟုတ်... ဟုတ်"

"ကျွန်တော် ရှေ့နည်းနည်းတိုးပြီးပစ်မယ်"

"ဟုတ်ကဲ့"

"ထွက်မပြေးကြနဲ့"

"ရော်... မပြေးပအေး"

"ကောင်းပြီ"

ကျွန်တော် ပြောပြောဆိုဆို ဝါးရုံနှင့်ဆက်စပ်နေသော ချုံငယ်ကလေးအောက်တွင်ရှိနေသော လက်ပန်ပင်ခြေရင်းသို့ တစ်ယောက်ထဲ တိုးသွားပြီးသည်နှင့် နေရာယူ၏။ သက်တောင့်သက်သာဖြင့် ထိုထိမိ ပစ်ခတ်နိုင်သည့် အနေအထားရောက်သည်နှင့် သစ်ဆိမ့်ပင်အောက်သို့ မီးထိုးလိုက်ပါပြီ။

"ဟာ... ဒရယ်ကြီးပါလား"

"အနေအထား အကောင်းဆုံးပဲ"

ဒရယ်ကြီးသည် မီးရောင်ကြောင့် ကျွန်တော့်အား ငုံ့ကြည့်ရင်းမှ သူ၏ခန္ဓာကိုယ်ကြီးသည် ဘေးတိုက်အနေအထား ပစ်ဖို့အကောင်းဆုံး ပစ်ကွင်းအတွက် ကျွန်တော် အချိန်မဆွဲပါ။ ရှာသားတွေငုံ့ကြည့်နေသည့်အတွက် အလွတ်မခံတော့ဘဲ ခလုပ်ကိုညှစ်လိုက်ပါပြီ။

"ဒိုင်း"

"ဝုန်း... ဝုန်း... ဝုန်း"

"ဘုန်း... ဝုန်း"

"ဖြောက်... ဖြောက်... ဖြောက်... ဘုန်း"

"ဝုန်း... ဝုန်း... ဝုန်း"



ဒရယ်ကြီးအား ချိန်တွယ်ပစ်ခတ်လိုက်သည့်တွင် ရှေ့ထက်နှစ်ချောင်းနှင့်ဦးခေါင်းကြီးအပေါ်သို့ ပဒပ်ရုပ်သကဲ့သို့ မြောက်တက်ရင်းပါးစပ်မှလည်း မြင်းများကဲ့သို့ ဝူးဝူးနှင့်အော်ရင်း မြေပေါ်ပြန်ကျသည်သွားရာမှ တဖန် ပြန်ထကာ တဝူးဝူး လေတွေမှုတ်ထုတ်ရင်း ထွက်ပြေးပါပြီ။ ကျွန်တော်ထပ်မပစ်တော့ပါ။ စိတ်ချရသည့်အတွက် ဆက်မပစ်၊ ကျွန်တော့်ပစ်ချက် ကျွန်တော်ယုံပြီးသား။

"ရော်... ဆရာကြီး ပြေးပြီ"

"မပြေးနိုင်ပါဘူး၊ သေမှာပ"

"ဟုတ်ပမလားပအေး"

"မိုးလင်းတော့မှာပါ၊ မိုးလင်းတော့ သွားကောက်ကြတာပေါ့"

"ရော်... ဆရာကြီးက အတိအကျ ပြောတာပအေး"

"ဟုတ်ပါတယ်"

ကျွန်တော် ဆက်မပြောတော့ပါ။ မိုးလင်းအောင်စောင့်ပြီးသည်နှင့် ပထမဆုံး ကျွဲသေတစ်ကောင်၊ ဝက်ဝံသေတစ်ကောင်တို့အား ကောက်ယူပြီးနောက် ဒရယ်နောက်လိုက်ကြည့်ရာ ပေတစ်ရာခန့်တွင် ဒရယ် သေနေပါပြီ၊ ထိုဒရယ်အား ကောက်ယူပြီးနောက် သားကောင်တွေ စုထားရင်းမှ...

"ကဲ... ခင်ဗျားတို့ ဝါးဆစ်ဘူးတွေနဲ့ ရေခပ်ကြဗျာ"

"ဟုတ်ကဲ့... ခပ်တာပ၊ ဘာလုပ်ရမှာပအေး"

"ဒီ မီးကျည်းခဲတွေ ရေထောင်းသတ်လိုက်ပါဗျာ"

"ဟုတ်... ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးထိထားသော ထက်ပန်ပင်ကြီးကား အမြစ်ဆုံပါမီးလော
ပြီးပြာအဖြစ်သို့ သုံးပုံနှစ်ပုံ ပြောင်းသွားပါပြီ၊ ရွာသားတွေ ရေလော
သတ်ပြီး စိတ်ချရတော့မှ ကျွန်တော်ရွာသားတွေရှေ့ဝယ် ရပ်ရင်းမှ

"ကဲ... ဟောဒီ ထက်ပန်တောမှာ နေထိုင်တဲ့ အရိပ်ကောင်
ရှိရင် ငါ့အမိန့်ကို နာခံကြ၊ နေချင်အေးအေးနေကြ၊ အေးအေးမနေ
ထက်ပန်တောကို ငါတို့ရှင်းပစ်မယ်၊ မီးတိုက်ပစ်မယ်ဆိုတာ မြဲမြဲမှ
ထား၊ ငါ့အမိန့်ဟာ အထက်အမိန့်ပဲ၊ ဒီနေ့ဒီအချိန်ကစပြီး ဟိုမိန်း
ထေးနှစ်ယောက်စလုံးလည်း သွားလိုရာ၊ ဝိဉာဉ်တွယ်ချင်ရာကို ကျွ
ကျွတ်လွတ် လွတ်သွားကြတော့လို့ ငါ့အမိန့်ပေးတယ်၊ မင်းတို့အတွ
ငါရဲ့ပြုခဲ့ဘူးသော ကုသိုလ်ထဲက မျှဝေပြီး ပေးဝေငှတယ်၊ သာဓုခေါ်
ကြပါစေ၊ အားလုံး အမျှ အမျှ အမျှ ယူနိုင်ကြပါစေ၊ သာဓု... သာဓု
သာဓု၊ ကဲ... ငါတို့ပြန်မယ်၊ ဒီနေ့ဒီရက်ကစပြီး ဘယ်တော့မှ မချောက်
လှန့်ကြပါနဲ့လို့ မေတ္တာရပ်ခံပါတယ်၊ အေး ချောက်လှန့်လို့ကတော့
ထက်ပန်မျိုးပြုတ်ပြီသာ မှတ်ကြပေတော့"

ကျွန်တော်သည် ပြာတစ်ဆုပ်ရေတစ်မှုတ် ပြုလုပ်ကာ ပြာအ
ထိုက်ပြီးနောက် ရေဆောင်းကာ မေတ္တာပို့ခြင်းနှင့် သစ္စာစကားပြု
မှာကြားထိုက်ပြီးနောက်...,

"ကဲ ကိုစိုးမြင့်ရေ ဒီနေရာမှာ ဘာသရဲတစ္ဆေမှ မရှိတော့ဘူး
ရှိတဲ့ ကျန်တဲ့ မကျွတ်မလွတ်သူတွေဟာလည်း ဘယ်သူ့ကိုမှ အနှောင့်
မပြုတော့ဘူး၊ ကျွန်တော့်ကို ကတိပေးကြတယ်၊ သူတို့စည်းဖောက်
ခင်များတို့ ကျွန်တော့်ထံ လာခဲ့ကြ၊ အားလုံး မီးတိုက်ပစ်မယ်၊ ကိုစိုး





ခင်ဗျားအင်းက အင်းစောင့်မောင်ညိုကိုလည်း ကျွန်တော်အပြန်မှာ မှာခဲ့
မယ်၊ ကတိတောင်းသွားမယ် ကိုစိုးမြင့်"

"ကျေးဇူးတင်တာပအေး၊ တစ်ခုတော့ရှိတာပ၊ မောင်ညိုစောင့်
ပေးတာ ကောင်းတာပအေး၊ ငါးခိုးသူ တစ်ယောက်မှ မရှိတာပအေး"

"ဒါပေမဲ့ လူတွေကို ဒုက္ခမပေးဖို့ ကတိတောင်းသွားမယ်လေ"

"ကောင်းတာပ၊ ရော်... ခိုးသူတွေဆိုရင်တော့"

"လွယ်လွယ်လေးပါ၊ ငါးခိုးတဲ့သူကို တင်ပါးရိုက်လို့မှာခဲ့မှာပေါ့"

"ကောင်းတာပအေး... ကောင်းတာပ"

ကျွန်တော်တို့ပြန်ရန်အတွက် သားကောင်တွေ သယ်ယူရေးအ
တွက် ရွာသွားတွေအထုပ်ရှုပ်နေကြ၏။ သူတို့မျက်နှာတွေဝယ် ပျော်ရွှင်
နေကြသည့်အပြင် ဆတ်သားနှင့် တောဝက်သားပင် မကုန်သေးနိုင်နောက်
ထပ် ဒရယ်သား စားရဦးမယ်ဟူသော အသိတွေကြောင့် ကြည်နူးနေကြ
၍ ကျွန်တော်အပင်ပန်းခံရကျိုးနပ်ပါပြီဟုလည်း တွေးမိသည်။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

## (ခြောက်)

အားလုံးအကောင်တွေအား ဝါးလုံးဖြင့်ထိုးကာ ထမ်းခဲ့ကြသည်။ ကျွန်တော်တို့ထွက်တော့ ငါးနာရီခွဲခြောက်နာရီထိုးတော့မည်မို့ ကောင်းကောင်းလင်းနေပါပြီ၊ တောကြက်သံ၊ ရှုးကူသံတွေမှာ ကြားနေသကဲ့သို့ လက်ပန်ပင်တွေပေါ်မှ ဆက်ရက်ငှက်တွေ၏အသံတွေကား နံနက်အတွက်သာသာယာချမ်းမြေ့စရာကောင်းနေသည့်အပြင် စိတ်ထဲကြည်လင်နေပါပြီ။ မိုးကျော်အောင်တို့လည်း နုလောက်ဆိုရောက်နေပြီဟု ကျွန်တော်တွေးမိ၏။

"ကိုစိုးမြင့်ရေ"

"ဗျာ"

"ဒီနေရာကို ခင်ဗျားတို့ ဘယ်လိုခေါ်တယ်"

"ရော်... မိုးကြိုးပစ်ပအေး"

"မှတ်ထားကြ၊ အခု မိုးကြိုးပစ်ရှိသေးလား"

"မရှိတော့"





"ဒီတော့ ဒီနေ့ကစပြီး တောကြက်မြောင်စခန်းအောက်က ကျားသေစခန်းလို့ ကျွန်တော်အမည်ပေးခဲ့မယ်"

"ခရော်... ကောင်းတာပ၊ ကျားကို ဆရာကြီးသတ်နိုင်တာပ"

"ကျွန်တော်တစ်ယောက်ထဲ မဟုတ်ဘူး၊ ခင်ဗျားတို့ အားလုံးပါတယ်လေ၊ အားလုံးဝိုင်းပြီး ရှင်းလင်းတယ်၊ ကျားကိုသတ်ပြီး အနိုင်ယူခဲ့ပြီ၊ ဒီတော့ မိုးကြိုးပစ်တဲ့ ဘာလက်ပန်ပင်မှ မရှိတော့ဘူး၊ ဒါကြောင့် ကျားသေစခန်းပဲ ခေါ်ကြ၊ ဘာဖြစ်လို့ ကျားသေစခန်းလို့ ခေါ်သလဲဆိုရင် ကျားကိုပစ်သတ်ခဲ့လို့ ကျားသေစခန်းလို့သာ ပြောလိုက်ပေါ့"

"ဟုတ်တာပ၊ မိုးကြိုးပစ်ဆိုတာ ကြောက်ကြလန့်ကြနဲ့ ခေါ်မကောင်း နမိတ်မရှိတာပ၊ ခု ဆရာကြီးပြောတာ ကိုယ်ကအနိုင်ရတာပဲ မဟုတ်လား၊ ခေါ်လို့လည်းကောင်း ပြောပြလို့လည်းကောင်းမှ ကောင်းပအေး"

"ဟုတ်တာပ ကျားသေစခန်းပနော့"

"ဟုတ်ပ ကျားသေစခန်းတဲ့ဟေ့"

"ကျားသေစခန်းကအပြန် ကျားသေကို ထက်တွေ့ထမ်းခဲ့တာပအေး"

★ ★ ★

ရွာသားတွေစိတ်ထဲ ကြည်နူးသွားကြပါပြီ၊ နမိတ်စကားကြားရတော့ ကျွန်တော်၏ရင်ထဲ အေးသွားသည်။ ကျွန်တော်ဒီနယ်မြေသို့ ခါနီးဝယ် မယျှဆိုသော ချစ်ရသူယုယလေးက မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ပြောလေ ယု"

"မောင် အဲဒီ မမလင်းနယ်မြေက ပြန်လာရင် ရွှေကျေးနားရွာက ကိုကျော်ဆွေတို့ မဝင်းမြိုင်တို့ အိမ်သွားမယ်၊ အပြန်ကို ရွှေကျေးနားဘုရားဝင်ဖူးကြရအောင်လား"

"ကောင်းတာပေါ့ ယုရယ်၊ မနက်စောစော ယုရဲ့နှုတ်ဖျားလေးက အင်မတန် နိမိတ်ကောင်းတဲ့စကား ကြားရတော့ ဝမ်းသာလိုက်တာကွာ"

"မောင်ရယ်၊ ယုနှုတ်ဖျားက မောင့်အတွက် ဟောဒီမောင့်အတွက်"

"ဟောဒီ ချစ်သူအတွက်လို့ပြောပါလား"

"ရော်… မောင်ကလည်း ကောင်းပါပြီရှင်၊ ဟောဒီက ယုချစ်ရတဲ့ မောင့်အတွက် အမြဲထာဝရ နိမိတ်ရှိတဲ့စကားတွေပဲ ပြောနေပါ့မယ်လို့ကဲ… ကျေနပ်ပြီလား"

"မကျေနပ်သေးဘူး"

"ရော်… ဘာလိုသေးသလဲ၊ ဆားလား၊ အချိုမှုန့်လား စိ… မိ… နိ… နိ"

"ချိုမြိန်တဲ့အနမ်းပန်းလေး"

"ဟင်း… တော်တော်ဆိုး မေမေကြားသွားမယ်"

"ယုရယ် မေမေ မကြားရအောင် တိုးတိုးလေးနော်"

"ရော်… ဘာလဲလို့"

"အသံတိတ်အနမ်း"

"ကြည့်… မောင် တော်တော်ဆိုး"



"မောင်လှဆိုးပေါ့"

"အင်း"

ပန်းတစ်ပွင့်အနမ်းသက်ဆင့်ကမ်းသည့် ချစ်ရသူယု၏ တစ်ပွင့်တစ်ထွာတစ်ညှာထဲက အနမ်းပန်းလေးနှင့်အတူ အရက်ဦး၏ နိမိတ်စကား ပြန်လည်တမ်းတရင်း ပြန်ချင်စိတ်တွေ ပေါ်ခဲ့ပါပြီ။ ရွှေကျေးနားရွာသား ကျွန်တော့်သူငယ်ချင်းကျော်ဆွေ (အညာကင်ပွန်းခြုံရွာသား) နှင့် ရွှေကျေးနားရွာသူ မဝင်းမြိုင် (ပရဟိတကျောင်း မူလတန်းပြဆရာမ) တို့ အိမ်သွားလည်မည်ဟု တိုင်ပင်ထားခဲ့သော ချစ်သူစကား ထာဝရကြားနေမိသည်။

★ ★ ★

"ရော်… ဆရာကြီးတို့ ပြန်လာတာပ"

"ပြန်မလာလို့ ဘာလုပ်ရမှာပ ကိုသိန်းအောင်ပ"

"စောစောကြီး ပြန်လာလို့ ဝမ်းသာတာပ"

"ကိုသိန်းအောင်"

"ဟုတ်… ဟုတ် ဆရာကြီး"

"ကျွန်တော့်ကောင်တွေ ပြန်ရောက်ပြီလား"

"ရော်… မရောက်သေးပ၊ ဆရာကြီးတို့နှစ်ဖွဲ့ ခွဲတာပအေး"

"ဟုတ်ပါတယ်"

"ရော်… ဒါကြောင့် ဆင်ကျောကုန်းစခန်းဘက်ကလည်း သေနတ်သံတွေ ကြားတာပ၊ နောက်ပြီး မိုးကြိုးပစ်"

"ရော်… ကိုသိန်းအောင်ပ"

www.burmeseclassic.com



"ဘာလဲ… စိုးမြင့်ပ ဘာလဲ"

"ဪ… မိုးကြိုးဝစ်ဆိုတာ မရှိတော့၊ အားလုံး မီးတိုက်ပြီးတာပ"

"ဟုတ်တာပ… ညက မီးတောက်တွေ တွေ့လို့ စိုးရိမ်နေတာပအေး"

"မှတ်ထားကြ တစ်ရွာလုံးကို ပြောတာပ၊ ဟောဒီဆရာကြီးက အဲဒီနေရာကို အမည်ပေးလိုက်ပြီ၊ ဆရာကြီးတို့ အနိုင်ယူပစ်ခတ်တာပအေး၊ ဒါကြောင့် ကျားကြီး သေတာပ၊ အဲဒီ ကျားကြီးတွေအတွက် အနိုင်ရတာကြောင့် သေအောင်သတ်နိုင်လို့ ကျားတွေသေရတာ၊ ဒါကြောင့် ကျားသေစခန်းလို့ အမည်ပြောင်းတာပ"

"ဪ… ကောင်းတာပအေး"

"ဟောဟိုမှာ ဟိုမှာ ဆရာတွေလာပြီ"

ရွာသားတွေ ပျော်ရွှင်နေကြစဉ်မှာပင် တင်မြတ်တို့သုံးယောက် ပြန်လာကြပါပြီ၊ ရွာသားတွေထဲမှ မခင်မေသည် သူ၏ခင်ပွန်းလောင်းအား မြင်လိုက်ရသည်တွင် ဝမ်းသာအားရဖြင့်…

"ဪ… ကိုသန်းတို့ပ"

"ဟဲ့… ခင်မေပ၊ ပြေးကြိုလေ ပြေးကြိုပ"

"ဟီး… ဟီး"

မခင်မေသည် ရွှတ်နောက်နောက်နှင့်ပျော်တတ်သူပီပီ ကိုလှသန်းဘက်သို့ အပြေးသွားသည်တွင် တင်မြတ်နှင့်မိုးကျော်အောင်တို့ မြင်လိုက်ကြသည်နှင့် တင်မြတ်နောက်ပါပြီ။

"ကိုလှသန်း… ကိုလှသန်း"

"ဟုတ်… ဟုတ်"



"ဟိုမှာ ပြေးလာနေပြီဗျ၊ ခင်ဗျားမှာသွေးတွေနဲ့ဆိုတော့ သူထိန် …င် လန့်သွားမယ်၊ ငါကျားကြီးနဲ့နပမ်းလုံးတာလို့ ပြောပြီးအတင်းဖက် …မ်းဗျာ"

"တကယ်နော် ဟား… ဟား… ဟား… ဟား"

"သွား… သွား မြန်မြန်သွား"

အပြေးလာနေသော မခင်မေထံသို့ ကိုလှသန်းကလည်း အပြေး …စ်ဝက်ပြေးသွားရင်း အနားရောက်သည်တွင် မခင်မေမှ ကိုလှသန်း …ယ်ပေါ်မှ သွေးတွေမြင်ပြီး…

"ဪ… ဪ ဘာ… ဘာဖြစ်တာပ"

"ငါကျားနဲ့ နပမ်းလုံးပြီး ကျားကြီးသတ်ခဲ့တယ်ကွ"

"ဪ… မဟုတ်တာ ကျားက ဘယ်မှာလဲ"

"တောထဲမှာ ရွာသားတွေခေါ်ပြီး ထမ်းမှာပ"

"တကယ်ပအေး"

"ဟုတ်တယ်ဗျာ ကိုလှသန်းကြီး သတ္တိသိပ်ကောင်းတာ မခင်မေ …လေ ဆုချပါဗျ"

"ဪ… ဘာဆုချရမှာပအေး"

"ကိုလှသန်း ယော့လူ"

"ခင်မေပ"

"ဘာလဲပအေး"

ကိုလှသန်း လှပျိုကြီးက နောက်တောက်တောက် အပျိုကြီး …င်မေက ရွှတ်တွတ်တွတ်ဖြင့်ကြည့်ပြီး ပြုံးနေကြရာမှ ကိုလှသန်း …ည် မခင်မေအနားကပ်ပြီး ဘာပြောသည်မသိ မခင်မေမှ…

www.burmeseclassic.com

www.burmeseclassic.com



"ရော်... တော်တော်နောက်တာပအေး၊ ဟိုဆရာ ဘယ်သူပ"

"ကိုတင်မြတ်ပအေး၊ ကိုတင်မြတ်လို့ ခေါ်တာပ"

"ဆရာကိုတင်မြတ်ပ"

"ဗျာ"

"ကျွန်မက ကိုလှသန်းကို မမွေးချင်ပအေး"

"ဘာဖြစ်လို့လဲဗျ"

"ရော်... သင်ပေးတဲ့ဆရာကိုတင်မြတ်ကိုပဲ မွေးချင်တာပ"

"ဟာဗျာ... ခင်ဗျားတော်တော်နောက်တာပဲဗျ ဟား... ဟား... ဟား... ဟား"

"ယောဒီ ကိုလှအကြီးပအေး၊ ကျွန်မကို အမြဲ ခိုးခိုးနမ်းနေတာ အေး... ရှိုးနေလို့ အသစ်အဆန်းလေးဖြစ်သွားအောင်"

"တော်ပြီ... တော်ပြီ မိုးကျော်ရေ၊ အခြေအနေမကောင်းဘူးပြေး ပြေးတော့မယ်ကွ ပြေးတော့မယ်"

"ဟား... ဟား... ဟား... ဟား ခိ... ခိ... ခိ... ခိ"

တင်မြတ်ပြေးသွားသည်ကို ကိုလှသန်းနှင့်မခင်မေအပြင် မိုး ကျော်အောင်ပါ ရယ်ရင်း ကျန်ခဲ့ပါတော့သည်။ ရှုတ်နောက်နောက်နှင့် ပြောင်ချော်ချော် တင်မြတ်တစ်ယောက် ကြောက်ရွံ့မှုမဟုတ်သော်လည်း အမျိုးသမီးတစ်ဦးမှ ရင်းရင်းနှီးနှီးနောက်လိုက်သောအခါ တင်မြတ် တစ်ယောက်ထွက်ပြေးရလေပြီ....

★ ★ ★



ကျွန်တော်တို့ လှုစုံသောအခါ ရှာသားလေးယောက်ခေါ်ပြီး ကိုလှသန်း၊ မိုးကျော်အောင်တို့ တောထဲပြန်ကာ ကျားထမ်းသွားကြ ပြန်ပါပြီ။ သူတို့ပြန်ရောက်တော့ မိုးကျော်အောင်အား တင်မြတ်ဘာ ဘာပြောသည်တော့မသိ။ မိုးကျော်အောင် ပြုံးနေ၏။

"မခင်မေ"

"ဟုတ်"

"ကိုလှသန်းပေါ့ဗျာ၊ အဲဒီကျားမကြီးကို အိပ်မှုန်စုံမွှားနဲ့ မခင်မေ ရယ် ချစ်လိုက်တာကွယ်ဆိုပြီး ဖက်နမ်းနေလို့ ကျားကြီးရဲ့ သွေးတွေစွန်း ကုန်တာဗျ"

"ရော်... နောက်တာပ"

"ကျွန်တော် မနောက်ပါဘူး... ကိုလှသန်း"

"ဟုတ်... ဆရာကိုတင်မြတ် ပြောတာပ"

"ခင်ဗျား မခင်မေဆိုပြီး ဒီကျားမကြီးကို အတင်းနမ်းတယ်၊ ဖက်ထားတယ်လေ"

"ရော်... ရှက်စရာပအေး၊ အိပ်မက်ထဲမှာပအေး"

"မိုးကျော်ရေ"

"အင်း... ဟား... ဟား... ဟား... ဟား"

မိုးကျော်အောင်မှာ အင်းဟုဆိုကာ တဟားဟားရယ်၏။ ကိုလှ သန်းလည်း ရယ်၏။ တင်မြတ်ကတော့ တဟားဟားရယ်မောရင်းမှ အဖြစ်အပျက်တွေ ပေါ်ကုန်သောအခါ ရွာသားတွေ တဝါးဝါး တဟား ဟားဟား ဖြစ်ကုန်ပါပြီ၊ ပျော်စရာကောင်းသော နံနက်ခင်းတစ်ခု ဖြစ် ခဲ့ခြင်းမှုမဟုတ်ပါ၊ အလိုအလျောက် ဖြစ်ပေါ်လာခြင်းသာပင်ဟု ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တွေးပြီး ဒီနေ့ဒီအချိန်မှစ၍ ရွာသားတွေအတွက် ကောင်းသောနေ့တွေ ဖြစ်ပါစေတည်းဟု ဆုတောင်းရင်း ကောက်ညှင်းနှင့်ငါးခြောက်ဖုတ်ကို စားရင်း နွားနို့ပူပူလေး သောက်နေမိသည်။

နေ့လယ်ပိုင်း ကျွန်တော်တို့ နားနေလိုက်သည်။ ညနေသုံးနာရီတွင် ကျွန်တော်တို့ရွာပြင် ကာထားသော စည်းရိုး ထိုက်ယံကြည့်ရှုရင်း ကျေနပ်လောက်သည်ထက် ပိုမိုခိုင်မာတောင့်တင်းနေသဖြင့် ကျွန်တော် ဝမ်းသာမဆုံး ဖြစ်ရပါ၏။

"ကိုတင်ရွှေတို့ ကိုသိန်းအောင်တို့ကို ကျွန်တော်အထွန် ကျေနပ်သွားပြီဗျာ၊ ခင်ဗျားတို့ရွာအတွက် တကယ်စိတ်ချရတဲ့ လုံခြုံရေးပဲ"

"ကျွန်တော်တို့လည်း နောက်တရမိပါတယ်၊ ဆရာကြီးတို့သာ မရောက်ခဲ့ရင် မလွယ်ပအေး၊ ဆက်ပြီးသောကတွေ၊ ဒုက္ခတွေခံစားနေရမှာပ၊ ဘယ်နှစ်ယောက် နောက်ထပ် သေရဦးမယ် မသိပ"

"ကဲ… ကျွန်တော်နောက်ထပ် ခင်ဗျားတို့ကို တာဝန်တစ်ခုပေးဦးမယ်"

"ပေးတာပ၊ ကျေးရွာအတွက် ကြိုးဆိုတာပ"

"ကောင်းပြီ၊ အိမ်တိုင်း အိမ်တိုင်းမှာ မီးတုတ်အမြဲ ရှိနေရမယ်၊ အဲဒါထက် အရေးကြီးတာက ဝါးချွန်တွေရယ်၊ နောက်ပြီး သောတ်ထေးနွနဲ့သောက်စာထုံး အပြည့်အမြဲ အသင့်ထားကြပါ"

"ကျွန်တော်တို့ ကြားဖူးတာပြောရရင် သရဲဟာသောက်လေးကို သိပ်ကြောက်တတ်တယ်တဲ့ဗျ၊ ဘာသဲဖြစ်ဖြစ် သရဲလည်းကြောက်ပြီး တောကောင်တွေဖြစ်တဲ့ ကျားတို့ဝက်ဝံတို့ကအစ တောခွေးအဆုံး ပစ်ခတ်နိုင်တာပေ့ါ၊ ရွာထဲကိုဝင်မဲ့ အကောင်ကြီးတွေ ရှာခြေလည်း မကပ်နိုင်တော့ဘူး ကပ်ရင်လည်း ကြိုတင်မြင်နိုင်တယ်၊ ကြိုတင်မြင်တော့ တစ်ချို့က



သောက်လေးနဲ့ပစ်၊ တစ်ချို့က အနီးကပ်သာ ဆိုရင်ပေါ့ စည်းရိုးအတွင်းကနေ ဝါးချွန်တွေနဲ့ ပစ်ပေါက် ထိုးသတ်နိုင်တာပေါ့"

"ဟုတ်ပဗျာ၊ ကျွန်တော်တို့ အတာပအေး၊ သောက်လေးကိုင်ပြီး အလေးတွေ ငှက်ပစ်၊ ကြက်ပစ်တာ ဆူမိတာပအေး၊ တကယ်ထိုအပ်တော့ မေ့နေတာပအေး၊ လုပ်မယ်ဆရာကြီး၊ ကျွန်တော်တို့အားလုံး ဆောင်ရွက်မှာပ"

ကျွန်တော်လိုချင်သော ကိစ္စတွေ အသေးစိပ် စီစဉ်သည့်အပြင် အတွင်းအခါအားလျော်စွာ ကင်းသဘောချထားပါရန် အရေးကြုံသည့်အခါတွင်လည်း စုပေါင်းရောက်ရှိရေးအတွက် အချက်ပေးမောင်းတီးမှုကိုပါ စီစဉ်ထားရန် မှာကြားခဲ့ပါသည်။

ကျွန်တော်တို့အား ကျေးရွာရှင်တွေဟုဆိုကာ ပြောသမျှတိတိကျကျလုပ်ကိုင်ပြီးနောက် အရှည်သဖြင့် လုပ်ဆောင်သွားရမည့် ကိစ္စများ၊ အခါအားလျော်စွာ လုပ်ဆောင်ရန်တွေကိုပါ ကျွန်တော်မှာကြားခြင်းအပြင် လက်တွေ့စာဖြင့် ရေးသားမှတ်တမ်း ပြုနိုင်ရန်အတွက် ကျွန်တော်ကိုယ်တိုင် ရေးသားပေးလိုက်၏။

ထိုကိစ္စတွေအတွက် တစ်ရွာလုံး တက်တက်ကြွကြွ လုပ်ဆောင်ကြစေရန်လည်း ကျွန်တော်တစ်ရွာလုံးအား အသိပေးမှာကြား၏။ ကတိအားပါဟုဆိုကာ သူတို့၏ကတိကိုပင် တိတိကျကျ တောင်းခံ၍ ကျွန်တော် နောက်ထပ် မကြာမကြာလာခဲ့မည်ဖြစ်ကြောင်း ပြောပြထားခြင်းသည် သူတို့ ရွာသားတွေအတွက် မလုပ်ဘဲ မနေရဲအောင် တမင်အကျင့်သည်းရသွားအောင် စီစဉ်ခြင်းပင် ဖြစ်ပါသည်။

"မိုးကျော်နဲ့ တင်မြတ်ရေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာကျော်"

"တို့တစ်တွေ လုပ်သင့်တာတွေ သုံးပုံနှစ်ပုံတော့ပြီးသွားပါပြီ"

"ကျွန်တော်တို့ကော ရွာသားတွေသိထားတာ ကျားကတစ်ကောင်ထဲ၊ ခုတော့ ကျားက နှစ်ကောင်၊ နှစ်ကောင်စလုံး အသေရပြီ"

"ဝက်ဝံတော့ တစ်ကောင်ထား၊ နှစ်ကောင်ထား ကျွန်ဦးမယ်ကွ"

"ဟို အသည်းရတဲ့ အကောင်လည်း သေပြီးရောပေါ့"

"ဟုတ်တယ် မိုးကျော်တို့ အေးအေးဆေးဆေး တောင်ပေါ်တက်ကြစို့၊ တောပစ်ထွက်မယ် အပြန် တောကြက်မြောင်ဘက်မှာ ဆတ်ပစ်တာပေါ့"

"ကောင်းတယ် ဆရာကျော်၊ ဒီညနေ ထွက်မယ်လေ၊ မနက်ဖြန်ညနေ ဒါမှမဟုတ် သဘက်ခါမှ ပြန်ဝင်တာပေါ့"

"ကောင်းတာပေါ့၊ ဒါမှ ရွာသားတွေရဲ့ ကျေးရွာလုံခြုံရေးဘယ်လို ဆောင်ရွက်ထားတယ်ဆိုတာ အနီးကပ် လေ့လာရင်းကြည့်ကြရ အောင်ကွာ"

"ထွက်တာဟုတ်ပြီ၊ အာမီရမ်ထည်း မရှိတော့ဘူး"

"ကိစ္စမရှိဘူး၊ သူတို့ရွာက ကောက်ညှင်းအရက်ထည်း ကောင်းတာပဲ၊ ကောက်ညှင်းအရက်ပဲ ယူသွားတာပေါ့"

"ရွာသားခေါ်ဖို့ရော"

"လေးယောက်လောက်တော့ ခေါ်ချင်တယ် ဆရာကျော်"

"အေး... တို့ ကိုတင်ရွှေတို့နဲ့ တိုင်ပင်တာပေါ့ကွာ"

★ ★ ★

(ခုနစ်)

ရွာသားလေးယောက်သည် ဆန်နှင့်ဆတ်သားကြော်၊ ငါးကြော်၊ ကြက်သားကြော်၊ ငါးပိထောင်း၊ မုံညင်းချဉ်တွေပါ ယူခဲ့ကြပါသည်။ ဒီတစ်ခါတော့ ကိုစိုးမြင့်အားမခေါ်တော့ အကြောင်းမှာ သူ၏အင်းသည် ခင်းထား၍မရ။ သို့အတွက် ကိုစိုးမြင့် ခေါ် ကျောက်အိုးထူးအား ထားခဲ့သည်။

ဒီတစ်ခါ ကိုသိန်းအောင်၊ ကိုထုသန်းအငြင် မောင်ကျော်ညွှန့် အောင်အေးကို လေးယောက်နှင့်ပေါင်း၍ ထွက်ခဲ့ကြပါသည်။ ပထမဆုံး ကျွန်တော်တို့ဆင်ကျောကုန်းစခန်းသို့ စတင်တက်ခဲ့ပါသည်။ ဆင်ကျောကုန်းစခန်းနှင့်တောကြက်မြောင် ဆက်စပ်မှု ရှိသည့်အတိုင်း ဆတ်ပစ်မည်ဟု ဆုံးဖြတ်ခဲ့၏။

ယခုတောပစ်ရန်မှာ တောကောင်လည်း ပစ်မည်၊ နယ်မြေထည်း လေ့လာထို၍ ရောက်တုန်းရောက်ခိုက် အသေးစိတ်လေ့လာမည်ဟု ဆုံးဖြတ်ချက်ပြီး ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

"ဆရာကြီးပ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့… ကိုသိန်းအောင်ပြောပါ"

"ကျွန်တော် အသက်နှစ်ဆယ်လောက်က ဒီတောင်တွေ နဲ့တော အေး၊ နောက်ဆုံး ကျောက်နှစ်လုံးတောင်မကြီးတွေအထိ တက်ခဲ့တာ ပေါ့ ဆရာကြီး"

"သစ်ရှာတာပေါ့"

"မှန်တာပအေး၊ ကျွန်တော်သစ်ရှာတယ်ဆိုတာ သစ်တော ထမ်းတွေနဲ့ လိုက်တာပအေး၊ သစ်ခိုးခုတ်တဲ့ သတင်းမရလို့ နယ်မြေ ဆင်းတာပ"

"ကျွန်တော်တို့ ကြားဘူးတာက သစ်ခိုးသူတွေပေါ်တော့ သ တောဝန်ထမ်းတွေ ဆင်းတာပဲ၊ ကြားဘူးပါတယ် ကိုသိန်းအောင်"

"ဟုတ်တာပ၊ နယ်မြေအေးပေမဲ့ သစ်တောရဲ့ အခြေအနေသိ တာပအေး၊ နောက်တစ်ခုက ကျွန်းတွေမပျောက်မပျက်အောင် သစ်တော ကဆင်းတာလည်း နယ်မြေမှာရှိတဲ့ သစ်ခွဲတဲ့သူတွေ ထန့်အောင်ပါမှာ အေး"

"ကိုသိန်းအောင်က အဖော်လိုက်ပေးတာလား၊ အငှားလိုက်တာ လား"

"ကျွန်တော် အပျော်လိုက်တာပ၊ သူတို့မှာ နှစ်လုံးပြူးပါတယ် တောကောင်ပစ်တာ မြင်ချင်တာပ၊ အပျော်သက်သက်ပ၊ အဲဒီအရေး တုံးက ကျွန်တော့်အမေက သူကြီးပ၊ သူကြီးသားဆိုတော့ သူတို့တွေက ခေါ်ကြတာပအေး၊ ပျော်စရာကောင်းတာပ"

"တောကောင်ပစ်သေးလား"

"ပစ်တာပ"



ကိုသိန်းအောင် ပစ်တာပဆိုပြီး စကားမဆက်တော့။ အကြောင်း မထူး၍ ဆက်မပြောတော့ဟုထင်ကာ နေလိုက်ပါသည်။ ကျွန်တော်တို့ ဆက်တက်ရင်းမှ ဆင်ကျောကုန်းစခန်းပေါ်ရောက်သောအခါ ပထမ ဆုံး မျောက်ညိုအုပ်နှင့် တိုးပါတော့သည်။ မျောက်ညိုအုပ်မှာ အကောင် ငါးဆယ်ထက်မနည်းပါ။ ကျွန်တော်တို့အားမြင်တော့ အုပ်ချိုပြီး ခြောက် လှန့်ကြပါပြီ။

"ဝုန်း… ဝုန်း… ဝုန်း"

"ခွီး… ခွီး… ခွီး"

"အုဝှ… အုဝှ… အုဝှ… အုဝှ"

"ဘုန်း… ဘုန်း… ဘုန်း"

ကျွန်တော်တို့အား အကိုင်းတွေ ကိုင်လှုပ်၍ စတင်ခြောက်လှန့် ၏။ အပင်ပေါ်တွင် တခွီးခွီးအော်ကာ ခုန်ပေါက်သည့်အကောင်တွေ အုဝှ အုဝှ ဆိုသော အသံစုံတွေ အော်ဟစ်ကြ၏။ အဓိကတော့ အကိုင်းတွေ လှုပ်ရမ်းရင်းအုပ်လိုက်ရှေ့တိုးလိုက်ကာ အပင်ကြီးတွေပေါ်မှ အောက်နား အထိ ဆင်းလာလိုက်ခြောက်လှန့်နှင့်မို့ ကျွန်တော်တို့ ကြည့်ကောင်း နေ၏။ ကျွန်တော်သည် မုဆိုးအစ မျောက်ပစ်ကြဆိုသည့် ဝတ္ထုထဲက အတိုင်း မျောက်ညိုအုပ်နှင့် တွေ့ရပါသည်။ ကျွန်တော်တို့ မပစ်ပါ၊ ပစ်ခတ်ရင်တော့ မတွေးရဲ၊ တော်တော်ကြောက်စရာကောင်းသော မျောက်ညိုများ။

"ဆရာကြီးပ"

"ပြော ကိုကျော်ညွန့်"

"ကျွန်တော်သောက်ဆေးနဲ့ပစ်ချင်တာပ"

www.burmeseclassic.com



"အင်း…ရပါတယ် ခြောက်ပစ်ပစ်ပေါ့"

ကျွန်တော်၏ခွင့်ပြုချက်ရသည်နှင့် ကိုကျော်ညွန့်သည် သူ၏ လွယ်အိတ်ကြီးထဲမှ သောက်ဆေးခွနှင့် သောက်စလုံးများထုတ်ပြီး ပစ် ပါပြီ။ ပထမတစ်ချက် အပင်တွေမထိ၊ အရွက်တွေသာထိပြီး မျောက် တွေမထိပါ၊ ဒုတိယအချက်ပစ်သည်တွင် မျောက်မတစ်ကောင်၏ လက် အား ထိလိုက်သည်တွင်…

"ဖြောက်"

"ဖြောက်"

"ဒေါက်"

"ခွီး… ခွီး… ခွီး"

"ဝုန်း… ဝုန်း… ဝုန်း"

မျောက်မလက်မောင်းထိသည်နှင့် နာလွန်း၍ ခုန်ပေါက် အေ သဖွက်သည်တွင် တခြားမျောက်မတွေ ဒေါသထွက်၍ ဝိုင်းပြီးခုန် ပေါက်ကာ အောက်သို့ဆင်းလာကြ၏။ အပင်ကြီးတွေ အလယ် လောက်ရောက်သည်အထိ ဆင်းလာသောအခါ ကျွန်တော်စိုးရိမ် သည်ကို မိုးကျော်အောင်မြင်လိုက်၏။

"ဆရာကျော် စိုးရိမ်နေပြီထင်တယ်"

"အေး… စိုးရိမ်တာပေါ့ကွ၊ ငါက ပထမဆုံးကြုံခဲ့ရတဲ့ မျောက်ညီ တွေနဲ့ တိုက်ပွဲက သင်ခန်းစာပေးထားတော့ ထန့်တာပေါ့"

"ဆရာကြီးပ ဒီဘက်မှာမျောက်တွေပေါတာပ၊ ကျောက်နှစ်ထ တောင်ဆိုတော့ မျောက်တွေပိုပေါတာပ၊ ကြိမ်တစ်ထုံး ထုတစ်ယော ဆိုတာ အဲဒီကျောက်နှစ်ထုံးတောင်ပေါ့ဆရာကြီး"





ကိုကျော်ညွန့်၏သောက်လေးထက်သံက တော်တော်ပြောင်၍ မျောက်ထပ်ဆက်ပစ်လိုက်သည်တွင် မျောက်သုံးလေးကောင် ထိမှန်သွား သဖြင့် အုပ်လိုက်ချီထွက်ပြေးသွားကြ၏။

ကျွန်တော်စိတ်ထဲဝယ် ရန်တစ်ရန်တော့ အေးသွားပြီဟုစိတ်အေး ရပါသော်လည်း ကျောက်နှစ်ထုံးတောင်ပေါ်မျောက်ပါက မျောက်စပ် တွေဟု ပြောသော်လည်း မျောက်ညီအုပ်ကိုတွေ့ပါက ခက်လေမည်ဟု ကြိုတင်တွေးမိသောအခါ ကြက်သီးထရှင်၏။ ကျွန်တော်၏ အဲသိတစ်ဦး မှာ ခွေးကိုသိပ်ချစ်၏။ သူ၏အိမ်တွင် ခွေးသုံးလေးကောင်ရှိသည်။ ထိုခွေးကြီးတွေမှာ အလွန်ကြီးသော်လည်း သူ မကြောက်သည့်အပြင် ထက်ပွန်းတတီးနေ၏။ ထိုခွေးကြီးတွေပေါက်သော ခွေးပေါက် သေး သေးလေးတွေကိုတော့ဖြင့် အလွန်ကြောက်တတ်၏။ ကိုယ့်ဖို့နေနေ သာသာ သူသွားမည့်လမ်းမှာပင် ခွေးပေါက်ကလေးတွေရှိနေခဲ့လျှင် ကွင်းရှောင်၏။ ကျွန်တော်သည်လည်း မျောက်ဆိုလျှင်တော့ တော်တော် လေးကြောက်မိသည်တော့ အမှန်ပင်။

ဆင်ကျောကုန်းစခန်းတွင် မျောက်ညီများနှင့်တွေ့ပြီး ကျွန်တော် ရှုံ့တွန့်တွန့်ဖြစ်သော်လည်း လူအင်အားတောင့်တင်းသည့်အပြင် ရွာသား တွေသည် မျောက်အားမကြောက်၊ ကျွန်တော် ဘာကြောင့်ကြောက်နေ သည်မသိ၊ တွေ့ခဲ့ကြုံခဲ့ရသော သည်းထိတ်ရင်ဖိုမှုသည် ယခုချိန်ထိ၊ မျောက်အုပ်တွေ့တိုင်း ကျွန်တော်ရင်ဖိုခဲ့ရသည်ကို မိုးကျော်အောင်နှင့် ဘင်မြတ် သိပြီးနောက် မယုအားပြောပြခဲ့သည်တွင်…

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ပြော ယုလေး"

"အဟိ"

"ရော်... ဘာဖြစ်တာပ"

ကျွန်တော်နောက်လိုက်တော့မှ ချစ်ရသောယုက သူ၏နှုတ်ခမ်းမဲ့ကာ မျက်လုံးလေးပေကလပ်ပေကလပ်နှင့် လက်နှစ်ဖက် နားတွေနား ကပ်ပြီး လက်ချောင်းကလေးတွေ ကွေးပြ၏။ ကျွန်တော် ဘာလုပ်ပါသနည်း မသိပါ။ သို့အတွက် ယုလေးကိုကြည့်ပြီး ကြောင်တောင်တောင် ဖြစ်နေစဉ်...

"မန်းကီးလေ... မန်းကီး"

"မန်းကီးဆိုတော့ မျောက်၊ မျောက် ဘာဖြစ်သလဲ၊ သိပြီ သိပြီ မုဆိုးကြီးကို မျောက်ပစ်ပေးပါ၊ ယုစားချင်တယ်ပေါ့၊ ဟုတ်လား"

"ထပ်သရီး မောင့်ကိုပြောတာ"

"ဘာလဲ ယုရဲ့"

"မျောက်ကို ကြောက်တဲ့မောင်လေ မုဆိုးကြီးက မျောက်ကြောက်တယ်တဲ့ ဟား... ဟား... ဟား.. ဟား"

"ဩော်... ဘာများလဲလို့ ယုရာ မောင်က မျောက်အုပ်နဲ့ အသက်လုခဲ့ရတာလေ ဒီတော့ တောထဲက မျောက်တော့ကြောက်တာပေါ့၊ ဟောဒီ မျောက်အစုတော့ ဟောဒီလို"

"ရော်... မောင်... မောင်... ဒိ... ဒိ... ဒိ"

ကျွန်တော်ဆင်ကျောကုန်းစခန်းမှ ဆက်တက်ရင်း အတွေးထဲသို့ မျောက်အုပ်နှင့်တွေ့ခဲ့ကြုံခဲ့ရာမှ ချစ်ရသူ၏ နောက်ပြောင်မှုကို တွေးပြီး





မိပါ၏။ ကျွန်တော့်အပြုံးအား ဘယ်သူမျှ မသိနိုင်ပါ။ အသိလည်း ပေးမိ၊ ယုပြောသလို မုဆိုးကြီးက မျောက်ကြောက်တယ်ဟု အပြောခံရ ည်လည်း စိုးရိမ်မိပါသည်။

★ ★ ★

"ဆရာ ကိုတင်မြတ် ဒီနေရာဟာ ဆင်ကျောကုန်းစခန်း အဆုံး အေး"

"ဟုတ်လား ဒါဆိုရင် ဟိုရှေ့က အတက်ဟာ ကျောက်နှစ်လုံး တောင်ကြီးပေါ့နော်"

"ဟုတ်တယ်ပအေး၊ တောင်မကြီးနဲ့ တောနက်ကြီးပ"

"ဒါဆို ခေတ္တနားမယ်ဗျို့"

တင်မြတ်ကျွန်တော်ထံလျှောက်လာရင်း သူ၏ရေဘူးထဲမှ တော က်တစ်ငုံငုံပြီး ကျွန်တော်ထိုင်နေသော သစ်ပင်၏ သစ်မြစ်ဘေး ်တော့ သူ၏ရေဘူးအား ကျွန်တော့်အားကမ်းပေး၏။ ကျွန်တော် သာက်တော့ပါ။

"ဘာလဲတင်မြတ်"

"ဒီကစတက်ရင် ကျောက်နှစ်လုံးတောင်နဲ့ တောနက်ကြီးကို ်ပြီတဲ့၊ အောက်ခြေရှုပ်တယ်၊ သစ်ကြီးဝါးကြီးပေါတယ်၊ တောတိုး ာ့မယ် ဆရာကျော်"

"အေး... တိုးကြတာပေါ့ နေဦး"

"ဗျို့... ကိုသိန်းအောင် ... ကိုသိန်းအောင်ကြီး"

"ဟုတ်ကဲ့ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"လာပါဗျ ဒီမှာထိုင်တာပေါ့"

"ဟုတ်... ဟုတ်"

ကျွန်တော်အပါးသို့ ကိုသိန်းအောင်ကြီးရောက်လာသလို မ ကျော်အောင်ပါ ကျွန်တော်ခေါ်ထိုက်၏။ အားလုံးထူစုံပါပြီ၊ ရှေ့ဆ ရန် ခရီးအတွက်စီစဉ်သင့်သည်များ စီစဉ်ထို၍ထူစုရခြင်းပင်။

"ကျွန်တော်တို့ တောင်မကြီးကိုတက်မယ်ဗျာ၊ ခြောက်နာရီမထိ မီ ရောက်တဲ့နေရာမှာ ထမင်းစားမယ် ကိုသိန်းအောင်"

"အင်း... အခု ငါးနာရီဆိုတော့ နောက်တစ်နာရီပေါ့"

"ရော်.. ဒီလိုထုပ်တာပ ဒီက တက်တာနဲ့ နာရီဝက်လောက်ဆို ကျောက်ကလပ်ရောက်မယ်၊ အဲဒီကျောက်ကလပ်ရောက်မှ ထမင်းစ ကြတာပအေး၊ အပေါ်ဆိုရင်အတက်ကြီးပ၊ ကျောက်ကလပ်ဟာ အ တောင်းဆုံးပ"

"ဟုတ်တာပ၊ ကျောက်ကလပ်က တက်ရင် ကျောက်တောင်ကြ နစ်မှာပအေး၊ ဆရာကြီးတို့ လေ့လာရေးဆိုရင်တော့ ဆက်မတက် ကျောက်ကလပ်မှာ တစ်ညအိပ်တာပအေး၊ အပေါ်တက်ရင်အိပ်စ လည်း မရှိသလောက် မတ်စောက်တာပ၊ အပေါ်မှာတစ်ခါ တချို့ကျ နဲ့ပဲ တွေ့တက်တာပ၊ မျောက်အုပ်တော့ရှိတယ်၊ တစ်ခြားသားကော ရှာတာပအေး"

"အဲဒီကျောက်တောင်ထိပ်အထိ ကျွန်တော်တို့တက်ချင်တယ အပေါ်ရောက်ပြီး အကောင်မပစ်ရလည်း နယ်မြေနဲ့စပ်အောင် ရောက် တာပေါ့၊ အဲဒီတောင်ထိပ်ကို ကျောက်ကလပ်ကနေတက်ရင် ဘ လောက်ကြာမလဲဗျ"



"အင်း... ကိုကြီးသိန်း နောက်ထပ်လေးနာရီလောက် တက်ရမှာ မှာ"

"ဟုတ်တယ် လေးနာရီ ငါးနာရီတော့ ကြာမှာပ"

"ဒါဆိုလည်း ကျောက်ကလပ်မှာပဲ စခန်းချတာပေ့ါ"

"ဒီကနေ နာရီဝက်လောက်ဆို ကျောက်ကလပ်ရောက်မယ်ဆိုရင် ခု ငါးနာရီဆိုတော့ ငါးနာရီခွဲလောက်မှာပေါ့နော်"

"ဟုတ်ပါတယ်"

"ကဲ... တင်မြတ်ရေ ဆက်သာတက်ကွာ"

★ ★ ★

အမှောင်သန်းလာပါပြီ၊ အလင်းရောင်လည်း မှိန်လို့ ခရီးကြမ်း ဟုတ်သော်လည်း အတက်လမ်းမို့ တော်တော်လေးတော့ ပန်းနေကြ သည်မို့ ကျွန်တော်တို့ ခြောက်နာရီထိုးကာနီးမှ ကျောက်ကလပ်သို့ ရောက်ပါပြီ။ ကျောက်ကလပ်သည် ဆိုသည့်အတိုင်း ကျောက်ပြားကြီး ခွယ် တောင်ပေါ်မှ မြေပြန့်ပြန့် တောင်ဘောသို့ ထိုးထွက်နေပါ၏။ နစ်ဆယ်ခန့် နေထိုင်နိုင်မည်ဟုခန့်မှန်းရပြီး တောင်အောက်သို့ အစွန် ကြည့်လျှင် တော်တော်လေးနက်ရှိုင်းသည်ကို တွေ့ရပြီး မတော်တဆ ချော်ကျပါက မတွေးတော့ မတွေးရဲပါ။ အရိုးတစ်ခြားအသားတစ်ခြား နိုင်သော အနေအထားဟု ကျွန်တော်ထင်မိပါသည်။ ဤ ကျောက် လပ်ခေါ် ကျောက်ဖျာအစွန်ရောက်မှ စိန်လုံတွင်ရှိနေသော လှမ်းမြ ကျောက်ဆောင်အား သတိရမိပါသည်။ စိန်လုံတောင်ထိပ်သည် ပေ ခြောက်ထောင်(ပေ–၆၀၀၀)ကျော်ဝယ် ထိုလှမ်းမြယ် ကျောက်တောင်

www.burmeseclassic.com



ကြီးပေါ်မှ ဗန်းမော်ကိုကြည့်သောအခါ တွေ့ရပါသည်။ မွန်းလွဲပိုင်း နစ်နာရီသုံးနာရီအချိန် ဗန်းမော်မြို့ပြနှင့် ဧရာဝတီမြစ်မင်း၊ ဗန်းမော် သင်္ဘောဆိပ်၊ ဧရာဝတီမြစ်ကူးနစ်ထပ်သင်္ဘောကြီးတွေ၊ မြို့ ကင်းပါက မြို့ပေါ်ရှိ တိုက်တာအဆောက်အအုံ၊ လမ်းမှာပြေးသွား သောကားတွေအထိတော့ ခပ်ရေးရေး ခပ်ပြပြ မြင်ရသည်သာ။

တစ်ကယ်ပင် ထွမ်းဖွယ်ကျောက်တောင်ကြီးတွင် တစ်ချိန်က နယ်ချဲ့တွေ၏ ရက်စက်မှုဒဏ်ခံရသည့် ရင်နင့်ဖွယ်ရာအဖြစ်တွေလည်း ရှိခဲ့ကြောင်း နယ်မြေခံတွေ ပြောပြကြ၏။ ရင်နင့်ဖွယ်ရာကား ထိုကျော တောင်ပေါ်နေ၍ ဖမ်းဆီးရမိသော မြန်မာတော်လှန်ရေးသမားအချို့အ ကြိုးနှင့်တုပ်ကာ ထွမ်းဖွယ်ကျောက်တောင်ကျောက်ဖျာကြီးအပေါ် တွန်းချခဲ့သော ရာဇဝင်တွေရှိကြောင်း သိရသည့်အတွက် ထိုကျောက် ကြီးဖြစ်သော ထွမ်းဖွယ်ကျောက်တောင်ပေါ်မှ ကျွန်တော်ချစ်သော ယုထံသို့ အလွမ်းတွေ ထွင့်ပျံ့ခဲ့ဘူးပါသည်။

ယနေ့တဖန် ကျောက်ကလပ်ရောက်ပြန်တော့ ထွမ်းဖွယ်ကျော တောင် လှသတ်တောင်ဟု ကျွန်တော်သူငယ်ချင်း ကိုမြင့်ထွင် (ဒုအရာ ဗိုလ်မြင့်ထွင်–စစ်ရုံး) ကိုမြင့်လွင်ကိုပင် ထပ်မံသတိရမိပြန်၏။ ကိုမြ ထွင်မှ ကျွန်တော်အား မိုးကျော်ကိုတော့ ကဗျာဆရာ၊ စာရေးဆ ဖြစ်အောင် ကြိုးစားမယ်ဟု ပြောခဲ့ဘူးသည်ကိုလည်း သတိရမိသည်

ကျွန်တော်တို့အားလုံး ထမင်းစားပြီးကြပါပြီ၊ ထမင်းစားပြီ နောက် မိုးကျော်အောင်နှင့် ရွာသားတစ်ယောက် ပထမ ကင်းစောင့် သူပြီးလျှင် တင်မြတ်နှင့် ရွာသားတစ်ယောက်၊ နောက်ဆုံးကျွန်တော် တာဝန်ယူမည်ဟုပြောကာ အေးအေးဆေးဆေး နားထိုက်ကြပါသည်



မအိပ်သေးခင် ကျွန်တော် နားစွင့်၏။ ပုစဉ်းသံ၊ ပုရစ်သံတွေ ကြားရ၏။ တစ်ခါတစ်ခါ မျောက်အူသံ၊ တောကြက်ဖတွန်သံအပြင် ငှက်ငယ်ကလေးတွေ လန့်ပြီး ပျံသန်းသည့်အသံမှအပ ဘာသံမှမကြား ရပါ။ ရွာသားတစ်ဦးပြောသလိုပင် တောင်ပေါ်မှာ သားကောင်မရှိ၍ပင် ဖြစ်ပေမည်။ သို့သော် ကျွန်တော်ဘာကြောင့် တောင်ထိပ်ပေါ်အထိ တက်ချင်သည်ကိုမသိပါ။ သို့အတွက် ရောက်အောင်တက်မည်ဆိုသော စွဲဖြင့် တက်ခဲ့ခြင်းပင်။

"ဆရာကျော်"

"ဟင်... မိုးကျော် သြော်... အေး... အေး မင်းအိပ်တော့"

"ဟုတ်ကဲ့ ဘာမှမထူးပါဘူး၊ တင်မြတ်လည်း မထူးလို့ အေးအေး ဆေးဆေးပဲ"

"ကောင်းတာပေါ့"

"ဟိုမှာ ဆရာကျော်နဲ့စောင့်မယ့် ရွာသားကိုကျော်ညွန့်"

"အေး... အေး... ကဲ... တဲ အိပ်အိပ်တော့"

"ဟုတ်ကဲ့၊ ဘယ်အချိန်ထွက်မလဲ"

"မိုးလင်းမှ စီစဉ်တာပေါ့ကွာ"

"ဆရာကြီး"

"ဟုတ်ကဲ့ ကိုကျော်ညွန့်"

"မိုးလှုံတာပ၊ ပိုအေးလာတယ်လေ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မီးမှိုထားသည့် ကိုကျော်ညွန့်ဘက်သို့ ရွှေ့သွားလိုက်ပြီး မီးထွန်းနေစဉ် ကိုကျော်ညွန့်မှ ဆေးလိပ်ပေး၏။ ကျွန်တော် ဆေးလိပ်မသောက်ကြောင်းပြောပြီး၊ စောစောက အိပ်မက်အား သတိရမိပါသည်။ အိပ်မက်... အင်း...ဟုတ်ပါတယ်။ ငါအိပ်မက်မက်နေတာပဲဟု တွေးနေစဉ် ကျွန်တော်မက်သော အိပ်မက်ထဲသို့ ရောက်ရှိသွားပါပြီ။

★ ★ ★

ခေါင်းနှစ်လုံးနှင့်ဆင်ကြီးတစ်ကောင်ကို တွေ့ရပြီး ထိုဆင်ကြီး၏ ကျောကုန်းပေါ်မှာတော့ ပိတ်ဖြူစင်ကြယ်ဝတ်ထားသည့် လူကြီးတစ်ယောက်၊ ထိုလူကြီးအား ကြည့်လိုက်သောအခါ ဆံပင်ထည်း ဖြူ၏။ ထိုဆံပင်အား ရောင်တစ်စောင်း သေသေသပ်သပ်ထုံးဖွဲ့ပြီး ပိတ်ဖြူခေါင်းပဝါနှင့် ခေါင်းပေါင်းထား၏။ မျက်ခုံးမွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေမှာသည်း ဆွတ်ဆွတ်ဖြူနေကာ အသက် ကိုးဆယ်ကျော်ခန့်ဟု ထင်ရသော ပုဂ္ဂိုလ်ကြီး။

ဝတ်ဆင်ထားသည်မှာ အကျီအဖြူ တောင်ရှည် ပုဆိုးအဖြူဆွတ်ဆွတ်နှင့်အတူ ပိုးဖိနပ်မှာ ဟင်္သာခြေနင်းဝတ်ဆင်ထားသည့်အပြင် ထိုပုဂ္ဂိုလ်ကြီး၏ လက်ထဲဝယ် စိတ်ပုတီးတစ်ကုံး၊ ထိုစိတ်ပုတီးအား ကျွန်တော်ကြည့်ရင်း ပို၍အံ့သြသွားသည်မှာ စိတ်ပုတီး၏ ပုတီးလုံးတွေမှာ နီလိုက်၊ စိမ်းလိုက်၊ ဝါလိုက်၊ ပြာလိုက်၊ နက်သွားလိုက်၊ အရောင်ငါးမျိုးသို့ လှည့်ပြောင်းနေသည်ကို ကောင်းစွာတွေ့ရ၍ အံ့သြနေစဉ် တစ်ခါဘူးမှ မတွေ့ဖူးသော ခေါင်းနှစ်လုံးနှင့် ဆင်ကြီးသည် မြေမှာ





ထိုက်သည်တွင် ထိုပုဂ္ဂိုလ်ကြီး ဦးခေါင်းနှစ်လုံးအလယ်သို့ ဆင်းပြီး ကျွန်တော်အား မရယ်မပြုံး၊ ခက်ထန်သော သဘောလည်း မရောက်ပါ၊ ကြည်ကြည်ခန့်ညားသော မျက်နှာထားဖြင့် ကြည့်နေသည့်အတွက် ကျွန်တော်သည် သေနတ်အား ဘေးချပြီး ဦးတိုက်လိုက်သည်။

ဦးတိုက်ပြီး ပြန်မော့ရင်းမှ ကျွန်တော်အသေအချာစိုက်ကြည့်ရင်း ထိုသော ဆန္ဒတွေကြောင့် ဘာကို အရင်မေးရမှန်းမသိအောင်ဖြစ်သည်။ သို့သော်လည်း အားခဲပြီး မေးလိုက်သည်မှာ...

"အဘ ကျွန်တော်မေးပရစေ"

"မေးပါ"

"အဘက ဒီတောင်ပိုင်ဘိုးဘိုးကြီးလား အဘ"

"မဟုတ်ပါဘူး၊ တောင်ပိုင်... တောင်ပိုင် မဟုတ်ပါဘူး၊ အင်း ဘုရားအားထုတ်နေတာပါ"

"ကျွန်တော် ဒီတောင်ပေါ်တက်ချင်တာဟာ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ထိတ်ကြီးတွေရှိမယ်လို့ တွက်ပြီး တက်ချင်တာပါ"

"တွေ့ရင် လူကလေး ဘာလုပ်မှာလဲ"

"တွေ့ရင် အခုလို ဖူးမျှော်ချင်တာပါ အဘ၊ အခြား ဘာမှမရှိပါဘူး"

"ဘာဖြစ်လို့ ဖူးမျှော်ချင်တာလဲ လူကလေး"

"သူတော်ကောင်းတွေဆိုရင် ကျွန်တော် ဆည်းကပ်ချင်ပါတယ်"

"ကောင်းတာပေါ့၊ သူတော်ကောင်းကို တွေ့ချင်သူဟာ သူတော်ကောင်း၊ သူတော်ကောင်းဖြစ်လို့ပေါ့၊ သူယုတ်မာဖြစ်ဖို့က လွယ်ပါတယ်၊ သူတော်ကောင်းဖြစ်ဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲ၊ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးဟာ ငရဲကိုတိုက်မှာပေါ့၊ နောက်ဆုံးလမ်းက ငရဲပဲပေါ့၊

သူတော်ကောင်းရဲ့တရား၊ တလေးတစား ဘုရားရဲ့မြတ်တရား

ကျင့်ကြံအားထုတ်ရင်လည်း နောက်ဆုံးလမ်းဆိုတာ ရှိတာပါ

ကလေး၊ အဲဒီလမ်းက နိဗ္ဗာန်ဆိုတဲ့နန်းပဲကွဲ့"

"အင်း...သူတော်ကောင်းရဲ့ နောက်ဆုံးလမ်းဟာ နိဗ္ဗာန်နန်း

ဆုံးတာပေါ့၊ ဒါကြောင့် ကြိုးစားအားထုတ် အလုပ်လုပ်နေ

အဘတို့ကို တွေ့ချင်တဲ့ လူကလေးတွေ့ရပြီပဲလေ"

"ဒါဆို ကျွန်တော် ဆက်တက်စရာ မလိုတော့ဘူး ထင်ပါတ

အဘ"

"တက်ပါလူကလေး၊ လူကလေးရဲ့စိတ်ထဲမှာ တောင်ထိပ်အ

တက်ချင်တာပဲ မဟုတ်လား၊ တောင်ထိပ်မှာ အဘကိုတွေ့ချင်တယ်

တွေ့ရမှာပေါ့၊ ဒါပေမဲ့ ကျောက်ဆုံရောက်ရင် လူကလေးတို့ရဲ့ထက်

တွေမယူပါနဲ့၊ တစ်ယောက်တစ်လှည့်စီ တက်ခဲ့ပါ၊ အဘကြိုမှာ

ဒါပေမဲ့ စကားပြောခွင့်မရဘူး၊ ဘာမျှမပြောနဲ့လို့ ကြိုတင် ကတိပေး

လူကလေး"

"ရပါတယ်အဘ၊ ကျွန်တော် သူတို့ကိုမှာထားပါ့မယ်၊ ဘယ်

မှ စကားမပြောစေရဘူး"

"ကောင်းပါပြီ ကဲ... လူကလေးနားပါ"

"အဘ"

"ပြော"

"ကျွန်တော်ရဲ့ ဝါသနာကိုခွင့်လွှတ်ဝါ"





"အင်း... သူတော်စင် သူတော်ကောင်းမှန်သမျှ မြတ်ဗုဒ္ဓအစဆေါ့ ခွင့်လွှတ်ပါဆိုရင် ခွင့်လွှတ်ကြပါတယ်၊ ကဲ... အဘပြန်မယ် လူကလေး ပြန်အိပ်တော့"

ကျွန်တော်ခုမှ ပြန်စဉ်းစားမိသည်။ အိပ်မက်ထဲမှာ ထင်ထင်ရှားရှားတွေ့ဖူးရသော သူတော်ကောင်းကြီး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးအား အရမ်းဖူးချင်သည့်အပြင် ခေါင်းနှစ်လုံးရှိသော ဆင်ဆိုသည်မှာ ဤတောင်မကြီးသာဖြစ်ပေမယ့် ဦးခေါင်းနှစ်လုံးမှာ ကျောက်နှစ်လုံးတောင် ဟုတွေးမိပြီး စိတ်ထဲဝမ်းသာမိ၏။ ယနေ့ပင် ထသွားချင်၏။

★ ★ ★

အတွေးထဲနစ်မြောရသော ကျွန်တော့်အား ခေါ်ပုတ်ကင်နှင့် ငါးခြောက်ဖုတ်လာပေးတော့မှ သတိရမိသည်။ ရွာသားတွေထပြီး ခေါ်ပုတ်တွေကင်၊ ငါးခြောက်တွေဖုတ်ကြ ရေနွေးထည်းသောက်ကြရန် အသင့်စီစဉ်ထားကြသည့်အတွက် ကျွန်တော် သတိရကာ...

"ကိုသိန်းအောင်ကြီး ကျွန်တော်ခေါ်ပုတ်နဲ့ရေနွေးကို မစားခင် ဒီတောင်ပေါ်က အဘကို ကပ်ချင်တယ်"

"ရော်...ရတယ် ဆရာအတွက် ဦးဦးဖျားဖျား ခေါ်ပုတ်ပ၊ ဒီရေနွေးလည်း မသောက်ရသေးတာပ"

ကျွန်တော်သည် ကျွန်းရွက်ခူး၏။ ထိုကျွန်းရွက်ပေါ်ဝယ် ကျွန်တော်၏ ဟန်းကောအဖုံးပေါ်တင်ကာ ခေါ်ပုတ်တစ်ချပ်၊ မတ်ခွက်ထဲမှ ရေနွေးဖြင့် တင်လိုက်သည်။ ထိုသို့တင်ရင်း ကျွန်တော် တောင်ပေါ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



၍ ကန်တော့ရင်း သူတော်ကောင်းပုဂ္ဂိုလ်ကြီးအား ဦးဦးဖျားဖျား ဆက်ကပ်လှူဒါန်းပါကြောင်း လျှောက်ထားပြီးမှ ကျွန်တော်နောက်သို့ လှည့်ကြည့်သောအခါ တင်မြတ်နှင့်မိုးကျော်အောင်တို့ ကျွန်တော်အား ကြည့်နေကြ၏။

"ဆရာကျော်"

"အေး"

"သြော်... အေး... တောင်ပေါ်က သူတော်ကောင်း ပုဂ္ဂိုလ်ကြီးကို တင်တာပါ၊ သူတော်ကောင်းကြီးတွေ ရှိတယ်ကွ"

"မသိပါဘူး၊ တောပိုင်၊ တောင်ပိုင်တွေ တင်တာထားလို့"

"ငါ ဘယ်တုန်းက တင်ဘူးလို့လဲကွ"

"ဟုတ်တယ် ဆရာကျော်၊ ဒါကြောင့် ကျွန်တော်တို့ အံ့သြနေတာပေါ့"

"အေးပေါ့ကွာ၊ သူတော်ကောင်းကြီးတွေ ရှိနိုင်လို့သာ သားသတ်လွှတ် တင်တာလေ၊ ငါးခြောက်တောင် ငါမတင်ဘူး"

"ဟုတ်တယ်လေ ကျွန်တော်တို့ ကြည့်နေတာပဲ"

"ဆရာကျော် အိပ်မက်ထဲက ဘိုးတော်ထင်တယ်"

"မိုးကျော် မင်းကော မက်သလား"

"မက်တယ်"

"ဆရာကျော် ကျွန်တော်လည်း မက်တယ်၊ ခေါင်းနှစ်လုံးနဲ့ဆင်ကြီးလေ၊ ဆရာကျော် သိပြီပေါ့"

"မှာတ်တယ် တင်မြတ် ပြောတဲ့အတိုင်းပဲ"

"အေး... သိပ်မှန်တာပေါ့"



"ကျွန်တော်တို့ ညထဲက ထမင်းချက်ပြီးပြီ၊ အပြန်မှထမင်းစားကြတာပေါ့"

"ကောင်းတာပေါ့"

"ဆရာကြီးတို့နဲ့ ကိုသိန်းတက်ကြ၊ ကျွန်တော်တို့ နေခဲ့မယ်လေ"

"နေရဲ့လား"

"ရော်... နေရဲတာပ၊ ဘာမှမရှိ ကျွန်တော်တို့ ဒီကျောက်ကလပ်မှာ စခန်းချဘူးတာပ၊ ပျားဖွတ်တော့လည်း ဒီမှာပဲ စခန်းချတာပအော့"

"ကဲ... ကိုသိန်းအောင်ကြီး တက်ကြစို့"

"ဟုတ်... ဟုတ်"

ကျွန်တော်ဆန္ဒတွေ စောနေ၏။ တင်မြတ်စိတ်တွေ တဖွားဖွားခွန်အားတွေ အပြည့်ဖြစ်နေပါသည်။ တင်မြတ်နောက်မှ ကျွန်တော်၊ ကိုသိန်းအောင်သည် ကျွန်တော်အားကပ်၍ လိုက်ပါလာခဲ့ပါသည်။ တောင်သည် မတ်စောက်စောက်တက်ရ၏။ သူတို့ပြောသည့်အတိုင်းအရ ကျွန်တော်တို့တက်သည်မှာ ခြောက်နာရီဆယ်နာရီကျော်ကျော်ဆိုတောင်ထိပ်ပေါ်ရောက် မနက်အဆင်းဆိုရင်တော့ နှစ်နာရီလောက်သာကြာမည်မို့ မွန်းတဲ့ချိန်ရောက်နိုင်ပါသည်။

"အဘ ကျွန်တော်တို့ တက်ခဲ့ပါပြီ၊ အဘကို ထပ်မံ ဖူးမြော်ပါရစေ၊ ကျွန်တော်စကားမပြောပါဘူးအဘ၊ အတက်ခရီး အစက်အခဲမရှိအောင် ကူညီပါအဘ၊ အပြန်ထည်း အေးအေးဆေးဆေး ဆင်းခွင့်ပြုပါ အဘ"

ကျွန်တော်၏ စိတ်ထဲမှာ ကြိတ်၍ တိုင်တည်ဆုတောင်း နေခဲ့ပါသည်။ အတက်ခက်သည်မှာ ကျောက်တောင်မတ်မတ်အားဖက်တက်နေ

www.burmeseclassic.com

www.burmeseclassic.com



ရသည့်အတွက် ခရီးမပေါက်လှ၊ သို့သော် ကျွန်တော်တို့ လုံး၀ စွဲမလျှော့ပါ။ ကျွန်တော်တို့တက်ရင်း ကျောက်ဂလိုဏ်တစ်ခုရောက်တော့...

"ဆရာကြီးပေ"

"ဟုတ်ကဲ့ ကိုသိန်းအောင်ကြီး"

"ဒီနေရာမှာ ဗိနပ်ချွတ်ရပါတယ်၊ တောင်ထိပ်ရောက်တော့မှာပါ"

"ဟုတ်ကဲ့၊ ကဲ... ငါနဲ့တင်မြတ် တက်မယ်၊ ကိုသိန်းအောင်ကြီးနဲ့ မိုးကျော်အောင် စောင့်ကွာ"

"ဟုတ်ကဲ့"

ကျွန်တော်နှင့်တင်မြတ် ဖိနပ်ချွတ်ပြီး သေနတ်တွေပါ ထားခဲ့၏။ တောင်ပေါ်ဆက်တက်ရာ ကျွန်တော်အထင် ဆယ်မိနစ်ပင် မကြာ တောင်ထိပ်ပေါ်သို့ ရောက်ပါပြီ။ တောင်ထိပ်ပေါ်ရောက်တော့ ဘာမျှမတွေ့။ တောင်ထိပ်ဘက် ဆင်ဦးကင်းကဲ့သို့ အပေါ်မှာ နှစ်မွှာဖြစ်နေသော ကျောက်တောင်၊ ကျွန်တော်တို့တက်သည့်တောင်မှာ အနောက်ဘက်တောင်၊ အရှေ့ဘက်တောင်ဘက်သို့ ကျွန်တော်တို့ကူးလိုက်၏။ တောင် နှစ်မွှာ၏ အလယ်တွင် ချိုင့်ခွက်ဖြစ်နေသောကြောင့် မြောင်းထိုထို လူ တစ်ရပ်ခန့်သာ နိမ့်ဆင်းပြီး အရှေ့ဘက်တောင်ထိပ်ပေါ်ရောက်တော့ အဘကိုတွေ့ရပါပြီ။

ကျွန်တော်တို့တွေ့ရသည့် အဘသည် လူစင်စစ်တော့မဟုတ်ပါ ဖြူဆွတ်နေသော ကျောက်သားပကတိရုပ်ထုကြီးဖြစ်နေပါသည်။

"အဘရယ် ကျွန်တော် ကန်တော့ပါတယ်၊ ဦးတိုက်ပါတယ် အဘ၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဤကဲ့သို့သော တောင်တော်မြတ်တွေ

www.burmeseclassic.com



သူတော်ကောင်း၊ သူတော်မြတ်သောင်းကြီးတွေ ရှိတဲ့အကြောင်း ...တော် တင်ပြနိုင်ခွင့်ပြုပါအဘ"

ဟုရင်ထဲမှ တီးတိုးပြောကြား လျှောက်ထားရင်းအခါခါ ဦးချကန် ...ပြီးမှ ပြန်ဆင်းခဲ့၏။ ထိုကျောက်ဂလိုဏ်ရောက်တော့ မိုးကျော် ...င်နှင့် ကိုသိန်းအောင်ကြီးတို့ တက်မည်အပြု...

"မိုးကျော်ကော ကိုသိန်းအောင်ကြီးပါ တောင်ပေါ်မှာစကား ...ကြနဲ့နော်"

"ဟုတ်ကဲ့ပါ"

"ရော်... စိတ်ချတာပ"

မိုးကျော်အောင်နှင့်တင်မြတ်လည်း တောင်ထိပ်ပေါ်ရောက်ပြီး ...ကျောက်ရုပ်ပုဂ္ဂိုလ်ထူးကြီးအား ဖူးမျှော်ကြသည်။ ပြန်ဆင်းလာပြီး ...တ် ထိုကျောက်ဂလိုဏ်ရောက်တော့ ကျွန်တော် သတိရမိ၏။ ထက် ...ရီအားကြည့်လိုက်သောအခါ၀ယ် ခုနစ်နာရီခွဲပဲ ရှိသေး၏။ နာရီများ ...နေသလားဟု တွေးကာ ကြည့်သေး၏။ စက္ကန့်တန်လေးမှာ ပုံမှန်အ ...လုပ်နေသည့်အတွက် အတွေးရ ကျပ်သလို။

"ဆရာကျော်"

"ဘာလဲမိုးကျော်"

"ခုမှ ခုနစ်နာရီခွဲ"

"အေး... ဟုတ်တယ်၊ ကိုသိန်းအောင်ကြီးတို့ နောက်တယ်ဗျ"

"ရော်... မနောက်ပ၊ ဒီတစ်ခါဘယ်လိုဖြစ်တာပ တောင်တက် ...ကို သွားတာပအေး၊ အနည်းဆုံး လေးနာရီကောင်းကောင်း တက်ရ ...ယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဟုတ်မှာပေါ့၊ ရွာကနေစတက်ရင် သုံးလေးငါးနာရီ ကြာမှာပေါ့"

"ရော်... မဟုတ်ပ၊ ကျောက်ကလပ်ကနေ လေးနာရီမက ငါးနာရီလောက် အမြဲတက်ရတာပအေး"

ကျွန်တော်တို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ပြုံးလိုက်ကြ၏။ ကျွန်တော်တို့သုံးယောက်၏ အပြုံးမှာ ကိုသိန်းအောင်ကြီး၏ စကားကို မယုံ၍ မဟုတ်ပါ၊ ကျွန်တော်တို့ မြင်မက်သော အိပ်မက်ထဲမှ ဘိုးတော်၏ ကူညီမစမှုကြောင့် ခရီးတိုပြီး ခက်အခဲမရှိ တက်နိုင်ဆင်းနိုင်ခြင်းဖြစ်ကြောင်း သုံးသပ်မိ၍ ပြုံးလိုက်ခြင်းပင်။

"ကဲ... ပြန်ဆင်းကြစို့"

"ဟုတ်ကဲ့"

ကျွန်တော်တို့ ကျောက်ကလပ်သို့ ပြန်ဆင်းခဲ့ပါပြီ။ ထမ်းစင်ဝယ် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်တော့ပါ။ သူ့အတွေးကိုယ့်အတွေးတွေဖြင့် တွေးနေကြသော်လည်း ကျွန်တော်တို့သုံးယောက်မှာတော့ ပျော်ရွှင်ချမ်းမြေ့နေသော စိတ်ကြောင့် အလွန်လန်းဆန်း နေကြပါသည်။ အဆင်းဝယ် မြေကြီးနှင့်ခြေထောက်ပင် ထိတယ်မထင်ပါ။ ထွယ်လိုက်သည့်ခရီးလမ်း လုံးဝ မကြမ်းတမ်းပါ၊ ပန်းခင်းသောလမ်း မဟုတ်သော်လည်း ကျောက်သားမဟုတ် မြေသားသဲဆန်သောလမ်း ကလေးပမာ သက်တောင့်သက်သာ ဆင်းခဲ့ရပါ၏။

"ရော်... ပြန်လာကြတာပအေး"

"ဆရာကြီးတို့ ကျောက်တောင်မတက်ဘဲ ပြန်ခဲ့တာပ"

---



"တက်တာပအေး၊ ဘာကောင်မှလည်းမရှိ၊ တောင်ကလည်း မတ် တာပအေး၊ မတက်တာဘဲ ကောင်းတာပ"

"ကိုကျော်ညွန့်"

"ဟုတ်ကဲ့ ဆရာကြီးပ"

"ကျွန်တော်တို့ ကျောက်ဂလိုဏ်မှာ ဖိနပ်ချွတ်ပြီး တောင်ထိပ်ပေါ်တက်တယ်၊ တောင်တစ်လုံး အနောက်ဘက်တောင်တစ်လုံးက အရှေ့ဘက်မှာလေ အလယ်မှာတော့လူတစ်ရပ်ခန့် ထျိုလေးပဲရှိတယ် ကိုကျော်ညွန့်ရဲ့ ဟုတ်တယ်မဟုတ်လား၊ ကျောက်သားတွေ ပကတိပဲလေ ကျောက်အမွှာပေါ့ဗျာ"

"ရော်.. ဟုတ်တော့ဟုတ်တာပအေး ဒါပေမဲ့ ဒီခရီးအသွားအပြန်ကို ဆယ်နာရီခန့်ကြာတာပ ခုတော့ သုံးနာရီတောင်မကြာပ"

"ဟုတ်တယ်ဗျ ကျွန်တော်တို့ ခြေထောက်တွေက တောင်တက်တဲ့နေရာမှာ သွက်တယ်လေ ဟဲ... ဟဲ... ဟဲ... ဟဲ"

"ရော်... ဆရာတို့ဘယ်လိုသွက်သွက် ကိုကြီးသိန်းပါတာပ၊ ဘယ် လိုလည်း ကိုကြီးသိန်းရောက်ကော ရောက်ခဲ့ထားဟ"

"ရောက်တာပအေး၊ ဆရာကြီးတို့မှာ ဘာဆေးတွေရှိတာပမသိတာ၊ တောင်နှစ်လုံးထိပ်ဆုံးအထိ ရောက်တာပ၊ ဟော်ဒီ ဆရာကိုမိုးကျော်အောင်ကြီးက ဘာတွေကန်တော့တာလည်း မသိ၊ တောင်ထိပ်ပေါ်မှာ ထိုင်ကန်တော့ပအေး"

မိုးကျော်အောင် ကျွန်တော်အားလှမ်းကြည့်၏။ ကျွန်တော်မျက်စိမှိတ်လိုက်၏။ တိတ်တိတ်နေဟု ဆိုလိုခြင်းပင် ကျွန်တော်နှင့်မိုးကျော်အောင်၏ အနေအထားကို တင်မြတ်ကောင်းကောင်း သတိထားမိသည်

---

ဖြတ်ဖြတ်ဒျာဘာဝ

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ကျွန်တော်တို့သိထိုက်ပါပြီ။ နောက်မှသုံးယောက်သား အချေ အနေပြောကြမည်ဟု ဆုံးဖြတ်ခဲ့၏။

"ကဲ... ကျွန်တော်တို့ပြန်ဆင်းကြစို့"

"ဟုတ်ကဲ့ ဘယ်ကိုဆင်းမှာလဲအေး"

"ကျွန်တော်တို့ တောကြက်မြောင်စခန်းဘက် ဆင်းချင်တယ် ကိုသိန်းအောင် အဲဒီမှာ သားကောင်ပေါတယ်လို့ ကြားထားတယ်"

"တောကြက်မြောင်မှာ ပေါတာပ၊ အဲဒီမှာတော့ အကောင်စုံတာပ"

"အဲဒီကိုပဲ ဆင်းကြတာပေါ့"

"ဟုတ်... ဟုတ် ဒါဆိုကျော်ညွန့် ဆရာကိုတင်မြတ်ကို ဆင်ကျောကုန်းထမ်းသားတနေ ထမ်းပြတာပ"

"ဟုတ်... ဟုတ် ၊ ကျွန်တော်တို့ကြိမ်ခုတ်ဆင်းတဲ့ဘက် မဟုတ်ထား"

"ဟုတ်တာပ... ဟုတ်တာပ"

"ကဲ... သွားကြစို့"

ကိုကျော်ညွန့်သည် တင်မြတ်နှင့်ကပ်၍ ကျောက်ကလပ်မှ ဆင်းခဲ့ကြပါပြီ။ အဆင်းဆိုပေမယ့် ကျောက်ကလပ်နှင့် ဆင်ကျောကုန်းစခန်းသည် ရင်ဆောင်တန်း အမြင့်ပေရှိ၏။ တဖန်တောကြက်မြောင်သာဆိုသော်လည်း အထယ်မှာမို့မို့မောက်မောက် တောင်ကြောအားဖြတ်သည့်အခါဝယ် ဆင်ကျောကုန်းစခန်းနှင့် ရင်ဆောင်တန်းဆိုလည်းမှန်၏။ ပခုံးထမ်းဟုဆိုလည်းရ၏။ တန်းနေသော်အမြင် သစ်ကြီး၊

ဖြတ်မြတ်ရှာတာလေ



ါးကြီးတွေထက် တောင်ဆောင်းရောက်သောအခါ ကြိမ်တွေတော်တော်များ၏။ ကြိမ်တစ်ရုံတစ်ရုံ မနည်းပါ။

ဗန်းမော်ခရိုင် ကြိမ်တော်တော်ထွက်၏။ စင်စန်း၊ ရွှေကူ၊ ကျောက်ကြီးတွေမှာလည်း ကြိမ်တော်တော်ထွက်၏။ ယခုရောက်ရှိနေသာနေရာနှင့် မံမလင်းဘက်တွင်လည်း ကြိမ်ထွက်၏။ သို့သော်ကြိမ်ပ်သူနည်းကြ၏။ အခင်းတွေက ဝင်ငွေကောင်း၍ သစ်ခုတ်ဝါးခုတ် ပ်မလုပ်ကြ၊ ဘိုးဘွားပိုင်အခင်းနှင့်သာ သံသရာလည်နေကြ၏။ င်ငွေ မှာလည်း တစ်နှစ်ထက် တစ်နှစ်ကို ပိုများလာကြ၏။ စီးပွားဖြစ်ကြသည်သာ။

ကျွန်တော်တို့ ဖြတ်ဆင်းသည့်လမ်းအား တွေ့ရပါပြီ။ တောခြုံ ခုတ်ထားသည့် သင်္ကေတလောက်သာ ရှိ၏။ သို့ပါသော်လည်း ဆွေ သွားရေးလာရေး မခက်ခဲစေရန်နှင့် ခက်ခဲပါကလည်း ဓားနှင့်င်တွေ၊ အကိုင်းတွေ ခုတ်ဖြတ်ထားသည်ကိုတော့ဖြင့် တွေ့ရသည်။

"ရော်... ဆရာကိုတင်မြတ် ကျွန်တော်ရှေ့က တောတိုးမှာပ"

"တိုးလေ ကျွန်တော်ကပ်လိုက်ပေးမယ်"

"ဒီပတ်ဝန်းကျင်မှာ အကောင် သိပ်မရှိသေးဘူး၊ အောက်ဘက်တော့ ပေါတာပ၊ အောက်က မြောင်းကြီးထဲရောက်ရင်တော့ ကျားည်း ရှိတာပ၊ ဝက်ဝံလည်း ရှိတာပ"

"တောဝက်ကောဗျ"

"ပေါမှပေါပအေး နောက်ပြီး မြွေနဂါးကြီးဟာ ဟော့ဒီ တောမြောင်စခန်းမှာ အမြဲရှိတာပ"

"တွေ့ဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတော့တွေ့တာပ အမြီးပိုင်းပဲ တွေ့တာပအေး"

"ရန်မမူဘူးလား"

"သူဖြတ်သွားတာပ၊ ထူတော့ တစ်ခါမှ ရန်မမူပ၊ ကျွန်တော် အဘ ပြောဘူးတာကတော့ တစ်ခါက လူတစ်ယောက်မျိုထား ခြေထောက်နှစ်ချောင်းပဲ ကျန်တာတွေ့ဖူးတယ်လို့ ပြောတာပအေး"

တောင်ခါးပန်းသို့ ရောက်ပါပြီ၊ အောက်ဘက်ဆင်းပါက ရှိုင်းသော မြောင်ကြီးဟုသိရသည်။ ကျွန်တော်တို့ခွေ့ နားလိုက် နားနေစဉ် ပတ်ဝန်းကျင် လေ့လာသောအခါတော့မှာ အောက်ခြေ တော်ရှုပ်၍ သားကောင်ဆိုလျှင်လည်း တောဝက်သာပေါ်နိုင်သည် ကျွန်တော် နေရာ မတြိုက်သည့်သဖြင့် နေရာအသစ်ရှာရန် မိုး အောင်နှင့်တိုင်ပင်၏။

"ကျွန်တော်လည်း မကြိုက်ဘူး ဆရာကျော်၊ အောက်ဘက် ဆင်းချင်တယ်"

"ကိုသိန်းအောင်ကြီး ကျွန်တော်တို့ အောက်ဆင်းရအောင်"

"ရော်... ဒီနေရာက ပစ်လို့ ဘယ်ကောင်းမှာပ၊ စခန်းချလို့ မကောင်း၊ အောက်ဘက်မှာ ဝါးရုံတွေရှိတာပ၊ အဲဒီအားမှာ သား တွေအကြိုက် ဆားကျင်းရှိတာပ၊ မြေလည်းပြန့်တာပအေး၊ ချေ၊ ဒ ဆတ်ထွက်တတ်တာပ၊ ကျွန်တော်လေးခေါက်လောက် ရောက် ရောက်တိုင်း ချေနဲ့ဒရယ် ခဏခဏ တွေ့တာပ၊ ဆတ်တော့ နှစ်ခါ ဘူးတာပအေး၊ တစ်ခါကဆို ဆတ်ပေါက်ကလေးနဲ့ဆတ်မကြီး"

"အဲဒီနေရာသိလား"



"သိတာပ၊ ဓာဓာက ကျော်ညွှန့်ပြောတဲ့လူမျိုတဲ့ မြွေနဂါး ကြီးနေတတ်တဲ့ ဝါးတောနဲ့မြေကျင်းပူကြီးရှိတာပ၊ အဲဒီမှာနေစရာ အိပ် ရာကောင်းတာပ၊ လွန်ခဲ့တဲ့ အနှစ်လေးငါးဆယ်က လူမျိုတဲ့မြွေဘယ် တော့မှာပ၊ ရှိတဲ့မြွေကလည်း နေဝက်ပေါက်တွေ ဖြစ်မှာပ၊ မြွေနဂါး ဆိုတာ မယုံပ"

"ကောင်းတယ်ဗျာ၊ မယုံတာ ကောင်းတယ်၊ ကျွန်တော်တို့ လည်း နေရာတကာ မယုံဘူး၊ ကိုယ်တွေ့ကြုံရင်တော့ ယုံပြီဗျ"

"ဟုတ်တာပ၊ သူများက ပြောသမျှ မကောင်းတတ်လို့ခေါင်း ညိတ်ပေမဲ့ လူမှုရေးအရ အသက်မပါပအေး၊ ဆရာကြီးပြောသလိုပ၊ ကျွန်တော်တွေ့ရင်တော့ယုံပါတယ်၊ ကျော်ညွှန့်တွေ့တဲ့ မြွေနဂါးဆိုတဲ့ မြွေကြီးလည်း ကျွန်တော်တွေ့ဘူးတာပ၊ စပါးကြီးမြွေကြီးပ၊ ကြီးတော့ ကြီးတာပ၊ ဘာမှ မလုပ်ပါဘူး၊ တစ်ခုတော့ ရှိတာပ၊ သူ့ဗိုက်ပေါက်ပြီး ဒရယ်ချိုကြီးပေါက်ထွက်နေတာပ၊ တစ်ချောင်းကတော့ ပြတ်ကျနေပါပြီ ကျန်တစ်ချောင်းလဲ ပြတ်လုဆဲဆဲပအေး"

"ဟုတ်လား တော်တော်ကြီးတာပေါ့"

"ကြီးတော့ကြီးတာပ၊ ဒရယ်ကိုမျိုထားတော့ ဘယ်မှ မသွားနိုင်ပ၊ သူ့ဗိုက်ကြီးဟာ လူကိုယ်လုံးလောက်ကြီးနေတာပ"

ကျွန်တော်တစ်ခါက ကြုံခဲ့ဖူးပါသည်။ ဖောင်ကြီးတောနက် ရှုရိုးမတောင်ခြေမှ ရွာတစ်ရွာတွင် ဖြစ်ပါသည်။ ကျွန်တော်၏ ဦး လေးလူမျိုးကြီးခေါ်၍ ကျွန်တော် နွားလှည်းနှင့်လိုက်သွားစဉ် ကျွန်တော် အသက်ဆယ့်လေးနှစ်သားအရွယ်၊ ထိုရွာသို့ရောက်သွားသောအခါ မြွေ ကြီးတစ်ကောင်ကို ဗိုက်ခွဲနေသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြွေကြီးဗိုက်ခွဲရာတွင် ခြောက်ထက်မနည်း ဝါးထောက်အခြင်း ဗိုက်ကိုခွဲလိုက် ဝါးထောက်ထိုက်နှင့်ဗိုက်ခွဲလိုက်နှင့် ဗိုက်တစ်ခုလုံးခွဲ၏။ မြွေကြီးမှာ စပါးကြီးမြွေဖြစ်ပြီး စပါးကြီးသဲခြေယူကြ၏။ မြွေသား ထည်း နုတ်ထစ်စားကြပါသည်။

ဝါးထောက်ရှုခြင်းမှာ မြွေကြီးဗိုက်ခွဲသည်အခါ ဝါးမထောက်ဘဲ ခွဲထားသည်ဗိုက်ထဲ ထက်ညှိုးပဲဝင်ဝင် ပြတ်ထွက်တတ်ကြောင်းသိရ၏။ မြွေကြီး၏ဗိုက်သားအကြောများသည် တပြည်းပြည်းကြုံ ကြုံညှစ်လိုက် သည်အခါ ပြက်ထွက်ကြောင်း၊ အရိုးမပြောနှင့်ဦးရိုးပင်လျှင် ပြတ်ထွက် နိုင်သည့်စွမ်းအားတွေရှိသည်ဟု သူတို့ပြောပြကြ၏။

ကျွန်တော်တို့ ကိုသိန်းအောင်ကြီး ပြောပြသည့် ဆားတွင်း ပတ် ဝန်းကျင်သို့ရောက်တော့ မြေပြင်ထည်း တော်တော်လေးပြန့်၏။ ဝါးတောကြီးတွေနှင့် အပင်ကြီးတွေ ရှိသော်ထည်း မြေပြန့်နှင့်ချိုင့်ယ်တွေ ကြောင့် ကျွန်တော်တို့ နေရာရွေးပြီး စခန်းချရန်ဖြစ်ပါသည်။ သို့အတွက် ဝါးရုံနှင့်မလှမ်းမကမ်းတွင်ရှိသော ကနစိုသီးပင်နှင့် ဖန်ခါးသီးပင်အပြင် ဆီးဖြူသီးတွေ၊ ကင်ပလင်းပင်တွေပေါ်များသည့် တောင်တန်းမြင်စောင်း အား ပစ်ကွင်းသတ်မှတ်ကာ ကြို့ပင်ကြီးနှင့် အင်ပင်တွေပူးကပ်ပေါက် နေသည်။ သစ်ပင်တွေအကြား ရှင်းပြီးနေရာယူလိုက်ပါပြီ။

တင်မြတ်သည် ဝါးတောဘက်တွင်နေရာယူမည်ဟု ပြောသကဲ့ သို့ မိုးကျော်အောင်သည် ကျွန်တော်တို့၏ နောက်တွင် တောင်ပို့ကဲ့သို့ မြေမောက်မောက်ကုန်းငယ်အား ရှင်းပြီး ထိုကုန်းမို့မို့တွင်ရှိသော အင်ပင် တစ်ပိုင်းပြတ်ကြီးအောက်တွင် နေရာယူထားလိုက်၏။



ကျွန်တော်နှင့်ရွာသားတွေမှာတော့ အင်ပင်တွေအကြားတွင်နေရာ သတ်မှတ်ပြီး ရွာသားတွေအား စနစ်တကျသီးသန့် မဟုတ်သော်လည်း သူတို့အား စုပေါင်းနေစေသည်။ နေရာအတွက် အခြေအနေကောင်း သည့်အတွက် မိုးကျော်အောင်နှင့်တင်မြတ်အား ကျွန်တော်ခေါ်လျက် ပတ်ဝန်းကျင်တွင် ခြေရာခံမိပါ၏။ မြေမှာ သိပ်အမာကြီးမဟုတ်သည့် အတွက် ခြေရာတွေထပ်နေအောင် မထင်ရှားပါသော်လည်း ခြေရာအစုံ တွေ့ရသည်။ အထဲဝယ် ခြေရာတစ်ခုကြောင့် သတိထားရပေတော့ မည်။

"ဆရာကျော် ဒါဝက်ဝံခြေရာပဲ"

"အေး... ဟုတ်တယ်မိုးကျော်"

"ခြေရာကအသစ်ဆိုတော့ ဝက်ဝံတော့ရှိနေသေးတယ်ဆိုတာ သေချာပြီ"

"တစ်ကောင်လက်ကျန် ဒါမှမဟုတ် နောက်ထပ်ရောက်လာ သလား"

"ဘာပဲဖြစ်ဖြစ် ဒီည အပြတ်ရှင်းရတော့မယ်"

"ကဲ... ဒီအတိုင်းဆိုရင် တို့သုံးယောက်စလုံးခွဲပြီး နေရာယူလို့ မဖြစ်တော့ဘူး"

"ဟုတ်တယ်မိုးကျော်"

"အင်း... တောက် ဒီည သားကောင်ပစ်ချင်ကာမှ ဝံနဲ့တိုးပြန် ပြီထင်ပါရဲ့ မိုးကျော်ရာ"

တင်မြတ်လည်းတော်တော်ခံပြင်းနေပါသည်။ ကျွန်တော်တို့လုပ် ချင်သော ဝါသနာပါသည့် တောပစ်ဘဝ စိတ်ကျေနပ်အောင် မလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရသေးပါ၊ ဆတ်တစ်ကောင်တော့ ရတော့မည်ဟု ထင်ပါသော်လည်း ဝက်ဝံခြေရာက ဝင်ရောက်နှောင့်ယှက်နေပြန်ပါပြီ၊ တစ်ခုတော့ ရှိပါ၏။ နောက်ထပ်ရွာအတွက် အနှောင့်အယှက်တော့ ကင်းသွားအောင်လုပ်ရခြင်းသည်လည်း ကျေနပ်စရာပင်။

သုံးယောက်သား ရွာသားတွေအား အလယ်တွင်ထား၍ ပူးပူးကပ်ကပ် နေရာယူထားလိုက်သည်။ ဒီတစ်ခါ ဝက်ဝံ၏နောက်ဆုံးညဥ့် ဖြစ်ပါစေဟုလည်း ဆုတောင်းမိသည်။

"မိုးကျော်နဲ့ တင်မြတ်"

"ဟုတ်ကဲ့"

"ဒီတစ်ခါ ဘာကောင်ပဲတွေ့တွေ့ပစ်ကွာ"

"လည်းသိပ်မသာဘူး ဆရာကျော်၊ မီးတော့ထိုးမှ ဖြစ်မယ်"

"အေးလေ ငါ မီးထိုးမယ်၊ တစ်ကောင်တွေ့ရင် နှစ်ယောက်ပစ်"

"ဟုတ်တယ် ကောင်းတယ်"

ကျွန်တော်တို့ သိပ်တော့စိတ်မရှည်ချင်တော့ပါ။ သို့သော် ဖန်တီးယူ၍ မရသောကိစ္စဖြစ်၍ ဖြစ်ပေါ်လာမည့် အခြေအနေပေါ်မူတည်ပြီး ပစ်ခတ်ရတော့မည်သာ။ သို့အတွက် တစ်ကောင်တွေ့လျှင် နှစ်ယောက်ပစ်ခြင်းသည် ဒုတိယနေ့ ဝက်ဝံတစ်ကောင် လွတ်သွားခြင်းအား ကျွန်တော်မူတည်ပြီး ဆုံးဖြတ်ချက် ပစ်မိန့်ပေးလိုက်ခြင်းပင် ဖြစ်ပါ၏။

ရွာသားတွေလည်း တိတ်ဆိတ်နေကြသည်။ ပထမတော့ သူတို့ ပျော်နေသော်လည်း ဝက်ဝံခြေရာကြောင့် ဝက်ဝံတွေ၏ဒဏ်ကို ကောင်းကောင်းခံထားရသည့်အတွက် စိုးရိမ်နေကြ၏။ ဝက်ဝံများသည် အများအားဖြင့် လူကိုရှောင်တတ်၏။ မလွဲမသွေ ရင်ဆိုင်တွေ့လျှင်တော့ အ



သသတ်တတ်သည့်အပြင် လူသားကိုပါစားတတ်သည်။ ဝက်ဝံသည် အနံ့ခံကောင်း၍ သစ်ပင်တက်မြန်၏။ လူကဲ့သို့ မတ်တတ်ရပ် သို့မဟုတ် လေးဘက်ထောက်ပြေးနိုင်၏။ လေးဘက်ထောက်ပြေးရပါက အလွန် မြန်သည်။ ဝက်ဝံအားပစ်ခတ်ရာဝယ် သူ၏ရင်ဘတ်ပေါ်ရှိ သခြမ်းပုံအဖြူကွင်းအား ထိပါက တစ်ချက်တည်း ကိစ္စပြီး၏။ သို့မဟုတ်လျှင်တော့ သိပ်မလွယ်လှပါ။

"ဝုန်း"

"ဘုန်း"

"ဘာသံလဲမသိဘူး"

"အေး... ဝါးရုံဘေးကကွ"

"ဟုတ်တယ်၊ ဟော ခြေသံခြေသံပဲ"

"ဖြောက်... ဖြောက်... ဖြောက်"

"ဟာ... ဘာကောင်ကြီးလဲ"

"ဘယ်မှာလဲ"

"ဟိုမှာ... ဟိုမှာ အပင်ပေါ်က တွဲလောင်းကြီး"

ဟုတ်ပါသည်။ မိုးကျော်အောင်ပြ၍ ကြည့်လိုက်သောအခါ သောက်ကြန့်ပင်ကြီး အုပ်အုပ်ဆိုင်းဆိုင်း အကိုင်းကြီးတစ်ကိုင်းပေါ်မှ ဦးခေါင်းကြီး အောက်ဆိုက်လျက် ကျွန်တော်တို့အား ကြည့်နေသည် သားမသိပါ။

"ဟာ... ဟာ... မရှိတော့ဘူး"

"ဆရာကျော် မီးထိုးမလား"

"ခဏစောင့်ကြည့်တာပေါ့"

www.burmeseclassic.com



ကျွန်တော်မသင်္ကာတော့ ကျားသစ်လည်း မဟုတ်၊ ခေါင်းကြီးမှာ လူတစ်ယောက်၏ ခေါင်းပုံသဏ္ဌာန်အတိုင်း သရောင်ဖြင့်မြင်ရသည်မှာ လူတစ်ယောက်၏ ဦးခေါင်းနှင့် မျက်လုံးနှစ်လုံး တွေ့လိုက်ရပြီးယခုတော့ ပြန်ပျောက်သွားလေပြီ။ စောစောက ဂုန်း... ဘုတ်ဆိုသောအသံနှင့် ဦးခေါင်းကြီး ငုံ့ကြည့်သည်မှာ တစ်ခြားစီပင်။

"ဆရာကျော် မသင်္ကာဘူး"

"အေး"

"မီးထိုးမထား"

"ကဲ... မီးကစားမယ် ချိန်ထားကြ"

ကျွန်တော်ပြောပြောဆိုဆို ထောက်ကြန့်ပင်ကြီး၏ အကိုင်းဘက်သို့ မီးကိုဆွဲချပြီး ဝှေ့လိုက်၏။ ဘာမှမရှိ တဖန်ဝှေ့ရာမှ စောစောက ဦးခေါင်းကြီး ကျလာသည့်အကိုင်းကြီးထံ မီးစိုက်ထိုးရင်း မသိမသာရွှေ့လျား ကြည့်သော်လည်း ဘာကောင်မှ မရှိ။

"မိုးကျော်နဲ့တင်မြတ် ဘာထင်သလဲ"

"မပြောတတ်ဘူး"

"ကိုသိန်းအောင်တို့ကော မြင်သလား"

"မြင်တာပအေး"

"ရော်... ဆရာကြီးပ၊ ဒါဆိုရင် ကျွန်တော်တို့ရွာသား တင်မောင်ထင်တာပအေး"

"ရော်... ကျော်ညွန့်ပ၊ တင်မောင် မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်တာပ တင်မောင်ရဲ့အလောင်း ဒီမှာရတာပအေး"

"မဟုတ်တာ"



"ဘယ်လို ကိုကျော်ညွန့်"

"ကျွန်တော်တို့ရွာသား တင်မောင် ဒီမှာဝါးခုတ်ရင်း ဝက်ဝံတိုက်ခံရတာပ၊ အလောင်းလိုက်ရှာတော့ ဟောဟို ဆားကျင်းနားမှာ ဝက်ဝံစားထားတာပအေး"

"ဒါဆို ခင်ဗျားတို့ပြောတာ သရဲလို့ဆိုလိုတာပေါ့"

"သေရှာတာပ ကြောက်တောင်ကြောက်တာပ၊ တင်မောင်ရေ အမျှ... အမျှ... အမျှ... ပေးတာပ"

အရေးထဲ အမျှပေးတဲ့ ကိုကျော်ညွန့်ကြောင့် ကျွန်တော်ရယ်ချင်လာသည် တစ်ခုတော့ရှိပါမည်။ ရွာသားတွေ ကြောက်ချင်လည်း ကြောက်ကြမည်သာ အစိမ်းသေလည်းဖြစ်၊ ဝက်ဝံစားထားခြင်းခံရသောအခါ ရွာသားတွေအတွက် အစွဲအလန်းဖြစ်မည်ဟု ကျွန်တော်ထင်၍ဘာမှမပြောတော့ပါ ခွင့်လွှတ်ပေးလိုက်ပါသည်။

"ဆရာကျော်၊ စောစောက အသံကို ကျွန်တော်သတိထားမိတယ်"

"ပြောမိုးကျော်"

"ဟိုဘက်ကလေ၊ သူက အပင်ပေါ်က ခုန်ချသံလား၊ နောက်မြေပြင်က ချုံထဲ ကျသံလားမသိဘူး"

"အဲဒီတော့ အကောင်တစ်ကောင်ထဲ မဖြစ်နိုင်ဘူး"

"ငါသိပြီ၊ တို့ကိုအပင်ပေါ်က ခေါင်းကြီးကျလာပြီး တွေ့တာဆတ် စောစောကအသံရှင်သားကောင်လား ဒါမှမဟုတ် အကောင်တစ်ကောင်ကောင်ကို တွေ့သွားလို့ရင်ဆိုင်တဲ့အကြားက တို့ဘာ အလယ်က ညှပ်ပူးညှပ်ပိတ် ဖြစ်နေတဲ့သဘောပေါ့"

www.burmeseclassic.com



"ဟုတ်တယ် ဆရာကျော်"

"ဝူး... ဟူး... ဟူး... ဟူး"

"ဝီ... ရှီ... ရှီ... ရှီ"

ကျွန်တော်နားထောင်ရင်း သတိထားလိုက်မိသည်မှာ ပထမ ထေ ရှေ့သံသဲ့သဲ့နောက် အသက်ရှူသံမဟုတ်သော မြွေတွန်သံ၊ ထိုမြွေကြီးသည် သားကောင်ကိုတွေ့၍လား၊ သို့မဟုတ် ဘာကို ဒေါသဖြစ်နေသည်ထည်းမသိတော့။

"အီး... အီး... အီး"

"ဖြောက်"

"ဖြောက်... ဖြောက်"

"အီး... အီး... အီး"

"ရှူး"

ကျွန်တော်တို့သုံးယောက်အသံကြားသည်နှင့် ဘာကောင် ဆိုသည်ကို တတ်အပ် သိလိုက်ပါပြီ။ ထိုအကောင်ကြီးသည် ဝက်ဝံကြီးသာ ဖြစ်မည်။ ဝက်ဝံကြီးသည် ပထမဆုံးကြားရသည့် ဝုန်းဘုန်းဆိုသည့်ဘက်မှ ဝါးရုံအလိပ်အကာအကွယ်ယူရင်း ကျွန်တော်တို့ဘက်သို့ မတ်တပ်ရပ်ကာ လာနေပါပြီ၊ မည်းမည်းနှင့် မသိလျှင်တော့ သရဲကောင်ကြီး၊ သိတဲ့ ကျွန်တော်တို့ကတော့ အပင်ကြီးတွေအကြား ဝင်ပုန်းနေရင်း အခြေအနေကြည့်နေရပါပြီ၊ ပစ်လို့တော့ရနိုင်ပါ၏။ သို့သော် ဆက်ကြည့်နေဆဲမှာပင် ဝက်ဝံကြီးသည် ကျွန်တော်တို့တွေနားသို့ ရောက်လာပါပြီ။

"အီး... အီး... အီး... အီး"

+++++++++++++++++++++++++++++++++++++++++++++++



"ဖြောက်... ဖြောက်... အီး... အီး"

"အီး... ဝူး... အီး... အီး... အီး... အီး"

ပထမအသံသည် တအီအီ ကျွန်တော်တို့တွေ နားရောက်တော့မှ ညီးသံလိုလိုပိုပြီး အီလာသည့်အပြင် ဦးခေါင်းကြီးဝဲဘက်လှည့်လိုက်၊ ယာ ဘက်လှည့်လိုက်နှင့်လုပ်ပြီး မတ်တပ်အနေအထားနှင့် ရှေ့ဘက်သွားရာမှ စောစောက ထောက်ကြန့်ပင်ကြီး အောက်ဘက်ဆက်သွား၏။ အသံမှာ ပို၍အော်ပြီး ပို၍ ငြီးငြူရင်း၊ ဆက်သွားနေသည်။ ကျွန်တော်တို့ လှုန့်ပင် မရ၍လား၊ သို့မဟုတ် မိတ်ထိုက်ရန်အတွက် ဆင်ကျားကဲ့သို့ မှန်ယိုနေသည်လား မသိပါ။

"ဆရာကျော်"

"ဘာထဲတင်မြတ်"

"အပင်အောက်မှာ မျက်လုံးကြီးတွေစင်းနေတယ်"

"ဟုတ်တယ်... ဟုတ်တယ် စောစောကခေါင်းကြီးနဲ့ မျက်လုံးပြူးနေတဲ့ကောင်ကြီးပဲ"

"အေး... ဝက်ဝံထည်းမဟုတ်ဘူး လူတော့လူ့ပဲ ထင်တယ်"

"ဆရာကျော် သူတို့ပြောတဲ့သရဲ ထင်တယ်"

"ဟင်... ကြည့်သေးတာပေါ့"

လေလေးက တစ်ချက်တစ်ချက် ဝေ့ကာဝေ့ကာ တိုက်နေသည့်အတွက် ထောက်ကြန့်ပင်ကြီး၏အရွက်အခက်တွေ လေယူရာသို့ပါသွားသည့်အခါ လရောင်၏ အလင်းနေ့နေ့ဖြင့် မြင်တွေ့လိုက်ရသည်မှာ လူကြီးတစ်ယောက် တင်ပလင်ချိတ်ထိုင်ရင်း ခေါင်းပြောင်ပြောင်ကို ထောင်လျက် မျက်လုံးထဲမှ ဝင်းလက်တောက်ပသော အရောင်များထွက်နေ၏။

+++++++++++++++++++++++++++++++++++++++++++++++

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တစ်ခါမှ မကြုံဖူးပါ။ သို့အတွက် ကျွန်တော်တို့ ပင်လျှင် မင်သက်နေမိသကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေရပါသည်။ ဝက်ဝံကြီးကား တအိအိမည်ရင်း သစ်ခင်ခေါ်၍ သွားသည့်လား မသိ ဆက်ပြီးမသွားချင်၊ သွားချင်သွားနေပါသည်။ ကြည့်ရသည်မှာ သနားစရာပင် ဖြစ်နေသည့်အပြင် ရောက်ခါနီးထေနေးလေ ဖြစ်နေသည်။

"ဆရာကြီး"

"ဟုတ်ကဲ့ ကိုကျော်ညွှန့်"

"ဟိုခေါင်းတုံးပြောင်နဲ့လူက တင်မောင်ပအေး၊ တင်မောင်ဟာ အမြဲ ခေါင်းတုံးပြောင်နေတာပဲ"

"ဒုက္ခပဲ ကျွန်တော်တို့တော့ ဒုက္ခရောက်ပြီးထင်တာပဲ"

"မကြောက်ကြပါနဲ့ အသာကြည့်နေပါ"

"ဟုတ်... ဟုတ်"

ကျွန်တော်သည် ထေအံတိုက်နှင့်ထရောင်ထိုးတာမှုကို ပိုမိုဂရုစိုက်ပြီးကြည့်နေ၏။ မှန်ပါသည် လူတစ်ယောက်တော့ သေရာနေပြီ၊ ဝက်ဝံကြီးကား ထိုလူကြီးထံ ဘာကြောင့်သွားပါသနည်း။ အဖြေကရှာမရ၊ တစ်ခါဘူးမျှ မကြုံဘူးသော ဖြစ်ရပ်ဆန်းကြီးတစ်ခုပင်။

သို့သော် ထိုလူနှင့်ဝက်ဝံကြီးသည် ကျွန်တော်တို့အား ရန်မပြုသောကြောင့် ကျွန်တော်တို့ ဝင်ရောက် မစွက်ဖက်ချင်သေးပါ။ အန္တရာယ်မပြု ရန်မမူသောကြောင့် ကြည့်နေရခြင်းပင်၊ တစ်ခုတော့တွေးမိသည် တင်မောင်မှာ သရဲ၊ ဝက်ဝံကြီးမှာ တင်မောင်ကို ကိုက်သတ်သော



ရွာသားတွေ၏ ရန်သူ၊ သို့သော်လည်း ယခုတော့ သရဲရှေ့သို့ ဝက်ဝံကြီးသွားရောက် ဒူးထောက်ရမည့် အဖြစ်ဆန်းအား ကြည့်နေမိသည်။

"မိုးကျော်နဲ့ တင်မြတ်"

"ဗျာ"

"အေး... သူတို့ ပြောတဲ့ တင်မောင်သံရဲနဲ့ လူသတ်ကောင် ဝက်ဝံကြီးတို့ ဘာလုပ်ကြမှာလဲ"

"ဟုတ်တယ် ဝက်ဝံကြီး ရှုံးမှာပဲ ဆရာကျော်"

"အေးကွ"

သစ်ပင်အရိပ်ကြောင့် ဝက်ဝံကြီးသည် ထိုတင်မောင်ဆိုသူထံသို့ ရောက်သွားသည်ကို ကောင်းစွာမတွေ့ရတော့၊ သစ်ပင်အရိပ်၏ ကွက်ကြားဖြင့်သာ မြင်နေရသည်။

ထိုဖြစ်ရပ်ကို ကျွန်တော်တို့စောင့်ကြည့်နေမိသည်မှာ တစ်နာရီ ကျော်ပါပြီ။ ယခုတော့ ဝက်ဝံကြီးမှာ ခေါင်းတုံး တင်မောင်ဆိုသည့် သရဲထံရောက်ပြီး သူတို့ပူးကပ်သည့် လှုပ်ရှားမှုကိုတော့ လရောင်ဖြင့် ကန့်လက်ကန့်မြင်နေရသည်။

"ဆရာကျော်"

"ဘာလဲ မိုးကျော်"

"သူတို့နှစ်ကောင် လုံးထွေးနေပုံရတယ်"

"ဟုတ်တယ်ကွ"

"သေရာတယ် တစ်ကောင်နဲ့တစ်ကောင်လုံး ထွေးမက်ထား သည်ဗျ"

"မိုးလည်းထိုးလို့ မဖြစ်သေးဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

"စောင့်ကြည့်တာ အကောင်းဆုံးပဲ ဆရာကျော်၊ ကျွန်တော်တို့
ရန်မမူပါဘူး"

"ဟုတ်တယ် တင်မြတ်၊ ရန်မူလာရင်တော့ အတွဲလိုက်သာ ကျ
စုပစ်တာပေါ့"

"စိတ်ချဆရာကျော်"

နောက်ထပ် တစ်နာရီ ကျော်ကျော်ခန့် ကြာသွားပါပြီ၊ သူတို့
ကောင်ရစ်ပတ်ဖက်ပွေ့ရင်း မြေပေါ်သို့ နှစ်ကောင်လုံး လူးလိမ့်နေ
အသံတစ်မျိုး ထွက်လာ၏။

"ဖြစ်... ဖြစ်... ဖြစ်"

"ဖျောက်... ဖျောက်"

"ဝူး... ဝူး... ဟူး... ဟူး"

"ဘာသံတွေလဲ"

"ကျွန်တော့်အထင်တော့ တစ်ကောင်နဲ့တစ်ကောင် ဖျစ်ညှစ်
ပုံပဲ၊ အသက်ရှုကျပ်သလို အသံလည်း ရတယ်"

"ဖူး... ဖူး... ဖူး"

"ဘာ... တောင်ခွေးပင်ဘက်က ဆတ်သံဗျ"

"အေး"

"ဘယ်လိုလုပ်မလဲ ဆရာကျော်"

"နည်းနည်းစောင့်မယ်ကွာ၊ ဆတ်က ခုမှရောက်တာ ထင်တ

"ဟုတ်တယ် အသံခုမှကြားတာ"

"ဝေါက်... ဝေါက်"

"ချေသံပဲ ပြေးလာနေတာဗျ"





"အသာထားလိုက်"

ကျွန်တော် ဘာဆက်လုပ်ရမှန်းမသိအောင် တွေဝေနေစဉ်မှာပင်
အောစောက ဝက်ဝံကြီးနှင့်ခေါင်းဖြူကောင် သရဲတင်မောင်တို့ ဘက်မှာ
လည်း ခေါင်းလည်း မစောင်းတော့၊ တော်တော်ငြိမ်သက်နေပါပြီ။
တောင်ခွေးပင်အောက်အောက်မှာ ဆတ်နှင့်ချေ သေရွာပေါက်ရောက်နေ
သော်လည်း အန္တရာယ်ကောင် ဝက်ဝံနှင့်သရဲကောင်တို့က ပိုအရေးကြီး
သလို ဖြစ်နေ၏။

"မိုးကျော် ငါဆတ်နဲ့ချေဘက် မီးထိုးမယ်"

"ထိုးလေ ဘယ်သူ ပစ်မလဲ"

"တင်မြတ်"

"ဟုတ်ကဲ့"

"ငါထိုးလို့ ဆတ်ကိုမီတာနဲ့ အမြန်ပစ်၊ နှစ်ချက်သုံးချက် အထိ
ချွပ်တစ်ပြိုက်ပစ်မှတ်ထား"

"ငါတို့နှစ်ယောက် မီးထိုးပစ်နေချိန်မှာ မိုးကျော်က သရဲကောင်
ဝံဘက်ကို သေသေချာချာ ချိန်ထားလှုပ်ရှားမှု တစ်ခုခုတွေ့တာနဲ့
အတွဲလိုက်သာပစ်ကွ၊ အတွဲလိုက်ဆိုတာ နှစ်တောင့်၊ သုံးတောင့်အတွဲ
နော်"

"စိတ်ချ"

"တင်မြတ် မီးထိုးမယ်"

"ထိုး"

ကျွန်တော်တို့ တစ်ပြိုင်တည်း လှုပ်ရှားမှုတွေ ကွင်းဆက်မိမိ
လုပ်ရပါပြီ၊ ကျွန်တော် မီးထိုးလိုက်ရာ ချေနှင့်ဆတ်အကြား ရောက်သွား
သောမီးအား ဆတ်သို့အမြန်ရွှေ့လိုက်သည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း... ဒိုင်း"

"မှူး... ဝုန်း... ဘုန်း... ဝူး"

"ဝေါက်... ဝေါက်... ဝေါက်"

"ဖြောက်... ဖြောက်... ဖြောက်"

ချောကား အော်ပြေးပါပြီ။ ဆတ်ကြီးအား မှန်သွားသည်မှာ မိုးရောင်နှင့်ကောင်းစွာ တွေ့ရသည်။ အပေါ်သို့ ခုန်ပေါက်မြောက်တက်ရာမှ အောက်သို့ပြန်ကျပြီး ကုန်းထရင်း ပြေး၏။ ပြေးရင်းလဲ၏။ ထိုပစ်ခတ်မှုနှင့်ဆတ်ကြီးလဲသွားမှုအား ကျွန်တော်တို့ အလေးမထားတော့သေချာပေါက်ရမည်သာ။ သို့သော် ဆောဆော က ဝက်ဝံကြီးနှင့်ခေါင်းတုံးပြောင် သရဲတင်မောင်တို့အား စိုက်ကြည့်နေသော မိုးကျော်အောင် သေနတ်တော့ အသင့်ချိန်ထားပါလျက် မပစ်ပါ။ မပစ်ရသည့် အကြောင်းရင်းမှာ မည်းနက်နေသော ထုံးတွေးမှုတွေမှာ မတုန်မလှုပ် အရေးမစိုက်သေနတ်သံမှ ကြားပါလေစဟု တွေးနေသော မိုးကျော်အောင်မှ....

"ဆရာကျော် လှုပ်ရှားမှု မရှိဘူး"

"ဒါဆို ရှိသေးလား ရှိသေးလား"

"ဆရာကြီးပ ရှိနေသေးတာပဲ နှစ်ကောင်ထုံးထဲနေပအေး"

"ဟုတ်တယ် ဆရာကျော် ပုံစံကလှုပ်ရှားမှုတော့ တွေ့နေရတယ်၊ ဒါပေမဲ့ လှုပ်ရှားမှုက ငြင်သာလွန်းတယ်၊ ဟော...လူးလွန့်နေတယ် ဆရာကျော်"

ကျွန်တော် စိုက်ကြည့်လိုက်တော့ လူးလွန့်နေပုံတွေ့ရ၏။ သို့သော်ကျွန်တော်တို့အား ထုံးဝ ဂရုမစိုက် မိုးထိုး၍ထည်း မဖြစ်ပါ။ ကျွန်တော်တို့ ဘာဆက်လုပ်ရမည်ပင် မသိတော့၊ အကြောင်းမှာ ဝက်ဝံ





ကြီးနှင့်သရဲခေါင်းတုံးထိပ်ပြောင်တို့သည် မရိုးသားသလို ရှိသော်ထည်း ကျွန်တော်တို့အား ရန်မမူ။ မုဆိုးကျွန်တော်တို့သည် ကျား၊ ကျားသစ် ဝက်ဝံစသည့် ရန်မူအကောင်ကြီးများအား ပစ်ဖူးပစ်ထမရှိပါ။ ရန်မူ၍သော်လည်းကောင်း၊ ရွာသူရွာသားတွေ ဒုက္ခပေးမှသာ ရှင်းလင်းပေးခဲ့ပါသည်။

ယခုဝက်ဝံကြီးသည်ကား ကျွန်တော်တို့အား သူမြင်နိုင်ပါ၏။ မမြင်သော်လည်း အနံ့တော့ရပေမည်။ သူဖြတ်သွားသည်မှာ ကျွန်တော်တို့အုပ်စုနှင့်ဆယ်ငါးပေ ပေနှစ်ဆယ်ထက်မကွာပါ၊ ကျွန်တော်တို့ကိုကျော်ဖြတ်ပြီးမှသာ သရဲတင်မောင် ခေါင်းတုံးထိပ်ပြောင်ထံ ရောက်သွားသည်။

ထိုအချိန်ဝယ် တောမဘက်မှ အလင်းရောင်တစ်တန်း မြင်လိုက်ရပြီး ကျွန်တော်တို့ဘက်သို့ ဆင်းသလိုလို တစ်ချက်တွေ့ရပြီးနောက် ပျောက်ကွယ်သွားပါပြီ။ ထိုအလင်းတန်း ပျောက်ကွယ်ပြီးနောက် တောကြက်မြောင်စခန်းအတွင်း လှိုဏ်ကြီးထဲမှ တောလေသံပမာ၊ လေပြင်းမုန်တိုင်းအသွင် လေတွေဆင်လာပါပြီ၊

"ဝေါ... ဝေါ... ဝေါ... ဝေါ"

"ဝူး... ဝုန်း... ဝုန်း"

"ဝီ... ဝီ... ဝီ... ဝေါ... ဝေါ... ဝေါ"

"ဖြောင်း... ဝုန်း"

"ဝေါက်... ဝေါက်... ဝေါက်"

သစ်ပင်တွေ လှုပ်ရှားခုန်ပေါက်သည့်အပြင် တစ်ပင်နှင့်တစ်ပင် ခရိုတ်ပွတ်သပ်သံတွေမှာ မိုးဦးကျကာလ လေဆင်နေသလိုမောင်း၊ သို့မ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ် ထေပြင်းမှန်တိုင်းအသွင် တိုက်ခတ်မှုသည် ကျွန်တော်တို့ဘက်မှာတော့ အဖျားခတ်နေပါ၏။ အင်းတောင်းနှင့်တော်တော်ဝေးပြီး ရွာနှင့်လည်းမနီးလှပါ။ သို့သော်အင်းဘက်မှ ဘာသံမှမကြားရ ရွာဘက်မှာလည်း တိတ်ဆိတ်နေသည်။

"ဆရာကျော်... ဆရာကျော်"

"ဘာထဲ... မိုးကျော်"

"ဟိုမှာ... ဟိုမှာ ဘာထဲ၊ မီးလုံးကြီးဗျ"

"အင်း... အော် ကိုသိန်းအောင် အဲဒီမီးလုံးကြီးက ရွာဘက်ဗျနော်"

"ရော်... ဟုတ်တယ်၊ ရွာဘက်ကပအေး အင်း... ဒုက္ခပအေး"

"ဘာထဲ... ကိုသိန်းအောင်"

"စိတ်ထဲမှာ စိုးရိမ်တာပဲ၊ ကြောက်သလိုလိုလည်း ခံစားနေရတယ်ပအေး"

"မကြောက်နဲ့ ကျွန်တော်သိတယ်"

"မိုးကျော်"

"ဟုတ်ကဲ့"

"အင်း... မှဆိုးထိုင် ထိုင်ပြီး အဲဒီမီးလုံးဘာဆိုတာ မင်းသိတယ် ဒီတော့ အတတ်နိုင်ဆုံး ပွတ်ပြီးထိအောင်ပစ်ကွာ"

"ကြိုက်ပြီ၊ ဒီအကွာအဝေး မကြောက်ဘူး ရတယ်"

ကျွန်တော်ပြောသည်ကို မိုးကျော်အောင် ကောင်းကောင်း သဘောပေါက်သွားသည်။ ဘာမီးလုံးဆိုသည်ကိုလည်း သူသိလိုက်ပြီ။ သို့အတွက်ချက်ချင်းပင် ပစ်ခတ်ရန် မှဆိုးထိုင်ထိုင်ကာ ချိန်လိုက်ဦး



ထိုမီးလုံး အနီလိုလို၊ အဝါလိုလို၊ အပြာလိုလိုအရောင်နှင့်အောက်ဘက်သို့ ကျရာမှအထက်သို့ ပြန်အတက်...

"ဆရာကျော် ကျွန်တော်ပစ်ပြီ"

"အေး... စိတ်ကြိုက်နော်၊ ဒါပေမဲ့ ပွတ်ထိပဲဖြစ်ပါစေ၊ ဒါမှအဖြေပေါ်မှာ မိုးကျော်"

"စိတ်ချ၊ တင်မြတ်သတိထား"

"ရတယ်၊ အမြဲအသင့်ပဲ"

"ဒိုင်း..."

"ဟာ... ထိသွားတာပ"

မိုးကျော်အောင်၏ ပစ်ခတ်မှုကြောင့် ထိုမီးလုံးကြီးသည် ပေါက်ကွဲသွားသည်တော့မဟုတ်၊ ထေထဲတုန်လှုပ်တွန့်ခါပြီး မြေပေါက်ဆီ အရှိန်ဖြင့်ကျသွားသည့်အတွက် ကျွန်တော်ကျေနပ်ပါသည်။ မိုးကျော်အောင်လည်း အလွန်ဝေးသော မီးလုံးကြီးအားထိအောင်ပစ်နိုင်၍ ဝမ်းသာသွားရင်း...

"တင်မြတ်"

"ဟင်း..."

"မင်းဆရာ ငါဘယ်လောက်တော်ထဲ၊ ညအခါဝေးကွာတဲ့ အရာ ကိုထိအောင် ပစ်ခတ်နိုင်တယ်ကွ ဟား... ဟား... ဟား... ဟား"

"အေး... တော်တယ်၊ မိုးကျော် ချီးကျူးတယ်၊ တကယ်ပါ"

မိုးကျော်၏ပစ်ခတ်မှုကြောင့် မီးလုံးကြီး ထိမှန်ပြုတ်ကျသွားပြီး နောက်တောကြီးဆုနေသော တောခြောက်ခြင်းသည်ကား တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုမြင့်တက်လာသည့်အတွက် ကျွန်တော်လည်း စိတ်မရှည်တော့ပဲ လေတွေတိုက်ခတ်နေသော တောကြက်မြောင်စခန်း၏ လျှိုကြီးထဲသို့...

"ကဲ... မိုးကျော် တင်မြတ်အသင့် ငါတစ်ချက် မင်းတို့တစ်ယောက်တစ်ချက်စီ စိတ်ကြိုက်ပစ်ကွာ အယေါ်တော့ သိပ်မထောင်စေနဲ့"

"ဟုတ်ကဲ့"

"ဒိုင်း..."

"ဒိုင်း..."

"ဒိုင်း..."

သုံးယောက်သုံးချက် ပစ်ခတ်လိုက်ပြီးနောက် တောကြီးသည် အဘယ့်ကြောင့် တိတ်ဆိတ်ငြိမ်သက်သွားပါသနည်း။ ကျွန်တော်ပြုံးလိုက်ပြီးနောက် ယတ်မှနာရီကိုကြည့်လိုက်တော့ မိနက်လေးနာရီပင် ထိုးတော့ပါမည်။ သို့အတွက်...

"မိုးကျော်နဲ့တင်မြတ်"

"ဟုတ်ကဲ့"

"မိုးထင်းတော့မယ်၊ ငါ စကာမိုန်းမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ရှိပါတယ်"

ကျွန်တော် ကညင်ပင်ကြီးအား မှီပြီး အိပ်လိုက်သည်။ အားလုံးကလည်း တိတ်ဆိတ်သွားပါပြီ။ သို့အတွက် အလေးမထားတော့ပါ။ ဝက်ဝံကြီးနှင့်ခေါင်းတုံးမြောင်တို့လည်း မေ့ထားလိုက်သည်။ မျက်ရေ တွေဖွင့်မရအောင် အိပ်ချင်လာသည့်အတွက် ကျွန်တော်ဂါထာတစ်ပုဒ်ကိုတော့ ဆုံးအောင်ရွတ်ပြီး အိပ်ပျော်သွားပါ၏။

★ ★ ★



"လူကလေး"

"အို...အဘပါလား"

"အေး... လူကလေးတို့ကို ရန်မမူတဲ့ဝံကြီးဟာ သူ့ရဲ့ကြမ္မာအင်လာတော့ ခံရပြီပေါ့၊ တကယ်တော့ အညှို့ခံမှာက လူကလေးတို့ပဲ၊ ဒါပေမဲ့ လူကလေးတို့အားလုံးကို အဘ ကာကွယ်ပါတယ်၊ ကာကွယ်တာကတော့ သတ္တဝါအားလုံးပဲ လူကလေး၊ ဒါပေမဲ့ ဝံကြီးကအငမ်းမရ လူသားစားချင်ရာကနေ သူ့အမြင်ကကျော်ပြီး ညှို့တဲ့မြွေကြီးထံ ရောက်သွားတယ် လူကလေး"

"အင်း... သဗ္ဗေသတ္တာ ကမ္မသကာပေါ့"

"ဗျာ..."

"အေးလေ၊ မြွေကြီးကလည်း အစာငတ်နေရှာတာပေါ့၊ ဒီအချိန်မှာပဲ ဝံကြီးဟာမြွေကြီးကိုမြင်ပြီး လူလို့ထင်တယ်၊ နောက်တော့ မြွေကြီးအညှို့ခံရပြီး မြွေကြီးရဲ့အစာဖြစ်သွားပြီ"

"အို... အဘရယ်"

"အေး... ဒီဝံကြီးဟာ စည်းဖောက်တာပေါ့"

"ဗျာ... ဘယ်လိုများ စည်းဖောက်တာလဲ အဘရယ်"

"လူသားစားတယ်၊ သတ်ဖြတ်တယ်ဆိုတာ စည်းဖောက်တာပေါ့"

ကျွန်တော်သည် တောင်ပေါ်မှအဘအား ရိုရိုသေသေ လက်အုပ်ချီထားရာမှ အဘသည် ကျွန်တော်၏ဆယ်ဖြာသော လက်ကို ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ထားရင်းမှ စကားပြောနေပါ၏။ အဘကိုင်ထားသည်မှာ အထွန်နွေးပြီး ကျွန်တော့်စိတ်တွေ ထန်းဆန်းနေပါသည်။

အဘကိုကြည့်ရင်း တစ်ခါတစ်ခါ ကျောက်သားပကတိလို ဖြစ်သွား၏။ သို့သော်သည်း ကျောက်သားဆိုသည်မှာ လူတစ်ကိုယ်လုံးဖြစ်နေသည်ဟုသာထင်ရပြီး ထက်တွေမှာ ပျော့ပျော့ပြောင်းပြောင်း အေးမြသော မျက်ဝန်းမှာထည်း အရောင်တွေ လဲ့နေပါသည်။ အဘသည်ဖို အဝေးသို့ကြည့်ပြီး ကျွန်တော့အား စကားဆက်ပါသည်။

"လူကလေးသောကကြီးမှာ သူတော်ကောင်းတရားတွေ ကျင့်ကြံအားထုတ်ရင် အံ့ဩစရာကောင်းအောင် ထူးခြားချက်တွေ ရမှာပဲ၊ အဲဒီတောထဲတောင်ထဲမှာ လျှို့ဝှက်ချက်တွေအများကြီးပဲ လူကလေး၊ အဲဒီထူးခြားမှုတွေ တွေ့တိုင်း မြင့်မြတ်မှု မှန်သမျှ မနှောင့်ယှက်နဲ့ ဦးနှောက်ထဲက အသိတရားတွေကို ထုတ်နုတ်ပြီး အသုံးချဆုံးဖြတ်ပါ၊ ယုံကြည်ချက်အရာမှာ အရောင်အသွေး အစွန်းအထေးမဖြစ်စေဖို့ဘဲ အရေးကြီးတယ် လူကလေး"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်ဆက်ပြီး ကြိုးစားသွားမှာပါ"

"အမှားအမှန်ဆိုတာရှိတယ်၊ ရှိတယ်ဆိုတာ သိလို့၊ သိအောင်လုပ်ယူစရာထက် ပတ်ဝန်းကျင်ကိုအမြဲလေ့လာသွားပါ လူကလေး"

"ဟုတ်ကဲ့ပါ အဘ"

"ကဲ... အဘ တောင်ပေါ်ပြန်မယ်"

"ကျွန်တော် အမှားကင်းအောင် ကြိုးစားပါမယ် အဘ"





"သာဓု... သာဓု... သာဓု"

ပြောပြောဆိုဆိုအဘသည် ဘယ်ကနေဘယ်လိုပျောက်ကွယ်သွားသည် မသိပါ။ ကျွန်တော့အပါးတွင် မရှိတော့ပါ။ အဘအားမျှော်နေသော ကျွန်တော့်မျက်စေ့တွေ စူးစူးရှရှအလင်းတန်းတွေ မြင်လိုက်သည်တွင်...

★ ★ ★

"ဆရာကျော် နိုးပြီလဲ"

"ဪ... အေး... အေး"

"ဟိုမှာလေ"

"ဘာလဲ"

"ရွာသားတွေ ပြောပြောနေတဲ့ မြွေကြီးလေ"

"စပါးကြီးမြွေကြီးပေါ့"

"အေး... ဟုတ်ပါရဲ့တာ ဘယ်လိုဖြစ်နေတာလဲ"

"ဆရာကျော် သေသေချာချာကြည့်လေ"

ကျွန်တော်သိပြီးသား၊ အိပ်မက်ထဲက အဘအားလုံးပြောပြသွားပြီးပါပြီ၊ ကျွန်တော် ဘာမျှမပြောပါ။ သေသေချာချာသွားကြည့်တော့ မြွေကြီးသည် ဝက်ဝံကြီးအား သူ၏ခန္ဓာကိုယ်ကြီးဖြင့် ရစ်ပတ်ဖျစ်ညှစ်ထား၍ ဝက်ဝံကြီးအားဆွဲဆန့်ကာ သူ၏ဝမ်းဗိုက်ထဲမှအရေဖျစ်ဖျစ်ညှစ်ညှစ်တွေ အံထုတ်ကာ တစ်ကိုယ်လုံး သုတ်လိမ်းလိုက်ပြီးနောက် သေပြီးညိုထွက်သွားသော ဝက်ဝံကြီးအား မျိုလိုက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ တွေ့တော့ ဝက်ဝံကြီးကိုယ်တစ်ပိုင်း မိုက်ထဲ ရောက်နေပြီ၊ ခုတော့သုံးပုံပုံတစ်ပုံလောက်ပဲ ကျန်တော့တယ်"

"အေး... ဒီတစ်ခါ ကောင်းကောင်းမြင်ဖူးပြီ"

"ဆရာကျော်"

"ပြော... တင်မြတ်"

"ဆတ်ကြီးလည်း ရတယ်"

"မိုးကျော်နဲ့တင်မြတ် ဒီဝက်ဝံကြီးဟာ လူသားစားတဲ့ဝက်ဝံကြီးတဲ့၊ နောက်ပြီး တို့ကိုရန်မူမလို့၊ အဲဒါ တို့အထင်က သရဲခေါင်းတုံးတင် ခောင်လို့ထင်နေတဲ့ ရွာသားတွေအထင်ပေါ့၊ တကယ်တော့ စပါးကြီး မြွေကြီးပါ၊ နောက်ပြီး ရွာသားတွေပြောကြသေးတယ်လေ၊ မြွေနဂါးတဲ့၊ အင်း... တို့ကလွတ်ပြီး မြွေကြီးအညှိုးခံရပြီး ပြေးမလွတ်တဲ့ လူသားစား ဝက်ဝံကြီး ကြွှာတဖန်လာတော့ သူကစားစာခံ ဖြစ်သွားတာပေါ့"

"ရော်... ဆရာကြီးပအေး"

"ပြော... ကိုသိန်းအောင်ကြီး"

"ဒီ မြွေကြီးကို ဘယ်လိုလုပ်မလဲ"

"ဗျာ..."

"ဟိုလေ ဒီလိုပဲ ထားခဲ့မလား"

"မထားလို့ဘာလုပ်မှာလဲ နေပါစေ၊ သူ့အစာ သူကောင်းကောင်း စားပါစေ"

"ကဲ... ကိုကျော်ညွန့်တို့ရေ ဆတ်ကြီးထမ်းပြီးပြန်ကြစို့"





"ဟုတ်... ဟုတ်"

ကျွန်တော်တို့ ရွာရောက်ပါပြီ၊ ရွာရောက်တော့ ကလေးလူကြီး အားလုံး ပျော်နေကြပါ၏။ ဆတ်ကြီးတစ်ကောင် ထပ်ရျှော်ရှင်ခြင်း မြင်တွေ့ရတော့ ကျေနပ်ပါ၏။

"ကဲ... ကိုတင်ရွှေ ခင်ဗျားတို့ အိမ်ပြန်ကြစို့"

"ဟုတ်... ဟုတ်"

"ကိုတင်ရွှေရေ ကြုံကြိုက်တုန်းမှာ မကောင်းမှုမှန်သမျှ ရှင်းပေး ခဲ့တာ၊ ကျွန်တော်တို့အတွက် မဟုတ်ပါဘူး၊ ခင်ဗျားတို့တစ်ရွာလုံး အတွက်ပါဗျာ"

"ဟုတ်... ဟုတ်တာပအေး၊ ကျွန်တော်တို့ သဘောပေါက်ပါပြီ ဆရာကြီး"

"အင်း... ကျွန်တော်တို့ ဒီဟစ်ညဒီရွာမှာပဲ အိပ်မယ်၊ မနက်စော စော တင်မြတ်နဲ့မိုးကျော် တောပစ်ထွက်ကြမယ်ပေါ့"

"ကောင်းတာပေါ့ ဆရာကြီးတို့တစ်ရက်မှ မနားကြရတာပအေး"

"ရပါတယ်ဗျာ၊ ကျွန်တော်တို့ မပန်းပါဘူး၊ စိတ်ထဲမှာ ကြည်နူး နေပါတယ်၊ ကျေနပ်နေပါတယ်၊ ကူညီရလို့လေ"

"ကျွန်တော် ဟောဒီရွာကိုတွေ့ပြီး သနားမိတယ်ဗျာ၊ သားကောင် ဆိုတဲ့ ဝက်ဝံတွေကျားတွေရဲ့ ရက်စက်မှုဒဏ် ကောင်းကောင်းခံရတယ်"

"ဟုတ်တာပေါ့၊ ရွာသားတွေမှာ သေးပျက်နေကြရတာပ၊ ခု ဆရာကြီးတို့ ရောက်လာမှအားလုံးရှင်းသွားပြီ၊ ရွာဦးကျောင်းဆရာတော် သျှောက်ထားပြီး တစ်ရွာလုံးပရိတ်ရွတ်ပစ်ချင်တယ် ဆရာကြီး"

www.burmeseclassic.com



"ကောင်းတဲ့အလုပ်ပဲဗျာ၊ တောင်ပေါ်ကဟိုကျောက်နှစ်လုံး တောင်ပေါ်က အဘသုတော်ကောင်းကြီးပြောသလိုပေါ့ဗျာ၊ သူတော်ကောင်းကိုရှာဖွေတဲ့သူဟာ သူတော်ကောင်းပဲလေ၊ ကောင်းတဲ့အလုပ်လုပ်တာ တစ်ရွာလုံး သန့်သွားတာပေါ့၊ လုပ်ကြပါ ကျွန်တော်အားပေးပါတယ်"

ကျွန်တော် ငေးကြည့်လိုက်သောအခါ အဘောက်ပြောခဲ့သည့် အတိုင်းပင် သစ်ဆိမ့်ကုန်းရွာကား မိုးကြိုးပစ်လက်ပန်တော၊ ငါးဘတ်အင်းလုံးက အင်းစောင့်မောင်ညို၊ ဆင်ကျောကုန်းရှစ်နေးက ဖက်ဝံနှင့်ကျားကြီးတွေအပြင် တောကြက်ခြောင်စခန်းက ရောဂါဖြစ်နေ့ကါ၊အစရှိသော ဝိုင်းဝိုင်းလည် ကြောက်မက်ဖွယ်တို့ကြောင့် သွေးလန့်နေသော ရွာသူ ရွာသားတွေအား ကျွန်တော်သနားမိပါသည်။

မုဆိုးအားလုံးရှင်းသွားအောင် ရှင်းပေးခဲ့ရသည့်အတွက် ကျွန်တော်အလွန်ဝမ်းသာမိပါ၏။ သားကောင်၊ တောကောင်အမှောင်ဆိုတဲ့ အမှောင့်ပရောဂါတွေ ကင်းရှင်းသွားသောအခါ ကျွန်တော်တို့ သုံးယောက်ဆည်းကပ်ခဲ့ရသည့် လှိုဏ်ဂူဆန်းကျယ်လွန်းသော ကျောက်နှစ်လုံးတောင်ပေါ်မှ အဘသုတော်ကောင်းကြီးအား မျှော်မှန်း ဦးတိုက်ရင်း စိတ်ထဲမှချမ်းချမ်းမြေ့မြေ့ဖြင့် ဆုတောင်းလိုက်ပါသည်။

"မုဆိုးဘဝဖြင့် ထာဝရတူညီပေးရပါလို၏"

ကျွန်တော့် ဆုတောင်းပြည့်စေရန်အတွက် ကျွန်တော်အတတ်နိုင်ဆုံးကျေးရွာသူကျေးရွာသားများအား လိုအပ်သည့် ကွက်လပ်တွေဖြည့်ရင်း ဝါသနာမှုဆိုးတောတိုးရင်း တောပစ်ရင်းအန္တရာယ်တွေလည်း ရှင်းသွားမည်ဟုတွေးနေစဉ်မှာပင်...



"ဆရာကျော်"

"ဘာလဲ တင်မြတ်"

တင်မြတ်ပြုံးလျက် သူ၏လက်ထဲဝယ်မတ်ခွက်ဖြင့်အရက်ထည့်ထား၏ ဆတ်သားကင်တစ်ကင်ဝါးရင်းသောက်ရင်းမှ...

"ရောက်စကကျွန်တော်တို့ပြောခဲ့တယ်လေ၊ တောကြမ်းတောမုဆိုးတာပေါ့ဆိုတာလေ"

"အေး... ဟုတ်သားပဲကွ"

"ခု ကျွန်တော်တို့ကို ကြမ်းပြတဲ့တော၊ နောက်ဆုံးတော့မုဆိုးတွေရဲ့ တန်ပြန်မှုခံရပြီးမှ ဘာတတ်နိုင်သေးလဲ"

"ဟုတ်တယ် ဟုတ်တယ်၊ မင်းပြောခဲ့တာပဲလေ၊ တောကြမ်းရင်မုဆိုးမြမည်ဆိုတာ ခုတော့ဓာတ်သိမ်းပြီလေ"

"ရော်... ဓာတ်မသိမ်းသေးပါအေး"

"ဟာ ကိုလှသန်းကြီး ဘယ်လိုတဲ့ဓာတ်မသိမ်းသေးတာလဲဗျ"

"ဆရာကိုတင်မြတ် မြှောက်ပေးလို့ ကျွန်တော်ရမ်းလိုက်တာ ဓာတ်တော့ အဟမ်း ရော် ဟို"

တင်မြတ်သဘောကျသွားသည်၊ တဟားဟားရယ်မောရင်းမှ ချိသိလိုက်ပြီဖြစ်သော ကိုလှသန်းနှင့်မစင်မေတို့ဓာတ်လမ်းအား ကျွန်တော့ကိုပြောရင်း

"ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား"

"ရော်... ဆရာကိုတင်မြတ် သိပြီးတာပါအေး"

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ ဟား… ဟား… ဟား… ဟား ဆရာကျော်ရေ၊ ယော လူဖျို့သိုးကြီးကိုလှသန့်ပေါ့၊ မခင်မေကို စပ်ကြမ်းကြမ်း အပဟမ်းဖို့"

"ရော်… ဘာမှမဟုတ်တာပ၊ နမ်းမိတာပအေး"

"ဒီတော့"

"ဟား… ဟား… ဟား… ဟား မခင်မေရဲ့အမေမြင်ပြီး ရမ်းတော့တာပ၊ မပြောချင်ပအေး"

"ဘာလဲပြောပါဗျ"

"ပြောဆို ဒီည"

"ဟုတ်တယ် ဆရာကျော် ဒီညလူဖျို့သိုးကြီးမိန်းမရပြီဗျ ဟား… ဟား… ဟား… ဟား"

ကျွန်တော်တို့ ဝမ်းသာအားရ ကြည်နူးပျော်ရွှင်ကြပါပြီ၊ ကျွန်တော်တို့ရောက်ခိုက်သောကာတွေ၊ ဒုက္ခတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေ အားလုံး ပျောက်ကွယ်သွားပြီး မင်္ဂလာရှိသော၊ ရွာသားတွေဝမ်းသာကြရမည့် မင်္ဂလာဆိုသည့် ညဦးကလေးအား ကျွန်တော်တို့ကြိုဆိုလိုက်ပါသည်။

"အားလုံးကို ကျွန်တော်ပြောပြချင်တယ်၊ တစ်ရွာလုံးအေးချမ်းသွားပါပြီ၊ အေးချမ်းရုံတင်မကဘူး၊ ကိုလှသန်းကြီးတို့ မင်္ဂလာစနန်းကလည်း ဒီညဆိုအလှဆန်းပါပြီ၊ ဒါကြောင့် တောကြမ်းတောင်ကြမ်း မုဆိုးလုမ်းနဲ့တဲ့ ယောဒီလမ်းခရီးမှာဖြင့် ပန်းခင်းသွားပါပြီလို့ ကျွန်တော်ပြောပါရစေတော့"



"ဖြောင်း… ဖြောင်း… ဖြောင်း"

ကျွန်တော့်စကားကို ရွာသားတွေအားလုံးလက်ခံပြီးအမြှုဝန်းတွေနှင့်အတူ ကိုလှသန်းကြီးအား တစ်အားဖေ့ရမ်းရင်း ကျောက်ဘီလူးတိုစ့်မြင့်မှုအသံဝါကြီးဖြင့်…

"ဆရာကြီးပြောတဲ့ ရော် ဘာတဲ့ တောကြမ်းတောင်ကြမ်းမုဆိုးလုမ်းလို့ မုတော့ကိုလှသန့်ကြီးအနမ်းကြမ်းတော့မှာပအေး"

"ဟား… ဟား… ဟား… ဟား ဝါး… ဟား… ဟား… ဟား… ဟား"

မင်းရဲကျော်
ဦးကျော်ဟန်

[illegible]

www.burmeseclassic.com